www.burmeseclassic.com

ရွှေနှလုံးသား စာအုပ်အမှတ် (၁)

# မင်းကို ချစ်သောပန်းကလေး



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ
မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

ရွှေနှလုံးသားစာအုပ်အမှတ် (၁)

# မင်းလူ

# ချစ်သောပန်းကလေး

GOLDEN HEART
BOOK HOUSE

အမှတ် ၃၈ (၃-အေ)၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၆၁ / ၂၀၀၃ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၅ / ၂၀၀၃ (၁)

●

အုပ်ရေ
၁၃၀၀

●

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်

●

ထုတ်ဝေခြင်း၊
မတ်၊ ၂၀၀၃

●

ကွန်ပျူတာစာစီ
Ingyin DTP

●

စာအုပ်ချုပ်
ကိုမြင့်

●

ထုတ်ဝေသူ
ဦးသက်လှိုင်၊ မိုးစန္ဒာစာပေ၊ ၃/ ၂၆၇၊ ခရေပင်လမ်း၊
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ။

●

ပုံနှိပ်သူ
ဦးမြတ်ကျော် (၀၅၅၅)၊ စာလုပ်ငန်းပုံနှိပ်တိုက်
၁၉၄(မြေညီထပ်)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

●

တန်ဖိုး - ၅၀၀ ကျပ်။

●

BURMESE CLASSIC .com

ကျေးဇူးတင်ရှိခြင်း

(က)

ညီလေး...

မင်းရေးတဲ့ 'ပန်းကျောင်း' ဝတ္ထုဖြတ်ပြီးပြီ။ သိပ်ကောင်းတယ်။ နောက်စာအုပ်တွေကို ဒီထက်မမြင့်နဲ့။ မြင့်ရင် ငါနားလည်မှာ မဟုတ်ဘူး။

(ကိုကြီးကိုသောင်း)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ ပထမဆုံးစာအုပ်ဖြစ်သော 'ပန်းကျောင်း' ဝတ္ထုနှင့်ပတ်သက်၍ ကျွန်တော့်ကို အလွန်ခင်မင်သော ကိုကြီးကိုသောင်း၏ ဝေဖန်ချက်ဖြစ်ပါသည်။

ကျွန်တော်သည် 'ပန်းကျောင်း' ကို ရေးစဉ်က ရေးဟန်၊ ရေးနည်းတို့ကို တတ်နိုင်သမျှ ရိုးရိုးရှင်းရှင်း ရေးပါသည်။ ထိုအချက်ကိုရည်ရွယ်၍ ကိုကြီးကိုသောင်းက နောင်ကိုလည်း ရိုးရိုးရှင်းရှင်းရေးဖို့ အကြံပေးလိုက်ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဤစာအုပ်ကိုလည်း ရိုးရိုးရှင်းရှင်းပင် ရေးပါသည်။

ကိုကြီးကိုသောင်းကား စာအလွန်ဖတ်သူဖြစ်သော်လည်း သူ့ပညာအရည်အချင်းကိုမေးလျှင် 'အိုကွာ...ရေးတတ် ဖတ်တတ်ပေါ့' ဟုပြောတတ်လေသည်။

(ခ)

ပန်းကျောင်းဝတ္ထုထွက်ပြီးနောက် စာအားဖြင့်လည်း ကောင်း၊ နှုတ်အားဖြင့်လည်းကောင်း ဝေဖန်ကြသူအားလုံး လိုလိုမှာ 'ကောင်းပါတယ်' 'ကောင်းပါတယ်' ဟုသာပြောကြသောကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် 'ဟုတ်လှပြီ' ဟု ထင်မိပါသည်။ သို့ရာတွင် ၁၉၇၇–ခု အောက်တိုဘာ ၁၇ ရက်က အမျိုးသမီးတစ်ယောက်ထံမှ စာတစ်စောင်ကို လက်ခံရရှိပါသည်။

'နောက်ကိုလဲ ပန်းကျောင်းလို ဟာသဝတ္ထုမျိုးတွေပဲ ရေးစေချင်တယ်' တဲ့။

'ပန်းကျောင်း' သည် ဟာသဝတ္ထု မဟုတ်ပါ။ လူငယ်သရုပ်ဖော်ဝတ္ထုသာလျှင် ဖြစ်ပါသည်။ အကယ်၍ ဟာသဖက်သို့ အလေးကဲသွားသည်ဆိုလျှင် ကျွန်တော် ညံ့သေးလို့သာ ဖြစ်ပါလိမ့်မည်။

ကျွန်တော် ရွေးချယ်သော အကြောင်းအရာများသည် လူတို့ အကြီးအကျယ် စိတ်ဝင်စားတတ်သော 'အချစ်' အကြောင်း နည်းပါးသော အကြောင်းအရာများသာ ဖြစ်တတ်ပါသည်။ ထို့ကြောင့် ကျွန်တော့်စာများကို ဖတ်သောအခါ ပျင်းရိညည်းငွေ့ဖွယ် မဖြစ်ရအောင် ရယ်စရာကလေးများညှပ်၍ ရေးရပါသည်။ ဤဝတ္ထုတွင်လည်း ထိုကဲ့သို့ပင် ရယ်စရာများကို ကြားညှပ်၍ ရေးပါသည်။ ဤဝတ္ထုသည်လည်း ဟာသဖက်သို့ အလေးကဲနေသည် ဆိုလျှင် ကျွန်တော်ညံ့တုန်းပဲဟု ပြောနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ ဤဝတ္ထုကိုဖတ်ပြီးနောက် 'ရယ်ရသားပဲ' ဟုဆိုလျှင် ကျွန်တော် ဂုဏ်ယူမည်သာ ဖြစ်ပါသည်။

(ဂ)

အမှန်အားဖြင့် ဤဝတ္ထုသည် ရန်ကုန်တက္ကသိုလ်ဘူမိဗေဒဌာနမှ ကျောင်းသားများ ကွင်းဆင်းကြစဉ် တွေ့ကြုံဖြစ်ပျက်ရသော ရင်ထိတ်ဖွယ်၊ ပျော်ရွှင်ရယ်မောဖွယ်၊ သနားလွမ်းမောဖွယ်၊ အားတက်ဖွယ်တို့ကို ရေးသားထားသော ဝတ္ထုဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ဘူမိဗေဒ ကျောင်းသား မဟုတ်ပါ။ ဒဿနိကဗေဒကျောင်းသားသာ ဖြစ်ခဲ့ပါသည်။သို့ရာတွင် ဘူမိဗေဒနှင့်ကား ရင်းနှီးခဲ့ပါသည်။

ဘူမိဗေဒကျောင်းသားများဖြစ်ကြသော ပန်းချီကိုမျိုးမြင့်၊ ဆလိုင်းအောင်ကျော်မိုး(ဆလိုင်းမိုးနောင်)တို့နှင့် ကျွန်တော်သည် ရက်ပေါင်းများစွာ အတူတကွ နေခဲ့ဖူးသည်။ သူတို့ပြောပြသောကြောင့် ဘူမိဗေဒကွင်းဆင်းခြင်း အကြောင်းများကို ထပ်တလဲလဲ ကြားခဲ့ရပါသည်။

ထို့အပြင် ကျွန်တော်၏ငယ်ပေါင်း ချစ်သူငယ်ချင်း မြင့်သောင်း(မြင့်ကောင်း)နှင့် ကိုအောင်တို့သည် လည်းကောင်း၊ ကျွန်တော်၏ အစ်ကိုကဲ့သို့ ချစ်ခင်သောကိုဆုန်နီသည်လည်းကောင်း၊ ဘူမိဗေဒကျောင်းသားများ ဖြစ်ကြသောကြောင့် ကျွန်တော့်ကို ကူညီနိုင်ကြပါသည်။ မြင့်သောင်းဆိုလျှင် သူ၏ ကွင်းဆင်းမှတ်တမ်း စာအုပ်ကို အသုံးပြုရန် ပေးထားခဲ့ပါသည်။

၁၉၇၃–၁၉၇၄ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းမှ အောင်အေး(ကိုပိုင်းသော်)၏ 'ကျွန်တော်နှင့်ရှမ်း' ဝတ္ထုတိုသည်လည်း ကျွန်တော့်ကို ကူညီခဲ့ပါသည်။

အထက်ပါပုဂ္ဂိုလ်များအပြင်...

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခဆရာကြီး ဦးဘသန်းဟာက်၊ မြေနီလမ်းကလေး သီချင်းကို ရှာပေးသော ဆရာဦးတင်ကျော်သန်း၊ ထိုသီချင်းကို ရေးစပ်သော ကိုစောဟန်(စတုတ္ထနှစ်၊ ၁၉၆၆–၆၇)နှင့်တကွ၊ ဘူမိဗေဒဌာနမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသားများကိုပါ အထူး ကျေးဇူးတင်ပါသည်။

(ဃ)

ကျွန်တော့်သည် ဤဝတ္ထုကို ရေးရာတွင် အကြောင်းအရာ အချက်အလက်ကို ပဓာနထားပါသည်။ ရေးဟန်၊ ရေးနည်း၊ အဖွဲ့အနွဲ့၊ အချိတ်အဆက်တို့ကို ပဓာနမထားပါ။

ထို့အပြင် ကျောင်းသားလူငယ် တစ်ဦးချင်း၏ စရိုက်ကို အလေးပေး၍ မရေးဘဲ ကျောင်းသား လူငယ်အဖွဲ့ တစ်ခု၏ စရိုက်ကို ပေါင်းစည်း၍ ဖွဲ့ဆိုရန်ကြိုးစားပါသည်။ ဤဝတ္ထုတွင် ပါဝင်သော ဇာတ်ကောင်ကျောင်းသားများမှာ ကျွန်တော့်ချစ်သူငယ်ချင်းများ ဖြစ်ပါသည်။ သူတို့၏ နာမည်များကိုလည်း အတတ်နိုင်ဆုံး တိုက်ရိုက်ပင် ထည့်သွင်းအသုံးပြုထားပါသည်။ (ခွင့်လွှတ်ကြပါ သူငယ်ချင်းတို့။ ခွင့်မလွှတ်ရင်လဲ သိပ်တော့ ဂရုမစိုက်ပါဘူး။ ကိုယ်နိုင်တုန်းတွယ်ထားရတာ)။

ဝတ္ထုထဲ၌ သူတို့အကြောင်းကို ထည့်ရေးရာတွင် အစပိုင်း၌ သူတို့သည် ကျွန်တော် ခိုင်းသလို လိုက်လုပ်ကြပါသည်။ နောက်ပိုင်း၌မူ သူတို့သည် တဖြည်းဖြည်း အတင့်ရဲလာပြီး လုပ်ချင်တာ လျှောက်လုပ်ကြပါတော့သည်။ သူတို့လောင်ချင်တိုင်းလောင်၊ ပြောင်ချင်တိုင်း ပြောင်ကြသည်ကို ကျွန်တော်က မနည်းလိုက်ထိန်းပြီး ရေးနေရပါသည်။ ကျွန်တော့်ကောင်တွေကို ကျွန်တော် မနိုင်တော့ပါ။ ကိုအောင်တစ်ယောက်သာ သဘောကောင်းသောကြောင့် ကျွန်တော် ရေးချင်သလို လိုက်လုပ်ပါသည်။ ထို့ကြောင့် ကိုအောင့်ကို ပဓာန ဇာတ်ကောင်(မင်းသား)အဖြစ် နေရာပေးလိုက်ပါသည်။ ကျွန်တော်ကဲ့သို့ အတွေ့အကြုံနုသေးသော စာရေးဆရာများ ဤကဲ့သို့ပင် ကိုယ့် ဇာတ်ကောင်ကို ကိုယ်မနိုင်ဘဲ ရှိတတ်ကြသည် ထင်ပါသည်။ သို့ဖြစ်သောကြောင့် ဤဝတ္ထုတွင် အချို့နေရာများ၌ လူငယ်တို့ဘာဝ တစ်ဦးနှင့် တစ်ဦးဆဲဆိုခြင်း၊ နောက်ပြောင်

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း စသော ရန့်ရင်းကြမ်းတမ်းသော စကားများ၊ ကလေးကလက်နိုင်သော အပြုအမူများ ပါရှိနေပါလိမ့်မည်။ ထိုအတူ အချို့သော နေရာများ၌လည်း တော်ရုံတန်ရုံ လူကြီးလူကောင်းဆိုသူများထက် အဆင့်အတန်းမြင့်သောအနစ်နာခံခြင်း၊ သဘောထားကြီးခြင်း၊ ရိုင်းပင်းတတ်ခြင်း စသော အပြုအမူများ ပါဝင်နေပါလိမ့်မည်။

မည်သို့ပင် ဖြစ်ပါစေ...

နောက်ဆုံးတောင်းပန်လိုသည်မှာ...

ဤဝတ္ထုတွင် အနုပညာ၊ အံတတ်ပညာပိုင်း ဆိုင်ရာ ချွတ်ယွင်းချက်များ၊ဘူမိဗေဒအချက်အလက်များနှင့် ပတ်သက်သော အကြောင်းအရာပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များ ပါရှိနေခဲ့ပါလျှင် ခွင့်မလွှတ်ဘဲ ပြင်းထန်စွာ ဝေဖန်ကြစေလိုပါကြောင်း...။

ရိုသေလေးစားခြင်းဖြင့်

**မင်းလူ**

BURMESE CLASSIC .com

## အခန်း (၁)

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘူမိဗေဒဌာနသည် ရန်ကုန်ဘူတာ ကြီး စကြံအမှတ် (၃) သို့ ပြောင်းလဲ ဖွင့်လှစ်လိုက်လေသည်။

စကြံတစ်ခုလုံးကို မီးခိုးတွေက ဖုံးလွှမ်းထားသည်။ မီးခိုးဆိုသည်မှာ စစ်စုံတစ်ခုသော အမှောင့်ပယောဂကြောင့် ထွက်ပေါ်လာသော အခိုးအငွေ့ များကို မဆိုလိုပါ။ မီးခိုးရောင်များကိုသာ ဆိုလိုရင်း ဖြစ်ပါသည်။

မီးခိုးရောင်ဝတ်စုံများ၊ မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားကြသူများ၊ ကျောင်းသားများ၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘူမိဗေဒ အဓိက ကျောင်းသားများ၊ ဘူမိဗေဒ ကွင်းဆင်းခရီးအတွက် ဘူတာဆင်းလာကြ သော ကျောင်းသားများ ဖြစ်ပါသည်။

မီးခိုးရောင် ဖီးလ်ကုတ်၊ မီးခိုးရောင် ဘောင်းဘီ၊ ဦးထုပ်၊ တောစီးဖိနပ် ကျောင်းသားအများက ဒီအတိုင်း ဝတ်ဆင်ကြသည်။ တချို့ကတော့ ဂျင်း ဘ်ကက်၊ ဂျင်းဘောင်းဘီ၊ မြက်ဦးထုပ် အဝိုင်းကြီးများ၊ အချို့လည်း ထက် ရက်စ်ဘောင်းဘီ၊ တချို့လည်း လုံချည်ကိုသာ ထူးထူးခြားခြား ဝတ်ထား တွေ မည်သို့ပင်ဖြစ်ပါစေ။ အားလုံးတူညီနေသောအချက်မှာ ကျောပိုး

www.burmeseclassic.com

www.burmeseclassic.com



အိတ်၊ ခါးမှာ ချိတ်ထားသော ရေဘူး၊ ရေခွက်နှင့် ဓားများ။

စကြိုတစ်ခုလုံးကို သူတို့ချည်း မင်းမူနေကြသည်။ ဟိုမှဒီမှ လမ်းသလား နေကြသည်မှာ ဖိနပ်သံ 'တခွပ်ခွပ်'။ ခါးက ရေဘူးနှင့် ရေခွက်တို့ထိခတ်သံ 'ကလုံကလင်'။ ဆူညံနေသည်။

"ဒီတွဲက ကျွဲတပ်ဆုံလားဟေ့"

"ပျဉ်ညောင်ကွ"

"ကိုအောင် မရောက်သေးဘူးလား"

"သူ့အဘိုးကြီး အဘွားကြီးနဲ့ တူတူလာမယ်ပြောတယ်"

"ဆန်နီ...ဆန်နီ ခွေးကောင် ဘယ်မှာသွားမွှန်နေပြီလဲ မသိဘူး၊ ဒီမှာ သူ့ပစ္စည်းတွေ အပ်ထားခဲ့ပြီးတော့"

"ဟား... မြင့်သောင်းကြီး၊ တစ်မွေ့ထဲလားကွ၊ အေးရော မင်းကို လိုက်မပို့ဘူးလား"

တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်သံတွေ။

တချို့ ကျောင်းသားတွေကို မိဘဆွေမျိုးများ၊ ညီအစ်ကို မောင်နှမ များက လိုက်ပို့ကြသည်။ တချို့ကျတော့ သူငယ်ချင်းတွေက လိုက်ပို့သည်။ တချို့ကျတော့ သူတို့ကောင်မလေးတွေက...။

သနားစရာကောင်းသူများမှာ အဆောင်နေ ကျောင်းသားတွေပါ။ သူ တို့မှာ လိုက်ပို့မည့်မိဘဆွေမျိုး မရှိကြရှာ။ သူငယ်ချင်းတွေက လိုက်ပို့ချင် ပို့၊ ဒါမှမဟုတ် ရည်းစားရှိသူတွေ ဆိုလျှင်လည်း ရည်းစားတွေက လိုက်ပို့

များစွာသော အဆောင်နေ ကျောင်းသားတို့မှာကား ပို့မည့်သူမရှိ ငုံ့ တိတိပါ။ သနားပါဘိ။ သူတို့မှာ ထမ်းစရာပိုးစရာ သယ်စရာတို့ကိုသာ ကုန် ရုန်းထမ်းရင်း စိတ်ဖြေစရာရှာနေကြရသည်။ ဆန်အိတ်တွေထမ်း၊ ဆီပုံး တွေ သယ်၊ ကြက်သွန်အိတ် ပဲအိတ်တွေ မ။

သူတို့တွေမှာ ခရီးမထွက်ခင် တစ်ပတ်လောက်ကထဲက ပင်ပန်းကြရှာ သည်။ အဆောင်နေ ကျောင်းသားတွေမို့ ဆရာတွေနှင့် နီးစပ်သည်။ ထို့ ကြောင့် ခရီးအတွက် ရိက္ခာ ဝယ်ယူစုဆောင်းရေးကို တာဝန်ယူကြရသည်။



မြို့ထဲကပွဲရုံတွေမှာ ရိက္ခာပစ္စည်းတွေ ဝယ်၊ ကားနှင့် တင်ယူလာ၊ အဆောင် ရောက်တော့ ဆရာအခန်း၊ စတိုခန်းတို့သို့ အရောက်ထမ်းချ သယ်ချ။ ပင် ပန်းခဲ့ကြရရှာပါသည်။

ခုအချိန်မှာ ရည်းစားမကလေးတွေ လိုက်ပို့ခြင်းကို ခံရသူများမှာတော့ တကယ့် 'ဖိမ်'ပဲ။

ဟော...ကြည့်လေ။ ရန်ကုန်ဘူတာကြီးကိုများ တက္ကသိုလ်က ကုံ ကော်တောတို့၊ အင်းလျားကန်တို့ အခန်းအမှတ် (အိ:-၃)တို့များ မှတ်နေ သလား မသိ။ ဟိုနားမှာက မျက်နှာချင်းဆိုင် မတ်တပ်ရပ်လို့၊ ဒီနားမှာက မျက်နှာချင်းဆိုင်ထိုင်လို့၊ ဟိုဘက်ကျတော့ ဘေးချင်းယှဉ်ထိုင်လို့။ ကွင်းဆင်း သည့် ကျောင်းသားနှင့် ကောင်မလေးတွေ အလွမ်းသယ်နေလိုက်ပုံများ။

ကောင်မလေးက မျက်ရည်လေး စမ်းစမ်းစမ်းစမ်း...။

"ကို...ကျန်းမာရေးဂရုစိုက်နော်၊ ခရီးသွားရင် သတိဝီရိယနဲ့နေနော်" ကောင်ကလေးက မျက်နှာလေးငယ်ငယ်။

"ချိုလေး ... ကြိုတဲ့နေရာကနေ့ မောင် စာထည့်လိုက်မယ်နော်၊ မောင် တစ်ယောက်ထဲ သွားမှာ သိပ်ဆွေးတာပဲ၊ ချိုလေးပါ မောင်နဲ့အတူ လိုက်ခဲ့ရင် သိပ်ကောင်းမှာပဲ"

လွှမ်းတယ်၊ လွမ်းတယ်။ ဆန်နီတို့အတွဲကတော့ သိပ်လွမ်းတယ်။ ကမ္ဘာ လွမ်းပဲ။ ဆန်နီ။ ပြီးတော့ သူ့သူငယ်ချင်းများက 'ချစ်မျက်မှန်'ဟုခေါ်သော ဆန်နီ့ကောင်မလေး။

ဆန်နီသည် ချစ်မျက်မှန်၏ မျက်မှန်ကလေးကို မတင်လိုက်သည်။ မျက် လုံးထောင့်စွန်းများကို သူ့လက်ကိုင်ပဝါဖြင့် အသာတို့ပေးနေသည်။ ချစ် မျက်မှန်၏ မျက်လုံးစွန်းမှာ မျက်ရည်စများ။

"တစ်လပဲ ကြာမှာပဲဟာကွာ၊ ပြီးတော့လည်း အပျော်သွားတာမှ မဟုတ်ဘဲ၊ ကွင်းဆင်းရတာပဲဟာ"

"တစ်လဆိုတာ ခဏလေးလားလို့"

"ခဏလေးတော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့်..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဘယ်တုန်းက ဒီလောက်ကြာကြာ ခွဲဖူးလို့လဲ"

"မောင်လည်း ဘယ်ခွဲချင်ပါ့မလဲကွယ်"

"မခွဲချင်လို့ မရဘူး အနာကမှည့်နေပြီ၊ တော်ကြာ အတွင်းကိုလိုက်စားသွားမှာ စိုးရတယ်၊ ဟိ..."

သေးမှ ဖြတ်လျှောက်သွားရင်း နားကြားပြင်းကပ်သော အကောင်တစ်ကောင်က ဝင်လောင်သွားသည်။ ဆန်နီက ဘုကြည့်လှည့်ကြည့်သည်။ ချစ်မျက်မှန်က နှုတ်ခမ်းစူ၏။

"ဒါပဲနော်၊ စာ မှန်မှန် ထည့်ရမယ်"

"အေးပါ၊ ဩော် ... အမေ့ဆေး မှန်မှန်သောက်နော်"

"ပြီးတော့ ရွာက ကောင်မတွေနဲ့ မရှုပ်ရဘူး"

"ရွာနားမှာ စခန်းချချင်မှ ချရမှာပါ၊ ရွာနားမှာ ချရရင်လည်း ရွာထဲလည်ဖို့ အချိန်မရှိပါဘူး၊ ကိုယ့်အလုပ်နဲ့ကိုယ် နားရမှာတောင် မဟုတ်ဘူး"

"နောက်ပြီးကျတော့ ဟိုမှာ အရက်မသောက်ရဘူး"

"ဟာ...ဒါတော့စိတ်ချ၊ အရက်ဆိုရင် အနံ့တောင် ခံလို့ မရဘူး"

ဆန်နီ့စိတ်ထဲက ကျိတ်၍ ပြုံးမိသည်။ သူငယ်ချင်းတွေနှင့် နောက်ပြောင်လှောင်ရှိသော စကားကလေးကို သတိရသွားသောကြောင့်ပါ။

"အရက်ဆိုရင် အနံ့တောင်ခံလို့မရဘူး၊ အနံ့ရရင် သောက်ချင်နေမှာစိုးလို့" တဲ့။

* * *

"ဟာင်း"

မြင့်သောင်းသည် သက်ပြင်းတစ်ချက်ကို လေးကန်စွာ ချလိုက်သည်။ သူ့ကို လိုက်ပို့မည့်သူမရှိ။ ဖေဖေနှင့်မေမေသည် အသက်ကြီးပြီဖြစ်သောကြောင့် လိုက်မပို့စေခဲ့။ ပြီးတော့ အေး...။ အေးရယ် ကိုကို ဘာလို့



လိုက်မပို့တာလဲ။ ဘူတာရုံကို နှစ်နာရီ အရောက်လာမယ်ဆို။ ရထားထွက်သွားလို့မှ အေးမျက်နှာကလေး မြင်မသွားရရင် ခရီးစဉ်တစ်လျှောက်လုံးကို စိတ်မကောင်း ဖြစ်သွားရတော့မှာပဲ။ စိမ်းကားပြီလား အေးငယ်လေး။

သူငယ်ချင်းတွေ တစ်ပြုံကြီး ရောက်ရှိလာလေသည်။

မောင်ရှန်၊ မော်ဆရာ၊ ပူနီပ်၊ မောင်လေးမုတ်ဆိတ်၊ ကင်းကောင်ကြီး၊ မိုင်နီဓဆော၊ ထားဝယ်ဗိုလ်၊ ကိုကြီးကျော်၊ လောက်ဖျား။ လူစုံတက်စုံ ဖြစ်ပါသည်။ 'ပစ်တိုင်းထောင်' အဖွဲ့သားများ။

"မင်းအတွက် အမိန့်စာပြန်ဖို့ အေးက စာတစ်စောင် ပေးလိုက်တယ်"

မော်ဆရာက စာတစ်စောင်ကို ပေးသည်။

ကို

အေး လိုက်မပို့နိုင်တာကို ခွင့်လွှတ်ပါနော်၊ အေးတို့ မေမေ နေမကောင်းလို့ပါ။ အေးလေ ဒီနေ့ ကျောင်းတောင် မတက်ရဘူး။ မေမေ့အနားမှာပဲ နေနေရတယ်။ ကိုကို လိုက်မပို့နိုင်တဲ့အတွက် အေး စိတ်မကောင်းဘူးကွယ်၊ ဒါပေမယ့် ကိုတို့ရထားလာမယ့် အချိန်လောက်ကို မှန်းပြီး ငမိုးရိပ်ဘူတာကနေ ထွက်စောင့်နေမယ်။ အေးကို တွေ့ရင် လက်ပြနှုတ်ဆက်ပါနော်။

(အေးငယ်)

P.S

ညအိပ်ရာဝင်ရင် ဘုရားရှိခိုးပြီးမှ အိပ်ပါ။ ဖြစ်နိုင်ရင် အေးဆီကို စာထည့်ပါနော်။

မြင့်သောင်း၏ မျက်နှာက စာဖတ်ရင်း ပြုံးနေသည်။

"ငပေါကြီး ဘာပြုံးနေတာလဲ"

"ဘာမှ မဟုတ်ပါဘူးကွာ"

"ဩော်...သူငယ်ချင်း။ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်တဲ့ကွ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မင်းကို ငါတို့လိုက်ပို့တာ"

"အေး...အေး ခုမှ သတိရတယ်။ ဒီမှာ မြင့်သောင်း မင်းရမယ့် ငွေ တစ်သောင်းကို ငါတို့ကို လွှဲပေးခဲ့ကြောင်း လက်မှတ်ထိုးပေးခဲ့ပါလာ ကွာ"

"ဘယ်က ငွေတစ်သောင်းလဲ"

"မင်း ရထားမှောက်လို့ သေရင်ရမယ့် အာမခံ ငွေတစ်သောင်းလေ ကွာ၊ သေတမ်းစာ သဘောမျိုး ရေးပေးခဲ့ပါကွာ"

" ...ပဲ ပေးမယ်"

"ဒီမှာ သူငယ်ချင်း၊ မင်း စိတ်ဖြောင့်ဖြောင့်သာ သွား၊ ကျန်ရစ် အေးအတွက် ငါ တာဝန်ယူတယ်"

"အောင်မာ ပူနိပ်စုတ်၊ မင်းဆံပင်ကို ပြန်ကြည့်ပါဦး၊ လူမလေး ခ မခန့် ဆံပင်မျိုးနဲ့ ငါလို 'ကေ' လန်နေရင် တော်သေးတယ်"

ချစ်သူငယ်ချင်းတို့၏ ပဋိသန္ဓာရ စကားများ။

မောင်ရှန့်သည် ဆန်နီတို့အတွဲကို လှမ်းကြည့်နေသည်။

"ဟော့ကောင်တွေ ဆန်နီကို ကြည့်စမ်း၊ ကြည်လို့ ရီလို့ ဝို လို့"

"အေးကွ၊ ဒီကောင့်ကို နဲနဲလောင်လိုက်ရအောင်"

"ဟော့...စုံထောက်ကြီး ဦးဆန်နီ"

ဆန်နီက လှည့်ကြည့်သည်။ သူတို့က မခေါ်သလိုလို မသိချင်ယော ဆောင်နေသည်။ ကင်းကောင်ကြီးက တိုင်လိုက်လေသည်။

"ဟ...ဟ... ဘာဖြစ်တာလဲဟ"

"ဘာမှ ဖြစ်တာမဟုတ်ဘူး၊ မီးလောင်တာ"

အားလုံး ဝိုင်းအော်ကြသည်။ ဆန်နီ ရှက်သွားသည်။ သူတို့ဘက် လှည့်၍ လက်သီးထောင်ပြသည်။ 'ချစ်မျက်မှန်'က ဆန်နီ့ပေါင်ကို ဆွဲလိ လိုက်သည်။

"မီးလောင်တာ" ဆိုသော စကား၏အဓိပ္ပါယ်မှာ ဤသို့တည်း။

စာရေးဆရာသုမောင်၏ ဝတ္ထုတစ်ပုဒ်တွင် "မင်းသား၏ ရင်သည်



ပူလွန်းလှသဖြင့် စီးကရက်ပင် မီးညှိလို့ရသည်" ဟူ၍ ရေးထားသည်။ သူတို့ ကမူ ဤသို့မဟုတ်။ သူငယ်ချင်းတစ်ယောက်ယောက်သည် သူ့ကောင်မ လေးနှင့် တွေ့ပြီး ပြန်လာပြီဆိုလျှင် သူ၏နှာခေါင်းကို ဆေးလိပ်ဖြင့် ဝိုင်းတို့ ကြသည်။ နှာခေါင်းမီးတောက်လာသောကြောင့် ဆေးလိပ်မီးညှိလို့ပင် ရသည်ဆိုသော သဘော။နောက်တော့ ဘာပဲဖြစ်ဖြစ် 'မီးလောင်တာ' ဆိုသော စကားက တွင်ကျယ်လာသည်။

"ဟော့ကောင် မြင့်သောင်း၊ ချစ်မျက်မှန်လာတော့ ချစ်ညီမလေးကော လိုက်မလာဘူးလား"

မောင်ရှန်က မေးသည်။

"ဟော့ကောင် မောင်ရှန် ငါတို့ကို လာလိမ့်လို့ မရဘူး၊ မင်းနဲ့ ချစ်ညီမ လေးနဲ့ ကျောင်းမှာ တစ်နေ့လုံးတူတူနေပြီးမှ ချစ်ညီမလေးကို ဖယ်ရီ ပေါ် ပို့ပြီး မင်း ဒီကို လာတာ မဟုတ်လား"

"မဟုတ်ရပါဘူးကွာ၊ ဘုရားစူး၊ သွားလေရာ အိမ်ထောင်ကျရပါစေ ရဲ့၊ ဒီနေ့ချစ်ညီမလေး အတန်းအချိန်ပြည့်ရှိပါတယ်ကွာ၊ အားလပ်ချိန် တုန်းကပဲ ခဏလေးတွေ့တာပါ၊ ပျဉ်းမနားခေါက်ဆွဲ သွားစားရုံလေး ပါကွာ"

"မယုံဘူး မင်း နှာခေါင်းပြစမ်း၊ စမ်းကြည့်မယ်၊ အမယ်ပူပူနွေးနွေး ရှိနေတုန်းပါလားဟ"

"ဟ...ဟ ဘာဖြစ်တာလဲဟ"

"ဘာမှဖြစ်တာမဟုတ်ဘူး၊ မီးလောင်တာ"

မြင့်သောင်း ပျော်သွားလေသည်။ အေးကိုလွမ်းသော စိတ်ကလေး သည်ပင်လျှင် ချောင်တစ်ချောင်မှာ သွားပုန်းနေရသည်။ ကိစ္စမရှိ။ ရထားပေါ် ရောက်လျှင် လွမ်းစိတ်ကလေး အလှည့်ပြန်ရမည်။ လွမ်းစရာ အချိန်တွေ အများကြီး ကျန်သေးသည်။

"မင်းတို့ လုပ်တာနဲ့ ပြောမယ့်စကားတောင် မေ့သွားပြီ၊ ဟေ့...သိပြီ ဆန်နီတို့များကွာ ချစ်မျက်မှန်ကို ဘယ်လောက် ကြောက်ရသလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့၊ တစ်ခါက ဗိုလ်ချုပ်ဈေးမှာ ငါလဲ ပါတယ်၊ ချစ်မျက်မှန်ရဲ့ ခေါက်ထီးကို ဆန်နီက ကိုင်ထားတုန်း ခေါက်ထီး လက်ကိုင်ကွင်းကလေးဟာ ဆန်နီ့ လက်ထဲမှာတင် ကျွပျောက်သွားရော၊ ဂျပန်က လာတာဆိုတော့ ပြန်ဝယ်ဖို့လည်း မလွယ်ဘူး၊ အဲဒါ ဆန်နီ့ကို ကြိမ်းလိုက်မောင်းလိုက်တာ ဆန်နီဆိုတာ ခေါင်းတောင် မဖော်ရဲဘူး။ နောက်ဆုံးကျတော့ နားရွက်ဆွဲထိုင်ထ အခါနှစ်ဆယ် လုပ်လိုက်မှ ကျေနပ်သွားတယ်တဲ့"

"ဒါ မောင်ရှန် ဆန်နီ့ကို သက်သက် သိက္ခာချလိုက်ခြင်းပါ။

"မောင်ရှန် မင်း ဝိုက်ဖ်ဘာရာသာ အချင်းချင်း ထောင်တာပေါ့လေ၊ မင်းအကြောင်းကိုလည်း ငါက ပြောသေးတာပေါ့" ဒီတစ်ခါ မောင်ရှန် အလှည့်။ ခံလိုက်ပေဦးတော့။

"ပြောပါဦးကွ"

"ဒီလိုကွ တစ်ခါက မောင်ရှန်နဲ့ ချစ်ညီမလေးနဲ့ ချိန်းထားပြီး၊ မောင်ရှန်က နောက်ကျသွားရော၊ အဲဒါ ချစ်ညီမလေးက အရင်ရောက်ပြီး အကြာကြီး စောင့်နေရလို့ ဒေါကန်ပြီး မောင်ရှန်ကို တစ်နေ့လုံးစိတ်ကောက် နေတယ်တဲ့။ ဘယ်လိုမှ ချော့လို့မရဘူး။ နောက်ဆုံးတော့ မောင်ရှန်က ချစ်ညီမလေးရဲ့ ခြေသလုံးကို နှိပ်ပေးလိုက်မှ စိတ်ဆိုးပြေသွားသတဲ့ကွ"

"ဟား...ဟား ပေါလှပါလားဟ"

"ဟော့ကောင်တွေ မဟုတ်ပါဘူးကွ"

"ဒါဆို ဘာကို နမ်းတာလဲ၊ ဖိနပ်ကို ကုန်းကိုက်တာလား"

"ထွီ...ပါးစပ်ထဲကို ပြည့်သွားတာပဲ၊ကိုယ်သင်းနံ့ကလေးတောင် ဘယ်ရောက်သွားမှန်း မသိဘူး"

"ဟော...ပေါ်ပြီ ပေါ်ပြီ၊ ခုနတော့ ပျဉ်းမနားခေါက်ဆွဲသွားစားရုံတင် ကလေးပါဆို"

"အေ (၁၉)မှာ ခဏထိုင်သေးတယ်ကွ ဟီး...ဟီး"



ရထားထွက်ခါနီးပြီ။ မြင့်သောင်းသည် သူလိုက်ရမည့် တွဲပေါ်သို့ တက်လေသည်။ ကျောင်းသားအများမှာ နေရာယူပြီးကြပြီ။

"မြင့်သောင်းကြီး၊ ငါတို့ ပစ်တိုင်းထောင်အဖွဲ့ကဆိုရင် ခု ဖီးလ်မှာ မင်းရယ်၊ ဆန်နီရယ်၊ ကိုအောင်ရယ်၊ မျိုးမြင့်လွင်ရယ်၊ ဆလိုင်းနဲ့ ဝိုင်း သော်ရယ် ပါမယ်နော်၊ မင်းတို့ကို ငါတို့အဖွဲ့ရဲ့ ကိုယ်စားလှယ်များအဖြစ် တာဝန်အပ်နှင်းလိုက်တယ်၊ ပစ်တိုင်းထောင်အဖွဲ့ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းသောအားဖြင့် အတတ်နိုင်ဆုံးလောင်ပေးကြပါ"

လေှကားက နှုတ်ဆက်အမှာစကားပြောသည်၊ သူတို့အုပ်စုသည် မြန်မာပြည်အနှံ့မှ လာကြသော ကျောင်းသားများ ဖြစ်ကြသည်။ စက်မှုတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ဘူမိဗေဒဌာန၊ ဒဿနိကဗေဒဌာန၊ စိတ်ပညာ ဌာနပေါင်းစုံမှာ တက်နေကြသည်။ သို့ရာတွင် သူတို့ အလွန် ညီညွတ်ကြသည်။ တစ်ယောက်လုပ်သည့် အလုပ်ကို အားလုံးက ဝိုင်းလုပ်တတ်သည်။ ပြီးတော့လည်း နောက်သည့် ပြောင်သည့် လောင်သည့်နေရာမှာ သူမတူအောင် ထူးချွန်သည်။ သူတို့သည် ရောက်ရာ အခြေအနေကျရာ နေရာတွင် နေတတ်သည်။ဒုက္ခများကို စပ်ဖြဲဖြဲလုပ်၍ တုံ့ပြန်တတ်သည်။ ထို့ကြောင့် သူတို့ကိုသူတို့ 'ပစ်တိုင်းထောင်အဖွဲ့'ဟု အမည်မှည့်ထားခြင်း ဖြစ်လေသည်။

"ကဲ...အပေါင်းအသင်းတို့ရေ၊ ကြီးမြတ်သော ပစ်တိုင်းထောင် ကိုယ်စားလှယ်ကြီးကို နှုတ်ဆက်ရအောင်"

"ပစ်တိုင်းထောင်အဖွဲ့"

"အောင်ပါစေ"

သူတို့သည် လက်သီးများကို ဆန့်တန်း၍ သံပြိုင်အော်လိုက်ကြသည်။ သူတို့အသံသည် ကမ္ဘာကြီးကို တုန်ခါ၍ မသွားစေသော်လည်း ဘူတာရုံရှိ လူအများကိုမူ လန့်ဖျပ်သွားစေသည်။ သူတို့အုပ်စုကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြသည်။သို့ရာတွင် သူတို့ မရှက်ကြ၊ ရှက်စရာ'အရှက်'မှ သူတို့ဆီမှာ မရှိဘဲ။ ပြီးတော့ ဒီလိုအော်ပုံမျိုးက သူတို့အတွက် ရိုးနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရထားထွက်ခါနီး ငြိမ်သက်နေသော နေရာများသည် ပြန်လည်၍ လှုပ်ရှားလာပြန်သည်။ ရထားပေါ် ပစ္စည်းမတင်ရသေးသူများမှာ ထမ်းရ၊ ပိုးရ၊ သယ်ရ၊ တင်ရပြန်သည်။ နေရာမရသေးသူများကလည်း နေရာ ရှာရ ပြန်သည်။ နေရာရပြီး သူတွေကလည်း သူနေရာနဲ့ ကိုယ့်နေရာလဲ၊ ပိုကောင်းသည့်နေရာကို ရွှေ့ ဟိုလူ့လှမ်းခေါ်၊ ဒီလူ့လှမ်းခေါ် ဆူညံလာပြန်သည်။

ကိုအောင်သည် အဖေနှင့်အမေကို ကန်တော့သည်။ ခေါင်းငုံ့ထားသော ကြောင့် အမေ့ကို မမြင်ရသော်လည်း အမေမျက်ရည်ဝဲနေလိမ့်မည်ဖြစ် ကြောင်း သူသိပါသည်။ သားကြီးသည် ပညာရေးအတွက် တစ်လတာ မျှသာ ခွဲခွာသွားခြင်း ဖြစ်ကြောင်း အမေ မသိမဟုတ်။ သို့ရာတွင် အမေ မဟုတ်လား။

အမေ့နှုတ်ခမ်းတို့သည် တလှုပ်လှုပ် တရွရွ ဖြစ်နေသည်။ အမေ့အသံ သည် ပီသစွာ ထွက်မလာ။ သို့ရာတွင်...

ရေလိုအေး၍ ပန်းလို လန်းပါစေ။

ဘယာဘေး ကင်းဝေးပါစေ။

ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ပါစေ။

ရောက်ရာအရပ်တွင် နတ်ကောင်းနတ်မြတ်များ စောင်မပါစေ။

ဤကဲ့သို့ ဆုတောင်းခြင်းသာ ဖြစ်ပါလိမ့်မည်။ အဖေသည် အမေပြော ချင်သောစကားများကို အားလုံးပေါင်းခြုံ၍ တစ်ခွန်းတည်းသာ ပြောသည်။

"သတိ ဝီရိယနဲ့ သွားကွ"

မျိုးမြင့်လွင်သည် ရထားထွက်ခါနီးမှ အယားဖားယား ရောက်ရှိလာ သည်။ သူ့ 'ဒါဒါ'ကို သွားနှုတ်ဆက်နေသောကြောင့် ဖြစ်ပါသည်။ ဒီကောင် က ကြောင်သည်။ 'အမှတ် ၁၂'ကားဖြင့် မြေနီကုန်းထိအောင် သွားရခြင်း ဖြစ်သည်။ ကွင်းဆင်းသည့် အဝတ်အစား ဖရိုဖရဲ၊ တောစီးဖိနပ်ကြီးနှင့် သူ့ကို ကားပေါ်က လူတွေက ကြည့်ပြီး ဘယ်လောက်များ ဟားတိုက်ကြမလဲ။ ခြော် ... 'ဒါဒါ' ဆိုတာ ကုလားလို အဘိုးကို ပြောတာမဟုတ်ပါ။ မျိုးမြင့် လွင်၏ ကောင်မလေး နာမည်ကို ပြောတာပါ။ နာမည်ရင်းတော့မဟုတ်။



နာမည်ရင်းက ...... 'ထား' လိုက်ပါတော့လေ။

ရထားထွက်ပြီး ရထားပေါ်က ကျောင်းသားတွေက စင်္ကြံပေါ်မှ လိုက်ပို့သူတွေကို လက်ပြနှုတ်ဆက်ကြသည်။ မျက်ရည်လည်း ဝဲနေကြ သည်။ ကိစ္စမရှိ။ တစ်လခန့်ကြာသောအခါ သူတို့သည် ဝမ်းသာပျော်ရွှင် သော အပြုံးများဖြင့် လက်ကမ်းဆီးကြို ကြရပါလိမ့်ဦးမည်။ တစ်လပြည့်သော အချိန်သည် တစ်လကြာသောအခါ ရောက်ရှိလာပါလိမ့်မည်။

ဟော ... ပစ်တိုင်းထောင် အဖွဲ့မှာ လူတစ်ယောက် လိုနေသည်။ ဆလိုင်း၊ ဆလိုင်းမိုးနောင်။ ဒုက္ခပဲ။ ကျန်ခဲ့ပြီလား။ မကျန်ခဲ့ပါ။ ရထားဘီး လိမ့်စပြုချိန်မှာပင် ဆလိုင်းသည် ရထားတွဲပေါ်သို့ ပြေးလွှားခိုတက်လာနိုင် ခဲ့ပါသည်။ သူ့လက်ထဲမှာ ပုလင်းတစ်လုံး။ ပုလင်းပေါ်မှစာကို ဖတ်ကြည့် ရန် မလိုပါ။ တံဆိပ်ကြည့်ရုံဖြင့် သိနိုင်သည်။ အမှန်အားဖြင့် တံဆိပ်ကိုပင် ကြည့်စရာ မလို။ 'ဆလိုင်းလက်ထဲက ပုလင်း' ဆိုရုံမျှဖြင့် သိဖို့ကောင်းပြီ။

"မန္တလေးရမ်"

* * *

ရန်ကုန်မြို့ကြီးကို နှုတ်ဆက်သည့်အနေဖြင့် အားရအောင် ကြည့် ကြသည်။ ရထားစထွက်သည်နှင့် မြင်ရသော မြင်ကွင်းမှာ ရုပ်ရှင်ရုံများ။ "သွင်"၊ "ဆုလူးပန်"၊ "မြို့မ"၊ "ရွှေဂုန်"။ ထို့နောက် ပြည်သူ့ကုန်တိုက်ကြီး၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီး၊ နောက် သိမ်ဖြူဂိုးတံတားကြီး။

သိမ်ဖြူဂိုးတံတားကို ရထားဖြတ်ထွက်လာသောအခါ ဂိုးတံတား ပေါ်မှာ သွားလာနေကြသော မော်တော်ကားများကို လက်ပြနှုတ်ဆက် ကြသည်။ ဘူတာရုံသေးသေးကလေးတွေကို ဖြတ်သွားတိုင်း ရထားစောင့် နေသူတွေကို လက်ပြနှုတ်ဆက်ကြသည်။ သူတို့မှာ ခဏချိန်တွင် မြင်မြင် ကရာကို လက်ပြနှုတ်ဆက်ချင်နေကြသည်။ ပုဇွန်တောင်ဘူတာကိုရောက် သောအခါ အုတ်ထရံဘေးမှာ ဆောင့်ဆောင့်ကလေးထိုင်ရင်း အပေါ့ သွား

www.burmeseclassic.com

www.burmeseclassic.com



နေသော လူကြီးတစ်ယောက်ကိုပင် "ဟေး ဦးလေး ကျွန်တော်တို့ သွားပြီ ဗျို့"ဟု လှမ်းနှုတ်ဆက်ကြသောကြောင့် လူကြီးခမျာ ထရမလို ထိုင်ရမလို ကုန်းကုန်းကွကွကြီး ဖြစ်သွားရသေးသည်။

သဃ်န်းကျွန်းဘူတာကို ဖြတ်ကျော်သွားသောအခါ ဆန်နီသည် ရထား၏ ညာဘက်ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ မျှော်ကြည့်နေလေသည်။

"ဟေ့ကောင်...စုံထောက်ကြီးဦးဆန်နီ သိပ်ကြည့်မနေနဲ့၊ ချစ်မျက်မှန် ကဖြင့် ခုလောက်ဆို မင်းနဲ့ ခွဲခွာရတဲ့အတွက် ဝမ်းနည်းခြင်းအထိမ်း အမှတ်အဖြစ် ရုပ်ရှင်တွေ ဘာတွေကြည့်ပြီး စားစရာတွေ အပြတ် တွတ်နေမှာကွ"

"ဟုတ်တယ်...ဟုတ်တယ်၊ ချစ်မျက်မှန်က အစားဆို ရှေ့ဆုံးက မဟုတ်လား"

"ဒါ့ကြောင့် ဝ,နေတာပေါ့ကွ"

"ဝတာမဟုတ်ပါဘူး... စိုပြည်တာပါကွ"

ဆန်နီသည် သူတို့ကို ပြန်လည်ချေပရန် မကြိုးစားတော့။ ခုအချိန် မှာ သူ သိပ်စကားမပြောချင်ပါ။ နောက်ပြောင်ဖို့ဆိုတာ ဝေး...။

ဒီနယ်မြေမှာ သူမှတ်မိနေသော မြင်ကွင်းတွေကို အားရအောင် ကြည့် လိုက်ချင်သေးသည်၊ ချစ်သူ့နယ်မြေ မဟုတ်လား။ သဃ်န်းကျွန်းဘူတာကို ကျော်လိုက်သည်နှင့် မီးရထားအမှုထမ်းများနေသော အိမ်တန်းလျားများ၊ အဲဒီက လွန်လာလျှင် ခြံဝင်းကျယ်ကြီးများ၊ ပြီးတော့ မြေနီလမ်းကလေး။

ဟော...ဟိုမှာ ဗာကီယားခြံ။ သဃ်န်းကျွန်းလမ်းကို ဖြတ်ကျော်နေ စဉ် အမှတ် '၁၃'ကားတစ်စင်းကို ရပ်စောင့်နေသည်။ ကားပေါ်မှာ သူများပါ လာမလား။ အို... ဟိုဟာ ဆရာအတတ်သင်သိပ္ပံပါလား။ သူ့စိတ်သည် သင်္ကန်းကျွန်းလမ်းအတိုင်း ပြေးသွားပြီး ဆရာအတတ်သင်ကို ဦးတိုက်ထား သော လမ်းကလေးရောက်သောအခါ...

"ဟော့...ဟော့ အဲဒီရပ်ကွက်ထဲမှာ သရဲခြောက်တဲ့ အိမ်ကြီးတစ်အိမ် ရှိတယ်"



"ဒါနဲ့ ဥစ္စာစောင့်ဆိုကွ"

"မျက်မှန်နဲ့ ဥစ္စာစောင့် မရှိနိုင်ပါဘူးကွာ"

မျိုးမြင့်လွင်နှင့် ကိုအောင်တို့၏ အသံကျယ်လောင်လောင်ကို ကြားရ သည်။ ဆန်နီ ဘာမျှပြန်မပြော။ သူတို့ကိုလည်း ဂရုမစိုက်။ ရထားအပြင်သို့ သာ ငေးကြည့်နေသည်။ ဆွေးနေပြီလား ဆန်နီ။ သို့ရာတွင် ကိစ္စမရှိ။ ခဏ ကြာ သူသည် ဂစ်တာကို 'တဒေါင်ဒေါင်'ခေါက်၍ စိုင်းထီးဆိုင်သီချင်းတွေကို အော်ဆိုနေပါလိမ့်ဦးမည်။

"ဟေး...ဟိုမှာ ငါ့ကို လက်ပြနေတယ်"

"ငါ့ကိုကွ ...မင်းကို မဟုတ်ဘူး"

"ငါ့ကိုပါကွ"

"ငါကွ...ငါကွ"

မြင့်သောင်းက လက်ပြသောအခါ အားလုံးဝိုင်း၍ ပြကြသည်။ ငမိုး ရိပ်ဘူတာရှေ့က လမ်းကလေးထိပ်မှာ ကောင်မလေးတစ်ယောက်ရပ်၍ လက်ကိုင်ပဝါလေးကို ဝေ့ရမ်းပြနေခြင်း ဖြစ်ပါသည်။ 'ဘယ်သူ့မှတ်လို့လဲ။ 'အေး'လေ။ မြင့်သောင်းရဲ့ 'အေး'။

မြင့်သောင်းသည် သူ့အိတ်ထဲက စာကလေးကို ယောင်ရမ်းထုတ်ယူ မိသည်။ 'အေး'သည် လက်ပြနေတုန်း။ နည်းနည်းဝေးသောကြောင့် အေး မျက်နှာကို ကွဲပြားစွာ မမြင်ရ။ သို့ရာတွင် အေးမျက်ရည်စဲနေလိမ့်မည်ဖြစ် ကြောင်း မြင့်သောင်းသိသည်။

"တစ်လထဲပါ အေးရယ်"

ငမိုးရိပ်တံတားကို ကျော်လာသည်နှင့် မြင်ကွင်းသည် ပြောင်းလဲလာ သည်။ အိမ်တွေပြွတ်သိပ်ပြီး လူတွေလှုပ်ရှားနေတာကို မမြင်ရတော့။ လယ် ကွင်းပြင်ကြီးတွေ။ တချို့ စိမ်းစိမ်း၊ တချို့ ဝါဝါ။

ရန်ကုန်ကို လှမ်းစပြုလာကြပြန်ပြီ။ အော်ဟစ်ဆူညံနေသူတွေပင် ခဏ ကလေးငြိမ်သွားကြသည်။ ဟုတ်တယ်။ ခဏကလေးပဲ ငြိမ်တာပါ။ လူငယ် ဆိုတာ အကြာကြီး လှမ်းမနေတတ်ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



ရထားသည် တစ်လမ်းလုံး ဘယ်ဘူတာမှ မရပ် ပဲခူးကျမှရပ်သည်။ ပဲခူးရောက်ချိန်တွင် မှောင်စပျိုးပြီ။ ထမင်းဘူးထဲမှာ ထမင်းထည့်လာကြသူတွေက ထမင်းဘူးကို ဖွင့်ကြသည်။ ထမင်းထည့်မလာခဲ့သူတွေက ထမင်း ဝယ်စားကြသည်။ ထမင်းသည်၊ အကြော်သည်၊ ဘဲဥပြုတ်သည်၊ ကြံရည်သည်တို့၏ အသံတွေ။ လှမ်းခေါ်ကြ၊ လှမ်းဝယ်ကြသော ကျောင်းသားတို့၏ အသံတွေ ဆူညံနေကြသည်။

ဆန်နီသည် ရထားဆိုက်သည်နှင့် လှစ်ခနဲ ပျောက်သွားလေသည်။ သိတယ် သိတယ်၊ ဒီကောင် ဘယ်သွားတယ်ဆိုတာ သိတယ်။ ရထားပေါ်မှာ ဒီကောင် ချောင်ထဲကုပ်ပြီး တစ်ခုခုရေးနေတာ တွေ့ကတည်းက ပဲခူးရောက်ရင် ချစ်မှန်ဆီ စာထည့်တော့မယ်ဆိုတာ သိလိုက်ပါရဲ့လေ။ လွန်တာပေါ့ ဆန်နီရယ်။

"စုံထောက်ကြီး ဦးဆန်နီ ဘယ်သွားနေတာလဲ"

"မင်းတို့က သိရက်သားနဲ့"

"မှန်လှချည့်လားကွ"

"ဟ...ဟ ...ဘာဖြစ်တာလဲဟ"

"ဘာမှဖြစ်တာ မဟုတ်ဘူး၊ မီးလောင်တာ"

ရထားထွက်ပြီ။ ဟောဗျ။ ထမင်းထုပ် မဝယ်ရသေးဘူး။ ဒုက္ခပဲ။ ခုမှ ဆန်နီ စိုးရိမ်လာသည်။ အချစ်သည် ထမင်းကိုပင် မေ့စေနိုင်သည်တကား။

"သူငယ်ချင်းတို့ ကိုယ့်အတွက် ထမင်းကျန်ဟင်းကျန်တလေးများ..."

"ဝယ်ထားပါတယ်ဆရာ၊ ဆရာ့အတွက် တစ်ထုပ်ပိုဝယ်ထားပါတယ်"

"ဟား... ချစ်စရာကောင်းလှချည့်လား အပေါင်းအသင်းတို့ရဲ့..."

"အေးကွ၊ ငါတို့လည်း မင်းနဲ့အတူတူစားမယ်ဆိုပြီး စောင့်နေကြတာ ဘယ်သူမှ မစားရသေးဘူး"

မျိုးမြင့်လွင်သည် ထမင်းထုပ်တွေ ယူလာသည်။ အလယ်မှာချပြီး ဝိုင်းထိုင်လိုက်ကြသည်။ မြင့်သောင်းသည် ဆန်နီ့ကို ကြည့်၍ သွားဖြဲပြသည်။



ကိုအောင်က ဆန်နီ့ပခုံးကို ဖက်လိုက်သည်။ မျိုးမြင့်လွင်က စကားစလိုက်သည်။

ပဲခူးမှ ရထားထွက်လာသောအချိန်တွင် မှောင်နေပြီ။ တကယ့်ကိုမှောင်နေပြီ။ ညပဲ မှောင်မှာပေါ့ဟု ပြောစရာရှိသည်။ သို့ရာတွင် ရထားတွဲထဲမှာ မှောင်နေတာကို ပြောတာပါ။ ရထားတွဲမှာ မီးလုံးများမပါရှိပါ။ ညဘက်များတွင် မီးများ ထိန်လင်းစွာ ထွန်းထားသည့် ရထားကြီးဝေါခနဲ ဖြတ်မောင်းသွားသည်ကို မြင်ဖူးကြပါလိမ့်မည်။ တော်တော်ဝေးဝေးမှ ကြည့်လျှင် ရထားမမြင်ရဘဲ မီးရောင်များသာ လက်ခနဲလက်ခနဲ ဖြစ်သွားသည်ကိုလည်း မြင်ဖူးကြပါလိမ့်မည်။ ဟိုအရင်တုန်းက...

စစ်အတွင်းက ဆိုလျှင် ရထားများသည် မီးလုံးများပါရှိပါလျက် မီးမှိတ်ပြီး သွားရသည်။ မီးရောင်မြင်လျှင် လေယာဉ်ပျံက ဗုံးလာကြဲမှာ စိုးလို့။ ခုတော့ စစ်လည်းမဖြစ်၊ လေယာဉ်ပျံဗုံးကြဲမည့်ရန်ကိုလည်း မကြောက်ရပါဘဲလျက် မီးကို အဘယ့်ကြောင့် မထွန်းရပါသနည်း။

အရင်က ရထားတွဲထဲမှာ မီးလုံးတွေ ရှိပါသည်။ မသမာသူတို့က မီးလုံးများကို ဖြုတ်ခိုးကြသည်။ ထပ်တပ်လျှင် ထပ်ခိုးသည်။ ထို့ကြောင့် ဒဏ်ခတ်သည့်အနေဖြင့် မီးလုံးများ ထပ်မံမတပ်ဆင်ဘဲများ ထားလေသလား။

"လိုက်လို့မမီ အဝေးကြီး"

ဆန်နီ၏သီချင်းသံကို ကျယ်လောင်စွာ ကြားနေရပြီ။ ရထားတွဲများ၏ လှုပ်ခါသံသည် ဂစ်တာသံနှင့်အတူ စည်းဝါးကျကျ မြည်၍နေသည်။

ကျောင်းသားတချို့ ငိုက်မြည်းနေကြပြီ။ တချို့ကလည်း စကားပြောလို့ ကောင်းတုန်း။ မျိုးမြင့်လွင်နှင့် ဆလိုင်းသည် ဖယောင်းတိုင်ထွန်း၍ ကျားထိုးနေကြသည်။ ကိုအောင်သည် ကျောပိုးအိတ်ကို ခေါင်းအုံး၍ 'တခေါခေါ' ဟောက်နေလေသည်။

မြင့်သောင်းသည် ရထားပြူတင်းတွင် လက်ထောက်၍ အပြင်သို့ ငေးကြည့်နေသည်။

အပြင်မှာ လသာနေသည်။ လရောင်သည် ရထားပြတင်းကိုဖြတ်၍

www.burmeseclassic.com

www.burmeseclassic.com



မြင့်သောင်း၏ မျက်နှာပေါ်သို့ ထိုးကျနေသည်။ ရထားတွင် မီးမပါခြင်းအတွက် မြင့်သောင်း ကျေးဇူးတင်မိသည်။ အလင်းရောင်မရှိမှသာ သူ၏ဆွေးမြေ့နေသော မျက်နှာကို တခြားသူတွေ မမြင်နိုင်မည် မဟုတ်လား။ သို့ရာတွင် လရောင်သည် သူ၏ အဆွေးမျက်လုံးများကိုမူ မြင်သာနေစေလေသည်။

လရောင်ဆမ်းသော အပြင်က မြင်ကွင်းသည် လွမ်းမောစရာ။ မြင်ကွင်းသည် ညိုပ်ထူးခြားမှုမရှိ၊ လယ်ကွင်းပြင်ကြီးများသာ၊ တစ်ခါတစ်ရံမှသာ သစ်ပင်အုပ်မဲမဲကြီးများ။ ဒါလွမ်းစရာ မြင်ကွင်းလား။ ဟုတ်ပါတယ်။ တကယ့်လွမ်းချင်နေသူအဖို့ မင်္ဂလာဆွဲခံပွဲမြင်ကွင်းသည်လည်း လွမ်းစရာပဲ။ တကယ်တော့မူ မြင်ကွင်းသည် အရေးမကြီးပါ။ စိတ်ကသာ အရေးကြီးပါသည်။

ထို့ကြောင့် လသာနေတာလည်း လွမ်းစရာပါ။ အေးဆိုသော ကောင်မကလေးသည် ခုအချိန်မှာ လမင်းကြီးကိုပင် ငေးကြည့်နေပါလိမ့်မည်လား။ ထိုအခါ သူတို့နှစ်ယောက်၏ မျက်နှာများသည် လမင်းကြီးမှာ ဆုံတွေ့ကြသည်။ လမင်းကြီးသည် တဖြည်းဖြည်း ပြုံး၍လာလေသည်။

ကြေးနန်းတိုင်များသည် ရိပ်ခနဲရိပ်ခနဲကျန်ရစ်ခဲ့ကြသည်။ ရထားကြီးသည် ရန်ကုန်မြို့ကို ဆန့်ကျင်ခုတ်မောင်းနေသည်။ သို့ရာတွင် မြင့်သောင်း၏ စိတ်အစဉ်သည် ရန်ကုန်မြို့ကမာရွတ်လှည်းတန်းအရပ်ရှိ တက္ကသိုလ်ကျောင်းတော်ကြီးဆီသို့သာ အဘယ့်ကြောင့် ပြန်လည်ပြေးလွှားသွားနေရပါသနည်း။



ဒီလိုလေ၊ ဘယ်လိုလဲဆိုတော့...။

အေးဆိုတဲ့ကောင်မလေးတစ်ယောက်နဲ့ ကျွန်တော်နဲ့ချစ်နေကြတယ်။

ရဲ့လား။ "မသိလို့ပါ ဆရာရယ် ပြောပြစမ်းပါကွယ်"ဆိုရင်တော့ ပြော

သေးတာပေါ့လေ။

အစကနေ စ,ပြီး ပြောပြမယ်။

အေးကို ကျွန်တော့်ချစ်တယ်။

ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒါအစပဲ။

ကျွန်တော် ငယ်ငယ်တုန်းက ဂေါ်လီရိုက်တဲ့အကြောင်း၊ အိမ်က ပိုက်

ပြီး ခေါက်ဆွဲကြော် ဝယ်စားတဲ့အကြောင်း၊ အတန်းထဲမှာ စာမရလို့

ာက်ရတဲ့အကြောင်း၊ ကျောင်းစာတွေ ခက်တဲ့အကြောင်း၊ ကုန်ဈေး

ကြောင်း၊ အေစီယံထိပ်သီး ညီလာခံအကြောင်း၊ အဲဒါတွေကို ဘာဆိုင်

း ပြောပြရမှာလဲ။ ဘယ်သူတွေကမှလည်း စိတ်ဝင်စားကြမှာလည်း

င်ပါဘူး။ မဟုတ်လား။

ဒါကြောင့် အေးကို ကျွန်တော်ချစ်တဲ့အကြောင်းက အစပဲလို့ ပြော

း

အေးကို ကျွန်တော် ချစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းတုန်းကပေါ့။ ဩော် ... ဆယ်တန်းတုန်းက ဆိုတော တက္ကသိုလ်က အကြောင်းလောက် စိတ်ဝင်စားဖို့ မကောင်းဘူးဆိုရင်လည် နဲနဲလေး သည်းခံပြီးတော့ နားထောင်ပါနော်။ နောက်ပိုင်းမှာ ကောင်းခန် တွေ ရှိပါသေးတယ်လေ။

အေးနဲ့ကျွန်တော်ဟာ တစ်တန်းထဲပဲ။ အဲဒီတုန်းက အေးက ငယ ငယ်လေးပေါ့။ ဟင်... ကျွန်တော်ကလည်း ငယ်ငယ်လေးပါပဲ။ အဲဒီတု က။ အေးထက်စာရင်တော့ နဲနဲတော့ ကြီးတာပေါ့။ အသက်။

ကျွန်တော်က ရှစ်တန်းတုန်းကတည်းက အေးကို ချစ်နေတာ သို့ပေမယ့် မပြောရဲလို့ မပြောခဲ့ဘူး။ 'ကျိတ်ပိုး'ပေါ့လေ။ ကျွန်တော်တ ရှစ်တန်းတုန်းကဆိုရင် အဲဒါမျိုးလုပ်ရမှာ သိပ်ရှက်ကြတာ။ ခုခေတ် ရှ တန်းတွေတော့ မသိဘူး။ ကျွန်တော်တို့တုန်းကထက်တော့ နည်းနည်း Hot မယ် ထင်တယ်။ ဘာလို့ဆို ကျွန်တော့်ညီ ဆယ်တန်းကျောင်းသ စိုးထွန်းအောင်က ကျွန်တော့်ကို တစ်ခါပြောဖူးတယ် 'အစ်ကို့ကောင်မလေ က သိပ်ခိုက်ဖို့ကောင်းတာပဲ'တဲ့။

အဲ...ဘယ်တောင် ရောက်သွားပြီးပြီလဲ မသိပါဘူး။ ဟုတ်ပြီ ဟုတ်ပြ ဆယ်တန်းတုန်းကပေါ့။ အေးတို့လက်တွေ့ခန်းသွားနေတုန်း ကျွန်တော အတန်းထဲကို တိတ်တိတ်ကလေးပြန်လာခဲ့တယ်။ ဘာလုပ်ဖို့လဲ သိကြ လား။ 'မသိလို့ပါဆရာရယ် ပြောပြစမ်းပါကွယ်' ဆိုရင်လည်း ပြောပြရသေ တာပေါ့လေ။

ဒီလိုလေ၊ ဘယ်လိုလဲဆိုတော့ အေးရဲ့ စာအုပ်တစ်အုပ်ကြားထဲမှ စာတစ်စောင်ကို ညှပ်ထည့်ပေးလိုက်တာပေါ့။ ပိုင်တယ်နော်။ ဒါပေါ့လေ နာမည်ကိုက ကြည့်ပါလား။ 'မြင့်သောင်း'တဲ့။ အဲ...ဘာဆိုင်လို့လဲ။ ဆို ဆိုင် မဆိုင်ဆိုင် ပိုင်ရင်ပြီးတာပဲ မဟုတ်လား။

စာထဲမှာ ရေးထားပုံကလည်း သိပ်တကယ် မိလိုက်လှပါလာ ကြည့်ပါလေ။

"အသက်မဲ့တဲ့ တောင်နံရံကြီးတောင်မှ အသံပေးရင် ပဲ့တင်သံ ပြန်လာ



တတ်ပါတယ်အေးရယ်"

"အကြင်နာရှိတဲ့ အေးရဲ့နှလုံးသားမှာ အမုန်းမရှိပါစေနဲ့"

"ကြည်ပြာရောင် အပြုံးကလေး ပြုံးလိုက်ပါနော်"

"ဟောဟော့။ ဒီလိုစာမျိုးကိုဖတ်ပြီးရင် ဘယ်ကောင်မကလေးကများ ကျွန်တော့်ကို မချစ်ဘဲ နေနိုင်လိမ့်မှာတဲ့လဲ။

* * *

"နင်နောက်တစ်ခါ စာထပ်ပေးရင် ဆရာကြီးနဲ့ သွားတိုင်လိုက်မယ် ဒါပဲ"

အေး။ အေး။ ရက်စက်လှချည်လား အေးရယ်။ အေး ကိုယ့်ကို ကြင်နာဘူး။ ကျွန်တော် အရမ်းဆွေးသွားတယ်။ သို့ပေမယ့် စိတ်ဓာတ် တော့ မကျလိုက်လှသေးပါဘူးလေ။ ဘာလို့ဆို အေးက ပြောတယ်မဟုတ် ဘူး။ 'နောက်တစ်ခါ စာပေးရင် ဆရာကြီးနဲ့ တိုင်မယ်လို့'

စာပေးရင် တိုင်မယ်ဆိုတော့ ပါးစပ်နဲ့ပြောလိုက်ရင်တော့ မတိုင်ဘူး ပေါ့လေ။ ဒီတော့ ဘာလုပ်သလဲ သိကြရဲ့လား။ "မသိလို့ပါ ဆရာရယ် ပြော စမ်းပါကွယ်"ဆိုရင်လည်း ပြောပြရသေးတာပေါ့လေ။

အေးကို ကျွန်တော် စကားလိုက်ပြောတယ်။

"အေးအေးသန်း"

"ဘာလဲ"

"တို့စာကို ဖတ်ရဲ့လား"

"ဖတ်သားပဲ"

"ဘယ်လိုလဲဟင်"

"နင် သုမောင်စာအုပ်ထဲက ခိုးချထားတာ မဟုတ်လား"

"ဟုတ်...အဲ...မဟုတ်ပါဘူးဟာ"

"ဘာပဲဖြစ်ဖြစ်လေ၊ နင် နောက်တစ်ခါ ငါ့ကို ထပ်ပြီး မနှောင့်ယှက်ပါ နဲ့ နင့်ကိုငါ လုံးဝမကြိုက်ဘူး ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရင့်ရောင် စကားတွေ။ ကျွန်တော့်နှလုံးသားဟာ ငေ
ကြောင့် ပြိုကျပျက်စီးသွားတော့တယ်။

ကျွန်တော် သိပ်ဆွေးသွားတယ်။ 'ကမ္ဘာဆွေး'ပဲ၊ အဲဒီနေ့က စပြီး
ကို ကျွန်တော် ထပ်မနှောင့်ယှက်တော့ပါဘူး။ သူ့ကိုလည်း မကြည့်တော့
ဘူး။ မျက်နှာချင်းဆိုင်မိရင်လည်း မျက်နှာကို ချက်ချင်းလွှဲပစ်တယ်။

ကို ကျဆုံးသွားပါပြီအေး။

* * *

ကျွန်တော် ဆယ်တန်းအောင်ပြီးတော့ တက္ကသိုလ်ကို ရောက်လာ
တယ်။ ဟော...ဟော 'တက္ကသိုလ်' ဆိုတာနဲ့ မျက်လုံးတွေက တော
ပြောင်လာကြပြီ မဟုတ်လား။ တက္ကသိုလ်ကအကြောင်းဆိုရင် လူတွေ
ဘာလို့များ စိတ်ဝင်စားကြရတာလဲ။

ထားပါတော့လေ။ ကျွန်တော် ဆက်ပြောပြပါ့မယ်။ ဒီတစ်ခါတော့
ကျွန်တော်ကိုယ်တိုင်ကိုက သိပ်ပြောပြချင်နေတာပါ။ ပြောပြပါရစေ ဆ
တို့ရယ်။

ခအေးနဲ့ကျွန်တော်နဲ့ ပြန်ဆုံကြတယ်။

ချက်ချင်းကြီး တွေ့တာတော့ မဟုတ်ပါဘူး။ ကျောင်းဖွင့်လို့ ဆ
ရက်လောက်ကြာမှပါ။ စာကြည့်တိုက်မှာ စာအုပ်ငှားဖို့ မှတ်ပုံတင် လုပ်
ကြတုန်းမှာပေါ့။ ခအေးက ကျွန်တော့်ကို တွေ့တော့ အံ့ဩသွားတယ်
ပြီးတော့ ပြုံးပြတယ်။ ပြီး...မေးတယ်။

"သူ ဘယ်မေဂျာမှာလဲ"

"ဂျီအော်လော်ဂျီမှာ၊ နင်ကော"

"တို့ မက်စ်မှာ"

အို... 'မေဂျာ'ဆိုတာ ဘယ်ကလာ ဗိုလ်မှူးဟုတ်ရမှာလဲ။ တက္ကသို
အကြောင်း စိတ်ဝင်စားတယ်လည်း ဆိုသေးတယ်။ အခေါ်အဝေါ်တွေလည်း
ဘာမှမသိဘူး။ 'မသိလို့ပါ ဆရာရယ်၊ ပြောပြစမ်းပါကွယ်' ဆိုရင်လည်း ပြော



ရသေးတာပေါ့လေ။

ဒီလိုလေ၊ ဘယ်လိုလဲဆိုတော့ ...မေဂျာဆိုတာက ကိုယ်သင်ယူရမယ့်
အဓိက ဘာသာရပ်ကို ပြောတာ။

ဂျီအော်လော်ဂျီဆိုတာက ဘူမိဗေဒကို ပြောတာ။ မက်စ်ဆိုတာက
သင်္ချာကို ပြောတာ။

အဲ... ခုနပြောတာက ပထမအကြိမ်တွေ့တာ။

သြော်...ပြောဖို့ မေ့နေလိုက်တာ။ အဲဒီတုန်းက ဒေသကောလိပ်မပေါ်
သေးဘူး။ ပထမနှစ်တွေက မန္တလေးဆောင်မှာ တက်ကြရတယ်။

ဒုတိယတစ်ခါတွေ့တာက ကင်တီးန်မှာ။ မန္တလေးကင်တီးန်လို့လည်း
ခေါ်တယ်။ တောင်ငူကင်တီးန်လို့လည်း ခေါ်တယ်။ ကင်တီးန်ဆိုတာ စား
သောက်ဆိုင်ကို ပြောတာလေ။

"ဟော..."

"ကလာပ်စ် မရှိဘူးလား"

"အအေး လာသောက်တာလား"

"ဟုတ်တယ်၊ သူကော"

"လက်ဖက်ရည်သောက်မလို့"

"ဒါဖြင့် သွားတော့လေ"

"အအေးတိုက်ချင်သေးလို့"

"လက်ဖက်ရည် သောက်မလို့ဆို"

"အအေးပဲ သောက်တော့မယ်။ တို့က အအေးကြိုက်တယ်"

အဲဒီနေ့ကစပြီး အေးတို့ အတန်းရှေ့မှာ ကျွန်တော် သွားစောင့်တတ်
နေပြီ။ အေးတို့ အတန်းပြီးတဲ့ အချိန်ကို စောင့်ရတာ သိပ်ပျင်းဖို့ကောင်း
တာပဲ။ သို့ပေမယ့် ကင်တီးန်မှာ အကြာကြီးထိုင်နေတာကျတော့ ဘာလို့
များ မညောင်းရတာပါလဲ။ ပျော်တောင် ပျော်သေးတယ်။ အေးက ကျွန်တော့်
ကို ဘာလို့ လိုက်လျောနေရတာလဲ။ အေးက ကျွန်တော့်ကို သနားနေလို့
ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အေးကို ကျွန်တော် ပို့စကဒ်တစ်ခု ပေးလိုက်တယ်၊ လက်ရေးပို့စကဒ်လေ။ မျိုးမြင့်လွင်က ပန်းချီဆွဲပေးတယ်။ မောင်ရှန်က ကဗျာစပ်ပေးတယ်။

တန်ခိုးရှင်များရယ်...

“ဒေါသဖြစ်နေတဲ့ ချစ်သူရဲ့ နှုတ်ခမ်းကလေးကို ပြုံးလာအောင် လုပ်ပေးပါလားကွယ်”

မောင်ရှန်ဆိုတဲ့ကောင်က ကဗျာစပ်တဲ့နေရာမှာတော့ တကယ်တော်တယ်။ ဟုတ်တယ် ဟုတ်တယ်၊ ရယ်ရတယ်။ 'ကြောင်ပေ့လောင်ပေ့' ဆိုတဲ့ အတွေးအခေါ်မျိုးတွေ သူ့ခေါင်းက ထွက်လာတတ်တယ်။ သို့ပေမယ့် တက္ကသိုလ်မှာက ကြောင်တာကိုလည်း လူတွေက ကြိုက်ချင်ကြိုက်တာပါပဲလေ။ ဒါကြောင့်လည်း မိစံက သူ့ကို ကြိုက်တာပေါ့။

အေးက ကျွန်တော့်ကို ပို့စကဒ်တစ်ခု ပြန်ပေးတယ်။ စောစောမြင့်ရဲ့ ပန်းချီနဲ့ ကဗျာရေးတဲ့လူက... ချစ်စမ်းအောင်တဲ့။

“အသည်းလေး
သော့ခတ်ထားမယ်။
ချစ်သူဆီမှာ
သော့ရှိတယ်”

* * *

ကျွန်တော်နဲ့ အေး ချစ်သွားကြရော။

တက္ကသိုလ်မှာ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေး တစ်ယောက် ချစ်သွားကြတယ်ဆိုတာ သိကြရဲ့လား။ ကဲပါလေ ကျွန်တော်က ပြောပြပါ့မယ်။

ဒီလိုလေ ဘယ်လိုလဲဆိုတော့ ကောင်မလေး အတန်းပြီးတဲ့အချိန်မှာ ကောင်လေးက လာစောင့်နေရတယ်။ အိုလေ အတန်းမပြီးခင် ဆယ့်ငါးမိနစ်လောက်ကတည်းက ကြိုပြီး စောင့်နေရတာပါ။ ဘာလို့ဆို တစ်ခါတစ်ခါကျ ဆရာ ဆရာမတွေက မိနစ် မိနစ်ငါးဆယ်ပြည့်အောင် မသင်ဘူး မဟုတ်လား။ တစ်ခါတစ်ခါကျတော့လဲ မိနစ်ငါးဆယ်တောင် မကဘူး။ တစ်နာရီကျော်ကျော်လောက် ကြာအောင် သင်တတ်တယ်။ အဲလို နောက်ကျပြီး အတန်းပြီးတဲ့ အခါမျိုးကျရင် သိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ။ ဆရာတွေကလည်း ဘာလို့များ ဒီလောက်တောင် စာတတ်စေချင်နေရတာလဲ မသိပါဘူး။ အေးကတော့ စာထဲမှာ စိတ်ဝင်စားနိုင်ပါ့မလား။



အေး အတန်းပြီးတဲ့ အခါကျတော့ အင်းဝကင်တီးန်မှာ ထမင်းသွားစားကြတယ်။ ဘယ်ကလာ ထမင်းဆိုင် ဟုတ်ရမှာလဲ။ လက်ဖက်ရည်ဆိုင်မှာ။ ကိုမောင်စိန်ရဲ့ လက်ဖက်ရည်ဆိုင်မှာ ထမင်းစားကြတာ။ ဆိုင်က မှာစားတာလည်း မဟုတ်ပါဘူး။ အေးမှာ ထမင်းဘူးပါတယ်လေ။ ထမင်းစားပြီးတော့ ကျွန်တော် လက်ဖက်ရည်သောက်၊ အေးက အအေးသောက်။ ဟုတ်တယ်။ တက္ကသိုလ်က စားသောက်ဆိုင်တွေမှာဆိုရင် တစ်ထိုင်တည်းနဲ့ စားချင်တာ အကုန်မှာလို့ရတယ်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပေမယ့်လည်း အခြားဆိုင်က အအေးကို မှာသောက်လို့ရတယ်လေ။

အင်းဝကင်တီးန်မှာ မောင်ရှန်တို့ မိစံတို့နဲ့ ခဏခဏ ဆုံတတ်တယ်။ အင်းပေါ့သူတို့ကလည်း လာစားကြတာပေါ့၊ ဟုတ်တယ်နော် တစ်နေရာရာ သွားခါနီးကျရင် ခုလိုပဲ စားထားကြမှ။ တစ်နေရာရာမှာ သွားထိုင်မိကြပြီဆိုရင် သိပ်ကြာတတ်ကြတာ မဟုတ်လား။ ပြီးတော့လည်း အဲဒီအခါကျရင် မဆာကြတော့ဘူးလေ၊ မောင်ရှန် နဲ့ မိစံက ထမင်း မစားကြဘူး။ ဆီချက်ခေါက်ဆွဲတို့၊ နန်းကြီးမုန့်ဟင်းတို့ပဲ စားကြတယ်။ မိစံမှာ ထမင်းဘူးမပါလို့တော့ မဟုတ်ပါဘူး။ ပါပါတယ်။ သို့ပေမယ့် မိစံက ထမင်းကို မနက်ကိုးနာရီလောက်မှာ စားတတ်တာ။ မောင်ရှန်ဆိုတဲ့ကောင်ကလဲ မိစံနဲ့ တွေ့ရမယ့်အချိန်ကျမှ ကျောင်းကိုလာတာလား မသိဘူး။ သူရောက်တဲ့ အချိန်ကျရင် မိစံက ထမင်းစားပြီးနေပြီ။ ကျွန်တော်က မိစံကို မေးတယ်။

“မိစံ နင် မောင်ရှန်ဖို့ ထမင်းချန်မထားတတ်ဘူးလား၊ ဒီကောင် သနားပါတယ်ဟာ...”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မောင်ရှန်ကို နှိမ်လိုက်တာလေ။ "မင်း ငါ့လို ထမင်း ဘူးထဲက ထမင်း စားရရဲ့လားလို့ပေါ့။ သို့ပေမယ့် မိစံက ဘာ ပြန်ပြောတယ် မှတ်သလဲ။

"တို့က ဦးဦးဖျားဖျားမှ ကျွေးချင်တာ" တဲ့။

"ဒါ...ဒါ မိစံက ကျွန်တော့်ကို ပြန်နှိမ်လိုက်တာပဲပေါ့။ ဘာလို့ဆို ထမင်းစားကြတဲ့အခါ အေးကို အရင်စားခိုင်းပြီး ကျွန်တော်က နောက် မှ စားတတ်တယ် မဟုတ်လား။ မိစံက ကျွန်တော့်ကို ထမင်းကျ ဟင်းကျန် စားရတဲ့ ကောင်လို့ ပြောလိုက်တာပဲလေ။ အမှန်ကတော့ ကျွန်တော်က အေးကိုချစ်လို့ အေးနောက်မှ စားတာပါနော်"

မောင်ရှန်ကတော့ ထုံးစံအတိုင်းပါပဲ။ သူကများ အပေါ်စီးက ရသွား ပြီဆိုရင် အပြတ်နှိမ်တော့တာပဲ။

"ဟဲဟဲ... အေးက မင်းကို တော်တော်ချစ်ပုံရတယ်နော်။ မင်းသွား ကြားညပ်မှာ စိုးလို့နဲ့ တူတယ်၊ အသားတွေကို သူချည်း အကုန်စ ပစ်တာပဲ။ ပြီးတော့လည်း မင်းမှာ ကယ်လ်စီယံဓာတ် များများ ရအောင်လို့ အရိုးတွေတော့ ချန်ထားတတ်တယ်၊ ဗျို့ဆရာ... ဆီချက် နှစ်ပွဲပေးပါ။ အသားများများထည့်နော်... ဟီ"

မောင်ရှန်နဲ့ မိစံ၊ တော်တော်လည်း လိုက်ဖက်ညီတဲ့ အတွဲပဲ။ သူများ ကို နည်းနည်းကလေးတော့ ကျောလိုက်ရမှ ကျေနပ်တဲ့အတွဲ။

* * *

စားသောက်ပြီးကြပြီဆိုရင် ကျွန်တော်တို့ တစ်နေရာရာမှာ သွားထိုင် ကြတယ်။ အင်းလျားကန်စောင်း၊ အင်းဝလမ်းနဲ့ အင်းလျားလမ်းဆုံ နေရာနားက ဝါးရုံပင်ကလေးအောက်၊ အခန်း S-4, E-3, A-205.

ရန်ကုန် လေ့လော့ရွက်တိုက်အသင်းရှိတဲ့နားက ကန်စပ်မှာ ထိုင် တာ သိပ်ကြည်နူးစရာကောင်းတာပဲ။ ထမင်းစားပြီးတဲ့အခါ ထမင်းဘူးထဲ မှာ ကျန်တဲ့ ထမင်းစေ့ကလေးတွေကို အင်းလျားကန်ထဲကို ပစ်ချတယ်။



အဲဒီအခါမှာ ငါးရှည်ရှည်ကလေးတွေက ထမင်းလုံးကလေးတွေကို ပြေး ပြီး ဟပ်ကြရော။ လျှပ်စစ်ဓာတ်လွှတ်တတ်တဲ့ ငါးကလေးတွေလို့ ပြော ကြတယ်။ သူတို့ကို သွားထိမိရင် ကျင်ကျင်သွားတယ်။

အခန်း S-4 အကြောင်း ပြောရဦးမယ်။

ဒီလိုလေ။ ဘယ်လိုလဲဆိုတော့ အဲဒီအခန်းက ကျယ်လဲကျယ်တယ်။ ပြီးတော့ကျတော့။ တက္ကသိုလ်မှာ ရှိတဲ့ အခန်းတွေထဲမှာ အမှောင်ဆုံးပဲ။ အတွဲ လေး ငါး တွဲလောက်များတော့ တစ်ချောင်စီမှာ ကပ်နေလိုက်ရင် ပျောက် ထွက်သွားတာပဲ။ အဲဒီအခန်းက ဘာလို့မှောင်ရတာလဲဆိုတော့ အခန်းကို ကာထားတဲ့ မှန်တွေကို အပြင်ကနေ မီးခိုးရင့်ရောင် ဆေးတွေ သုတ်ထားလို့၊ အရင်က လက်တွေ့စမ်းသပ်ခန်းလုပ်ဖူးလို့ အလင်းရောင်မဝင် အောင် ဆေးသုတ်ထားတာ ထင်တယ်။ အင်းပေါ့ ... ဓာတ်ဆေးတချို့ဟာ အလင်းရောင်ထိရင် ဓာတ်ပြယ်တတ်တယ် မဟုတ်လား။

သို့ပေမယ့် နှုတ်ခမ်းနီနီကလေးတွေကတော့ အလင်းရောင်မဝင်ဘဲ နဲ့လဲ ပြယ်တတ်တာပါပဲ။

S-4 မှာ ကျွန်တော်တို့ ထိုင်တာ များတယ်။ ဘာလို့ဆို အဲဒီအခန်းက မှောင်တယ် မဟုတ်လား။ အို... ဘာတွေလျှော်တွေးနေတာလဲ။ အေးက လူတွေ မြင်နိုင်တဲ့ နေရာမှာ မထိုင်ချင်ဘူးဆိုလို့ အဲမှာ ထိုင်တာပါ။ ပြီးတော့ လည်း ကျွန်တော်က နှုတ်ခမ်းနီကို အငမ်းမရ နမ်းတာထက် လက်မောင်း ကလေးကို ဖြေးဖြေးလေး နမ်းရတာကို ပိုပြီး နှစ်သက်တယ်ဆိုတာ မသိ ကြဘူးလား။

S-4 မှာ ဆိုရင် တံခါးပိတ်ထားလိုက်တဲ့အခါ အပြင်ကနေ ဘယ်လို မှ မမြင်နိုင်တော့ဘူး။ ချောင်းကြည့်ချင်တယ် ဆိုရင်လဲ တံခါးကိုဖွင့် ကြည့်မှ မြင်ရတယ်။ သို့ပေမယ့် အဲဒီလို တံခါးကိုဖွင့် ခေါင်းကြီးထိုးပြူ ပြီး ချောင်းကြည့်တာမျိုးဟာ ရိုင်းစိုင်းတဲ့ အပြုအမူလို့ တက္ကသိုလ်ကျောင်း သားတွေက ခံယူထားကြတာကို သိကြပါရဲ့လား။

ချောင်းကြည့်တယ်ဆိုလို့ ပြောရဦးမယ်၊ အဲဒီလို ကျွန်တော်တို့က

www.burmeseclassic.com

www.burmeseclassic.com



သူများတွေ မချောင်းကြည့်နိုင်တဲ့ နေရာမျိုးမှာ ထိုင်တတ်တာကို ချစ်သူငယ်ချင်းတွေက မကြည်လင်ကြဘူး။ မျိုးမြင့်လွင်က ဘာပြောလဲ သိလား။

"မင်းကလဲကွာ၊ သူငယ်ချင်းတွေအပေါ် မကြင်နာဘူး၊ ဟိုး...အမှောင်ခန်းထဲ သွားထိုင်တယ်။ ငါနဲ့ ဒါဒါဆိုရင် လူတွေ မြင်သာတဲ့နေရာမှာပဲ ထိုင်တယ်။ ချောင်းချင်တဲ့ သူငယ်ချင်းတွေလဲ မြင်သာပါစေဆိုတဲ့ စေတနာနဲ့"

အမယ်...သူကလည်း သူငယ်ချင်းတွေ ချောင်းချင်ချောင်းပါစေဆိုတဲ့ စေတနာနဲ့ ...တဲ့။ တကယ်တော့ စေတနာမဟုတ်ပါဘူး။ အရှက်မရှိတာ။

တကယ်တော့ ဒီကောင်တွေ လိုက်မချောင်းနိုင်တဲ့နေရာကို သွားရတာ အကြောင်းရှိပါတယ်။ ဒီကောင်တွေက သိပ်လောင်တာ။ သူတို့မြင်သာတဲ့ အခန်းမျိုးမှာ သွားထိုင်မိရင် အခန်းဘေးကနေ ဖြတ်လျှောက်ပြီး...

"မီးသတ်ပြုပါဗျို့"လို့ အော်သွားတတ်တယ်။ မီးလောင်တယ်ဆိုတာကို သိပြီးကြပြီ မဟုတ်လား"

အင်း...ဟုတ်တယ်။ ဟုတ်တယ်။ ဒီကောင်တွေက အတွဲချောင်းရတာကို သိပ်ဝါသနာပါတာ။ ဘယ်လောက်ထိ ဝါသနာပါသလဲ ဆိုတော့... ကင်းကောင်ကြီးဆိုရင် သူ့ဖွန့်ဘင်မလေးနဲ့ ချိန်းထားတာကိုတောင် မသွားဘဲနဲ့ အတွဲလိုက်ချောင်းမြဲ့ယ်တဲ့။

မောင်ရှန်ကျတော့ တစ်မျိုးလေ...။ မိစံနဲ့ အခန်းထဲမှာ တူတူထိုင်နေရင်းကနေ မိစံကို လှည့်စကားပြောသလိုလို ဘာလိုလိုနဲ့ မိစံရဲ့ လက်မောင်းကြားကနေ သူတို့ နောက်ကအတွဲ ဘာလုပ်နေတယ်ဆိုတာ ချောင်းကြည့်တာ ကျွန်တော်ကိုယ်တိုင် မြင်ဖူးတယ်။ အင်းပေါ့ ... ကျွန်တော်ကလည်း ဒီကောင်တွေ အတွဲကို သွားချောင်းလို့ မြင်တာပေါ့။ ချောင်းတဲ့နေရာမှာတော့ အဲသလောက် ဝါသနာပါကြတာ။

ဩော်...လေ့ကားခေါ် မောင်စံရှားလား။ ဒီကောင်ကတော့ ချောင်းရုံသက်သက်ပါပဲ ဘာလို့ဆို ဒီကောင့်မှာ ရည်းစားမှ မရှိတာ။ ဟုတ်တယ်။ ရည်းစားမရှိ ငုံးတိတိပေါ့။ တစ်ယောက်တည်းပဲ။ တစ်ဦးတည်းဘီလူးကြီး



အာဠာဝကဆိုတာ ဒီကောင်ပေါ့။

ပုနိပ်နဲ့ဒီကောင်နဲ့ ပေါင်းပြီး

မျောက်သင်းကွဲအသင်းအဖွဲ့ ဖွဲ့ထားကြတယ်။

ဟော...ပြောရင်းဆိုရင်းနဲ့ ဘယ့်နှယ်ကြောင့် ဒီကောင်တွေအကြောင်း ရောက်သွားရပြန်ပါလိမ့်။ ပျင်းနေကြပြီလား ဆောရီးနော်။

* * *

အေးစိတ်ကောက်တဲ့အခါ ကျွန်တော်က ချော့တယ်။ အေးက စိတ်ကောက်ပြီး ကျွန်တော့်ကို စကားမပြောတဲ့အခါ၊ ကျွန်တော်က စကားပြောရင် ဟိုဘက်လှည့်ပြီး နေတဲ့အခါ၊ ဘာမှမစားသောက်ဘဲ နှုတ်ခမ်းကို ရှုံ့ပြီး နေတဲ့အခါ... ကျွန်တော် အရမ်းဝမ်းနည်းတာပဲ။ တစ်ချိန်ထဲမှာ တကယ်ဝမ်းနည်းတာ မဟုတ်တာလည်း သိနေတယ်။ စိတ်ပြေသွားတဲ့အခါ ပျော်ရမှာကို တွေးပြီး ကြိုတင်ဝမ်းသာနေမိတယ်။ ဟုတ်တယ်လေ စိတ်ကောက်တယ် ဆိုတာ စိတ်ဆိုးတာမှ မဟုတ်ဘဲ။ စိတ်ကောက်တယ်ဆိုတာက တကယ် ဒေါသ မဖြစ်ဘဲ ဒေါသဖြစ်ချင်ဟန်ဆောင်တာ မဟုတ်လား။

ဒီလိုလေ၊ ဘယ်လိုလဲဆိုတော့။

ကျွန်တော်တို့နဲ့ ခင်တဲ့ ဒေါက်တာတုတ်ဖျံရဲ့ မွေးနေ့တုန်းကပေါ့။ ကျွန်တော် အရက် နည်းနည်းသောက်တာ အေး သိသွားတယ်။ ဆန်နီသွားထောင်တာပေါ့။ သူက အေးကို သွားပြောတယ်။

"အဲဒီတုန်းကဟာ ငါတို့ကတော့ တစ်ခွက်လောက်သောက်ပြီး ဘေးဖယ်နေလိုက်တာ၊ မြင့်သောင်းကြီးကတော့ ရေရေလည်လည် ကြိတ်တာ ပဲ၊ ဆရာတစ်ခွက် သူတစ်ခွက်နှိပ်လိုက်ကြတာ နောက်ဆုံးတော့ ထမ်းပြီး ပြန်ရတာပဲ"

အေးက ကျွန်တော့်ကို စိတ်ကောက်ရော။

"ကိုယ် နည်းနည်းလေးသောက်တာပါကွာ၊ ဘာမှမဟုတ်ဘူး ထိုင်နေရင် မင်္ဂလာယူသလိုဖြစ်နေမှာစိုးလို့၊ အားနာတာနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အေးရဲ့ပခုံးကို ကိုင်လိုက်တယ်။ အေးက ကျွန်တော့်လက်ကို ပုတ်ချတယ်။

"တကယ်နည်းနည်းလေးပါကွာ"

အေး နှုတ်ခမ်းစူလိုက်တယ်။

"ဆန်နီ သက်သက်မဲ့ဝင်ထောင်တာပါ"

အေးငိုနေပြီ။

"ဟင် ...အေးငိုနေတယ်၊ မငိုပါနဲ့အေးရယ်၊ ကိုတောင်းပန်ပါတယ်"

အေးရဲ့ကိုယ်ကလေးက သိမ့်သိမ့်တုန်နေတယ်။

"ကိုမှားသွားတယ် အေး၊ ကို မှားသွားတယ်၊ အေး စိတ်ဆင်းရဲအောင် လုပ်မိတာ ကို မှားသွားတယ်"

အေးက ရှိုက်နေတုန်းပဲ။

"ဟင်... အေး ဝမ်းနည်းအောင် လုပ်တဲ့ ပါးစပ်၊ အေးမကြိုက်တဲ့ အရက်ကို သောက်တဲ့ ပါးစပ်၊ ကဲကွာ...ကဲ...ကဲ"

ကျွန်တော့်ပါးစပ်ကို ကျွန်တော် လက်နဲ့ရိုက်တယ်။

"အို..."

အေးက ကျွန်တော့်လက်ကို ဖမ်းဆွဲထားတယ်။

"အေး ကိုကို စိတ်ဆိုးလို့ မဟုတ်ပါဘူး၊ ဝမ်းနည်းလို့ပါကိုရယ်"

"တော်ပြီအေး၊ နောက်ကို အရက်ဆိုရင် အနံ့တောင် မခံတော့ဘူး"

အေးမျက်နှာက ပြုံးလာပြီ။ မျက်ရည်တွေကျနေတဲ့ ကောင်မလေး တစ်ယောက် ပြုံးတာ ဘယ်လောက် ချစ်ဖို့ကောင်းလိုက်လှပါသလဲ။

ကျွန်တော်က အေးကို ပြောပြတယ်။

"ကိုကိုလေ သူငယ်ချင်းတွေက 'အတုလ'လို့ ခေါ်ကြတယ်၊ ဘာလို့ အဲလိုခေါ်တာလဲဆိုတော့ ကိုကအေးကို အချစ်စစ် အချစ်မှန်နဲ့ ချစ်တဲ့ အကြောင်းကို သူတို့ကိုပြောပြတယ်၊ အချစ်စစ်ကို အင်္ဂလိပ်လို True Love လို့ ခေါ်တယ် မဟုတ်လား၊ အဲ–ထရူးလပ်အကြောင်းကို ကိုက ခဏခဏပြောလွန်းလို့ ကိုကို 'ထရူးလပ်'လို့ ခေါ်ကြရာကနေ



'အတုလ' ဖြစ်လာတာ"

အေးက ငိုပြန်ရော။

"ဟင် အေး၊ ဘာလို့ငိုရပြန်တာလဲကွယ်"

အေးက ခေါင်းခါတယ်။ ပြီးတော့မှ

"ခုတစ်ခါ အေးငိုတာက ဝမ်းသာလို့ပါ၊ အေးကို ကို သိပ်ချစ်တယ် ဆိုတာ သိရလို့ ဝမ်းသာလို့ငိုတာပါ"

အေးရဲ့ ရှိုက်သံပျောက်သွားအောင် အေးရဲ့ နှုတ်ခမ်းကလေးကို ပိတ် ...းလိုက်တယ်။ ကျွန်တော့်နှုတ်ခမ်းနဲ့။

မောင်ရှန်ရဲ့အဘိဓမ္မာကလေးကို သတိရတယ်။ခဏခဏစိတ်မကောက် ...တ်တဲ့လူဟာ တစ်ခါစိတ်ကောက်ပြီဆိုရင် တစ်သက်စာ ပြတ်ကရော။ ...ခဏ စိတ်ကောက်တတ်တဲ့လူကျတော့ အဲလိုမဟုတ်ဘူး။ 'အင်းလေ... ...ခဏ စိတ်ကောက်တယ် ဆိုကတည်းက ကြာကြာမကောက်တတ်လို့ ... ခဏခဏစိတ်ကောက်တော့ ခဏခဏချော့ရတယ်၊ ခဏခဏ စိတ်ပြေ ...ယ်။ ခဏခဏပျော်စရာ ကောင်းတယ်တဲ့။

ဟုတ်တာပေါ့။ စိတ်ကောက်ပြီးလို့ စိတ်ပြေကြတဲ့အခါ တစ် ...ာက်က သူမှားပါတယ်လို့ ဝန်ခံတယ်။ တစ်ယောက်ကလည်း သူကပိုမှား ...ပါလို့ ဝန်ခံတယ်။ အရှုံးပေးတာ ပြိုင်ကြတာပေါ့လေ။ လူတွေဟာ အနိုင် ...င် ပျော်ကြတယ်တဲ့။ သို့ပေမယ့် ချစ်သူကို အရှုံးပေးကြသလား။ ဟုတ် ...ယ်၊ ကျွန်တော်နဲ့ အေးနဲ့ သိပ်ချစ်ကြတယ်။

ကျွန်တော်တို့ သိပ်ချစ်ကြတာကို သူငယ်ချင်းတွေလည်း သိတယ်။ ...ာ ဆရာမတွေလည်း သိတယ်။ လက်ဖက်ရည်ဆိုင်က ကိုမောင်စိန်တို့ ...င်တို့၊ ဖြူဝင်းတို့လည်း သိတယ်။နွားနို့ပုပုလေးရောင်းတဲ့ မာမူကြီးလည်း ...တယ်။ အို...ဝိဇ္ဇာဆောင်ကို စောင့်ရတဲ့ အန်ထော်နီတောင် သိတယ်။

*       *       *

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လွမ်းတဲ့အခါကျတော့ ဘယ်သူကများ သိကြပါသလဲ။ ရေတမာပင်ကလေးတွေကတော့ သိကြပါသလား။

ဒီလိုလေ၊ ဘယ်လိုလဲဆိုတော့…ကျွန်တော် ကွင်းဆင်းဖို့ ခရီးမထွက်ခင် တစ်ရက်ကစပြီး ကျွန်တော် နဲ့အေးနဲ့ လွမ်းကြတယ်။ အဲဒီနေ့က ယုဒသန်ဘုရားရှိခိုးကျောင်းအောက်မှာ ကျွန်တော်တို့ ထိုင်ကြတယ်။

အေးက ကျွန်တော့်ပခုံးပေါ်မှာ ခေါင်းမှီထားတယ်။ ကျွန်တော်က အေးရဲ့ဆံပင်ကလေးတွေကို လက်နဲ့ထိုးဖွနေမိတယ်။

"ကို မနက်ဖြန် သွားရတော့မယ် နော်"

သိလျက်သားနဲ့ အေးက မေးတယ်။

"တစ်လတောင် ကြာမှာနော်"

သိလျက်သားနဲ့ အေးက မေးတယ်။

"သိပ်ပင်ပန်းမှာပဲနော်"

သိလျက်သားနဲ့ အေးက မေးတယ်။

"ကျန်းမာရေးကို ဂရုစိုက်ပါနော်"

ကျွန်တော် ခေါင်းညိတ်ပြတယ်။

"ကြုံတဲ့နေရာကနေ စာထည့်ပါနော်"

ကျွန်တော် ခေါင်းညိတ်ပြတယ်။

"နက်ဖြန် အေး လိုက်ပို့နိုင်အောင် ကြိုးစားမယ်နော်"

ကျွန်တော် ခေါင်းညိတ်ပြတယ်။

"ကိုက ဘာလို့ စကားမပြောရကာလဲ"

"ကို မအေးကို ဝမ်းသာစရာစကားပဲ ပြောချင်တယ်"

"ကိုက အခု ဝမ်းနည်းနေတာလား"

"အေးကကော"

"ချစ်သူနဲ့ခွဲရလို့ ပျော်တဲ့လူမရှိပါဘူး"

"ကို သိပ်ဝမ်းနည်းတယ်"

"အေးတော့ သိပ်လွမ်းနေမှာပဲ"



"ဖီးလ်မဆင်းရအောင် လုပ်ပေးနိုင်တဲ့လူရှိရင် သိပ်ကောင်းမှာပဲ"

အဲဒီနေ့က စကားမပြောဖြစ်ကြဘူး။ ဝမ်းနည်းတဲ့အခါကျရင် ရယ်စရာကောင်းတဲ့ စကားတွေကို ဘယ်သူကများ ပြောချင်လိမ့်မှာလဲ။

အေးက ကျွန်တော့်ပခုံးပေါ်မှာဘဲ တစ်ချိန်လုံးမှီပြီး နေတယ်။ ကျွန်တော်ကလည်း အေးရဲ့ဆံပင်ကလေးကိုပဲ တစ်ချိန်လုံး နမ်းနေမိတယ်။

ပြန်ခါနီးကျတော့ အေးက ကျွန်တော့်ရင်ခွင်ထဲမှာ မျက်နှာအပ်ထားလိုက်တယ်။ အေးရဲ့ကိုယ်ကလေးက တသိမ့်သိမ့် တုန်နေသလိုပဲ။

ငှက်ကလေးက လွမ်းတေးကိုဆိုတဲ့အခါ…

ငိုချင်ရက်လက်တို့ဖြစ်နေတဲ့ ဝါးရုံပင်ကလေးဆီက ရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရတယ်။

အင်းလျားကန်ကြီးက မျက်နှာကို လက်ဝါးနဲ့ အုပ်ထားတယ်။

ကြေးခြသေ့ညီနောင်က မျက်ရည်တွေကျနေတယ်။

သစ်ပုပ်ပင်ကြီးက လက်ပြနှုတ်ဆက်တယ်။

အေးကို ခွဲခွာသွားရမှာ ဘွဲ့နှင်းသဘင်ခန်းမကြီးကို ခေါင်းပေါ်တင်ထားရသလိုပါပဲလား။

လွမ်းရဆွေးရမယ့် ရက်တွေဟာ အဓိပတိလမ်းမကြီးလိုရှည်လျားတော့မှာပါလား။

ပြန်လည်ဆုံဆည်းရမယ့်ရက်ကို စောင့်ရတာဟာ ယုဒသန်ဘုရားရှိခိုးကျောင်း မျှော်စင်ကြီးကို မော့ကြည့်ရသလိုပါပဲလား။

သူငယ်ချင်းတို့ရယ်…

တစ်လဆိုတဲ့အချိန်ကို ချက်ချင်း ကုန်သွားအောင် နေမင်းကြီးကို ဝိုင်းကူတွန်းပေးကြပါလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

"ဗတ်"

မြင့်သောင်း၏ ခေါင်းကို ငှက်ပျောခွံတစ်ခု လာမှန်သည်။

"ဘယ်ကောင်ပစ်တာလဲကွ"

သူဒေါသဖြစ်သွားသည်။ သူ့အတွေးကို ငှက်ပျောခွံက လာရောက်နှောင့်ယှက်လိုက်တာကိုး။ သူ့အတွေးစတို့သည် ရန်ကုန်တက္ကသိုလ်မှရထားပေါ်သို့ သုတ်သုတ်ပျာပျာ ပြန်လည်ထွက်ပြေးလာကြရသည်။

တရားခံကို သူ မရှာတတ်။ မှောင်နေသည်။

"ဘယ်ကောင်လဲကွ ပြောလေ"

မျိုးမြင့်လွင်သည် သူ့နားရပ်၍ တိုးတိုးလေး ပြောသည်။

"ဟော့ကောင် ဝိုင်းသော် ပစ်တာဖြစ်မယ်၊ ခုနဒီကောင်စကားပြောသံကို ကြားရတာ တစ်ခုခုကို ဝါးစားရင်းက ပလုတ်ပလောင်းပြောတဲ့အသံမျိုးကွ"

ဝိုင်းသော် ရှိရာသို့ မြင့်သောင်း ဖလျှာက်သွားသည်။

"ငဝိုင်း"



ဝိုင်းသော်သည် စစ်တုရင်ကစားနေရာမှ မော့ကြည့်သည်။ သူ့မျက်နှာမြင်လိုက်သည်နှင့် ဒီကောင်ပစ်တာမှန်း သိလိုက်သည်။ ဝိုင်းသော် မျက်နှာ ...ပ်ဖြဲဖြဲ။

"ငါ့ကို ငှက်ပျောခွံနဲ့ပစ်တာ မင်း မဟုတ်လား"

"မဟုတ်ပါဘူးကွ"

"ဘာမဟုတ်ပါဘူးလဲ"

မြင့်သောင်းက ဟောက်လိုက်သောကြောင့် ဝိုင်းသော်မျက်နှာတည်...သည်။

"မဟုတ်ရပါဘူးကွာ၊ ငါ ဒီမှာ ချက်ထိုးနေတာပါ"

"မညာနဲ့ မင်း ခုနစကားပြောသံဟာ တစ်ခုခုကို ဝါးနေရင်းက ပြောမှန်း သိသာနေတယ်"

"ငါ ဘာမှ မစားဘူး"

"မင်းပြောင်မလိမ်နဲ့"

"ခက်ပါလား၊ ငါ့ဟာငါ ချက်စ်ထိုးနေတာ၊ မင်းကိုတောင် ဂရုမစိုက်အားဘူး၊ မယုံရင် ဒီကောင့် မေးကြည့်"

ဝိုင်းသော်က ကစားဖက်ကိုအောင်ကို မေးငေါ့ပြသည်။ ကိုအောင် ပြောရခက်နေသည်။

"ငါလဲ မသိဘူး၊ ဘုရင်မကြီး အစားခံရလို့ စိတ်ညစ်နေတာ"

မြင့်သောင်း စိတ်တိုလာသည်။ အခြေအနေက နံနံ့တင်းမာလာပြီ။

"ငဝိုင်း မင်းတစ်ခွန်းထဲပြော၊ မင်းပစ်သလား၊ မပစ်ဘူးလား"

"မပစ်ဘူး"

"ပစ်တယ်၊ မင်း ပစ်တာ"

"မပစ်ဘူး"

"ပစ်တယ်"

"မပစ်ဘူး"

မြင့်သောင်းက ဣန္ဒြေမဆည်နိုင်တော့၊ သူ ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်းသော်ရာ မှန်မှန်ပြောပါကွ၊ ,ငါသိချင်တာက တခြားကြေ မဟုတ်ဘူး၊ ခုနံ့ငှက်ပျောခွံဟာ မင်းစားပြီး ပစ်လိုက်တာဆိုရင် မ မှာ ငှက်ပျောသီးကျန်သေးရင် ငါ့ကိုလဲ တစ်လုံးလောက်ကျွေးပါ ပြောမလို့"

"မင်းအလာကောင်းပေမယ့် အခါနှောင်းသွားပြီ သူငယ်ချင်း စ စားတာ နောက်ဆုံးအလုံးပဲ"

"မအေပေး၊ ခုနတော့ မင်းပစ်တာ မဟုတ်ပါဘူးဆို"

"အေးလေ ငါပြောတာက ငှက်ပျောသီးစားတယ်လို့သာ ပြောတာ ငှက်ပျောခွံနဲ့ ပစ်တယ်လို့မှ မပြောဘဲ"

"မင်းမပစ်လို့ ဘယ်ခွေးကောင်ပစ်မလဲ၊ ကဲ မင်း တကယ် မပစ် ဆို ကျိန်ပြောမလား"

"ပြောမယ်"

"ဘုရားစူး"

"ဘုရားစူး"

"မိုးကြိုးပစ်"

"မိုးကြိုးပစ်"

"ကားတိုက်သေ"

"သေကွာ"

"နှမပေး"

"ပေးကွာ"

"ဒါဆို ကျေနပ်ပြီ"

မြင့်သော်င်း လှည့်ထွက်သွားသည်။ ဝိုင်းသော် အခံရခက်သွားသည်

"ဟောကောင်၊ ဘာကျေနပ်တာလဲ"

"နှမပေးတာ ကျေနပ်တာလေ၊ မင်းပစ်တာ မဟုတ်ဘူးဆိုရင် မင်းန စရာ မလိုပါဘူး"

"အဲ..."



ဝိုင်းသော် ဘာပြောရမှန်းမသိ။ သူ ခံလိုက်ရပြီ။ သူငယ်ချင်းတွေက င်းအော်ကြသည်။

"ဟေ့...ဝိုင်းသော်ကြီး ခံလိုက်ရပြီဟေ့၊ သာပေါကြီးဟေ့"

"ဟ...ဟ ဘာဖြစ်တာလဲဟ"

"ဘာမှ ဖြစ်တာမဟုတ်ဘူး မီးလောင်တာ"

ရထားလမ်းခရီးသည် ပျော်စရာ။ ဟိုရောက်လျှင် သူတို့သည် ကွများ၊ ပင်ပန်းဆင်းရဲမှုများနှင့် ကြုံတွေ့ရမည်ကို မသိမဟုတ် သိပါသည်။ သို့ရာတွင် လူငယ်ဆိုသည်မှာ ဒုက္ခတစ်ခုကို ကြိုတင်တွေးတော၍ ပူပန်နေ တတ်ကြသူမျိုး မဟုတ်ကြပါ။ ဒုက္ခကို တကယ်ရင်ဆိုင်လာရသောအခါတွင် လည်း စိတ်ညစ်စိတ်ပင်ပန်းကြရမလား၊ ပျော်ရွှင်စွာ ရင်ဆိုင်ကြရမလား ဆိုသည်ကိုလည်း ကြိုတင်တွေးတောနေတတ်ကြသူမျိုး မဟုတ်ကြပါ။

ခုလောလောဆယ်တော့ ပျော်တာကိုပဲ သူတို့သိသည်။ စကားဝိုင်း ဖွဲ့ပြောမည်။ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်မည်။ ဂစ်တာတီး မည်။ သီချင်းဆိုမည်။ အဲ...နည်းနည်းပါးပါး သောက်သူတွေလည်း ရှိကြ မည်။ ရှိုးဝိုင်းကလေး ဘာလေး လုပ်ချင်လုပ်ကြမည်။ နဲနဲကြေးပေါ့။ တချို့ လည်း အချစ်ကလေးတွေအကြောင်းကို ခဏတစ်ဖြုတ် စဉ်းစားချင်စဉ်းစား ကြမည်။

ပျဉ်းမနားဘူတာမှာ ရပ်သောအခါ ဆန်နီသည် ချစ်မျက်မှန်ဆီသို့ ာတစ်စောင် ထပ်ထည့်သည်။ ဘူတာရုံက စာတိုက်ပုံးမှာ ညကြီးမင်းကြီး ဆင်းထည့်ရတာ။ သာစည်ဘူတာသို့ရောက်လျှင် သူတစ်စောင် ထပ်ထည့် လိမ့်ဦးမည်။

လွန်တာပေါ့ ဆန်နီရယ်၊ ကမ္ဘာလွန်ပဲ။ ပဲခူးမှာ တစ်စောင်၊ ပျဉ်းမနား မှာ တစ်စောင်၊ သာစည်မှာ တစ်စောင်။ ထိုစာသုံးစောင် စလုံးသည် ချစ် မျက်မှန်ဆီသို့ တစ်နေ့ထဲတွင် တစ်ပြိုင်တည်းရောက်သွားလိမ့်မည်ဟု မင်း မသိလေသလား မောင်ဆန်နီ။

သာစည်ဘူတာရောက်တော့ ရောင်နီပင်မလာသေး။ ရထားသည်

www.burmeseclassic.com

www.burmeseclassic.com



သူတို့တွဲကို ဖြုတ်ချန်ထားခဲ့ပြီး ဆက်ထွက်ခွာသွားလေသည်။ သူတို့တွဲကို ရေ
ညောင်ရထားက လာဆွဲလေသည်။

သာစည်မှလွန်သည်နှင့် ရာသီဥတုသည် နည်းနည်းပြောင်းလဲလာ
သည်။ ချမ်းစိမ့်စိမ့်။ ရှမ်းပြည်နယ်၏ အဝင်ဝအရပ်မှ ဆောင်းဦးသည်
သူတို့ကို စတင်ဆီးကြိုလေပြီ။

ဘုရားငါးဆူဘူတာမှာ သူတို့ဆင်းကြသည်။ နံနက်စောစော ရှစ်နာ
ခန့်။ နေကောင်းစွာမပွင့်သေး။ အုံ့တုံ့တုံ့မှိုင်းတိုင်းတိုင်း။

သူတို့လူအုပ် ဆင်းလိုက်သောကြောင့် ရထားမှာ လူတော်တော်
ချောင်သွားသည်။ ရထားကြီးသည် ခုမှပေါ့ပါးသွားဟန်ဖြင့် မြူးကြွစွ
ဆက်လက်ထွက်ခွာသွားလေသည်။

သူတို့ကို စခန်းချမည့်ရွာသို့ လိုက်ပို့ပေးမည့်ကားသည် ရောက်မလ
သေး နောက်ထပ် နှစ်နာရီကျော်လောက် စောင့်ရလိမ့်ဦးမည်။ စောင့်ရမည
အတူတူမို့ ဆရာက သူတို့ကို ဟိုနားသည်နား သွားခွင့်ပြုလိုက်သည်။ ဆ
နာရီတိတိတွင် လူပြန်ဆုံကြရမည်။

ဒီနေ့သည် ဈေးနေ့ဖြစ်သည်။ မြေပြန့်သားတို့အဖို့တော့ နေ့တိုင်းသည
ဈေးနေ့ပင်။ သို့ရာတွင် သူတို့အရပ်မှာတော့ ငါးရက်မှတစ်ကြိမ် ဈေးနေ
ရှိသည်။ ဈေးနေ့မဟုတ်သော နေ့များတွင် ဈေးသည် ခြောက်ကပ်နေ
ကုန်ခြောက်ရောင်းသောဆိုင်တစ်ဆိုင်စနှစ်ဆိုင်စနှင့် တရုတ်ကုလားကုန်
ဆိုင်များသာ ဖွင့်သည်။ သားစိမ်းငါးစိမ်းဆိုင်မရှိ၊ ဟင်းသီးဟင်းရွက်ဆို
မရှိ။ ဈေးနေ့ကျမှသာ အနီးအနားရွာများမှ ဈေးသည်တို့ အစုံအလင်ရော
ရှိလာကြသည်။ ထိုနေ့မျိုးမှ ဟင်းသီးဟင်းရွက် စိမ်းစိမ်းစိုစိုကိုရသည်။ သာ
စိမ်းငါးစိမ်းကိုရသည်။ ထိုအရပ်တွင် ကြက်သားဘဲသား ရှားသည်။ ဝက်သာ
ကိုသာ သုံးကြသည်။ ငါးကား အရှားဆုံး ရှိလျှင်လည်း မြေပြန့်မှငါးမျ
မဟုတ်။ မုဆိန်မှု မရှိသလောက်ပင်။

ဟင်းသီးဟင်းရွက်တော့ အရမ်းပေါများသည်။ သူတို့ဆီက အစိ
စိုက်ပျိုးပင်များ မဟုတ်လား။ ကြက်သွန်ဖြူလည်း ပေါသည်။ လက်ဖ



ခြောက်လည်း ပေါသည်။ သူတို့ဆီက ချိန်ခွင်မှာ မြေပြန့်ကလို ချိန်ခွင်ခွက်နှစ်
ခုပါသော ချိန်ခွင်မဟုတ်။ ချိန်ခွင်ခွက်တစ်ခုသာ ပါသည်။ ကျန်တစ်ဘက်က
အလေး။ အလေးမှာလည်း တစ်မျိုးတည်းသာ၊ ဝင်ရိုးနှင့်ချိန်ခွင်ခွက်တို့၏
အကွာအဝေးကို ရွှေ့ပြောင်းပေးခြင်းဖြင့် လိုအပ်သော အလေးချိန်ကို ချိန်
တွယ်ရသော ချိန်ခွင်မျိုးဖြစ်သည်။ ရူပဗေဒ သဘောအရ 'လည်ကိန်းများ၏
နိယာမ'ကို အခြေခံထားခြင်းဖြစ်သည်။ သို့ရာတွင် ဈေးသည်များကား
ရူပဗေဒကို သိကြမည် မဟုတ်။ လက်တွေ့ အလုပ်သဘောအရသာ နားလည်
ကြခြင်း ဖြစ်သည်။ ထိုအရပ်သည် ရှမ်းပြည်နယ်၏ အစပ်သာ ဖြစ်သော
ကြောင့် လူမျိုးစုံတွေ့ရသည်။ ပအို့၊ တောင်သူ၊ ပဒေါင်း၊ မြန်မာအစုံ ပင်။
ကမ္ဘာပေါ်ရှိ မည်သည့်အရပ်၌မဆို တွေ့နိုင်တတ်သော လူမျိုးများလည်း
ရှိသည်။ တရုတ် နှင့်ကုလားများ။

စုရပ်တွင် ပြန်ဆုံကြပြီး မကြာမီ ကားတွေ ရောက်လာသည်။ သူတို့ကို
ကွင်းနယ်မြေအရောက် ပို့ပေးမည့်ကားများမှာ ကျောက်သယ်မည့်ကားတွေ
အမိုးမရှိ ထိုင်ခုံမပါ။ ကားပေါ်မှာ ဖုန်မှုန့်တွေ အများကြီး၊ သို့ရာတွင် သူတို့
ပျော်ရွှင်စွာ လိုက်ပါခဲ့ကြသည်။

ခရီးကြမ်းစလေပြီ။

သူတို့သွားနေသော လမ်းသည် အစီပတိလမ်းမဟုတ်။

သူတို့စီးနေသောကားသည် ဖေလင်းဖယ်ရီကားမဟုတ်။

သူတို့ရှေ့ရှုနေသောခရီးသည် ပျော်ပွဲစားခရီးမဟုတ်။ ချိုင့်ခွက်တို့ပြွမ်း
သောလမ်း၊ ကျောက်သယ်သောထရပ်ကား၊ ကြမ်းတမ်းပင်ပန်းသော ခရီး။

တက္ကသိုလ်ကျောင်းသားတစ်ယောက်ကို မျက်စိထဲတွင် မှန်းကြည့်
ပါ။ ဆံပင်ရှည်ရှည်၊ ဂိုးလ်ဆာကာယ်လ်၊ ယူအက်စ်အေ၊ ဆိုနစ်၊ ဘလက်အင်
ဂိုက် တံဆိပ်တို့ တပ်ထားသော ဂျင်းရှပ်။ အလျော်၊ အတိုး၊ ဘောင်းတို
ချုပ်သော ဖလဲဘောင်းဘီ။ ကမ္ဘောဇတံဆိပ်ပါသော လွယ်အိတ်တို့ကိုအသ
မြင်ယောင်လိမ့်မည်။

အင်းလျားကန်ပေါင်ပေါ်တွင် ချစ်သူ၏သက်တော်စောင့်တာဝန်ကို

www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်နေသော၊ ပုဂံလမ်းပေါ်တွင် ထီးတော်မိုးတာဝန်ကို ထမ်းဆောင်နေသော၊ ကံ့ကော်တောတွင် အနမ်းတော်ဆက်တာဝန်ကို ထမ်းဆောင်နေသော လုလင်ပျိုတို့ အဖြစ်သာ မြင်လိမ့်မည်။

မြေပုံကိုကြည့်၍ လည်းကောင်း၊ ကွန်ပက်စ်ကို ကိုင်၍လည်းကောင်း၊ တူတစ်လက်ဖြင့် ကျောက်ခဲများကို ထု၍လည်းကောင်း၊ နေပူထဲတွင် တကုပ်ကုပ်လုပ်ရင်း တောင်ပေါ်သို့ တက်နေသော ခရီးကြမ်းသမားများအဖြစ် ဘယ်သူကများ မြင်ပါမည်နည်း။

မုတ်ဆိတ်ကျင်စွယ်တို့ ထူထပ်လျက်၊ ချွေးသံရွှဲရွှဲစိုလျက်၊ ညစ်ပေသော အဝတ်အစားများကို ဝတ်လျက်နေလောင်ဝေကြောင့် အသားရောင်တို့သည် ညိုညစ်လျက်ရှိသော အလုပ်ကြမ်းသမားများအဖြစ် ဘယ်သူကများ မြင်ပါမည်နည်း။

ထိုအလုပ်မျိုးကို ဘယ်သူကများ ပျော်စရာဟု ထင်ပါမည်နည်း။

သို့ရာတွင် သီချင်းသံတို့သည် တညံညံ။

ဘူမိဗေဒကျောင်းသားနောင်တော်တစ်ယောက် စပ်ဆိုခဲ့သောသီချင်း။

"မြေနီနီလမ်းကလေး" တဲ့။

တို့ညီအစ်ကိုတစ်တွေ...တို့ညီအစ်ကိုတစ်တွေ...အို မပျင်းကြဖို့ ချီသီချင်းများဆိုနေ၊ တောမြိုင်ခြေကျော်လွှားမမောနိုင်ပေ မော်ကြွား... ဘယ်ညာမသွေတမ်း...ခြေလှမ်းပြိုင်နေ ချောင်းကိုဖြတ် တောင်ကိုပတ် မရပ်မနားတစ်တပ်တအား...မှတ်သားလေ့လာ...ဤမြေလွှာအကြောင်း သိကောင်းစရာတွေ...။

မိုးသောက်ချိန် အရုဏ်ဦးနေခြည်ဖူးပလေ ထကြပေ ရွှင်ကာမြူးလေပြည်ဖြူးနေ၊ စခန်းချရာမြေမှ...ထွက်ခွာကြလေ...လက်တွေ့ပညာဆည်းပူးရန်သာ...ဘယ်ညာခြေလှမ်းရှေ့ကိုလှမ်းနေ မှိုင်းညို့ညို့တောင်ခြေတွင်း...ခဝပ်ဆင်းနေ...အို...မြေနီနီလမ်းကလေးရေ...တို့ညီအစ်ကိုတွေများကိုဆီးကာကြိုနေသလားလို့ စိတ်မှာ ထင်စားမိပြီလေ...။ ။

●

# အခန်း (၃)

ကျွဲတစ်ဆုံ။

သူတို့ စခန်းချမည့်ရွာ ဖြစ်သည်။

ရွာသည် သိပ်မကြီးလှ။ အိမ်ခြေလည်း သိပ်မများ။

သူတို့ ရွာထဲဝင်သွားသောအခါ ရွာရှိလူများက ထွက်ကြည့်ကြသည်။ ကလေးတွေက အော်ဟစ်လက်ပြကြသည်။ ခွေးတွေက ဝိုင်းဟောင်ကြသည်။

သူတို့စခန်းချမည့် နေရာသည် ဘုန်းကြီးကျောင်းဝင်းအတွင်း ဖြစ်၏။ ဘူမိဗေဒဌာနမှပိုင်သည်ဆိုသော ဘားတိုက်လို အဆောက်အအုံမျိုး။ ဘူမိဗေဒဌာနပိုင်သည် ဆိုသောကြောင့် သိပ်အထင်မကြီးကြပါနှင့်။ ကြယ်မြင်လမြင် အဆောက်အအုံဖြစ်သည်။ ကြမ်းခင်း၊ ထရံကာ၊ ခနီမိုး။ အမိုးများ မလုံခြုံ အပေါက်တွေနှင့်။ သို့ရာတွင် အမိုးဆိုသည်မှာ မိုးရွာသောအခါမှ လိုသောအရာမျိုး ဖြစ်ပါသည်။ ခုဆောင်းဦး မဟုတ်လား။ အကာတွေကလည်း သိပ်မလုံ ပေါက်ပြဲနေသည်။ ဒါကတော့ နည်းနည်း မကောင်း။ မြောက်လေသည် နှိပ်စက်ကလူ ပြုနိုင်သည်၊ သို့ရာတွင် သိပ်မမှုပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆေး ရှိသားပဲ။

ပစ္စည်းတွေ နေရာချပြီး၊ လူတွေနေရာယူပြီးချိန်တွင် ဆယ့်နှစ်နာ
ထိုးလုပြီ။ မနက်စာ ထမင်းစားကြရသည်။ ပထမဦးဆုံးသော ကွင်း ထမင်
တစ်နပ်။ ကတိုက်ကရိုက် ချက်လိုက်ရသောကြောင့် ဟင်းမကောင်း။ ပဲဟင်
ကင်နေသည်။ အမဲသားဟင်းက သိပ်မနူးချင်။ သို့ရာတွင် သိပ်ဆာနေကြ
သောကြောင့် စားလို့အလွန်မြိန်သည်။ ထမင်းစားပြီးကြတော့ တချို့က ကိုက်
ဖဲ့လို့မရသော အမဲသားအရွတ်တုံးတွေကို ဝါးနေကြသည်။ တချို့လည်
ရေနွေးကြမ်းတည်သောက်ဖို့ ပြင်ဆင်ကြသည်။ တချို့လည်း ထမင်းလုံ
စီရင်း တရေးတမောအိပ်ဖို့ အိပ်ရာဆီ ခြေလှမ်းပြင်သည်။ ထိုအချိန်တွင်

"ကဲ ... အားလုံးစားလို့ပြီးရင် ပြင်ဆင်ထားကြတော့ ဂျင်နရယ်
ထရဗက်စ် ထွက်ရအောင်"

"ခင်ဗျာ"

ဆရာ ရက်စက်ပြီ။

ခုပဲ ရောက်၊ ခုပဲ ထမင်းစားပြီး၊ ခုပဲ နားမယ်ကြံကာရှိသေး ဂျင်
ရယ်ထရဗတ်စ်တဲ့။ ဂျင်နရယ်ထရဗတ်စ်ဆိုသည်မှာ ဗိုလ်ချုပ်ကြီးထရဗတ်
ဟု မဆိုလိုပါ။ အထွေထွေ ဖြတ်သန်းသွားလာခြင်းဟု တိုက်ရိုက်အဓိပ္ပါယ်
ရပါသည်။ တစ်နည်းအားဖြင့် ကွင်းဆင်းနယ်မြေတစ်ခုလုံးကို အကြမ်းဖျင်
လှည့်လည်လေ့လာခြင်း ဖြစ်သည်။

"ဆရာရယ်...အားလုံးခရီးပန်းလာတာ၊ ဒီတစ်ရက်တော့..."

"မဖြစ်ဘူး တပည့်တို့ရေ၊ ဆရာလည်း ပင်ပန်းတာပဲ၊ နားချင်တာပေ
ဒါပေမယ့် အချိန်မရှိဘူးကွ၊ တို့တစ်တွေ တစ်သုတ်ရိုက်ပြီး လုပ်ရမှာ"

ဆရာ့အကြောင်းကို သိသည်။ ဆရာ လုပ်မည်ဆိုလျှင် ဘယ်လို
တားချ၍ရမည်မဟုတ်။ တမင်သက်သက် နှိပ်စက်ချင်လို့တော့ မဟုတ်။ အလု
တွေကများပြီး အချိန်ကနည်းနေသောကြောင့်သာ ဖြစ်သည်။ မတုတ်နိုင်
ဖိးလ်ကုတ်တွေ ပြန်ဝတ်၊ တောစီးဖိနပ်တွေ ပြန်စီး၊ ကျောပိုးအိတ်တွေလွယ်
ရေဘူးခါးမှာ ချိတ်။ တချို့က ဘူမိဗေဒတူကိုကိုင်၊ တချို့က မြေပုံယူ၊ တစ်



က ကွန်ပက်စ်ကိုင်။

ချောင်းရိုးအတိုင်း တက်ရခြင်းမှာ အကြောင်းရှိသည်။ ကျောက်တို့
မည်သည် မြေပြင်ပေါ်မှာလည်း ရှိနိုင်သည်။ မြေကြီးထဲမှာလည်း ရှိနိုင်
သည်။ ချောက်ကမ်းပါး သို့မဟုတ် ချောင်းကောများတွင်မူ ရေတိုက်စားခဲ့
သောကြောင့် မြေကြီးထဲက ကျောက်တွေ ပေါ်ထွက်နိုင်သည်။ ပြီးတော့
ချောင်းရေသည် ထိုဒေသရှိ ကျောက်တုံးများကိုစု၍ တိုက်စားသယ်ဆောင်
လာခဲ့သောကြောင့် ချောင်းအနီးတွင် ကျောက်မျိုးစုံကို တွေ့ရနိုင်သည်။

ဘူမိဗေဒသမားတို့ လုပ်ရသောအလုပ်မှာ ကျောက်တို့ကို ကြည့်၍
ဘာကျောက်အမျိုးအစားလဲ။

ဘယ်လိုအနေအထား ရှိနေသလဲ။

ကျောက်ရဲ့ နောက်ကြောင်းသမိုင်း (ဖြစ်ပေါ်လာပုံ)က ဘယ်လိုလဲ။

အရေးအကြီးဆုံးမှာ ကျောက်အမျိုးအစားနှင့် တည်ရှိနေပုံ အနေ
အထားပင် ဖြစ်သည်။

ကျောက်တုံးများသည် တစ်ခါတရံ အပိုင်းအစကလေးတွေ ဖြစ်နေ
တတ်သလို တစ်ခါတစ်ရံ တောင်ကုန်းကြီးတစ်ခုလုံးသည် ကျောက် တစ်မျိုး
တည်း ဖြစ်နေတတ်သည်။

ကျောက်တုံးတစ်တုံးကို ခွဲကြည့်ပါ။ ကျောက်၏အတွင်းသားသည်
ဘယ်လိုအရောင် ဖြစ်နေပါသလဲ။ ညိုမှိုင်းနေသလား၊ ပြောင်လက်နေသလား၊
အတုံးအခဲကလေးတွေနဲ့ ဖွဲ့စည်းထားသလား၊ ဒါကိုကြည့်၍ ခွဲခြားရသည်။

ရှေးလ်လား၊ ဂရနိုက်လား၊ ကွက်ဇိုက်လား၊ စလိတ်လား။

ကျောက်တို့သည် ဘယ်အနေအထားမျိုးဖြင့် တည်ရှိနေသလဲ။

ပြတ်ရွေ့ (Fault) လား၊ လွှာတွန့် (Fold) လား၊ အက်ကြောင်း(Joint)
လား။

၎င်းတို့သည် စောင်းနေသလား၊ ဘယ်နှစ်ဒီဂရီစောင်းသလဲ။ ဘယ်
အရပ်ကို ဦးလှည့်နေသလဲ။

ကောင်းပြီ။ ဒါတွေကို သိပြီးထားပါတော့လေ။ ဘာလုပ်ရမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာသုံးရမှာလဲ။ ကျောက်တုံးကြီးတွေက ဆိုကြိတ်ကြမှာလား။

အမှန်အားဖြင့် ဘူမိဗေဒသမားတို့သည် မြေတွင်းမှာ ပုန်းအောင်းနေသော သယံဇာတများကို ဖော်ထုတ်နိုင်ရန်အတွက် သတင်းထောက်များ၊ သတင်းပေးများပင် ဖြစ်ပါသတည်း။

ထမင်းစားပြီးစဖြစ်သောကြောင့် ခြေလှမ်းတို့ သိပ်မသွက်ကြ။ ဗိုက်လေးနေသည်။ မျိုးမြင့်လွင်တို့ အုပ်စုသည် ဆရာ့နားကပ်နေသောကြောင့် ဆရာ့ခြေလှမ်းကို မှီအောင် လိုက်နေရသည်။ ဆရာကတော့ အံ့ဖွယ်။ ဒီအသက်အရွယ်နဲ့များ၊ လူငယ်တွေထက်တောင် ခြေလှမ်းသွက်နေသေးတော့သည်။ ကျောင်းသားတွေ ရှေ့မှာမို့ တပည့်တွေ အားတက်အောင် သူက ဟန်ဆောင်နေခြင်းလားတော့ မသိ။

"စားထားတဲ့ ထမင်းလေးတောင် ကုန်တော့မယ်"

ကိုအောင်က မကြားတကြားပြောလိုက်သည်။

မြင့်သောင်းက ဆန်နီကို တိုးတိုးကလေး ကပ်ပြောသည်။

"ဆရာကလဲ ရက်စက်တယ်ကွာ၊ မကြွင်နာဘူး၊ ခုပဲရောက်၊ ခုပဲထွက်ရတာ၊ ထောင်ထဲက ထွက်လာတဲ့လူကို ပဲဟင်းဆီးကျွေးလိုက်သလိုပဲ"

ကျောက်တုံးတွေကို တူနှင့်ထုခွဲလိုက်၊ အမျိုးအစားကြည့်လိုက်မှတ်လိုက်။ ကျောက်တောင်စောင်းတွေကို တိုင်းလိုက်၊ မှတ်လိုက်၊ သိပ်တိတိကျကျတော့ မဟုတ်၊ အကြမ်းဖျင်းသဘော နယ်မြေအခြေအနေကို ကျက်မိရုံလောက်သာ ဖြစ်သည်။

ဂျင်နရယ်ထရက်ဗတ်စ်သည် သုံးလေးရက်လောက်တော့ ဆက်ရှိနေဦးမည်။ ကျောင်းသားတွေ ကျင့်သားရလာအောင် ဆရာကိုယ်တိုင် လိုက်၍ ပြရဦးမည်။ နောက်ပိုင်းဆိုရင်တော့ အင်ဒီဗီဂျူအယ်လ်ထရဗတ်စ်ခေါ် ကိုယ့်အုပ်စုနှင့်ကိုယ် သီးခြားတွက်၍ လုပ်ကြရမည်ဖြစ်သည်။

"ကဲ…ဆန်နီ၊ ဟောဒီကျောက်ခဲကို ခွဲကြည့်စမ်း"

ဆရာသည် ညိုဝါရောင်ဖျော့ဖျော့ ကျောက်တုံးတစ်တုံးကို ကောက်



ပေးလိုက်သည်။ ဆန်နီက ကျောက်တုံးကို ထုခွဲသည်။

"ကြည့်စမ်းကွာ…ဘာကျောက်လဲ"

ဆန်နီသည် ခွဲထားသော ကျောက်တုံးကို သေချာစွာ ကြည့်သည်။ ဒီကျောက်မျိုးကို လာခဲ့သည့် လမ်းတစ်လျှောက်လုံး မတွေ့ခဲ့ရ။ ခုမှ ဒီတစ်တုံးသာ တွေ့ရသေးသည်။ အတွင်းသားကလည်း ပြောင်တင်းတင်း။

"ပြောလေကွာ"

"အဲ…ဟိုဥစ္စာ…ဟို"

ဆန်နီ မဖြေတတ်ချေ။

"ကိုအောင် သိလား"

"ဟိုဟာ ထင်တယ်"

"ဘာလဲ"

"မသိဘူးဆရာ"

မျိုးမြင့်လွင်သည် သူ့ကို မေးမည်စိုး၍ ဗိုင်းသော်၏နောက်သို့ကွယ်ရပ်လိုက်သည်။

"ကဲကွာ… ဆလိုင်းပဲပြောပါတော့၊ မင်းက ကျောင်းသက်ရှည်တယ်… မင်းသိမှာပဲ"

ဆလိုင်းသည် ကျောက်တုံးကို ယူကြည့်သည်။

"အဲ…ဒါ…ဟိုဒင်း…ဆလိတ် အဲ … မဟုတ်ပါဘူး၊ ထုံးကျောက်ထက်တော့ ပိုပြီး ရင့်နေပြီ၊ မာဘယ်လ်များလား"

ဆလိုင်းသည် မျက်မှောင်ကုပ်၍ သေချာစွာ စစ်ဆေးဝေဖန်နေသည်။ ဘချို့က 'ဟုတ်တယ်၊ ဟုတ်တယ်'ဟု သံယောင်လိုက်ကြသည်။ တချို့လည်း မဟုတ်နိုင်ဘူး၊ ဟိုဟာ ထင်တယ်၊ ဒီဟာ ထင်တယ်"ဟု တီးတိုးငြင်းကြသည်။ တချို့ကလည်း ဘာမှမသိသောကြောင့် ပြူးကြောင်ကြောင်ကြည့်နေကြသည်။

ဆရာသည် ဟားတိုက်ရယ်မောလေသည်။

"ဟား ဟား ဟား… သိပ်တော်တဲ့ကောင်တွေပဲကွ၊ ဒါ ဘာကျောက်

www.burmeseclassic.com

www.burmeseclassic.com



မှမဟုတ်ဘူး၊ ဘိလပ်မြေခဲကြီးကွ ဟားဟား"

ထိုအခါမှ ဆရာ သူတို့ကို အကြောင်ရိုက်နေမှန်းသိ၍ ရယ်မောကြရသည်။ ပင်ပန်းမှုကလေးတွေ နည်းနည်းပျောက်သွားသယောင် ရှိသည်။

"ကိုင်း... အချိန်ရှိတုန်း ခရီးဆက်ကြဦးစို့ တပည့်တို့ရေ"

သွားရသည်မှာ ပြေပြေချောချော မရှိ။ ချိုင့်တွေ၊ ကုန်းတွေ၊ ကမူတွေ။ ကျောက်တုံးတွေကလည်း ပေါများလှသည်။ ကျောက်တုံးပေါများသည့်နေရာကို တမင်ရွေး၍ သာခဲ့သည် မဟုတ်လား။ ကျောက်တောင်စောင်းတွေပေါ် ကုပ်ကပ်တက်ရသည်။ တောင်စောင်းပေါ်မှ ခြေကန်ဆင်းရသည်။ အမှန်အားဖြင့် ကျောက်တုံးများနှင့် ကျောက်တောင်စောင်းများ ရှိမှသာလျှင် သူတို့ အလုပ်လုပ်လို့ ဖြစ်မည်။ မြေညီနေလျှင် ကွင်းပြောင်ချောနေလျှင် အလုပ်မဖြစ်။

ဪ...ဘူမိဗေဒ၊ ဘူမိဗေဒ။ ခလုတ်ကန်သင်း ပေါတဲ့နေရာမှာမှ ပျော်မွေ့တတ်တဲ့ ဘာသာရပ်ပါလား။

* * *

သုံးနာရီထိုးပြီ။

ခုအချိန်မှာ ပြန်လှည့်ကာမှ နေမဝင်ခင် စခန်းကို ဝင်နိုင်မည်။ ဒါတောင် ခြေလှမ်းသွက်သွက် လျှောက်ပါမှ။ အပြန်လမ်းတွင် တောင်ကုန်းတော်တော်များများကို ကျော်ဖြတ်ကြရလိမ့်ဦးမည်။

"သွက်သွက်လျှောက်ကြဟေ့၊ ဒီတောင်ထိပ်ရောက်ရင် ခဏ နားမယ်၊ ပြီးရင် ပြန်ကြမယ်ဟေ့"

ဆရာ့အသံ။ အမလေး နားဝင်ချိုလိုက်လှသည့် သာယာသံကလေး။ ပြန်ကြရအောင်တဲ့။ သို့ရာတွင် ဒီတစ်တောင်တော့ တက်ရဦးမည်။ တောင်ထိပ်ကို ရောက်ဖို့ တစ်ဖာလုံနီးနီးတော့ လိုလိမ့်ဦးမည်။ တောင်က သိပ်မမတ်၍ နည်းနည်းတော်တော့သည်။ မည်သို့ပင်ဖြစ်ပါစေ ပြန်ရတော့မည်ဆိုသောစိတ်ဖြင့် ခြေလှမ်းကို ပို၍သွက်အောင် လျှောက်ကြသည်။



မျိုးမြင့်လွင်တို့အုပ်စုကတော့ ဖြည်းဖြည်းမှန်မှန်ပင် လျှောက်လာသည်။ ရှေ့ကအုပ်စုနှင့် သူတို့အုပ်စုနည်းနည်းကွာလာသည်။

"ကိုအောင်"

"ဗျာ"

"အောင်ဘုန်းဝင်းသည် လျှောက်ရင်းလျှောက်ရင်း ခြေလှမ်းတွေ မှားလာသည်။ သူ့ကိုယ်မှာ ယိုင်ထိုး၍နေသည်။ သူသည် နောက်မှာ တဖြည်းဖြည်း ပြတ်ကျန်ခဲ့လေသည်။ ကိုအောင်တို့သည် သူ့အနီးသို့ ပြန်လှည့်လာခဲ့သည်။

"ဘယ်လိုဖြစ်တာလဲ ကိုအောင်ဘုန်းလင်း"

"ကျွန်တော်...ကျွန်တော် သိပ်မောနေပြီ"

"ဒါဖြင့် ဒီနားမှာခဏထိုင်နေခဲ့လေ၊ အမောပြေမှဆက်တက်ခဲ့ပေါ့"

"ဟုတ်ကဲ့"

သူတို့ပြန်တက်လာကြသည်။ တော်တော်လှမ်းလှမ်းရောက်တော့ ပြန်လှည့်ကြည့်သည်။ အောင်ဘုန်းဝင်းသည် ထလိုက်မလာသေး။ သစ်ပင်ကလေးကို မှီထိုင်နေတုန်း။

"ဟေ့ကောင်တွေ မဖြစ်ဘူးထင်တယ် ပြန်ဆင်းကြည့်မှပဲ"

"အောင်ဘုန်းဝင်းဆီသို့ ပြန်ပြေးဆင်းခဲ့ကြပြန်သည်။ အနားရောက်တော့ သူတို့လန့်သွားသည်။ အောင်ဘုန်းဝင်းသည် သစ်ပင်ပင်ကိုမှီ၍လဲနေသည်။ မျက်စိကို မှိတ်ထားသည်။ သူ့ရင်သည် လှုင်မြန်စွာ နိမ့်ချည်မြင့်ချည်ဖြစ်နေသည်။ သူ့နှုတ်ခမ်းတွေ ပြာနေသည်။ သူတို့စိုးရိမ်သွားလေသည်။

"ကိုအောင်ဘုန်းဝင်း...ကိုအောင်ဘုန်းဝင်း"

အောင်ဘုန်းဝင်း မျက်စိဖွင့်ကြည့်သည်။

"မောတယ်...မောတယ်"

မြင့်သောင်းက အောင်ဘုန်းဝင်းကို ပွေ့ထားလိုက်သည်။ မျိုးမြင့်လွင်က ဗူးကိုဖွင့်၍ ပါးစပ်ထဲ လောင်းထည့်ပေးသည်။ အောင်ဘုန်းဝင်း မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



ပွင့်လာသည်။

"ဘယ်လိုနေသေးလဲ"

"ကျွန်တော် မလျှောက်နိုင်တော့ဘူး"

သူ့အသံက မောသံပါနေသည်။

"ကဲ... မြင့်သောင်းနဲ့ ကိုအောင်က ဆက်တက်သွား၊ တောင်ထိပ် ရောက်ရင် ဆရာ့ကိုပြောထားနှင့်၊ ငါတို့ သူ့ကိုဆွဲပြီး ဖြည်းဖြည်းတက် ခဲ့မယ်"

မျိုးမြင့်လွင် နှင့် ဆန်နီသည် အောင်ဘုန်းဝင်းကို တဖက်ဆီတွဲ၍ ဖြည်း ဖြည်းချင်း တွဲခေါ်လာခဲ့သည်၊ အောင်ဘုန်းဝင်းသည် ခြေလှမ်းကိုပင် မှ ဖြစ် အောင် မလှမ်းနိုင်တော့။ မျိုးမြင့်လွင်နှင့် ဆန်နီကို မှီမှီ၍ ပါလာခဲ့သည်။

တောင်ထိပ် ရောက်ခါနီးတွင်

"ဘယ်လိုဖြစ်တာလဲ"

"အမောဆို့သွားလို့ ဆရာ"

အောင်ဘုန်းဝင်းကို သစ်ပင်တစ်ပင်မှာ မှီ၍လှဲနေစေလိုက်သည်။ ဆရာသည် ရေဘူးထဲမှ ရေနည်းနည်းငှဲ့၍ သူ့ကိုမျက်နှာသစ်ပေးလိုက် သည်။ ခုအချိန်မှာ ရေသည် အလွန်အဖိုးတန်၏။ သို့ရာတွင် မတတ်နိုင်ပြီ သူတို့သည် အောင်ဘုန်းဝင်းကို တစ်ယောက်တစ်လှည့် ယပ်ခတ်ပေးကြ လေသည်။

တောင်ကုန်းထိပ်မှာ ဆယ်မိနစ်ခန့်နားပြီး ပြန်ကြဖို့ပြင်ဆင်သည် သိပ်ကြာကြာနားလို့လဲ မဖြစ်။ နေတော်တော်စောင်းနေပြီ။ ခုအချိ တက်သုတ်နှင်လျှင် တောင်မှ မှောင်ရီပျိုးမှ စခန်းပြန်ရောက်မည်။

သို့ရာတွင် အောင်ဘုန်းဝင်းသည် ခေါင်းမထောင်နိုင်တော့ချေ။ လမ် လျှောက်ရန် မဖြစ်နိုင်။ ထပင်မထနိုင်တော့။

"ဘယ်လိုလုပ်မလဲ ဆရာ"

"ဆရာလည်း စဉ်းစားနေတာပဲကွ"

"ဒီအတိုင်းနေလို့တော့ မဖြစ်ဘူးဆရာ၊ အချိန်မရှိတော့ဘူး၊ လူမ



ပါနေတော့ ခရီးလဲ တွင်မှာမဟုတ်ဘူး"

"မင်းတို့ ...ဘယ်လိုလုပ်ချင်လဲ"

"ကျွန်တော် စဉ်းစားမိတာက ဗလကောင်းတဲ့ကောင်တစ်ကောင်ကို အောင်ဘုန်းဝင်းကို ထမ်းပြီး ဆင်းခိုင်းမယ်"

"ဒီတောင်စောင်းက တစ်ယောက်ထဲတောင် ဆင်းရတာ မလွယ်ဘူး နော်"

"ဖြစ်အောင်လုပ်ရမှာပဲဆရာ"

ဝိုင်းသော်၏အကြံကို ဆရာက လက်ခံလိုက်သည်။ လက်မခံလို့လည်း မဖြစ်။ အချိန်မရှိတော့ပြီ။

ဗလအကောင်းဆုံးလူကို ရှာသည်။ ဆန်နီက သူထမ်းမည်ဟု ဆို၏။ နေသည်။ ဆန်နီသည် သူတို့အထဲတွင် အရပ်အရှည်ဆုံး၊ ကိုယ်လုံးကိုယ် ပေါက် အတောင့်တင်းဆုံး။

"တောင်ခြေ ရောက်တဲ့အထိတော့ ထမ်းပြီး ဆင်းရမှာပဲ၊ တောင် အောက်ရောက်မှ ဆက်သွားဖို့ စီစဉ်ကြရမယ်"

ဆန်နီသည် အောင်ဘုန်းဝင်းကို ထမ်းလိုက်သည်။ တောင်စောင်းသည် သိပ်အမတ်ကြီးမဟုတ်။ သို့ရာတွင် ခြေလှမ်းတစ်ချက်မှားရုံဖြင့် ဒလိမ့် ကောက်ကွေး ကျသွားနိုင်သည်။ ပြီးတော့ တစ်ယောက်တည်းက နှစ် ယောက်စာ သယ်၍ ဆင်းရမည်။ တောင်တက် နှင့် တောင်ဆင်း တောင် င်းက ပိုခက်သည်။ တောင်အဆင်းမှာ မိမိ ခန္ဓာကိုယ်ကြီး လိမ့်ကျမသွား အောင် ခြေကန်ပြီး ဆင်းနေရသည်။

သူတို့သည် တောင်အဆင်းလမ်းတစ်လျှောက် အဆင့်ဆင့် နေရာ ယူလိုက်ကြသည်။ နှစ်ယောက်တစ်တွဲစီ။ သူတို့၏ ခြေထောက်များကို မြေ ာ ဖိနင်း၍ ခံပေးထားရသည်။ ဆန်နီသည် ထိုခြေထောက်များကို နင်း၍ ခြေကုပ်ယူရင်း ဆင်းရသည်။ တစ်လှမ်းချင်း တစ်လှမ်းချင်း၊ ဖြည်းဖြည်း ည်းဖြည်း။

ကြိုးရှည်ရှည်တစ်ချောင်းပါလာခြင်းသည် သူတို့ကံကောင်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကြိုးစတစ်ဖက်ကို ဆန်နီခါးမှာ ချည်လိုက်သည်။ ကျန်အစတစ်ဖက်ကို လူလေးငါးယောက်က ကိုင်ပြီး အပေါ်မှနေ၍ ဆန်နီကိုယ်ကို အားပွန်မသွားအောင် ဆွဲထိန်းပေးထားရသည်။ ကြိုးကို တဖြည်းဖြည်း လျှော့ပေးရသည်။ ကြိုးဆုံးလုနီးသောအခါ နောက်တစ်အုပ်စုက ကြိုးအရင်းမှ ဝင်ဆွဲပြီး ဆက်ထိန်းရသည်။ ကြိုးကို လျှော့ပေး၊ ကြိုးဆုံးခါနီးလျှင် နောက်တစ်အုပ်စုက ဝင်ထိန်း။

ဆန်နီသည် သူငယ်ချင်းများ ခံထားပေးသော ခြေထောက်များကိုနင်းရင်း တစ်လှမ်းချင်း ဆင်းနေသည်။ ခံထားပေးရသော ခြေထောက်များသည်လည်း သက်သာလှသည်မဟုတ်။ တောစီးဖိနပ်များကြောင့်သာ နည်းနည်းတော်တော့သည်။ မတောင်တစ်ဝက်လောက်ဆင်းပြီးတော့ ဆန်နီမောလာသည်။ ထမ်းထားရသည့်ဝန်ကလည်း အလေးကြီး။ ခါးမှာ ချည်ထားသည့် ကြိုးကတင်းပြီး နာနေသည်။ အသားတွေ ပွန်းကုန်ပြီဟု သူ ထင်သည်။ သူ့မျက်နှာမှာ ချွေးစေးတွေ ပြန်လာသည်။ သို့ရာတွင် ခရီးနှင် ကျမှတော့ လှစားလဲရန် မဖြစ်နိုင်တော့ပြီ။ သူ ခဏ ရပ်လိုက်သည်။

"ဆရာ ထမ်းဦးမယ်ကွာ"

ဆရာက အနားမှာ လာရပ်ရင်းပြောသည်။

"မဖြစ်ဘူးဆရာ၊ ပခုံးပြောင်းဖို့ မလွယ်ဘူး၊ ကျသွားလိမ့်မယ်"

မြင့်သောင်းသည် ရေဗူးကိုဖွင့်၍ ဆန်နီပါးစပ်နားတွင် တေ့ပေးလိုက်သည်။

"မင်း... သိပ်မောနေပြီ"

မြင့်သောင်းက ဂရုဏာသက်စွာ ပြောလိုက်သည်။

"ရပါတယ်ကွာ၊ ဒါပေမယ့် ခါးကကြိုးက သိပ်တင်းနေတယ်၊ ကြိုးလျှော့ကို နည်းနည်းလျှော့ပြီး ပြင်ပေးပါလား"

"အေး...လုပ်ပေးမယ်"

ဆန်နီကို လူလေးငါးယောက်က ဝိုင်းထိန်းထားပေးသည်။ မြင့်သောင်းသည် ဆန်နီ ခါးက ကြိုးကို ဖြည်လိုက်သည်။ သူ့ဖိုးလ်ကုတ်



ပြီး ဆန်နီခါးမှာ ပတ်ပေးသည်။ ထိုအပေါ်ကမှ ကြိုးကို ပြန်ချည်သည်။ တင်းသည့်ဒဏ်ကို ဆန်နီခံနိုင်အောင်လို့။

"အောင်ဘုန်းဝင်း ဘယ်လိုနေသေးလဲ၊ နေသာရဲ့လား"

အောင်ဘုန်းဝင်းသည် မျက်စိမဖွင့်ဘဲ ခေါင်းညိတ်ပြ၏။ ဆန်နီသည် လက် ဆင်းလာခဲ့သည်။ တစ်လှမ်းချင်း ဖြည်းဖြည်း။ အောင်ဘုန်းဝင်းသည် အသေကောင်ကြီးလို ငြိမ်သက်စွာ ပါလာသည်။ အားလုံးသည် ရင်မ။ ခြေလှမ်းတစ်လှမ်းမှားလိုက်သည်နှင့် ဒလိမ့်ကောက်ကွေး ကျသွားမည်။

သို့ရာတွင် တောင်ခြေသို့ ချောမောစွာ ရောက်လာခဲ့သည်။

တောင်ခြေရောက်သည်နှင့် ဆန်နီပခုံးပေါ်က အောင်ဘုန်းဝင်းကို ပွေ့၍ချသည်။ ဆန်နီသည် မြေပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။ တော်တော် မောနေပြီ။ ကြိုးပွန်းသည့်ဒဏ်ကြောင့် အသားတွေလန်၍ နေသည်။

"ဘယ်လို ဆက်လုပ်ကြမလဲ"

"အခြေအနေ မကောင်းဘူးဆရာ၊ လမ်းမလျှောက်နိုင်ဘူး"

"တွဲသွားရင်ကော"

"မဖြစ်နိုင်ဘူးဆရာ"

"အေးကွာ ထမ်းခေါ်ဖို့ကလည်း မလွယ်ဘူးကွ၊ စခန်းရောက်ဖို့ အဝေးကြီးလိုသေးတယ်"

"ဆရာ"

ဆလိုင်း ဆရာ့နား ရောက်လာသည်။

"ဒီလိုလုပ်မယ်ဆရာ၊ ဝါးတွေခုတ်ပြီး ဝါးကပ် လုပ်ရမယ်၊ ထမ်းစင်သဘောမျိုးပေါ့"

"လွယ်ပါ့မလား"

"ကျွန်တော် ဖြစ်အောင်လုပ်မယ်ဆရာ"

"ဒါဖြင့် မြန်မြန်လုပ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဆရာ၊ ကဲ မျိုးမြင့်လွင်၊ ဝိုင်းသော်၊ မြင့်သောင်း၊ ကိုအောင်

ငါနဲ့လိုက်ခဲ့၊ ဓားရှည်ရှည် ပါတဲ့လူက ခဏငှားကွာ"

သူတို့ ထွက်သွားကြသည်။ မကြာခင် ဝါးလုံးတွေထမ်း၍ ပြန်ရောက် လာကြသည်။

အတောင့်တင်းဆုံး ဝါးနှစ်လုံးကို ချန်၍ ကျန်ဝါးများကို ခွဲသည် ဝါးကပ်ဖြစ်အောင် ယက်ရသည်။ ထို့နောက် ဝါးလုံးနှစ်လုံးကို တစ်ဖက် ထား၍ ဝါးကပ်ကို တွဲချည်သည်။ မကြာမီမှာပင် ထမ်းစင် အကြမ်းတစ် ဖြစ်သွားလေသည်။

"ကဲ...အပေါင်းအသင်းတို့၊ ဖီးလ်ကုတ်တွေ ချွတ်ပေးကြပါ"

ဖီးလ်ကုတ်များကို ဝါးကပ်ပေါ်မှာ တင်သည်။ လူနာ သက်သက်သ သာ လိုက်လို့ရအောင် မွေ့ရာသဘောမျိုး ခင်းလိုက်ခြင်း ဖြစ်သည်။

"တောက်... စောင် တစ်ထည်လောက်ပါရင် ကောင်းမယ်ကွာ၊ စေ ကို ဝါးလုံးမှာချည်ပြီး ပုခက်လို လုပ်လိုက်ရင်"

"ခွီးတဲ့မှပဲ စကားရှည်လိုက်တာ၊ စောင်မှမပါဘဲ ဘယ်လိုသွားလုပ် မှာလဲ၊ ကြာတယ် ဟေ့ကောင် သွားမယ်၊ ဟိုဘက်က ဝင်ထမ်း

ဆလိုင်းသည် ဝိုင်းသော်ကို ဟောက်လိုက်သည်။ ကျောင်းသားတ က အောင်ဘုန်းဝင်းကို ပွေ့ပြီး ထမ်းစင်ပေါ်တင်ပေးသည်။ ဆလိုင်းနှင့် ဝို သော်နှင့် အခြားတစ်ယောက် နေရာယူပြီးပြီ။ လွတ်နေသော ထမ်းစင်လ ကိုင်ကို ဆန်နီက ကိုင်လိုက်သည်။

"ဟေ့ကောင် ဆန်နီ၊ ငြိမ်ငြိမ်နေစမ်း"

"ရပါတယ်ကွ"

"မရဘူး၊ မင်းခါးက ဒဏ်ရာတွေ ငါမြင်ပြီးပြီ။ စခန်းရောက်တဲ့ အ မင်း အေးအေးဆေးဆေးလိုက်ခဲ့"

ကိုအောင်က ဆန်နီကို ဆွဲဖယ်ပစ်လိုက်သည်။ ဆန်နီနေရာတွင် ဝင်ထမ်းလိုက်သည်။

"ခုအချိန်မှစပြီး ခြေလျင်နှင့် ထမ်းစင်အသင်းကြီး ချီတက်လာ



င်ဗျား"

ဆလိုင်းက နောက်ရင်းပြောင်ရင်း စထွက်သည်။ ဒုက္ခဆင်းရဲကြား ကတောင် ဟာသလုပ်နိုင်တဲ့ ဆလိုင်း။

လူဆိုတာ ဒီလိုပဲ ဒုက္ခတစ်ခုကို ညည်းညူနေတတ်ခြင်းထက် မထေ့မဲ့မြင် ပြုရခြင်းကို ပို၍ နှစ်သက်တတ်ကြသည် မဟုတ်ပါလား။

လူနာထမ်းစင်ကြီးကို ထမ်း၍ သွားနေရသောကြောင့် ခရီးမတွင် ကျယ်လှချေ။ ထမ်းတဲ့ လူတွေထားခဲ့ပြီး ကျန်လူတွေက စခန်းအရောက် ပြန်ဖို့လည်း မဖြစ်နိုင်။ တစ်ယောက်ကတစ်လှည့် ဝင်ထမ်းမှ သက်သာ မည်။ ခရီးလည်း ပိုတွင်မည်။ ထို့ကြောင့် ဆန်နီနှင့် အခြားတစ်ယောက်ကို ခန်းသို့ အရင်သွားနှင့်ပြီး အကြောင်းကြားထားစေလိုက်သည်။

"ဟေ့ကောင် မင်းမောပြီ၊ ငါတစ်လှည့်ထမ်းမယ်"

"ရပါတယ်ကွာ၊ မမောသေးပါဘူး"

"ဟာ...မမောခင် လူလဲမှကွ။ မောမှဆိုရင် အားပြတ်သွားနိုင်တယ် ယ်ပါကွ"

"နောက်က ကောင်ဆီသွားကွာ။ ဒီကောင် မောနေပြီ"

"ငါ မမောပါဘူးကွ ရှေ့ကကောင်ရ"

ကျောင်းဘုံကထိန်လှည့်လည်ပွဲတုန်းက ပဒေသာပင်ကိုလု၍ ထမ်းကြ သလို ထမ်းစင်ကိုလည်း လု၍ထမ်းကြသည်။ တစ်ယောက်ကထမ်းနေလို့မှ ခြေလှမ်းနှစ်ဆယ်လောက် မလှမ်းမိခင် နောက်တစ်ယောက်က အတင်းဝင် မ်းသည်။ ပထမလူလည်း ဖယ်မပေးချင်။ သူတို့သည် သူငယ်ချင်း တစ် ာက် ဒုက္ခရောက်နေသောကြောင့် ကူညီရသည်ကို ဂုဏ်ယူနေကြသည်။

နေဝင်သွားလေပြီ။

ခရီးတစ်ဝက်ပင် မကျိုးသေး။

နောက်တောက်တောက် ကောင်တစ်ကောင် စကားစလေသည်။

"ဒီနားမှာ ဆင်ရိုင်းတွေရှိတယ်လို့ ပြောတယ်ကွ၊ ပြီးတော့ ဆင်တွေ ကိုလဲ အလုပ်မရှိတဲ့ အချိန်မှာ တောထဲ ခဏလွှတ်ထားတတ်တယ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ဆင်ရိုင်းတွေလည်း ဆင်ယဉ်မတွေကို ရစ်ရင်း လာနေတ
တယ်တဲ့ကွ"

"အေးကွဟုတ်တယ်၊ ခုအချိန် ဆင်နဲ့တိုးရင် ငါတော့ ပြေးမှာပဲ ကို
လူ၊ ဆင်တွေဟာ တောင်တက်ပေမယ့် တောင်ပေါ်ကဆင်းတဲ့အ
ကျတော့ ခြေထောက်နဲ့ မဆင်းဘူးတဲ့ကွ။ ဖင်ဒရွတ်တိုက်ပြီး ဖေ
ချ... ဟ...ဟ"

သူသည် တောင်စောင်းပေါ်သို့ အလန့်တကြား မော့်ကြည့်လိုက်သ
တောင်ကုန်းထိပ်မှာ ဆင်၊ မားမားကြီး ရပ်နေသည်။ ဆင်ကြီး၏ ဘေ
ဆင်သားပေါက်ကလေး တစ်ကောင်၊ ဆင်ကြီးသည် ထွက်ခါစလေး
အောက်တွင် မည်းမည်းပြောင်ပြောင်ကြီး ဖြစ်နေလေသည်။ သူတို့က တေ
ကြားထဲမှာ ဆင်ကြီးက တောင်စောင်းထက်မှာ။ ခုအချိန်မှာသာ ဆင်ကြီ
ဒရွတ်တိုက်ပြီး လျှောဆင်းလာခဲ့လျှင်...

"အမလေး...အမေရေ...ဆင်ကြီးဗျ"

သတ္တိအကောင်းဆုံး ဗိုင်းသော်ကစပြီး ပြေးလေသည်။ အားလုံး
ရုတ်သဲသဲဖြစ်ကုန်ကြသည်။

"ပြေးဟ...ပြေးဟ...ဟိုဘက် တောင်စောင်းကို တက်ပြေး"

သူတို့အားလုံးသည် ဆင်ကြီးနှင့် ဆန့်ကျင်ဘက်ဖြစ်သော တော
စောင်းပေါ်သို့ တက်ကြ၏။

"ဟေ့...ကောင်တွေ၊ ဟေ့...ကောင်တွေ"

ဆရာက အော်ခေါ်သော်လည်း မရတော့၊ အောင်ဘုန်းဝင်းကို ထ
လာကြသူများမှာလည်း ထမ်းစင်ကြီးကို ပစ်ချပြီး ထွက်ပြေးကြလေသ

အောင်ဘုန်းဝင်းသည် ထမ်းစင်ပေါ်မှထထိုင်ရင်း...

"မျက်မှန် ... မျက်မှန် ... ကျွန်တော့်မျက်မှန်"

ငိုသံပါကြီးဖြင့် အော်လေသည်။ သို့ရာတွင် သူမျက်မှန်ယူထားသ
တောင်စောင်းပေါ် ရောက်နေပြီ။ နောက်ဆုံးတွင် လူမမာအောင်ဘုန်း
လည်း ထ၍ ပြေးလေတော့သည်။



တောင်ကြားထဲမှာ ဆရာတစ်ယောက်သာ ကျန်တော့သည်။ ဆရာသည် သတ္တိကောင်းသော သူ့တပည့်များကို အော်ခေါ်ရလေသည်။

"ဟေ့ကောင်တွေ ဆင်းခဲ့ကြ၊ ဒါ ဆင်ယဉ်ကြီးပါကွ၊ ခလောက်သံ မကြားဘူးလား၊ မင်းတို့ ရုတ်ရုတ်ရုတ်ရုတ်လုပ်တာနဲ့ ဆိုးကုန် လိမ့်မယ်"

ထိုအခါကျမှ ကျောင်းသားများသည် ရောက်ရာနေရမှ ပြန်ဆင်းဖို့ ပြင်ကြရတော့သည်။ အတက်တုန်းက ကြောက်အားလန့်အားနှင့်မို့ ဘယ်လိုတက်ခဲ့မိမှန်းပင် မသိ။ ခုပြန်ဆင်းတော့မှ ကုပ်ကပ်၍ တော်တော် ခဲယဉ်းစွာ ဆင်းခဲ့ကြရသည်။ တောင်ကြားထဲရောက်ကြမှ ထမ်းစင်ကြီးသာ ဗလာ ဖြစ်နေကြောင်း သိရလေသည်။

"ဟိုက် အောင်ဘုန်းဝင်းကကော..."

ကျွန်တော် ဒီမှာ ဆရာ"

အသံကြားရာသို့ မော့ကြည့်သည်။ လမ်းပင်မလျှောက်နိုင်ခဲ့သော လူမမာ အောင်ဘုန်းဝင်းသည် ကြောက်လန့်တကြား ထပြေးခဲ့ရာ သူများ တွေထက် ပိုမြင့်သော တောင်စောင်းမှာ ရောက်ရှိနေလေသည်။ ပြန်ဆင်းဖို့ တော့ သူ မတတ်နိုင်တော့။

အောင်ဘုန်းဝင်းကို သွားပွေ့ချီလာခဲ့ရသည်။ အောင်ဘုန်းဝင်းသည် အလွန်မောဟိုက်နေလေသည်။ ပြေးတုန်းကတော့ အသက်ဘေးကိုကြောက်၍သာ အားကုန်ထုတ်၍ ပြေးခဲ့ရခြင်း ဖြစ်သည်။ သွေးအေးသွားသောအခါတွင်မူ သူ့အခြေအနေမှာ တော်တော်ဆိုးနေပြီ၊ အောင်ဘုန်းဝင်းကို ထမ်းစင်ပေါ်သို့ ပြန်တင်လိုက်သည်နှင့်တစ်ပြိုင်နက် မေ့မြောသွားလေတော့သည်။

"ဆင်ယဉ်ဆိုပေမယ့် ဘေးမှာ သားပေါက်ကလေးပါတယ်နော်၊ ကလေးကို ရန်မူမှာစိုးလို့ ကြမ်းချင်ကြမ်းလာနိုင်တယ်"

"အသံမထွက်အောင် တိတ်တိတ်ကလေးလျှောက်ကြကွ"

သူတို့သည် ခြေသံပင် မထွက်ဝံ့အောင် တိတ်ဆိတ်စွာ လျှောက်ကြလေသည်။ တစ်လှမ်းချင်း ဖြည်းဖြည်းကလေး လျှောက်ကြသည်။ ထိုအချိန်

www.burmeseclassic.com

www.burmeseclassic.com



တွင် သူတို့၏ စိတ်ထဲ၌ ရုပ်ရှင်ဇာတ်ကားထဲမှ လျှို့ဝှက်သည်းဖိုဇာတ်လမ်းမျိုး ဟု ထင်နေကြမည်လား မသိ။

ဆင်ကြီးကမူ သူတို့ ဘာဖြစ်နေကြသည်ကိုပင် ဂရုစိုက်မိဟန်မတူ နားရွက်ဟန်ဖြင့်သာ ခေါင်းအနည်းငယ် ငုံ့လိုက်သောကြောင့် ခလောက်သံ 'ဂလောက် ဂလောက်' မြည်သွားလေသည်။

ထိုခရီးသည် တောင်ကုန်းတွေကို တက်ရဆင်းရသည်။ အချို့ တောင်ကုန်းများမှာ တော်တော်မတ်စောက်သောကြောင့် ထမ်းစင်ထမ်းသူများမှာ အလွန်သတိထားနေကြရလေသည်။ လုံ့အလွတ်ချည်း သွားလျှင်ပင် စခန်းသို့ တော်တော်ကြာကြာ သွားရလိမ့်ဦးမည်။ ခုတော့ ထမ်းစင်ကို ထမ်းနေရသည်။ ခြေလှမ်းကို ဖြည်းဖြည်း လျှောက်ရသည်။ လရောင်အနည်းငယ် ရှိသောကြောင့်သာ နည်းနည်းတော်တော့သည်။

ထိုအချိန်မှာပင် ရေပြတ်သွားလေတော့သည်။ ရေဘူးများထဲတွင် ရေ မရှိတော့။ အနီးအနားမှာလည်း စမ်းချောင်းများကို မတွေ့ရ။ လူစုခွဲလွှတ်ပြီး ရေရှာဖို့လည်း မဖြစ်နိုင်။ မှောင်နေပြီ။ လမ်းပျောက်သွားမှာ စိုးရသည်။

အမှန်အားဖြင့်မူ လမ်းခရီးပတ်ဝန်းကျင်၏ ရှုခင်းသည် သာယာ သည်ဟု ဆိုရပေမည်။ လမင်းသည် သဘာပတိထိုင်ခုံပေါ်သို့ တက်ထိုင် လိုက်ပြီ။ ကြယ်တွေ စုံညီသောကြောင့် အစည်းအဝေး ထမြောက်ကြောင်း ကိုပင် ကြေညာပြီးလေပြီ။ နှင်းမှုန်တို့သည် သတင်းပို့ရန် မြေပြင်သို့ ဖြေ ဆင်းလာကြသည်။ သစ်ပင်ပျိုတို့က လက်ပြနှုတ်ဆက်ရင်း ကြိုဆိုသည် လေပြည်ကလေးကမူ သစ်ရွက်များပေါ်တွင် ညာ၏အလှကို ရေးသားဖွဲ့ နေသည်။ ကျောက်တုံးကြီးများကား ဘူမိဗေဒသမားတို့ တူဖြင့်ထုမည် စိုးရိမ်သောကြောင့် အိပ်ချင်ယောင်ဆောင်နေကြလေသည်။

ကျောင်းသားတို့၏ ခြေလှမ်းသည် နေး၍ လာလေ၏။ ပင်ပန်းရှာ ပြီ။ ရေငတ်သည့်ဒဏ်သည် အဆိုးဆုံးဖြစ်သည်။

ကျိုက်ထီးရိုးဘုရားဖူးသွားသူတို့သည် တောင်ပေါ်တက်စက ဘာ မပင်ပန်းသော်လည်း အချိန်ကြာလာသည်နှင့်အမျှ ဝန်ထုပ်ဝန်ပိုးတို့ကို သယ



ချင်စိတ်မရှိတော့။ ကိုယ်မှာဝတ်ထားသည့် အဝတ်အစားကိုပင် လေးလွန်းလှသည်ထင်၍ ဖြစ်နိုင်လျှင် ချွတ်ထားခဲ့ချင်သည်ဟု အဆိုရှိသည်။

သူတို့ထမ်းလာသည်မှာ လူတစ်ယောက်။ ထမ်းဖို့အလှည့်ကျနေသူသည် သူ့အလှည့်ပြီးဖို့ကို ပင်ပန်းစွာ စောင့်ရင်း ထမ်းနေရသည်။ ထမ်းရသောဝန်သည် ပို၍ပို၍ လေးလာလေသည်။ သူ့အလှည့်ပြီး အခြားတစ်ယောက်ယောက်က လူစားဝင်တော့မည်ဆိုလျှင် မဆိုင်းမတွပင် လက်လွှဲလိုက်ကြလေသည်။

စထွက်လာခါစ ထမ်းစင်ကို လု၍ လမ်းလာခဲ့ကြသော အဖြစ်ကို တွေး၍ လူ့သဘာဝကို စဉ်းစားမိသူတို့က ပင်ပန်းသည့်ကြားမှပြုံးမိကြသေးသည်။

“ရေ အရေးကြီးတယ်ကွ”

“ရေငတ်တာ ဆိုးတယ်”

“ခုအချိန်သာ ရေနည်းနည်းလောက် သောက်ရရင် စခန်းရောက်တဲ့အထိ ငါတစ်ယောက်ထဲ ထမ်းသွားနိုင်လိမ့်မယ်လို့တောင် ထင်မိတယ်”

ဆရာသည် ထွက်ခါစက အေးဆေးစွာ လိုက်ပါခဲ့သော်လည်း တပည့်တွေ ပင်ပန်းမှုကို သိသောအခါ မနေနိုင်တော့ချေ။ ထမ်းစင်ကို သူပါ အလှည့်ကျ ဝင်ထမ်းသည်။ တပည့်တို့သည် ဆရာ့ကို မထမ်းစေလိုကြပါ။ သို့ရာတွင် ဆရာသည် ဇွတ်အတင်းပင် ဝင်ထမ်းလေသည်။

ခုအချိန် အောင်ဘုန်းဝင်းသာ သတိရနေလျှင် ဆရာကိုယ်တိုင် သူ့ကို ဝင်ထမ်းနေရကြောင်း သိခဲ့လျှင် သူမျက်ရည်လည်လာမည် အမှန်ပါ။

ရေ...ရေ...ရေ။ ရေပေးပါ။

လူမမာ ရေတောင်းသည့် အသံမျိုးကို သူတို့စိတ်ထဲက ပြောနေမိကြသည်။ အမှန်အားဖြင့်မူ သူတို့သည် ညစာထမင်းမစားကြရသေး။ သို့ရာတွင် ထမင်းကို ဘယ်သူမှ သတိမရကြ။ ရေကိုသာ တသည်။ ရေ...ရေ ပေးကြပါ ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး...ဟိုမှာ မီးရောင်တွေ့တယ်"

"ဘယ်မှာလဲ...ဘယ်မှာလဲ"

"ဟို ...ဟို"

သို့ရာတွင် ဘာမီးရောင်ကိုမှ မမြင်ကြရချေ။

"ခွေးကောင်... မောရတဲ့ကြားထဲ လာနောက်နေတယ်"

"ငါ တကယ် တွေ့တာပါကွ၊ ခုမှ ပျောက်သွားတာ"

"ဒီကောင် မောမောနဲ့ ဂယောင်ချောက်ချား ဖြစ်နေပြီထင်တယ်"

"တောချောက်တာလား မသိဘူး"

သို့ရာတွင် မီးရောင်ကို အမှန်ပင် တွေ့ကြရပြန်လေသည်။

"ဟုတ်တယ်...ဟုတ်တယ်...မီးရောင် မီးရောင်"

ကမ္ဘာဦးသူတို့ မီးကိုမြင်သောအခါ အံ့သြဝမ်းသာကြသည်ဆိုခြင်းသည် မထူးဆန်းလှချေ။

မီးရောင်ရှိလျှင် လူရှိသည်။ လူရှိလျှင် ရေရှိနိုင်သည်။ သူတို့ ခြေလှမ်း သည် ပို၍သွက်လာသည်။ မီးရောင်သည် တဖြည်းဖြည်း နီးလာသည်။ သူတို့ခြေလှမ်းသည် မပြေးရုံတမယ်။ မီးရောင်သည် ပို၍နီးလာသည်။ တဲ ကလေးတစ်လုံးဆီမှ ဖြစ်သည်။ တဲကလေးကိုပင် မြင်နေရပြီ။ သူတို့ တဲ ဆီသို့ ပြေးကြလေသည်။ တိုင်ပင်ထားခြင်းမရှိပါဘဲလျက် သူတို့နှုတ်မှ သံပြိုင်အော်ကြသည်။

"ရေ...ရေ...ရေပေးပါဗျို့"

"ကျွန်တော်တို့ ကျောင်းသားတွေပါ၊ ဒုက္ခရောက်လာလို့ ရေရှိရင် ပေးပါ"

တဲအိမ်ဆီမှမီးသည် လှုပ်ခနဲ ဖြစ်သွားသည်။ တဲထဲမှ လူနှစ်ယောက် ထွက်လာသည်။ သူတို့လက်ထဲမှာ ပုံးတွေ။

"ဟေး..."

သူတို့သည် လူနှစ်ယောက်ဆီသို့ အားကုန်ပြေးကြလေသည်။ လူနှစ် ယောက်ကလည်း သူတို့ဆီပြေးလာသည်။



သူတို့အုပ်စုထဲက ရှေ့ဆုံးမှ ပြေးသွားသော ကျောင်းသားသည် လစ်ဖ် အင်ဒက်သ် ဇာတ်ကားထဲမှ မင်းသားက မင်းသမီးကို ပြေးပွေ့လိုက်သလို ရေပုံးကြီးကို ပြေး၍ ပွေ့လိုက်လေသည်။

သူသည် ရေပုံးကြီးကို မ,ပင် မ,မနိုင်တော့ဘဲ ဒူးထောက်လျက်ပင် ငုံ့၍ အငမ်းမရ သောက်သည်။ နောက်က အပြေးရောက်လာသူတွေက လည်း လု၍ သောက်ကြသည်။ နောက်ရေတစ်ပုံးမှာ လူတွေအုံ၍ လု သောက်နေကြသည်။ သူတို့ကို ကြည့်ရသည်မှာ ဘီယာဖရာမှ စစ်ပြေးဒုက္ခ သည်များ အစာလုနေကြသည်နှင့် တူလေသည်။

"ရေ၊ ရေ၊ အမလေး...ဝမ်းသာလိုက်တာ ခုမှပဲ ရင်အေးသွားတော့ သည်။ ကျေးဇူးတင်လိုက်တာ။

"ဟင်...ဟိုမှာ ကြည့်စမ်း"

ကျောင်းသားတစ်ယောက်က လာလမ်းကို ညွှန်ပြသည်။ သူတို့ အားလုံးလှည့်ကြည့်လိုက်သောအခါ...

ဆရာနှင့် ကျောင်းသားသုံးယောက်တို့သည် လူနာထမ်းစင်ကို ထမ်း၍ ဖြည်းလေးစွာ လာနေကြသည်။ သူတို့လေးယောက်တို့၏ ခြေလှမ်းသည် ချည့်နဲ့နေသည်။ သူတို့၏ကိုယ်များသည် ယိုင်ထိုးနေကြသည်။

ကျောင်းသားတို့သည် များစွာ ဝမ်းနည်းသွားကြသည်။ ကြည့်စမ်း၊ ငါတို့သည် ရေတွေ့ပြီဟူသော ဇောဖြင့် ဝမ်းသာအားရပြေးထွက်ခဲ့ကြသည်။ ရေကို သူ့ထက်ငါ ဦးအောင် အငမ်းမရ လုသောက်ခဲ့ကြသည်။ လူနာနှင့် တကွ ထမ်းစင်ကို ထမ်းလာကြသော သူတို့ကို ငါတို့မေ့ထားခဲ့ပြီကော။

သူတို့သည် ထမ်းလာသူတို့ဆီ ပြေးသွားကြသည်။ ထမ်းစင်ကို လွှဲ ပြောင်းထမ်းယူခဲ့ကြသည်။ ကျောင်းသားတစ်ယောက်သည် ရေတစ်ပုံးကို ယူ၍ အထမ်းသမားများ နားသို့ လာချသည်။

"ရေ...ဆရာ...ရေ"

"အောင်ဘုန်းဝင်းကို အရင်တိုက်ပါကွာ"

"ဟိုကောင်တွေ သွားတိုက်နေပြီဆရာ၊ ဒါက ဆရာတို့အတွက်"

www.burmeseclassic.com

www.burmeseclassic.com



အတူတူထမ်းလာခဲ့ကြသော ကျောင်းသားသုံးယောက်သည် ရေပုံးကို ဆရာ့ရှေ့ ချပေးလိုက်သည်။

"မင်းတို့ အရင်သောက်ကွာ"

"ဟာ...ဆရာ အရင်သောက်ပါ"

"သောက်ပါကွာ"

"ဆရာ အရင်..."

"သောက်ဆိုရင် သောက်စမ်းကွာ"

ကျောင်းသားသုံးယောက်ကို အရင်သောက်စေသည်။ ပြီးမှ ဆရာက သောက်သည်။ ဘယ်လောက်များ ရေငတ်လာသည် မသိ။ ဆရာကိုယ်တိုင်ပင် ဟန်မဆောင်နိုင်ဘဲ ရေကို အငမ်းမရသောက်လေသည်။

ထိုအချိန်မှာပင် တဲရှင်နှစ်ယောက်သည် ထမင်းအိုးတစ်အိုးကို သယ်ယူလာသည်။ အထဲမှာ ထမင်းတွေ။ လေးလုံးချက်လောက် ရှိမည်။

"ဆရာတို့ စားကြပါခင်ဗျ"

ဆရာ အလွန် အားနာသွားလေသည်။ ရေလည်း တိုက်ရသည်။ ထမင်းလည်း ကျွေးနေသေးသည်။။ တောသူတောင်သားဒေသခံ တိုင်းရင်းသားတို့၏ စေတနာကို လေးစားမိသည်။ ကျောင်းသားတစ်ယောက်သည် ထမင်းတွေကို မြင်သောအခါ ဟန်မဆောင်နိုင်တော့ပြီ။ နှုတ်မှ လွှတ်ခနဲ–

"ကျေးဇူး...အဲ"

"နေပါစေခင်ဗျ၊ မစားတော့ပါဘူး၊ ရေတိုက်တာကိုပဲ ကျေးဇူးတင်လှပြီ"

ဆရာက ကြားဖြတ်၍ ဝင်ပြောသည်။

"ဟာ ...မဟုတ်တာပဲ၊ ဆရာတို့ ဘာမှ မစားခဲ့ရသေးဘူး မဟုတ်လား"

"နောင်ကြီးတို့ စားဖို့..."

"ကျွန်တော်တို့က ဒါမနက်အတွက် ချက်ထားတာပါ၊ ပြန်ချက်လို့လဲရပါတယ်၊ စားပါဆရာ"



"ကျွန်တော်တို့ ..."

"မစားရင်တော့ ကျွန်တော်တို့ စိတ်မကောင်း ဖြစ်မှာဗျ။ ထမင်းနည်းနေလို့တောင် ကျွန်တော် မကျေနပ်ဘူး"

သူတို့၏အသံသည် ဝဲနေသော်လည်း စေတနာကို ပြတ်သားစွာ မြင်တွေ့စေသည်။

"ကဲ...စားပါ့မယ်ဗျာ"

ဟင်း မကောင်းပါ။ အမှန်အားဖြင့်မူ ဟင်းဟူ၍ပင် မရှိပါ။ ပဲပုပ်ကို မီးကင်၍ ထောင်းထားသော အမှုန့်တွေနှင့် ဂျုံးမြစ်အစိမ်းများ။ သို့ရာတွင် အလွန် အရသာရှိလှသည်။ "မြိန်ရာဟင်းကောင်း" ဟု ဆိုခြင်းထက် စေတနာကြောင့် ပို၍ ကောင်းသည်ဟု ဆိုရမည်။ ထမင်းနည်းသောကြောင့် တစ်ယောက်ကို တစ်လုတ် နှစ်လုတ်သာ စားလိုက်ကြရသည်။ သို့ရာတွင် ထိုထမင်းတစ်လုတ်သည် တစ်သက် မမေ့နိုင်ဖွယ် မရှိသော နတ်သုဒ္ဓါတည်း။

သူတို့ထမင်းစားနေကြတုန်း ဆရာသည် အောင်ဘုန်းဝင်း အခြေအနေကို ကြည့်သည်။ အောင်ဘုန်းဝင်းသည် မေ့မြောနေသော အနေအထား မဟုတ်တော့။ နှစ်ခြိုက်စွာ အိပ်ပျော်နေသော အနေအထားဖြစ်သည်။ ဆရာ စိတ်အေးသွားရပြီ။

ထမင်းစားပြီးသောအခါ သူတို့သည် မြေကြီးပေါ်သို့ ပစ်လှဲလိုက်ကြလေသည်။ မြေကြီးသည် စပရိန်မွေ့ရာကဲ့သို့ အိခနဲ ဖြစ်သွားသည်ဟု ထင်မိကြလေသည်။ ဖိမ်ရှိလိုက်လှသည့်ဖြစ်ခြင်း။

သူတို့အားလုံးနားလည်ထားကြသည်။ ဆရာသည် ဒီနေရာမှာ ဒီညတော့ နားပေလိမ့်မည်။ ဒီမှာပဲ ဖြစ်သလို အိပ်စေပေလိမ့်မည်။ သူတို့သည် ဒီမြေကြီးပေါ်မှာပင် အိပ်လိုက်ချင်ကြသည်။ သူတို့၏ကိုယ်များသည် မြေကြီးမှာ အမြစ်တွယ်သလို ကပ်၍နေကြပြီ။ သို့ရာတွင်...

"ကဲ...တပည့်တို့ရေ၊ အချိန်ရှိတုန်း ခရီးဆက်ကြဦးစို့ကွာ"

ဆရာ့အသံ။ အမလေး နားထဲကို ကန့်လန့်ကြီး ဝင်ဆောင့်သည့်အသံ။

"ဆရာရယ်၊ ဒီတစ်ညတော့ ဒီမှာပဲ နားလို့ မဖြစ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အိပ်စရာ နေရာမရှိဘူးကွ"

"မြေကြီးပေါ်မှာ ဒီအတိုင်း အိပ်လို့ရပါတယ်ဆရာ"

"မဖြစ်ဘူး၊ ညဉ့်နက်လာရင် နှင်းတွေ အရမ်းကျလာမှာ"

"ရပါတယ်"

"မရဘူးကွ၊ မင်းတို့အခု သိပ်လှုပ်ရှားလာကြလို့သာ မချမ်းတာ၊ တော်ကြာ သွေးအေးသွားရင် ခိုက်ခိုက်တုန်လာမယ်၊ နှင်းတောထဲမှာ တစ်ညလုံးအိပ်ရင် အကုန်ဖျားကုန်လိမ့်မယ်"

"ဆရာရယ်"

မျိုးမြင့်လွင်က မျက်နှာငယ်ကလေးနှင့် ကြည့်နေသည်။ ဆရာ သနားသွားလေသည်။ သို့ရာတွင် မတတ်နိုင်ပြီ။ ရှမ်းပြည်နယ်စပ်၏ အအေးဒဏ်ကို ဆရာ ကောင်းကောင်းသိသည်။

"လာပါကွာ၊ ဆရာတောင်းပန်ပါတယ်၊ ခုန တဲရှင်ကို ဆရာ မေးကြည့်ပြီးပြီ။ နောက်ထပ် နာရီဝက်လောက် လျှောက်လိုက်ရင် စခန်းကို ပြန်ရောက်နိုင်ပြီတဲ့"

ကျောင်းသားများသည် လှဲနေရာမှ မထကြသေး။ ဆရာက "ကဲကွာ မင်းတို့သဘောပဲ"ဟုများ ပြောမလားလို့။ သို့ရာတွင် စာမေးပွဲကျဖူးသောကြောင့် အတွေ့အကြုံများသော နှစ်ကြီးသမားဆလိုင်းက တပ်လှန့်လိုက်သည်။

"ကဲ...အပေါင်းအသင်းတို့ ထကြ၊ ဆရာပြောတာ မှန်တယ်၊ ခရီးဆက်ဖို့ အသင့်ပြင်"

"ကျောင်းသားတို့သည် လေးကန်ဖင့်နွဲ့စွာ ထလိုက်ကြသည်။ တချို့မှာ တော်တော်နှင့် မထနိုင်။ သူငယ်ချင်းတွေက အတင်းဆွဲထူမှ ယိုင်တိယိုင်တိုင် ထလာကြသည်။

အောင်ဘုန်းဝင်းအိပ်ရာမှ နိုးနေပြီဖြစ်သောကြောင့် သူ့ကို ရေတိုက်ရသည်။ မျက်နှာသစ်ခိုင်းရသည်၊ အားပေးစကားပြောရသည်။ ဒီနေ့ညတော့ အောင်ဘုန်းဝင်းကို ဒီတဲထဲမှာပဲ သိပ်ထားခဲ့တော့မည်။ ကျောင်းသားတစ်



ယောက်ကို အဖော်အဖြစ် ထားခဲ့မည်။ တဲရှင်နှစ်ယောက်ကလည်း စိတ်ချပါ၊ မနက်ဖြန်ကျလျှင် သူတို့လှည်း လာလိမ့်မည်။ ထိုလှည်းနှင့် စခန်းအရောက် လိုက်ပို့ပါမည်ဟု ဆိုကြသည်။ တဲရှင်နှစ်ယောက်သည် မီးသွေးဖုတ်ဖို့အတွက် ဒီမှာ ခဏလာနေကြခြင်းဖြစ်သည်။

"ကျေးဇူးကြီးလှပါတယ်ခင်ဗျား၊ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး"

သူတို့ခရီးဆက်ခဲ့ကြသည်။

ခြေလှမ်းတို့သည် နှေးလေစွ။

တော်တော်လေးလျှောက်လိုက်မှ ကျင့်သားရလာပြီး ခြေလှမ်းမြန်မှန်လာသည်။ ဆရာသည် ခုနတဲနားမှာ မအိပ်စေခဲ့သည်မှာ မှန်ကန်ကြောင်း ခုမှပင် သိရသည်။ နှင်းမှုန်တို့သည် ထူထပ်စွာ တဖွဲဖွဲကျ၍ လာသည်။ တစ်ချက်တစ်ချက် စိမ့်ခနဲ ဖြစ်ဖြစ်သွားကြလေသည်။

"အမောပြေ သီချင်းတစ်ပုဒ်လောက် ဆိုစမ်းကွာ၊ ဆန်နီ"

"ဒီတစ်ညမှာ မြင်ရခဲ့တဲ့ မောင့်လပြည့်ဝန်း"

"ဟေ့ကောင်...ဒါ သီရိဆောင်ရှေ့ မဟုတ်ဘူးကွ၊ သိပ်ဖီလင်တွေ လုပ်မနေနဲ့"

"ငါ ဖီလင်ပဲ ရတယ်"

"မြင့်သောင်း ဟစ်စမ်းပါကွာ၊ မြိုင်ထကလေး"

မြင့်သောင်းသည် ချောင်းတစ်ချက်ဟန့်လိုက်သည်။

"ဟို...နံ့သာနီတောမှာလ...မောပြီလား...ခင်ရယ်..."

"မောတာပေါ့ ချွေးသားရဲ့"

"နိုင်ပန်းစုံခြယ်"

"ဟုတ်ပ...ဟုတ်ပ...ကောင်လေး"

"ပျိုစေမယ်...အယဉ်ကြိုက်တာဖြင့် ဆင်လိုက်မယ်လေး"

"ဟေ့ကောင်...ဟေ့ကောင် တော်တော့၊ မင်းသီချင်းက နိမိတ် မကောင်းဘူး"

"ဘာဖြစ်လို့လဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါလား၊ 'ဆင်လိုက်မယ်လေး'တဲ့၊ တော်ကြာ တောထဲက ဆင်ထွက်လာပြီး လိုက်နေမှ အမေရေဆိုပြီး ထွက်ပြေးနေရဦးမယ်"

ပုန်းအောင်းနေကြသော အင်အားအနည်းငယ်တို့သည် ဘယ်ကဘယ်လို ရောက်ရှိလာကြသည်မသိ။ ခြေလှမ်းတွေ နည်းနည်း ပိုသွက်လာကြသည်။ ရွာအပြင်က ကွင်းပြင်ကြီးကိုပင် ရောက်လာကြပြီ။ စခန်းပြန်ရောက်တော့မည် ဟူသောအောဖြင့် အားတင်းကာ လျှောက်ကြပြန်လေသည်။

"ဖုတ်"

"ဘာဖြစ်တာလဲဟေ့"

"ကန်သင်းရိုးနဲ့တိုက်မိပြီး လဲတာကွာ"

"ဘုတ်"

"ဘယ်သူလဲကွ"

"ငါကွ"

"ဘာဖြစ်တာလဲကွ"

"မြေကြီးခဲကြီးကို ဝင်တိုက်မိလို့ကွ"

အားတင်း၍သာ ခြေလှမ်းကို သွက်နေရသော်လည်း သူတို့ခြေထောက်များသည် ကန်သင်းရိုးကိုပင် လွတ်အောင် မနည်းကြွနေရသည်။ ကန်သင်းရိုးတွေ မြေကြီးခဲတွေနှင့်တိုက်မိပြီး တဖုတ်ဖုတ် လဲကျကုန်ကြသည်။ ဟိုက 'ဖုတ်' ဒီက 'ဖုတ်' သို့ရာတွင် အားတင်း၍ပြန်ထလျှောက်ကြသည်။

မည်သို့ပင်ဖြစ်စေ စခန်းသို့ ချောမောစွာ ပြန်လည်ရောက်လာကြလေသည်။ စခန်းအဝင်ဝမှ ထမင်းချက်ကြီး က ဝမ်းမြောက်စွာ ဆီးကြိုသည်။

"ဟာ...ဆရာတို့၊ ကျွန်တော်ဖြင့် စိတ်ပူနေရတာ"

"ဆန်နီတို့ကို လွှတ်ပြီး အကြောင်းကြားထားခိုင်းသားပဲ"

"ဟုတ်တော့ဟုတ်ပါတယ်ဆရာ၊ ဒါပေမယ့် ဆန်နီတို့ရောက်တော့တောင် တော်တော်မှောင်နေပြီ"

ဆရာသည် လက်မှနာရီကို ကြည့်လိုက်သည်။ ညကိုးနာရီပင် ကျော်နေပြီ။



"ကဲ...ဆရာတို့ ထမင်းစားကြပါလား၊ ကျွန်တော် ကုလားဟင်းချဉ် ချဉ်စပ်စပ်ကလေး ချက်ထားတယ်"

ခုမှပဲ ထမင်းစားဖို့ကို ဆရာသတိရတော့သည်။

"ကဲ...ဟေ့...အဲ"

ဆရာနောက်သို့ လှည့်ကြည့်လိုက်သောအခါ သူ့နောက်မှာ ကျောင်းသားတစ်ယောက်မှ မရှိတော့ချေ။

ဆရာ နားလည်လိုက်ပါပြီ။ သူချစ်တပည့်ကျော်များသည် ထမင်းဟင်းကို မေ့ပြီး သူတို့၏ အိပ်ရာများဆီသို့ ရောက်ရှိသွားကြပြီ ဖြစ်ပါသတည်း။

ကျောင်းသားတို့သည် ထမင်းစားဖို့ပင် သတိမရကြတော့ချေ။ သတိရလျှင်လည်း စားချင်စိတ် မရှိကြတော့။ စခန်းရောက်သည်ဆိုလျှင်ပင် အိပ်ရာများဆီသို့ ခြေလှမ်းပြင်ကြတော့သည်။ ကျောင်းသားအများမှာ အင်္ကျီဘောင်းဘီတို့ကိုပင် မချွတ်နိုင်။ တောစီးဖိနပ်များကိုလည်း မချွတ်တော့။ ကြမ်းပြင်ပေါ်သို့ 'တဘုန်းဘုန်း'ပစ်လှဲလိုက်ကြသည်။ အိပ်ရာလိပ်များကို ဖြန့်မခင်းတော့ဘဲ ခေါင်းအုံးအဖြစ် အသုံးပြုလိုက်ကြသည်။ ခေါင်းနှင့် အိပ်ရာလိပ်များ မထိခင် ကျောပြင်နှင့်ကြမ်းခင်းတို့ ထိလိုက်သော အချိန်မှာပင် 'ခေါက်ခနဲ ခေါက်ခနဲ' အိပ်ပျော်ကုန်ကြလေသည်။

ကျွဲတပ်ဆုံဧရိယာဟုခေါ်သော ထိုဒေသသည် ပထမဦးဆုံးနေ့မှာပင် သူတို့ကို လိုက်လှဲစွာ ကြိုဆိုလိုက်လေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နံနက် ခုနစ်နာရီခန့် ရှိပြီ။

နေရောင်မှ ကောင်းစွာ မပွင့်သေးချေ။

နေမင်းကြီးသည် နှင်းမှုန်များကို အကာအကွယ်ယူ၍ အိပ်ချင်မူးတူး ဖြစ်နေသည်။

ညက ကြမ်းပြင်နှင့် ကျောပြင် ထိလိုက်သည်နှင့် အိပ်ပျော်သွားကြသူ တို့မှာ ခုမှပင် တရေးနိုးလာကြသည်။ မနေ့ညက ပင်ပန်းခဲ့ကြသော ကြောင့် ကိုယ်တွေ လက်တွေ ကိုက်ခဲနေကြသည်။ အိပ်ရာမှပင် မထချင် ကြ။

အမှန်အားဖြင့်မှု မနက်ငါးနာရီခွဲလောက် ထသင့်ကြသည်။ သို့မှသာ ခြောက်နာရီခွဲလောက်တွင် ကွင်းဆင်းဧရိယာဆီသို့ ထွက်ခွာနိုင်ကြမည်။ သို့ရာတွင် ဘယ်သူမှ မနိုးခဲ့ကြ။ ဆရာပင် နိုးမှ နိုးပါရဲ့လား မသိ။

ထိုအချိန်မှာပင် ဝမ်းမြောက်ဖွယ် သတင်းကောင်းတစ်ခုသည် သူတို့ ဆီ ရောက်လာလေသည်။

ဆရာက မနေ့ညက ပင်ပန်းမှုများအတွက် သက်ညှာသောအားဖြင့် ယနေ့ နေ့တစ်ဝက် အနားပေးလိုက်ကြောင်း၊ နေ့လယ်ခင်းကျမှပင် ခဏ



ဖြတ် ထွက်မည်ဖြစ်ကြောင်း...။

"ဟေး"

တစ်ကိုယ်လုံး ကိုက်ခဲနေသောကြောင့် အိပ်ရာမှပင် မထချင်သူများ သည် ခုန်ထလာကြလေသည်။

"ဖေပဲ ဖေပဲ... လာကြဟေ့... ချောင်းကလေးမှာ ရေသွားချိုးကြ မယ်"

ရွာအနားက ကပ်၍ စီးသွားသော ချောင်းကလေးရှိသည်။ အဲဒီမှာ ရေသွားချိုးကြမည်။ ချောင်းဆီသို့ သွားရင်းက ညက အကြောင်းတွေ ပြန်ပြန်နေကြလေသည်။

ဆန်နီသည် ကြိုးပွန်းသောကြောင့် ခါးက အသားတွေ လန်သွားသည်။

ဆလိုင်းသည် ဝါးလုံးခွဲတုန်းက လက်ကို ဝါးရှသွားသည်။

မြင့်သောင်းသည် လယ်ကန်သင်းကို ခလုတ်တိုက်ပြီး လဲသောကြောင့် ပွန်းသွားသည်။

ခုမှပင် ဒဏ်ရာတွေကို သတိပြုမိကြသည်။

"ဒါနဲ့...အောင်ဘုန်းဝင်းတစ်ယောက် ရောက်လာပြီလား"

"ရောက်ပြီကွ၊ မနက်အစောကြီးတုန်းက လှည်းနဲ့ရောက်လာတာ"

"ခု...ဒီကောင် ဘယ်မှာလဲ"

"ဆေးရုံပို့လိုက်ပြီ"

"ဘယ်ဆေးရုံလဲကွ"

"သာစည်လား၊ ရွှေဘောင်လား မသိဘူး"

ချောင်းကလေးမှာ သူတို့ ရေချိုးကြသည်။ ချောင်းရေသည် အေးစိမ့် နေလေသည်။ နေရောင်သည် သိပ်အားမကောင်းသေးသောကြောင့် နှင်းနည်း ချမ်းသယောင် ရှိသည်။ သို့ရာတွင် ချောင်းရေတွင် စိမ်လိုက် သည့်အခါ သူတို့ကိုယ်က ကိုက်ခဲမှုများ ပျောက်သွားလေသည်။

"အား...ခုမှပဲ လန်းလန်းဆန်းဆန်းရှိသွားတော့တယ်"

"အေးကွ...ကိုက်တာ ခဲတာတွေလဲ ချောင်းရေစိမ်လိုက်မှ ပျောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်"

"ဒီချောင်းကလေးဟာ တို့ကို အားသစ်တွေ မွေးပေးလိုက်တာ
မေတ္တာရှင်ချောင်းကလေးပဲ"

"ဒီချောင်းကလေးကို မေတ္တာချောင်းလို့ နာမည်ပေးရမယ်"

"မေတ္တာချောင်းကလေး"တဲ့။ ဘယ်လောက်လှလိုက်သည့် နာမည်လဲ။ သို့ရာတွင် သူတို့၏ အထက်နားဆီမှ ပေါလောပေါလော မျော လာသည့် အရာဝတ္ထုကလေးကိုမူ သူတို့ မမြင်မိသေးချေ။ အရာဝတ္ထု ကလေးသည် ရေယဉ်ကြောတွင် ကိုယ်ဖော့၍ လိုက်ပါလာသည်။ သူ နားရောက်သောအခါ...

"ဟာ...ချီးတုံးကြီးဟ"

ကိုအောင်သည် ဟစ်အော်ရင်း ကုန်းပေါ်သို့ တက်ပြေးလေသည် သူတို့ဝိုင်းဟားကြသည်။

"ဟောကောင်လာပါဟ၊ တစ်တုံးတလေတော့ ပါချင်ပါလာမှာပေ တက္ကသိုလ်ရေကူးကန်မှ မဟုတ်တာ"

"မင်းက ခုမှ သန့်နေလိုက်တာ၊ ဘူမိဗေဒကျောင်းသားဖြစ်မှတေ ချီးကြောက်နေလို့ အပိုပဲ"

ကိုအောင်ကား ရေထဲ ပြန်မဆင်းတော့ချေ။ ကျန်တဲ့အကောင်တေ ကမူ ဘာမှဖြစ်သလို အားရပါးရ ရေစိမ်နေကြလေသည်။ ဆန်နီဆိုလျှ ရေများကို ပုံလိုက်ထွေးလိုက် လုပ်ရင်း ပါးစပ်ကို ဆေးကြောနေလိုက်သေးသည်။

"ခုလို မနက်ခင်းအလှကို မြင်တော့ ကျောင်းကို သတိရလိုက်တ ကွာ"

ဆန်နီက ညည်းညည်းညူညူ ပြောလိုက်သည်။

"ဘာကို သတိရတာလဲ မနက်အစောကြီး ဖယ်ရီလာမယ့်အချိန် ဒုက္ခခံပြီး စောင့်ရတာကို သတိရတာလား"

"ဟုတ်ပါဘူးကွာ"



"ဒါဖြင့် မနက်စောစော လမ်းထလျှောက်တဲ့ ကောင်မလေးတွေရဲ့ ပေါင်ဖြူဖြူကလေးတွေကို လိုက်ကြည့်ရတာကိုလား"

"ဒါလဲ မဟုတ်ပါဘူး၊ ဦးချစ်ဆိုင်ကို သတိရတာ"

"ခုလို နှင်းကလေးတွေမှုန်မှုန်၊ နေရောင် မပွင့်တပွင့်၊ ငှက်ပျောတော ကလေးထဲက ဦးချစ်ဆိုင် အပြင်ခုံမှာ ထိုင်ရင်း ပေါက်စီပူပူလေး အချဉ်ရည်နဲ့ တို့ပြီး တစ်ကိုက်ကိုက်...လက်ဖက်ရည်ကျကျလေးကို တစ်ငုံငုံ၊ ဒူးယားကို တစ်ဖွာဖွာ"

"မအေပေး... ငါစားချင်လာပြီ"

ထိုနေ့က နေ့လယ်တစ်နာရီလောက်တွင် စခန်းက ထွက်ခဲ့ကြသည်။ ဆရာက သိပ်ဝေးဝေးမသွားဘူးဆိုသော်လည်း နာရီဝက်လောက်တော့ လျှောက်လိုက်ကြရသေးသည်။ လုပ်စရာတော့ သိပ်များများမရှိပါ။ ရာ နည်းနည်းပါးပါး ရှင်းပြရုံပဲ။

"မင်းတို့နော် ဘွတ်ကင်စာအုပ်ကို အားလုံးလိုက်ရေးရမယ်၊ မနေ့က ကော ရေးကြရဲ့လား"

ဘွတ်ကင်စာအုပ်ဆိုသည်မှာ ကွင်းဆင်းရာတွင် သူတို့၏ လုပ်ဆောင် က်များကို မှတ်သားရသော စာအုပ်ဖြစ်သည်။ အမှန်အားဖြင့် အင်ဒီဗီဂျူ ယ်လ်ထရဗတ်စ် ခေါ် ကိုယ့်အုပ်စုနှင့်ကိုယ် ကွင်းဆင်းကြသောအခါတွင် ွတ်ကင်မင်းခေါ် မှတ်တမ်းသမားမှာ တစ်ယောက်ထဲ ရှိရသည်။ ခုအခါ င်မှ အလေ့အကျင့်ရသွားအောင် အားလုံးကို ဆရာက ရေးခိုင်းနေခြင်း သည်။

"ဒီမြေပုံဖတ်တဲ့နေရာမှာလဲ အကင်းပါးဖို့လိုတယ်၊ မြေပုံထဲက အတိုင်း အတိအကျလိုက်နေရင် တလွဲဖြစ်ကုန်တတ်တယ်၊ ဘာလို့လဲဆိုတော့ ဆရာတို့ သုံးနေတဲ့ မြေပုံက ၁၉၀၄ ခုနှစ်လောက်က မြေပုံတွေကွ၊ ခု နှစ်ခုနှစ်ဆယ်ကျော်လာတော့ နယ်မြေအနေအထားက ပြောင်းချင် ပြောင်းနေနိုင်တယ်။ မြေပုံထဲမှာ ချောင်းလို့ပြထားတဲ့နေရာက ခု ချောင်းရှိချင်မှ ရှိတော့မယ်။ မြေပုံထဲမှာ ရွာလို့ပြထားတဲ့ နေရာက

www.burmeseclassic.com

www.burmeseclassic.com



ခုဖုန်းဆိုး ဖြစ်ချင်ဖြစ်နေမယ်။ ပြီးတော့ ဒီအရပ် ရွာငယ်တွေက
နှစ်တစ်ခါလောက် နေရာရွှေ့နေတာကွ။ ဒါကြောင့် မြေပုံဖတ်တဲ့
ဉာဏ်ကူဖို့လိုတယ်"

အမှန်ပင် ဉာဏ်ကူကြရသည်။ မြေပုံထဲမှာ ပြထားသော ထင်ရှ
သည့် မရွှေ့မပြောင်းနိုင်သော အမှတ်အသားတို့ကို မှတ်သားရသည်။
ရောက်သည့်နေရာကို သိချင်သည်ဆိုပါစို့။ မြေပုံထဲမှာ အလွယ်တကူရှ
မတွေ့နိုင်။ ဒီတော့ ဘယ်လိုလုပ်မလဲ။

ထင်ရှားသော နေရာတစ်ခုကိုရှာ၊ ဘုရားငါးဆူတောင် ဆိုပါစို့
ရောက်ရာအရပ်မှ ထိုတောင်ဆီသို့ ဒီဂရီအတိုင်း အရပ်မျက်နှာတိုင်း၊
ပေါ်မှာလည်း ထိုအတိုင်းမျဉ်းဆွဲ။ နောက်တစ်နေရာ ဖလုံး တောင်ဆိုပါ
အထက်ပါအတိုင်း ဒီဂရီအရပ်မျက်နှာတိုင်း၊ မြေပုံပေါ်မှာ မျဉ်းဆွဲ။ ထို
နှစ်ကြောင်းဆုံသည့်နေရာသည် မိမိတို့ရောက်နေသော နေရာပင်တည
သိပ်မခက်ပါ။ တြိဂိုမေတြီနည်းဆန်ဆန်ပါပဲ။

လေးနာရီလောက်မှာ အလုပ်သိမ်းလိုက်သည်။ လုပ်စရာ သိပ်များ
မရှိသော်လည်း နည်းနည်းတော့ ပင်ပန်းကြသည်။ မနေ့ကထက် စာ
တော့ အများကြီးသက်သာသည်ဟု ဆိုရပါမည်။

သူတို့ စခန်းသို့ ပြန်ခဲ့ကြလေသည်။ အပြန်လမ်းမှာ လှည်းတစ်
ဖြတ်မောင်းသွားသည်ကို တွေ့ရသောကြောင့် စပ်စုမိကြလေသည်။

"ဆရာကြီး…ဘယ်သွားမလို့လဲဗျ"

"ဘုရားငါးဆူသွားမလို့ နက်ဖြန်ဈေးနေ့လေ"

"ဘာသွားရောင်းမှာလဲ"

"စုံလို့ပါပဲ"

"ဘာစားစရာများ ရောင်းဖို့ပါသလဲ ဆရာကြီး"

"ခေါပုတ်ပဲ ပါတယ်"

"ဘယ်လို စားရတာလဲ"

"ကြော်စားစား…ကင်စားစား"



လှည်းသမားကြီးမှာ မြန်မာတစ်ယောက်ပင် ဖြစ်ဟန်တူသည်။ သို့ရာတွင် စကားအလွန်ဝဲလေသည်။ ရိုးသားမှုဟန် အပြည့်ရှိသည်။ လှည်းသမားကြီးဆီမှ ခေါပုတ်များ ဝယ်ခဲ့ကြသေးသည်။ ဒီနေ့တော့ ခေါပုတ် ကလေးကိုကင်၊ ရေနွေးကြမ်းကလေးနှင့် မြည်း၊ ရေရေလည်လည် ဖေတော့မှာပါကလား။

"ဟူး…မောလိုက်တာ"

ကိုအောင်သည် အင်္ကျီချွတ်ရင်းက ဒွင်မှ ဖလိုက်သည်။ ဘောင်းဘီအိတ်ထဲက ဘွတ်ကင်စာအုပ်ကိုထုတ်၍ အိပ်ထားဇပ်ပေါ် ပစ်တင်လိုက်သည်။ မျိုးမြင့်လွင်သည် သူ့ဘောင်းဘီအိတ်ထဲက ဘွတ်ကင်စာအုပ်ကို စမ်းကြည့်လိုက်၏။ ဟိုက် …ဘွတ်ကင်စာအုပ် မရှိတော့ပါလား။ ကျောပိုးအိတ်ကို ဖွင့်ကြည့်ပြန်သည်။ မရှိ။

"ကိုအောင်…ငါ့ဘွတ်ကင်စာအုပ်ယူလား"

"ဆလိုင်းကော"

"ငါလဲ မယူဘူး"

မျိုးမြင့်လွင်သည် လူစေ့တက်စေ့ လျှောက်မေးသည်။ ဘယ်သူမှမယူကြ။

"ဟေ့ကောင်တွေ၊ မနောက်ပါနဲ့ကွာ၊ ငါ့ဘွတ်ကင်စာအုပ်ယူထားရင် ပြန်ပေးကြပါ။ တော်ကြာ ဆရာက ဘွတ်ကင်စာအုပ်တွေ စစ်မယ်ဆိုရင် ခက်နေမယ်"

"မယူပါဘူးကွာ၊ မင်းစာအုပ် ဘာလုပ်ရမှာလဲ၊ ငါတို့မှာ ချိုးကုန်းဖို့ စက္ကူ အလုံအလောက်ရှိပါတယ်ဟ"

မျိုးမြင့်လွင်၏ ဘွတ်ကင်စာအုပ်မှာ အမှန်တကယ်ပင် ပျောက်နေသည်။ ထိုအချိန်မှာပင် ကျောင်းသားတစ်ယောက်သည် သူတို့ထံ သတင်းတစ်ခုလာပေးလေသည်။

"ဆရာက ပြောတယ်၊ ဒီနေ့ညနေ ခြောက်နာရီခွဲကျရင် ဘွတ်ကင်စာအုပ်တွေ ဆရာ့ဆီလာပို့ရမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်...ပြဿနာပဲ"

မျိုးမြင့်လွင် တော်တော် စိတ်ညစ်သွားသည်။ ကြည့်လေ ခု
ခြောက်နာရီ။ နာရီဝက်အတောအတွင်းမှာ ဒီစာအုပ် ပြန်ရအောင် ဘယ်လို
လုပ်ရမှာလဲ။ မတတ်သာတော့ပြီ။ ပြန်ကူးရုံပဲ ရှိသည်။

"ဘယ်လိုလုပ်မလဲ သူငယ်ချင်း"

"ပြန်ကူးရုံပဲ ရှိတယ်၊ စာအုပ်ပျောက်သွားတာ ဆရာသိရင် ရေ
လည်လည် ကောမှာလို"

"ဒါဖြင့်ရင် ငါ့စာအုပ်တင် ကူးလေကွာ၊ ကဲ...လာ ထမင်းမြန်မြ
သွားစားလိုက်ရအောင်"

"မစားဘူးကွာ၊ တော်ကြာ မမှီဘဲနေမယ်"

မျိုးမြင့်လွင်သည် ကိုအောင့်စာအုပ်ကိုယူ၍ စာအုပ်အသစ်တစ်ခုမှ
ပြန်ကူးရလေသည်။ ကိုအောင်က စေ့စေ့စပ်စပ် မှတ်ထားသောကြောင့် ကူ
စရာတွေ အများကြီး ဖြစ်နေသည်။ ကူးနေရင်းက ဝမ်းထဲမှ ဆာလာသည်
သို့ရာတွင် ထမင်းစားလို့ မဖြစ်။ ကိုအောင်က မျိုးမြင့်လွင်အတွက် ဟာ
ကောဖြင့် ယူလာမည်ဟုဆိုသော်လည်း သူတားလိုက်သည်။ တကယ်လ
သူ ထမင်းသွားမစားဘဲ ကိုအောင့်ကို ယူခိုင်းလိုက်လို့ ဆရာက မျိုးမြင့်လွ
ဘာဖြစ်လို့ လာမစားတာလဲ မေးရင် ခက်မည်။ ထို့ကြောင့် ဆာသောစိတ်
ကို ကျိတ်၍ ဖြေဖျောက်ရင်း ကူးနေရလေသည်။

ခြောက်နာရီ ဆယ့်ငါးမိနစ်။ တစ်ဝက်ပင် မကျိုးသေး။ ကိုအောင်တို
မြင့်သောင်းတို့ကား အပြင်ဘက်မှာ မီးဖိုပြီး ခေါပုတ်ကင်နှင့် ရေနွေးကြမ်
သောက်နေကြပြီ။ ဆေးလိပ်ကလေးတွေ ကိုယ်စီ၊ စကားတပြောပြော ဝိ
ကျနေကြပြီ။ ဆန်နီသည် မျိုးမြင့်လွင်အတွက် ခေါပုတ်နှင့် ရေနွေးကြမ်
တစ်ခွက်လာပေးသည်။ ခေါပုတ်စားလိုက်မှ ဗိုက်က နည်းနည်း ငြိမ်သွာ
သည်။

ခြောက်နာရီခွဲ၊ ကျောင်းသားတို့သည် သူတို့၏ဘွတ်ကင်စာအုပ်များ
ကို ဆရာ့ဆီသွားထပ်လိုက်ကြပြီ။ မျိုးမြင့်လွင် ကူးလို့ မပြီးသေး။



"ဟော့ကောင် မြန်မြန်ကူး ကွ၊ ငါ့စာအုပ်ပါ သွားမထပ်ရဘဲ နေဦးမယ်"

ကိုအောင်က အေးမှလောနေသည်။ သူမှာလည်း သူ့စာအုပ်ကို
မျိုးမြင့်လွင် ကူးဖို့ပေးထားရသောကြောင့် သွားမထပ်ရ။ စောင့်နေရသည်။
ဆောင်းညခင်း၏ အအေးဓာတ်သည် မျိုးမြင့်လွင်၏ နဖူးမှာ စို့နေသော
ချွေးစများကို မခြောက်သွေ့စေနိုင်။

"စာအုပ် မထပ်ရသေးတဲ့လူတွေ မြန်မြန်လာထပ်ပါတဲ့"

ကျောင်းသားတစ်ယောက်က အပြင်မှ ဖြတ်အော်သွားသည်။ မျိုးမြင့်
လွင်၏ ခေါင်းသည် 'ဆတ်ခနဲ' ထောင်ထားသည်။ ကိုအောင်၏ ဖင်သည်
ကြွခနဲ ဖြစ်သွားသည်။ မျိုးမြင့်လွင်အားနာသွားလေသည်။ သူ့ကို ကူးဖို့ပေး
ထားရသောကြောင့် ကိုအောင်လည်း စာအုပ်မထပ်ရသေး။

"ကဲ...ကိုအောင် မင်းစာအုပ်သွားထပ်လိုက်တော့"

"မင်း မကူးတော့ဘူးလား"

"တော်ပြီကွာ"

ကိုအောင်သည် စာအုပ်ယူပြီး ထွက်သွား၏။ မျိုးမြင့်လွင်သည် ဆရာ
မေးလျှင် မည်သို့ ဖြေရမည်ကို စဉ်းစားနေသည်။

ဆရာမေးလျှင် ဘယ်လိုဖြေရမလဲ၊ ပျောက်သွားတယ်လို့ ပြောလို့
တော့ မဖြစ်ချေ။ ခုကူးပြီးသလောက်ကိုပဲ ပြလိုက်တော့မည်။ အဲ... ဒီလို
လည်း မဖြစ်သေး၊ လိုက်မမှတ်ရကောင်းလားဆိုပြီး ဆူလိမ့်ဦးမည်။ ဆူ တော့
မည့်တူတူတော့ မထူးပြီ။ မှန်တဲ့အတိုင်း အဆူခံလိုက်တာပဲ ကောင်းသည်။
လူငယ်ပဲ ကိုယ့်ပေါ့လျော့မှုအတွက် အဆူခံရရမှာပေါ့။

သို့သော် ကိုအောင်ပြန်ရောက်လာပြီး သူ့ကို ဆရာခေါ်နေကြောင်း
ပြောသောအခါ သူ ကြောက်သွားပြန်လေသည်။ ဆရာခေါ်တာကို မသွား
လို့လဲ မဖြစ်၊ အလေးကန်ဆုံးသော ခြေလှမ်းများဖြင့် ဆရာ့ဆီ ထွက်ခဲ့သည်။
ဆရာနေသော တဲရှေ့ ရောက်သောအခါ ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

"မျိုးမြင့်လွင်လားဟေ့၊ ဝင်ခဲ့လေကွယ်"

သူရောက်နေတာ ဆရာသိသွားသည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



အားတင်း၍ ဝင်သွားသည်။

"လာကွာ မျိုးမြင့်လွင် ဘွတ်ကင်စာအုပ် လာထပ်တာလား၊ နောက်ကျလှချည်လားကွ"

ဆရာက ဆီးကြိုနှုတ်ဆက်သည်၊ မျိုးမြင့်လွင်သည် တွန့်ခနဲ ဖြစ်သွား၏။

"ဟို ဥစ္စာ...ဆရာ...ကျွန်တော်"

"ဘာလဲကွ၊ လက်ရေးမလှလို့လား၊ မသပ်ရပ်လို့လား၊ ရပါတယ်ကွ သွားရင်းလာရင်းက ရေးတာပဲ၊ မင်းဘာသာ ဖတ်လို့ရရင် ပြီးတာပဲ"

"မဟုတ်ဘူးဆရာ၊ ကျွန်တော် ...ကျွန်တော့်စာအုပ် ပျောက်သွားလို့"

"ဘာကွ"

ဆရာ့ကိုယ်ကြီးသည် နောက်ကိုမှီထားရာမှ ရှေ့ကို ကုန်းထလာသည်။ မျိုးမြင့်လွင်၏ကိုယ်သည် နောက်ကျုံ့ကျုံ့ကလေး ဆုတ်သွားလေ၏။

"စာအုပ်ပျောက်သွားတယ် ဟုတ်လား"

"ဟုတ်...ဟုတ်ကဲ့ဆရာ"

ဆရာ့မျက်လုံးသည် ပြူးထွက်လာ၏။ မျိုးမြင့်လွင်၏ မျက်နှာသည် သူ့အင်္ကျီလက်မောင်းက ဘူမိဗေဒတံဆိပ်ကလေးလောက် ငယ်သွားလေသည်။

"ကောင်းကွာ၊ ဘွတ်ကင်စာအုပ်ကိုများ ဖျောက်ပစ်တယ်တဲ့၊ သိ[illegible] တော်တဲ့ကောင်"

မျိုးမြင့်လွင်ဘာမှ ပြန်မပြောနိုင်၊ ခေါင်းကလေးကို ငုံ့၍သာ ငြိမ်နေသည်။

"ဒီမှာ ဟေ့ကောင်"

"ခင်ဗျာ"

"ဘွတ်ကင်စာအုပ်ဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ မင်း သိတယ် မဟုတ်လား"

"ဟုတ် ..."



"အေး၊ ဒါပေမယ့် ထပ်ပြောရဦးမယ်၊ မင်းတို့ အင်ဒီဗီဂျူအယ်လ် ထရေဗတ်စ် ဆင်းတဲ့အခါ၊ တာဝန်ခွဲပြီး လုပ်ရမှာ ဘွတ်ကင်မှတ်တဲ့ လူဟာ တစ်ယောက်ပဲရှိတယ်။ မင်းတို့တစ်နေ့လုံး လုပ်သမျှဟာ အဲဒီစာအုပ်ထဲမှာ မှတ်ရမှာ၊ အဲဒီစာအုပ် ပျောက်သွားရင် တစ်နေ့လုံး လုပ်ထားသမျှ ရေဖြစ်ကရော၊ ဘွတ်ကင်စာအုပ်ဟာ အသက်ပဲကွ နားလည်လား"

"ဟုတ်ကဲ့"

မျိုးမြင့်လွင်သည် မျက်နှာငယ်လေးဖြင့် ပြောလိုက်သည်။

"ကျွန်တော် ပေါ့ပေါ့ဆဆ လုပ်မိပါတယ်ဆရာ"

"အေး၊ မင်းအပြစ်ကို ဝန်ချမှတော့ ခွင့်လွှတ်ရတော့မှာပေါ့ကွာ၊ ကဲရော့..."

ဆရာသည် စာအုပ်ကလေးတစ်အုပ်ကို ထုတ်ပေးသည်၊ အလို ထို စာအုပ်သည် မျိုးမြင့်လွင် ပျောက်သွားခဲ့သော စာအုပ်ပါကလား၊ ဘယ်လိုက ဘယ်လို ဆရာ့ဆီ ရောက်နေရတာလဲ။

"ဆရာ့ဆီ ဘယ်လိုရောက်နေတာလဲ ဆရာ"

ဆရာက ပြုံးလိုက်သည်။

"ကဲပါကွာ၊ မေးမနေပါနဲ့၊ ယူသွားပါတော့"

မျိုးမြင့်လွင်သည် ဖဝေဖဝါစိတ်ဖြင့် ထွက်လာခဲ့သည်။

ဆရာသည် ဟက်ဟက်ပက်ပက် ရယ်ရင်း ကျန်ခဲ့သည်။

ဆရာ့တဲအပြင်ရောက်မှ ဆရာနှင့်အတူတူနေသော ကျောင်းသားတစ်ယောက်က ပြောပြလေသည်။

"တို့တစ်တွေ ခေါပုတ်ဝယ်ကြတုန်းက ခေါပုတ်သည်ရဲ့ လှည်းပေါ်မှာ မင်းစာအုပ်ကိုတင်ပြီး ဝယ်တာ၊ ပြီးတော့ ပြန်အထွက်မှာ လှည်းပေါ်မှာ မေ့ကျန်ခဲ့တာကွ၊ အဲဒါလှည်းဆရာကြီးက ငါတို့ထွက်သွားပြီး တော်တော်ကြာမှ သိတာနဲ့ စခန်းထိအောင် တကူးတက လာပေးသွားတာ၊ ဆရာက မင်းကို မှတ်လောက်အောင် ဆုံးမဦးမယ်ဆိုပြီး၊

www.burmeseclassic.com

www.burmeseclassic.com



ဘွတ်ကင်စာအုပ်တွေ စစ်မယ် ဘာညာနဲ့ မင်းစိတ်ဆင်းရဲအောင် လုပ်လိုက်တာကွ"

"သေလိုက်ပါတော့ကွာ၊ ကိုယ့်ကိုယ်ကိုသာ တူနဲ့ထုပြီး သေလိုက်ပါတော့"

"ထုရင်လဲ တစ်ချက်ထဲနဲ့ သေနိုင်တဲ့ နေရာထုနော်"

"ဘယ်နေရာလဲ"

"ငယ်ထိပ်...ငယ်ထိပ်"

မည်သို့ပင် ဖြစ်စေ မျိုးမြင့်လွင်သည် သူ၏ ပေါ့လျော့မှုအတွက် ထိုက်ထိုက်တန်တန် ခံလိုက်ရလေသည်။

ထမင်းတစ်နပ် ငတ်သွားသည်။

* * *

ညသည် တိတ်ဆိတ်နေ၏။

နှင်းမှုန်မှုန် ကျနေသည်။ ချမ်းစိမ့်စိမ့်ရှိသည်။

အိပ်ရာထဲမှာ ကွေးနေဖို့ကောင်းသော အခြေအနေ။

ထို့ကြောင့် ကျောင်းသား အများသည် စောင်ကလေးတွေကို ခြုံ၍ အိပ်နေကြသည်။ တချို့ကား အိပ်ပျော်ချင်မှ ပျော်လိမ့်ဦးမည်။ အိမ်အကြောင်း၊ ချစ်သူအကြောင်းတို့ကို စဉ်းစားရင်း မှိန်းနေကြတာ ဖြစ်ကောင်းဖြစ်မည်။ တချို့မှာ စာရေးနေကြဖလလသည်။ နက်ဖြန်တွင် ရိက္ခာဝယ်မည့် ကျောင်းသားတွေ မြို့တက်ကြလိမ့်မည်။ မိဘဆီရေးသောစာများ၊ သူငယ်ချင်းဆီ ရေးသောစာများ၊ ချစ်သူဆီရေးသောစာများကို လှူကြုံပါးလိုက်ကြလိမ့်မည်။ စာရေးနေသူများထဲတွင် ဆန်နီပါကြောင်းကို ပြောရန်လိုမည်မထင်ပါ။ ဆန်နီသည် အအိပ်မက်၏။ ခါတိုင်းဆိုလျှင် သူ အစောကြီး အိပ်လေ့ရှိသည်။ ခုအချိန်၌မူ သူ့မျက်လုံးများသည် ဖယောင်းတိုင်မီးရောင်တွင် တောက်ပြောင်နေကြလေသည်။ ဖောင်တိန်ကလေးသည် စာရွက်ပေါ်တွင် ပြေးလွှားနေသည်။



မောင်လေ ညဆိုရင် အိပ်လို့မရဘူး သိလား။

သက်ကို သတိရလို့

ဒီမှာ သိပ်ပင်ပန်းတာပဲ၊ တောင်တွေပေါ်တက်ရတာ၊ ကျောက်တုံးတွေ ထုရတာ၊ နေပူကြီးထဲမှာ၊ နေရတာလည်း ဆင်းရဲလိုက်တာ၊ အစားအသောက်ကလည်း မကောင်းဘူး၊ မောင် တော်တော်ပိန်သွားပြီ။ တောင်တွေဆီကို သွားတဲ့အခါ ချောင်းကလေးတွေဆီ ရောက်တိုင်း ပန်းပွင့်ကလေးတွေခူး ပြီး ရေထဲမျှောလိုက်တယ်၊ သက်ဆီကို ရောက်ပါစေလို့။

မောင့်မျက်စိထဲက မြင်ကွင်းထဲမှာ တစ်ခုခုလိုနေသလိုပဲ။

မောင့်နှုတ်ခမ်းမှာ တစ်ခုခု လိုနေသလိုပဲ။

မောင့်ရင်ထဲမှာ တစ်ခုခု လိုနေသလိုမဲ ဟာနေတယ်။

မောင်ပြန်လာတဲ့အခါကျမှ...

"ဟေ့ကောင် စုံထောက်ကြီး၊ ဘာရေးနေတာလဲ"

ကိုအောင် အနားလာရပ်သောကြောင့် ရေးလက်စစာရွက်ကို လက်ဖြင့် အမြန်အုပ်ထားလိုက်သည်။

"အဖေ့ဆီ စာရေးနေတာပါကွ"

"အဟာ...ဟုတ်လား၊ အဖေ့ကို မင်းက သက်လို့ခေါ်သလား၊ ဟုတ်လား"

"မအေပေး ငါ့စာ ခိုးဖတ်တယ်"

ဒီတစ်ခါ မောင့်စာ အေးမြင့်ဆံပင်လို နည်းနည်းတိုသွားပြီနော်"

နောက်တစ်ခါမှ မောင့်ဆံပင်လို ရှည်ရှည်ရေးတော့မယ်။

ဆန်နီသည် စာကို အပြီးသတ်လိုက်သည်။ ဒီစာသည် ခါတိုင်းစာများ ထက် တိုသည်ဟု ချစ်မျက်မှန်က ဆိုပေလိမ့်မည်။ အကြောင်းမှာ ခုတစ်ခါ ရေးသော စာသည် ကိုးမျက်နှာခွဲသာ ရှိသောကြောင့်တည်း။

ဆလိုင်း၏ အိပ်ရာသည် ထောင့်ဆုံးမှာ ရှိသည်။

ဖယောင်းတိုင် သုံးတိုင်ထွန်းထားသည်။ အများကြီးလည်း မထွန်းရဲ။ ဆရာတွေသွားမှာ ကြောက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်တွေ ဘာလုပ်နေတာလဲ"

ဖဲထုပ်နှင့် ပိုက်ဆံများကို စောင်ကြီးဖြင့် မြန်မြန်အုပ်လိုက်သည်။

ဆရာဝင်လာပြီမှတ်လို့။ သို့ရာတွင် ဆရာမဟုတ်ချေ။ ဝိုင်းသော်သည် သွားကိုဖြဲလျက် ဝင်လာသည်။

"...ငဝိုင်း"

"...ငါတို့က ဆရာမှတ်လို့ ဖဲတွေဖုက်လိုက်ရတာ"

ဝိုင်းသော်ကို ပဋိသန္ဓာရစကား ဝိုင်းဆိုကြသည်။

"တောက် ...နာလိုက်တာကွာ၊ ငါ အေ့စ်ပူးနေတာကွ"

"ငါလဲ အပ်အင်ဒေါင်းကွ အဆင်သိပ်လှနေတာ၊ ငဝိုင်းလာရှုပ်လို့"

ဝိုင်းသော်က သူခြောက်လိုက်တာ ကြောက်သွားသောကြောင့် အောင်နိုင်သူတစ်ယောက်လို ပြောလိုက်သည်။

"ကြောက်သွားသလားဗျ၊ မကြောက်ပါနဲ့ဗျ၊ ကျုပ်က အမှုမလုပ်ပါဘူး ဟဲဟဲ"

"ဟေ့ကောင် မင်းဘာလာလုပ်တာလဲ"

"ငါ ပါချင်လို့"

"ပါချင်ရင်တော့ မရဘူး၊ ငါးအိမ်ပြည့်နေပြီ၊ ခြောက်အိမ်ကစားလို့ မကောင်းဘူး"

"အဲဒါ ပြောတာမဟုတ်ဘူးကွ၊ လိုက်ပါချင်တာ ပြောတာ"

"အဲဒါ ဒီကို လာရသလားဟ"

"မဟုတ်ဘူးလေ ငါတစ်ယောက်ထဲ သွားမပါရဲလို့၊ တစ်ယောက်ယောက် လိုက်ခဲ့ပါလို့"

ဝိုင်းသော်က မျက်နှာချိုသွေးလိုက်သည်။

"အောင်မာ ဘာလို့လိုက်ရမှာလဲ၊ မင်းဖာသာ သွားပါလား"

"တစ်ယောက်ထဲ ကြောက်လို့ပါကွာ"

"မလိုက်ဘူးကွာ"

"သူငယ်ချင်းကလဲကွာ၊ ဒီမှာ ငါပြောပြမယ်၊ ရွာနားက ချောင်းကလေးမှာ တံတားလေးထိုးထားတယ် မဟုတ်လား၊ အဲဒီ တံတားလေးပေါ်မှာထိုင်ပြီး ပါလို့ရှိရင် ချီးတုံးကလေးတွေက ရေထဲကို ပလုံ ပလုံဆိုပြီး ကျနေတာ သိပ်နားထောင်လို့ကောင်းတာကွ၊ အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်တုန်းက ဖောင်စကြာနဲ့ လှည့်ရင်း..."

"ဟေ့ကောင် တော်တော့ကွာ၊ မင်းအပြောကောင်းတာနဲ့ ငါတောင် ဗိုက်ထဲက ရစ်တစ်တစ် ဖြစ်လာပြီ"

"ဒါဖြင့်လဲ လိုက်ခဲ့လေကွာ"

"ကဲပါကွာ၊ အားလုံးသွားကြရအောင်"

ချောင်းကလေးဆီသို့ရောက်လာကြသည်။ ပါမည့်သူရော အဖော်လိုက်သူတွေရော တံတားကလေးပေါ်သို့တက်ထိုင်လိုက်ကြသည်။ ပျော်ရာတော့ အကောင်းသားပါ။

လရောင်သည် ချောင်းရေထဲတွင် ပေါလောပေါ်၍ စီးဆင်းနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေလေသည်။ ဝိုင်းသော်၏ အောက်တည့်တည့်မှ 'ပလုံပလုံ'ဆိုသော အသံကလေးသာ လောကဓာတ်ကြီးတစ်ခုလုံးကို ကြီးစိုးနေသည်၊ ဝိုင်းသော်ပြောသလို နားထောင်လို့တော့ ကောင်းသား။ မြင့်သောင်းက ဆန်နီကို လက်ကုပ်၍ မေးသည်။

"ဆန်နီ...ဒီ 'ပလုံပလုံ'ဆိုတဲ့ အသံကို ကြားရတော့ မင်းချစ်မျက်မှန်ကို သတိမရဘူးလားကွ"

"ဟ ဘာဆိုင်လို့တုန်း"

"ဆိုင်တာပေါ့၊ မင်းနဲ့ ချစ်မျက်မှန် အင်းလျားကန်စပ်မှာ မထိုင်ဖူးဘူးလား"

"ထိုင်ဖူးတာပေါ့ဟ"

"ထိုင်ဖူးရင် မင်းတို့နှစ်ယောက် အင်းလျားကန်ထဲကို ခဲလုံးတွေ ပစ် မချဖူးဘူးလား၊ အဲဒီအခါ ရေထဲကို ခဲကျတော့ ပလုံပလုံနဲ့ မြည်တယ် မဟုတ်လား၊ အဲဒါ သတိရစရာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်းစရာ ရှားလို့"

"ဟ သတိရတယ်ဆိုတာမျိုးက ငှက်ကလေးတွေအော်မှ၊ လကလေးက သာမှ။ သစ်ရွက်ကလေးတွေ ကြွေမှ၊ ရှုခင်းကလေးက လွမ်းစရာကောင်းမှ သတိရတာ မဟုတ်ပါဘူးကွာ၊ သတိချင်တဲ့အခါ ဘယ်လိုနေရာမှာဖြစ်ဖြစ် သတိရတာပါပဲ"

"ဟုတ်တယ်ကွ၊ လွမ်းတယ်ဆိုတာ ဘယ်လိုဟာကြီးမှန်းလဲ မသိဘူး၊ ငါလေ တစ်ခါတလေကျရင် ဘာကို လွမ်းမှန်းမသိဘဲ လွမ်းနေတတ်တယ်"

ကိုအောင်က ဆွေးဆွေးမြွေမြွေဝင်ပြောသည်။ ဟုတ်တော့ ဟုတ်ပါသည်။ ကိုအောင်မှာ လွမ်းစရာ ရည်းစားမှမရှိဘဲ။ ဒီနေရာမှာ အကွက်ဝင်လာပြီ။ ရည်စားမဲ့သူတို့သည် ရည်းစားလက်ကိုင်ရှိသူတို့၏ အနှိမ်ကို ခံရစမြဲ။

"အေးကွ၊ ကိုအောင်ပြောတာ မှန်တယ်၊ ရည်းစားမရှိတဲ့ လူဟာ စိတ်ဂယောင်ချောက်ချား ဖြစ်တတ်တယ်"

"မှန်တယ် မှန်တယ်၊ ပုနိပ်တို့ လှေကားစိုးမြင့်တို့ကို ကြည့်ပါလား သူငယ်ချင်းတွေကများ အတွဲကိုယ်စီနဲ့ ထွက်သွားကြပြီဆိုရင် သူတို့မှာ ယောင်တိယောင်အနဲ့ သေးပဲသွားပေါက်ရမလိုလို၊ ထိုင်ပဲငိုရမလိုလို၊ ကောင်မလေးတွေရဲ့ ခြေသလုံးကိုပဲ ဖက်ကိုက်ရတော့ မလိုလို...ခုလဲကြည့်..."

"ဟေ့ကောင်တွေ ငါ့ဖက်လှည့်မလာနဲ့"

ကိုအောင်က သူ့ဆီလာသော မြားဦးကို လွှဲပစ်ရန် ကြိုးစား၏။ သို့ရာတွင် မရနိုင်ချေ။ ဆလိုင်းက ဝင်ပြောပြန်သည်။

"ခုပဲ ကိုအောင့်ကိုကြည့်၊ လွမ်းစရာမှ ဒီကောင့်မှာ မရှိဘဲ"

"အမေနဲ့ အဖေကို လွမ်းမှာပေါ့ကွ"

ကိုအောင်၏ ဆင်ခြေ။

"မတူဘူးကွ၊ အဖေနဲ့အမေကို လွမ်းတာက တစ်မျိုး၊ ရည်းစားကို



လွမ်းတာကျတော့ ရင်ထဲကနေ လှိုက်လှိုက်ပြီး ...အဟင့်..."

"ဟ...ဟ...ဘာဖြစ်တာလဲ ဟ"

"ဘာမှဖြစ်တာ မဟုတ်ဘူး... မီးလာင်တာ"

အလွမ်းအကြောင်းကို စာတန်းပြုစုရန် ကြိုးစားမိသော မျိုးမြင့်လွင် အဟားခံလိုက်ရသည်။

"ဟေ့ ဟေ့...လမ်းကြောင်း မပြောင်းနဲ့ ဦးတည်ချက်ပျောက်သွားမယ်"

"အေးအေး...ဒီမှာ ကိုအောင်၊ မင်းအနေနဲ့ ကောင်မလေးတစ်ယောက်တော့ ရှာဖို့ ကောင်းပြီ"

"ဟ...တောထဲတောင်ထဲမှာ ဘယ်လိုလုပ် သွားရှာရမှာလဲကွ"

"...ထူလိုက်တဲ့ကောင်၊ မင်းကို အခုရှာခိုင်းတာ မဟုတ်ဘူးဟ၊ ကျောင်းပြန်ဖွင့်တော့ ပြောတာ"

"ဟုတ်တယ်ကွာ ကိုအောင်... မင်းက ရည်းစားမရှိတော့ မျောက်သင်းကွဲလို ဖြစ်နေတယ်"

"မင်း ခုပဲ တတိယနှစ်ယောက်ရောက်နေပြီ၊ ကျောင်းဖွင့်ရင် ဖိုင်နယ်ကွ"

"အေးကွ၊ ဖိုင်နယ်ရောက်ရင် ကောင်းကောင်းကန်ရမယ်၊ ဟိုဘက်အသင်းက ဂိုးသမား တော်တော် ကောင်းတယ်လို့ ပြောတယ်"

ဝိုင်းသော်က ပါရင်းက ဝင်နှောက်သည်။ မျိုးမြင့်လွင်က ဟောက်လိုက်၏။

"ငဝိုင်း...တိတ်တိတ်နေစမ်း၊ စကားကောင်းပြောနေတာ အဲ...နောက်ဆုံးနှစ်ဆိုရင် ဘာမှ အချိန်မရှိတော့ဘူး"

"ငါက မာစတာ ဆက်တက်မှာပဲဟ၊ အချိန်တွေ အများကြီး ကျန်သေးတယ်"

"ဘာ မာဇဒါ ဟုတ်လား၊ ငါကတော့ မာဇဒါ မလိုချင်ဘူး။ အဆန်း ဝမ်တွမ်တီးဝိုင်ပဲ လိုချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်ငြိမ်နေစမ်းပါကွာ၊ ဝင်မနှောက်စမ်းပါနဲ့၊ အဲ...ဘာပဲဖြစ်ဖြစ် ကျောင်းပြန်ဖွင့်ရင် မင်းစလုပ်ဖို့ ကောင်းပြီ၊ ဒါတောင် သိပ်နောက် ကျနေပြီ၊ သူများ ခြေတစ်လှမ်းလှမ်းရင် မင်းက လေးငါးဆယ်လှမ်း လှမ်းနိုင်မှ တော်ကာကျမယ်"

"ငါက ဘယ်သူ့ သွားဖန်ရမှာလဲ"

"ဒါတော့ ရှာပေါ့ကွ"

"ငါ ဘယ်သူ့မှ မကြိုက်ပါဘူးကွာ၊ အချစ်လဲ မရှာချင်သေးဘူး၊ မိ ကို လုပ်ကျွေးချင်သေးတယ်"

"ဟူး... ဘွဲ့နှင်းသဘင်ခန်းမရှေ့က ခြသေ့ရုပ်ကြီးကို စိုင်းထီးဆိုင် သီချင်းဆိုပြရသလိုပါပဲလားဟ"

ကိုအောင်သည် အခြားနေရာတွေမှာ လည်ပတ်ပုံရသော်လည်း မိန်း ကလေးတွေနှင့်ပတ်သက်လာလျှင် တော်တော့်အ၊သူ န၊သူ ဖြစ်သည်။ သူသည် ရည်းစားတစ်ခါမှ မထားဖူးချေ။ ဒီအရွယ်ရောက်မှ အမြီးမပေါ် ရင် ဘာမျောက်လဲဟု မေးလျှင် 'မျောက်သင်းကွဲ'ဟုပင် ဖြေရပါမည်။ မတော် တဆ စာမေးပွဲ မကျဘူးဆိုလျှင်တောင် တက္ကသိုလ်မှာ လေးနှစ်လေ နေရမည်။ ဒီလေးနှစ်အတွင်းမှာ ရည်းစားသနားလေး တစ်ကောင်တ လောက်တော့ ရှိဖို့သင့်သည်။

"ဒီကောင့်ကိုတော့ ပြောမနေပါနဲ့တော့ကွာ"

"မပြောတော့ဘူးကွာ၊ ချစ်မျက်မှန်အကြောင်းပဲ ပြောမယ်"

ဆန်နီခေါင်းသည် ဆတ်ခနဲ ထောင်လာသည်။ သူ့ကို ဝိုင်းနှိပ်တော့ မည်ကို သိလိုက်သည်။

"ဒီမှာ စုံထောက်ကြီး ဦးဆန်နီ၊ ခုချိန်ဆိုရင် ချစ်မျက်မှန် ဘာလုပ် မလဲ မသိဘူး"

"ဘယ်သိမလဲကွ"

"အိပ်နေမှာပေါ့ကွ"

"ဆန်နီ့ကိုတော့ သတိရနေမှာ မဟုတ်ပါဘူး၊ ယောင်လို့တော့ အိပ်မက်မက်မှာ မဟုတ်ဘူး"



"ငါစိတ်ထင်တော့ ချစ်မျက်မှန်ဟာ ခုချိန်မှာ အိပ်ရာက တရေးနိုး လို့ အစားအသောက်တစ်ခုခုကို အပြတ်တွက်နေလိမ့်မယ်ထင်တယ်"

"ဖြစ်နိုင်တယ်၊ ချစ်မျက်မှန်က အစားပုတ်တယ်"

"ဒါကြောင့် ဝနေတာ"

"စိုပြည်တာပေါ့ကွ"

"မဟုတ်ဘူး၊ ဝတာ ဝတာ၊ ဒါ ဆန်နီမှန်တယ်၊ ငါတို့ကောင်တွေ ဟာ ဝတဲ့ကောင်မလေးတွေကို ရွေးပြီး ကြိုက်သင့်တယ်"

"ဘာလုပ်ဖို့လဲ"

"ဒီလိုကွ၊ ငါတို့နဲ့ ကြိုက်တဲ့ကောင်မလေးတွေဟာ တို့နဲ့ လက်ထပ် ပြီးရင် စိတ်ဆင်းရဲပြီး ပိန်သွားမှာ၊ ဝတဲ့လူကို ယူထားမှ ပိန်သွားမှာနဲ့ အတော်ပဲ"

"အေးကွ၊ ငါတို့ကောင်တွေဟာ တော်တော်ဆိုးတာပဲနော်"

ပေါက်တတ်ကရ၊ မဟုတ်ကဟုတ်က၊ ပေါက်ပေါက်ရှာရှာ စသော မဟုတ်တမ်းတရား စကားတွေကို ပြောရမယ်ဆိုလျှင် သူတို့အဖွဲ့ကို မှီသူ မရှိနိုင်။ ဘယ်သူပြိုင်ပြိုင် မနိုင်နိုင်။

ပစ်တိုင်းထောင်အဖွဲ့တဲ့ မဟုတ်လား။

* * *

ဒီနေ့ နားရက်ဖြစ်သည်။

ပစ်တိုင်းထောင်အဖွဲ့သည် ရွာထဲလျှောက်ကြည့်ဖို့ ထွက်ခဲ့ကြ၏။ စရောက်ကတည်းက ကွင်းဆင်းခြင်းဖြင့်သာ အချိန်ကုန်ခဲ့ရသည်။ နံနက်စောစောထွက်၊ တောင်တွေတက်၊ ချောက်ထဲဆင်း။ ကျောက် တုံးတွေထု၊ တစ်နေ့လုံး မနားရ၊ ပြန်လာတော့လည်း ခြေကုန်လက်ပန်း ကျနေပြီ။ ရေချိုး၊ ထမင်းစား၊ အိပ်ရာပေါ်လှဲချ၊ ခေါင်းနဲ့ခေါင်းအုံးမထိခင် ကျောနဲ့ကြမ်းပြင်အထိမှာ အိပ်ပျော်သွား။ လည်ဖို့ပတ်ဖို့ အချိန်မရခဲ့။ ဒီနေ့

www.burmeseclassic.com

www.burmeseclassic.com



မှပဲ ရွာကို ကြည့်ရပေတော့မည်။

ကျွဲတပ်ဆိုရွာသည် အိမ်ခြေမများလှချေ။ ရွာ၏ပဓာနကျသော လု
ငန်းမှာ ကိုင်းလုပ်ငန်းနှင့် မီးသွေးဖုတ်ခြင်း။ နောက်တစ်ခုရှိသေးသည်။
အမည်နှင့် မလိုက်သောအလုပ်။ နွားမွေးမြူခြင်း။ ဒီရွာမှာ နွားအလွန်
သည်။ ကျွဲကားတစ်ကောင်တလေပင် မတွေ့နိုင်။ ရွာအမည်ကို ကျွဲတပ်
မှည့်ဖို့ မကောင်း။ နွားတပ်ဆိုလို့ မှည့်ဖို့ပင် ကောင်းသည်။

"ဟာ…ဟိုမှာ…ဟိုမှာ"

ဆန်နီက အလန့်တကြားအော်သည်။

"ဘာလဲ…ဘာလဲ"

"ကောင်မလေး…ကောင်မလေး အိမ်ရှေ့ကို ထွက်ကြည့်နေတာ၊ ငါ
ပြန်ကြည့်လိုက်ရော အိမ်ထဲ ဝင်ပြေးတယ်"

"ဟင်း…ကောင်မလေးတစ်ယောက်တွေ့တာများ ရတနာသိုက်တွေ
တာ ကျနေတာပဲ"

ကိုအောင်က မဲ့မဲ့ရွဲ့ရွဲ့ပြောလိုက်သည်။

"ဟ …ခုချိန်မှာ ဒါ ရတနာသိုက်ပဲကွ၊ ငါတို့ မိန်းမကို မမြင်ရတာ
ဘယ်လောက်ကြာပြီလဲ"

"ဘုန်းကြီးကျောင်းကို ဆွမ်းလာပို့တဲ့ အဘွားကြီးတွေ မြင်ရသား
"သွတ်…အဲဒါ အဘွားကြီးတွေဟ"

"ဒါလဲ မိန်းမပဲ"

"ဟေ့ကောင် ကိုအောင်…ဖိလင်မရှိတဲ့ကောင် ငြိမ်ငြိမ်နေ"

"ရင်ခေါင်းထဲမှာ ကျောက်တုံးကြီးထည့်ထားတဲ့ကောင် ဟတ်လက်
မင်းပါးစပ်ပိတ်ထား"

"ရှတ်ယော်မောက်သ်"

"ကိုကွိုင်းယက်"

"ဟိုးလ် ယော်တန်းဂ်"

တစ်ယောက်တစ်ပေါက် ဝိုင်းဟောက်သောကြောင့် ကိုအောင်ငြိမ်



သွားသည်။

ခွေးတစ်ကောင်စ နှစ်ကောင်စသည် သူတို့ကို ဝိုင်းဟောင်ကြသည်။
လေးတွေက သူတို့နောက်ကို တကောက်ကောက်လိုက်နေကြသည်။
ပျော်တော့ ပျော်စရာအကောင်းသား။

သူတို့ပုံကို ကြည့်ပါ။ အားလုံးလိုလိုမှာ ဂျင်းဘောင်းဘီတွေနှင့်၊
ဘောင်းဘီခြေဖျားက နှစ်ဆယ့်နှစ်လက်မရှိသည်။ ဒါတောင် ကွင်းဆင်းရမှာ
လို့ နည်းနည်းကျဉ်းကျဉ်း ချုပ်ထားတာ။ အင်္ကျီတွေကတော့ ဂျင်းရှပ်
သည်း ပါသည်။ ရှိုးရိုးရှပ်လည်း ပါသည်။ ဖိုးလ်ကုတ်လည်း ပါသည်။ သူတို့
ခံတွေမှာ ရွာတွင် အထူးအဆန်းလို ဖြစ်နေသည်။ မြင်လိုက်ကတည်းက
ရန်ကုန်က ကျောင်းသား…ရန်ကုန်က ကျောင်းသား ဟု အော်နေသလို ထင်
နေသည်။

ညနေစာထမင်းသည် စားလို့ကောင်းသည်။ ဒီနေ့ဟင်းသည် ကောင်း
သည်ဟု ပြော၍ရနိုင်သည်။ ချက်နေကျ ငါးခြောက်ပင်းမဟုတ်။ ရွာမှဝက်
ပေါ်သောကြောင့် ဝယ်ထားသောဝက်သားဟင်း၊ ခရမ်းချဉ်သီး ငါးပိချက်
လေးပါပါသောကြောင့် စားခဲ့သမျှ အကောင်းဆုံးဟင်းဟု ဆိုရမည်။ စားပြီး
တော့ ဗိုက်လေးလေးမို့ အိပ်ရာပေါ် ပစ်လှဲနေကြသူတွေ များသည်။ မအိပ်
နိုင်သူတွေမှာ အကြံသမားအုပ်စုနှစ်ခု။

ထွန်းမင်းကျော်တို့အုပ်စုသည် အပြင်ထွက်ဖို့ ပြင်ဆင်နေကြပြီ၊ သို့ရာ
တွင် တခြားလူတွေ မသိအောင် ကျိတ်၍ ပြင်ဆင်နေကြခြင်းဖြစ်သည်။

မြင့်သောင်းတို့သည် ထမင်းလုံးစိဖို့ စိတ်မကူးနိုင်။ ထွန်းမင်းကျော်တို့ကို
ဂရုစိုက်ကြည့်နေရသည်။ ထွန်းမင်းကျော်တို့ကို ကြည့်ရသည်မှာ ဂဏာမငြိမ်
နိုင်လွန်းသည်။ အမှန်တော့ သူကို ဂရုစိုက်ကြည့်နေသောကြောင့်သာ သိ
သာခြင်းဖြစ်သည်။ ထွန်းမင်းကျော်တို့ကား ကျန်သော ကျောင်းသားများ
အလစ်တွင် မျက်ခြည်ဖြတ်ထွက်ရန် ကြိုးစားနေကြလေသည်။

မှောင်လာသောအခါ ထွန်းမင်းကျော်တို့သည် တစ်ယောက်ပြီး
တစ်ယောက် "လှစ်ခနဲ" "လှစ်ခနဲ" ထွက်ကုန်ကြသည်။ မြင့်သောင်းတို့သည်

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ယောက်ကိုတစ်ယောက် လက်ကုပ်၍ မသိမသာထွက်ခဲ့ကြသည်။

ထင်သည့်အတိုင်းပင် ဖြစ်ပါသည်။ ထွန်းမင်းကျော်တို့အုပ်စုသည် ဘုန်းကြီးကျောင်းဝင်းအပြင်ရှိ ညောင်ပင်ကြီးအောက်မှာ လူစုမိနေကြပြီ။

"ဘယ်လိုလုပ်မလဲ"

ဆန်နီက တိုးတိုးမေးသည်။

"ခွတ်တားရမှာပဲ"

ဆလိုင်းက ဖြေသည်။

"မလွယ်ဘူး ထင်တယ်"

"ဖြစ်အောင် လုပ်ရမှာပဲ လာ သွားမယ်"

မျိုးမြင့်လွင်က ဦးဆောင်၍ ထွန်းမင်းကျော်တို့ဆီ ထွက်သွားကြသည်။

"ဘယ်လဲကွ ...ထွန်းမင်းကျော်"

"ဟာ...မျိုးမြင့်လွင်တို့"

ထွန်းမင်းကျော်၏ မျက်နှာသည် သူတို့ကို မနှစ်မြို့ဟန်ပြနေသည်။ သို့ရာတွင် ဟန်လုပ်၍ ပြုံးသည်။ ဆလိုင်းက မေးလိုက်၏။

"ဘယ်လဲကွ ရွာထဲလား"

"အေး..."

မဖြေချင်သလို ဖြေသည်။

"ဒီအချိန်ကြီးကျမှကွာ"

ထွန်းမင်းကျော်သည် တစ်ခုခုကို ဆုံးဖြတ်ချက် ချလိုက်ဟန်တူသည်။

"မင်းတို့လဲ လိုက်ခဲ့ပါလားကွ၊ အကြံအဖန် ရှိတယ်"

ထွန်းမင်းကျော်က လက်ညှိုးနှင့်လက်မထိပ်ကို စု၍ ပြသည်။

"မသွားသင့်ဘူးထင်တယ်"

ဝိုင်းသော်က ပြောလိုက်သည်။ ထွန်းမင်းကျော်သည် ဝိုင်းသော်ကို ဖျတ်ခနဲ ကြည့်သည်။

"ကောင်မကြီးက အဖြစ်ကြီးပါကွာ၊ တောင်ကြီးကတည်းက ဟိုမှာ



ကျော်စောမှုနဲ့ ဆွဲမယ်လုပ်လို့ ဒီမှာ ခဏလာပုန်းနေတာ။ နေ့လယ်က ငါတို့ဝင်ရောလိုက်တာ ပြေလည်သွားတယ်ကွ။ ခု 'ရွာထိပ်မှာ ချိန်းထားတယ်။ ငါးဆယ်လောက်ပေးရင် ရမှာပါ။ မင်းတို့လဲ ရှယ်ယာ ပါပါလား။ အတူတူ သွားတာပေါ့"

မျိုးမြင့်လွင်က မျက်နှာရှုံ့မဲ့လိုက်သည်။ ထွန်းမင်းကျော်က အဓိပ္ပာယ်တစ်မျိုးကောက်လိုက်မိပြီး ဆက်ပြောပြန်သည်။

"လူများနေလို့လားကွ၊ ဒီလူလောက်များ ဖြုံမှာတောင် မဟုတ်ဘူး"

"တော်ပါတော့ကွာ"

မျိုးမြင့်လွင်၏အသံသည် အနည်းငယ် မာသွားသည်၊ ထွန်းမင်းကျော် မဲ့ညွှသွားလေသည်။

"ဒီမှာ ထွန်းမင်းကျော်၊ ငါတို့လိုက်လာတာက မင်းတို့ကို အဲဒီကို မသွားဖို့ ပြောမလို့"

"ဟာကွာ ...ဘာဖြစ်လဲသွားတာ"

"မသွားရဘူးကွာ"

ကိုအောင် ဝင်အော်လိုက်သည်။ ဆလိုင်းက ကိုအောင်ကို လက်ကာ၍ တားလိုက်သည်။

"မဟုတ်ပါဘူးကွာ၊ ဒီနေရာကြီးမှာ သိပ်သိသာလွန်းနေတယ်"

"မင်းတို့ အပူမပါပါဘူးကွာ"

ထွန်းမင်းကျော်၏အသံသည်လည်း ခတ်ဆတ်ဆတ် ထွက်လာသည်။

"ဒါပေမယ့်..."

"မင်းတို့နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်ကွာ၊ ကျောင်းသားတွေအားလုံး ထိခိုက်မယ့်ကိစ္စ"

"လူပါးဝလှချည်လား"

ထွန်းမင်းကျော်တို့ အုပ်စုထဲမှ တစ်ယောက်၏အသံထွက်လာသည်။ ကိုအောင်သည် ထိုကျောင်းသားကို စိုက်ကြည့်လိုက်၏။ ဆလိုင်းက အေးအေးစွာ ဆက်ရှင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုရှိတယ်ကွ၊ ရန်ကုန်လို နေရာမျိုး၊ တောင်ကြီးလိုနေရာမျိုးမှာ တော့ ကိစ္စမရှိဘူး၊ အားလုံး သူ့လိုကိုယ်လို လူတွေချည်းပဲ၊ ဒီမှာ တော့ မကောင်းဘူးကွာ၊ ရွာကလေးက သေးသေးလေး၊ ဘယ်နေရာ ဘာဖြစ်တယ်ဆိုတာ သိနိုင်တယ်၊ ပြီးတော့ ငါတို့ကျောင်းသားတွေ ပုံစံက ဒီက လူတွေနဲ့ သိပ်ခြားနားနေတယ်၊ ဒီကိစ္စကို လူတွေ သိကုန် မှာ သေချာတယ်"

"သိပစေပေါ့ကွ"

"သိကုန်တော့ ဘယ်ကောင်းမလဲကွ၊ ရန်ကုန်က လာတဲ့တက္ကသိုလ် ကျောင်းသားတွေ ဒီရွာမှာ ဒါမျိုးဖြစ်သွားတယ်ဆိုတာ မကောင်းဘူး ငါတို့ ကျောင်းသားအားလုံးကို ထိခိုက်နိုင်တယ်"

"ရှင့်လူချည်လား"

ထွန်းမင်းကျော်တို့ အုပ်စုက အသံထွက်လာပြန်သည်။

"ငါ တောင်းပန်ပါတယ်ကွာ၊ မသွားပါနဲ့တော့"

"မဆိုင်ဘဲ ဝင်မရှုပ်စမ်းပါနဲ့ကွာ"

ထွန်းမင်းကျော်က မဲ့ပြုံးပြုံးရင်းပြောသည်။ ကိုအောင်လက်သီးကို ဆုပ်လိုက်၏။

"ကျောင်းသားအားလုံး သိက္ခာကျမှာစိုးလို့ ပြောတာကွ"

ဆလိုင်းအသံသည် ဒေါသသံ ပါလာသည်၊ ထွန်းမင်းကျော်က 'ဟာက်ခနဲ' တစ်ချက်ရယ်သည်။

"မင်းကို့ ဖလော်ဆော်ဖီက အောက်ပါတယ်ကွာ၊ ကျောင်းသားသိက္ခာ တဲ့၊ မင်းတို့မှာ ဘယ်လောက် သိက္ခာရှိလို့လဲ"

"ဟေ့ကောင်...မင်းစကား ဒီမှာ ရပ်လိုက်စမ်း"

ကိုအောင့်အသံ ထွက်လာသည်။

"ဘာလို့ ရပ်ရမှာလဲ၊ မြန်မာပြည်က တက္ကသိုလ်တွေအားလုံးရဲ့ ဂုဏ် သိက္ခာကိုဆယ်ဖို့ မင်းတို့မှာ တာဝန်ရှိတယ်လို့ ထင်နေသလား ဟား...ဟား"



"မင်းစကား လွန်လာပြီ"

"မကြောင်စမ်းပါနဲ့ ဆလိုင်းရာ၊ တက္ကသိုလ်ကျောင်းသားတွေ ဒီ ထက်မက ပျက်စီးနေတာ တစ်ပုံကြီးပါကွ၊ မင်းတို့က ခုမှသူတော်စင် တွေ လုပ်ပြီး အဟဲ"

"ဟေ့ကောင် တော်တော့"

"တော်ပါပြီ တော်ပါပြီ၊ မင်းတို့နဲ့လည်း ဆက်မပြောချင်တော့ပါဘူး၊ တော်ကြာ မင်းတို့တရားနာလို့ ငါတို့ရဟန္တာတွေ ဖြစ်ကုန်ပါဦးမယ်၊ ကဲ... သွားမယ်ကွာ"

"မသွားရဘူး"

ဆလိုင်းက လှမ်းအော်သည်။ ထွန်းမင်းကျော်သည် နောက်ပြန်လှည့် ကြည့်လိုက်သည်။

"ရှင့်လူချည်လား အပေါင်းအသင်းရဲ့ ဒါပေမယ့် ကိုယ့်တို့ကို မောင် ရင်တို့ တားလို့ မရဘူးကွာ"

ထွန်းမင်းကျော်သည် ခါးမှာ ချိတ်ထားသော တောခုတ်ဓားကို ဆုပ်ကိုင်၍ ပြသည်။

"ဟေ့ကောင်..."

ကိုအောင်သည် အသံနက်ကြီးဖြင့် အော်၍ ထွန်းမင်းကျော်ဆီ ပြေး ဝင်သွားသည်။ မြင့်သောင်းက လှမ်းဆွဲသော်လည်း မမီတော့ပြီ။ ကိုအောင့် လက်သီးသည် ထွန်းမင်းကျော်၏ မေးရိုးဆီသို့ တစ်ချက်ဝင်သွားသည်။

"ခွပ်"

ထွန်းမင်းကျော် လဲကျသွားသည်။ ထိုအချိန်မှာပင် ဆန်နီနှင့် မြင့် သောင်းသည် ကိုအောင့်ကို ချုပ်ထားလိုက်ကြသည်။ ထွန်းမင်းကျော်သည် ဓားကိုဆွဲထုတ်၏။

"မင်းဓားကို ပြန်ထည့်ထားလိုက်စမ်း ထွန်းမင်းကျော်"

ဆရာ့အသံကို ကြားရသည်။ ဆရာသည် ကျောင်းသားသုံးယောက် နှင့်အတူ ရောက်ရှိလာသည်။ ထွန်းမင်းကျော်သည် ဓားကိုအိတ်ထဲပြန်

www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်သည်။ မြင့်သောင်းနှင့် ဆန်နီက ကိုအောင့်ကို ချုပ်ထားရာမှ လွှတ်ပေးလိုက်သည်။

"ဘယ်လိုဖြစ်ကြတာလဲ"

ဆရာ့အမေး။

"ဒီကောင်တွေ..."

"မဟုတ်ပါဘူးဆရာ၊ နောက်ရင်းပြောင်ရင်းနဲ့ အနောက်လွန်ပြီး စိတ်ဆိုးသွားကြတာပါ"

ကိုအောင်က အမှန်ကို ပြောမည်ပြင်သဖြင့် မျိုးမြင့်လွင်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ဆရာမသိသင့်ဘူးဟု သူထင်သည်။ ဆရာသိသွားလျှင် မိုးမီးလောင်လိမ့်မည်။ ပို၍ တင်းကျပ်စွာ အုပ်ချုပ်လာလိမ့်မည်။ တခြားအခွင့်အရေးလေးတွေပင် ပိတ်သွားလိမ့်မည်။ ဆရာသည် တခြား ကိစ္စများတွင် အလွန်သဘောကောင်းသော်လည်း ဒီလိုကိစ္စမျိုးကို လုံးဝခွင့်လွှတ်လိမ့်မည် မဟုတ်ကြောင်း မျိုးမြင့်လွင် သိသည်။ ခုလို ကာကွယ်ပြောလိုက်ခြင်းကြောင့် ထွန်းမင်းကျော်တို့က သူ့ကို ကျေးဇူးတင်ချင်မှတင်မည်။ ကိစ္စမရှိ။ ဒီနေ့ညအဖို့ ထွန်းမင်းကျော်တို့ မသွားဖြစ်တော့သည်ကိုပင် သူ ကျေနပ်မိသည်။

"ကဲ လာကြ...လာကြ ဒီနေရာမှာ မကောင်းဘူး၊ စခန်းကျမှဆက်ပြောကြတာပေါ့"

ဆရာက ပြောပြောဆိုဆို ဦးဆောင်၍ ထွက်သွားသည်။ ထွန်းမင်းကျော်သည် ပါးကို ပွတ်ရင်း ကိုအောင်ကို အခဲမကျေစွာ ကြည့်သည်။

အကယ်၍သာ ထိုညက ချိန်းဆိုထားရာနေရာသို့ အမျိုးသမီးထွက်အလာတွင် ထိုအမျိုးသမီးကို သက်ာမကင်းဖြစ်နေသော ကျေးရွာကောင်စီဝင်တို့သည် နောက်ယောင်ခံ၍ လိုက်လာကြကြောင်းကို ထွန်းမင်းကျော် သိလျှင် ကျေးဇူးတင်လိမ့်မည်လား မသိ။

●

## အခန်း (၅)

ကွင်းဆင်းရက်များ တစ်ဝက်ကျိုးခဲ့ပြီ။

ဒီနေ့သည် ကျွဲတပ်ဆုံစခန်းနှင့် ပျဉ်ညောင်စခန်းတို့ စခန်းချင်းလဲကြမည့်နေ့ဖြစ်သည်။ ပျဉ်ညောင်က ကျောင်းသားတွေက အရင်လာကြမည်။ သူတို့ရောက်မှ သူတို့စီးလာသည့်ကားဖြင့် ကျွဲတပ်ဆုံက ကျောင်းသားတွေ ပျဉ်ညောင်ကို လိုက်သွားကြမည်။

"ပျဉ်ညောင်က ကားက ဆယ့်နှစ်နာရီလောက်မှ ရောက်မယ်"

သတင်းကောင်းတစ်ခု ရောက်လာသည်။

"ဟေး..."

သူတို့ဦးထုပ်များကို ပစ်မြှောက်လိုက်ကြ၏။ သူတို့ပျော်သွားကြခြင်းမှာ အကြောင်းရှိပါသည်။ ပျဉ်ညောင်ကကားသည် ဆယ့်နှစ်နာရီလောက်မှ ရောက်လျှင် တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်ကြ၊ ပစ္စည်းတွေ ကားပေါ်တင်ကြ၊ ထွက်ဖို့ပြင်ဆင်ကြ၊ ဘာပဲဖြစ်ဖြစ် တစ်နာရီနီးပါးတော့ အချိန်ကုန်မည်။ ပျဉ်ညောင်သို့ အသွားတွင်လည်း လမ်းမှာနားတာနှင့်ဆိုလျှင် အချိန် ထပ်ကုန်ဦးမည်။ ပျဉ်ညောင်ရောက်တော့ ပစ္စည်းတွေ ပြောချ စခန်း

www.burmeseclassic.com

www.burmeseclassic.com



ကို ပြင်ဆင်တာနှင့်ဆိုလျှင် ညနေစောင်းသွားမည်။ ဆရာသင်းသည် စိတ်ချရသူမဟုတ်။ တကယ်လို့များ ပျဉ်ညောင်ကို စောစောရောက်ခဲ့လျှင် 'အချိန်ရှိသေးတယ်ဟေ့၊ ဂျင်နရယ်ထရဗတ်စ်ထွက်ကြရအောင်' ဆိုလျှင် ဒုက္ခ။ ခုတော့ ဒီကိစ္စအေးပြီ၊ ဝမ်းသာလိုက်တာဗျာ။

သီချင်းဆိုသူကဆို၊ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်နောက်ပြောင်သူကပြောင်၊ ဘောလုံးကန်တဲ့သူက ကန်၊ တရေးတမောအိပ်သူက အိပ်၊ ကိုအောင်ကား ဘာကိုဆွေးနေသည်မသိ အိပ်ရာလိပ်ကို ကျောမှီပြီး ငေးငိုင်နေသည်။ ဒီကောင်က ဒီလိုပဲ။ စိတ်ပျော့သည်။ ဒေါသဖြစ်စရာရှိလျှင် သူပဲ၊ လွမ်းစရာရှိလျှင်လည်း သူပဲ၊ ဒါတောင် ရည်းစားမရှိလို့၊ ရည်းစားများရှိလျှင် ခုနေ သူ ထိုင်ငိုနေမလားမသိ။

ဆယ့်နှစ်နာရီကျော်မှပင် ပျဉ်ညောင်မှ ကားရောက်ရှိလာသည်၊ စစ်ကားနှစ်စီးနှင့်အပြည့်။

"ဟေး...မျောက်တွေ...မျောက်တွေ၊ ငပေါတွေ"

ကျွဲတပ်ဆုံက ကောင်တွေက လှမ်းနှုတ်ဆက်သည်။

"ဟား...ကြောင်တွေ၊ ချင်ပန်ဇီ ချင်ပန်ဇီ"

ပျဉ်ညောင်က ကောင်တွေက ပြန်နှုတ်ဆက်သည်။

"ဟေ့ ယောက်ဖ မင်းနှမဆီကတောင် ငါ့ဆီ စာလာသေးတယ်"

"ဟုတ်လား ဘာတဲ့လဲ မင်းနှမ ငါ့ကို လွမ်းလို့ငိုနေတဲ့အကြောင်းကော မပါဘူးလား"

တစ်ယောက်နှင့်တစ်ယောက် ယဉ်ကျေးသိမ်မွေ့စွာ ပဋိသန္ဓာရစကားဆိုကြသည်။ တစ်ယောက်နှင့်တစ်ယောက် မချစ်ခင်မနှစ်သက်ဘဲ ဒီလိုစကားတွေ ပြောလို့မရပါ။ 'ဆဲမနာ ဆိုမနာ' ဆိုသော စကားလည်း အရှိသားပါ။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အတွေ့အကြုံ ဖလှယ်ကြသည်။ ကိုယ်နေခဲ့သော မြေ၏ 'အထာ' များကို အပြန်အလှန် ပြောပြကြသည်။ နေ့လယ်တစ်နာရီထိုးမှပင် ကျွဲတပ်ဆုံမှထွက်လာခဲ့ကြသည်။

ပျဉ်ညောင်သို့။



ကားလမ်းသည် တဖြည်းဖြည်း တောင်ပေါ်သို့ တက်လာသည်။ ကျွဲတပ်ဆုံသည် ရှမ်းပြည်နယ်အစပ်မို့ နည်းနည်းဖော်သေးသည်။ ပျဉ်ညောင်အတက်လမ်းမှာ ရှမ်းပြည်နယ်သို့ ဝင်ပြီဖြစ်၍ တောင်တို့သည် တဖြည်းဖြည်း မြင့်၍လာသည်။ ကားလမ်းသည် တောင်စောင်းနံရံများကို ဖြိုချ၍ ဖောက်ထားခြင်း ဖြစ်သည်။ တောင်တို့ကို ကွေ့ပတ်တက်ရသည်။ တစ်ဘက်မှာ တောင်နံရံ၊ တစ်ဖက်မှာ ချောက်ကြီး။ လမ်းက ကားတစ်စင်း ချောင်ချောင် သွားနိုင်ရုံကလေး။ ကားချင်းရှောင်ပြီဆိုလျှင် အဆင်းကားက လမ်းဘေးမှာ ရပ်ပေးရသည်။ ရှမ်းပြည်နယ် မရောက်ဖူးသော မြေပြန့်သားတို့မှာ တောင်တက်လမ်းကို ကြောက်နေသည်။ ကားချင်းရှောင်ရင်းနဲ့များ ချောက်ထဲကို 'ဝုန်း' ဆို ထိုးကျသွားလျှင်။ ဒီကြားထဲ ကားကြီးက မောင်းလိုက်တာ တော်တော်မြန်သည်။ လမ်းကွေ့မှာများကပ်၍ ဂွေ့လိုက်လျှင် ဘီးနှင့် ကတ္တရာလမ်းပွတ်သံ တကျွီကျွီမြည်သွားသေးသည်။ အသည်းအေးစရာ၊ တစ်ခါတုန်းရဲ့ လမ်းရှေ့တည့်တည့်မှာ တောင်မြင့်ကြီးက ကာဆီးနေတတ်သည်။ တောင်မြင့်ကြီးဆီသို့ ကားက ဦးတည်၍ ဝင်သွားပြီးတောင်အနားရောက်မှ တောင်ဘေးမှ ကွေ့ပတ်၍ ထွက်သွားလေသည်။ ကားလမ်းဘေးတောင်နံရံမှ ကျောက်စွန်းကြီးများသည် ကားလမ်းပေါ်သို့ မိုးနေသယောင်၊ ထိုကျောက်တုံးကြီးတွေများ ပြိုကျခဲ့လျှင်။

ကားမောင်းရဲဘော်ကား လေကလေးတရှူရှူချွန်ရင်း အေးဆေးစွာ မောင်းနေလေသည်။ သွားနေကျလူအဖို့တော့ ဒီလိုပေါ့။

"ခုအချိန်သာ ဒီကားပေါ်မှာ အေးပါလာလို့ရှိရင် အေးက ကြောက်ပြီး ငါ့ရင်ခွင်ထဲ ဝင်နေမှာပဲ"

"ဟ...ဟ...ဘာဖြစ်တာလဲဟ"

"ဘာမှ ဖြစ်တာ မဟုတ်ဘူး၊ မီးလောင်တာ"

ယင်းမာပင်ရောက်တော့ ခဏနားကြသည်။ ယင်းမာပင်မှာ ကျွဲဆင်းနေသော စခန်းတစ်ခုရှိသေးသည်။ ထိုစခန်းက ကျောင်းသားများနှင့် လက်ဖက်ရည်ဆိုင်မှာ ဆုံမိကြသည်။ ထုံးစံအတိုင်း ယဉ်ကျေးသိမ်မွေ့စွာ နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ခဲ့ပါသည်။

"ယောက်ဖတွေ သွားမယ်ဟေ့"

"သွားတော့ဟေ့၊ ငပေါတွေ၊ လမ်းမှာ ကားချောက်ထဲကျပြီး သေမယ့် ကောင်တွေ"

ရင်ဖိုရင်း အံ့သည်းအေးရင်း ကြောက်လန့်ရင်း၊ ဘုရားတ,ရင်း ပျဉ်ညောင်စခန်းသို့ ရောက်ခဲ့ကြသည်။ ပျဉ်ညောင်ရောက်တော့ သုံးနာရီ ထိုးပြီ။

အရင်ဆုံး နေဖို့ ပြဿနာကို ရှင်းရသည်။ ပျဉ်ညောင်မှာ ကျွဲတပ်ဆုံမှာလို ဘူမိဗေဒပိုင် အဆောက်အအုံ မရှိ၊ ပစ္စည်းတွေ တစ်နေရာပုံပြီး နေရာရှာထွက်ခဲ့ကြသည်။ လူမနေသော အိမ်ကလေးတစ်လုံး (တဲကို ဆိုလိုသည်) အိမ်တစ်အိမ်၏ လွတ်နေသော နေရာတစ်ခြမ်းကို ရသည်။ ကျန်လူတွေနှင့် ဆရာတို့ကတော့ ဘုန်းကြီးကျောင်းဝင်း အတွင်းရှိ လဟာပြင်ဇာတ်ခုံကလေးမှာ။ ဇာတ်ခုံဆိုသည်မှာလည်း သားသားနားနားမဟုတ်။ အမိုးကမရှိသလောက်၊ အခင်းက ဝါးကြမ်းခင်းအပေါက်အပြဲ။ အကာကား မရှိ။

မြင့်သောင်းတို့အဖွဲ့က အိမ်တစ်လုံး၏ မီးဖိုချောင်နေရာကို ရသွားလေသည်။ မီးဖိုချောင်ထဲမှာ သစ်သားဘောင်ခတ်ထားသော မီးဖိုပြာပုံကြီးက တောင်လို ပုံနေသည်။ ပြာပုံကြီးကို အရင် ရှင်းရသည်။ တံမြက်စည်းနှင့် လှည်းထုတ်။ ကြမ်းပြင်က ဆွေးနေပြီး တချို့နေရာက ပေါက်နေသည်။ ဝါးကပ်တွေငှားပြီး ခင်းရသည်။ ယင်းထံရံမှာ အပေါက်ကြီးတစ်ပေါက် နှစ်ပေပတ်လည်လောက် ကျယ်သည်။ ညဆိုလျှင် လေတွေ ဒလဟောဝင်တော့မည်။ ဖာရပြန်၏။ သူတို့စိတ်ထဲမှာ သကြီန်ရေကစားဖို့ မလှုပ်ဆောက်ကြသည်ကို သတိရနေမိကြလေသည်။ အားလုံးပြီးသောအခါ အိပ်ရာလိပ်များကို စီ၍ ခင်းလိုက်ကြသည်။

"ဟူး...ရန်ကင်းတိုက်ခန်းနဲ့များ ကွာပကွာ"

"ဟေ့ကောင်...ဘူမိဗေဒကျောင်းသား ဖြစ်နေမှတော့ ချီးကြောက်နေလို့ အပိုပဲ၊ ဖြစ်သလိုပဲ ကိုယ့်လူ၊ ငါတို့ကမှ အကာလေးရှိနေလို့



နည်းနည်းတော်သေးတယ်၊ ဆရာတို့နေရာဆိုရင် အကာတောင် မရှိဘူး"

"ကဲကွာ...ပြောမနေနဲ့လာ၊ ဘောလုံး သွားကန်ကြမယ်"

သူတို့တဲရှေ့မြေကွက်လပ်ကို ဘော်လုံးကွင်းအဖြစ် သတ်မှတ်လိုက်သည်။

"ရည်းစားရှိတဲ့ အသင်းနဲ့ ရည်းစားမရှိတဲ့အသင်း ကန်မယ်"

"အိုကေ"

"ဟ...ဒီလိုဆို ငါက ဘယ်ဘက်က ကန်ရမှာလဲ၊ ငါ့မှာ ရည်းစားရှိတယ်လဲမဟုတ်ဘူး၊ မရှိဘူးလဲ မဟုတ်ဘူး၊ ကျောင်းပြန်ဖွင့်မှ အဖြေပေးမယ်လို့ ပြောထားတာ"

သိန်းဝင်းက ပျာပျာသလဲ ဝင်ပြောသည်။

"ဒါဖြင့် မင်းဒိုင်လူကြီး လုပ်"

ပွဲစသည် ရည်းစားရှိတဲ့ဘက်က တစ်ဂိုးသွင်းပြီးနောက် ပွဲက နည်းနည်းမြန်လာသည်။ ဂိုးရှေ့မှာ ကိုအောင်ဘောလုံးကို ဆွဲပြေးသည်။ ဂိုးသမားနှင့် နှစ်ယောက်ချင်း။ ဆန်နီသည် ကိုအောင့်ကို နောက်ကနေ သိမ်းပစ်လိုက်သည်။ ကိုအောင် ယိုင်သွားလေသည်။

"ရွီ"

သိန်းဝင်းက လက်ခေါက်မှုတ်၍ ပွဲရပ်လိုက်သည်။ ဆန်နီဆီသို့ ပြေးသွားသည်။

"မင်း... သိပ်ကြမ်းတယ်"

သိန်းဝင်းက ပြောပြောဆိုဆို အိတ်ထဲက ဖဲတစ်ချပ်ကိုယူ၍ ဆန်နီမျက်နှာနားမှာ ထောင်ပြသည်။ ကွင်းဖဲ။

"ဒါက ဘာလဲကွ...ဖဲချပ်ကြီးက"

"အဝါကတ်ကွ...မင်းကို သတိပေးတာ"

ပွဲကို ဆက်ကစားသည်။ မျိုးမြင့်လွင်သည် ဘောလုံးကို ဆွဲပြေးသည်။ မြင့်သောင်းသို့ ကန်ပေးလိုက်သည်။ ရည်းစားမရှိ အသင်းဘက်မှ

www.burmeseclassic.com

www.burmeseclassic.com



နောက်တန်းလူ ဖော်မင်းသန်းက ဘောလုံးကို လက်ဖြင့် ပုတ်လိုက်သည်။ ဒိုင်လူကြီး သိန်းဝင်း မမြင်လိုက်ချေ။

"ဟင်းဘော...ဟင်းဘော"

"ပင်နယ်လတီ ပေးရမယ်"

"ပိန္နဲသီးတွေ ဒူးရင်းသီးတွေ လုပ်မနေနဲ့၊ ဒိုင်လူကြီး မမြင်ဘူး"

"ဪ...ငါမမြင်ဘူး"

သိန်းဝင်းက ဝင်ပြောလိုက်သည်။

"ဒိုင်လူကြီး လာဘ်စားတယ်"

"ဒိုင်လူကြီးပေါ"

"ပင်နယ်လ်တီပေးရမယ်"

"မပေးဘူးကွ၊ ငါ မမြင်ဘူး"

ဆန်နီသည် သစ်ရွက်တစ်ရွက်ကို ကောက်၍ ဒိုင်လူကြီးသိန်းဝင်း၏ မျက်နှာရှေ့မှာ လာထောင်ပြသည်။

"ဒါက ဘာလဲ"

"အနီကတ်ကွ... ဒိုင်လူကြီး ထွက်တော့"

"အံမာ ဒိုင်လူကြီးကို ထုတ်လို့မရဘူး"

"ရတယ်"

"ဒါဆိုရင်"

သိန်းဝင်းသည် အိတ်ထဲက စပိတ်တစ် ဖဲတစ်ချပ်ကိုထုတ်၍ ဆန်နီ့ ပြသည်။

"မင်းကို ရာသက်ပန် ထုတ်တယ်"

"ဒါဖြင့် ထွက်တယ်ကွာ၊ အတော်ပဲ ငါလဲမောနေတာနဲ့"

* * *

ဆလိုင်းနှင့်ဝိုင်းသော်သည် ဂုန်နီအိတ်တစ်လုံးကိုကိုင်၍ ထွက်လာ သည်။ ဒီနေ့ညနေစာဟင်းအတွက် ငါးခြောက်နှင့်ရောဖို့ အာလူးဝယ်ရ



သူတို့သည် ဒီရွာကို နေ့လယ်ကမှ ရောက်သည်။ ဘယ်မှာ သွားဝယ်ရမှန်း မသိ၊ ဆရာက ဒီအရပ်မှာ အိမ်ရှိသမျှ အာလူးရှိတယ်ဟုဆိုပြီး ပြောလွှတ်လိုက်ခြင်း ဖြစ်သည်။ အိမ်တစ်အိမ်ကို ဝင်မေးသည်။ ရောင်းဖို့မရှိ၊ 'မျိုး' အတွက် ထားသော အာလူးတွေသာ ရှိသည်။ နောက်တစ်အိမ်ကို ဝင်မေး သည်။

"တို့ဆီမှာစားဖို့ပဲ ရှိတယ် ရောင်းဖို့ မရှိဘူး၊ မင်းတို့ဝယ်ချင်ရင် ဟိုး တောင်ကုန်းလေးပေါ်က အိမ်မှာ သွားဝယ်ချေ"

တောင်ကုန်းကလေးပေါ်သို့ ဟက်ခဲ့ကြရပြန်သည်။

"အာလူးလိုက်ဝယ်လို့ ကြာတာနဲ့ ထမင်းစားနောက်ကျတော့မှာပဲ"

"မတတ်နိုင်ဘူး ကိုယ့်လူ၊ ရအောင်ဝယ်ရမှာပဲ"

"ဟောကောင်တွေ ဒီအရပ်မှာ စုန်းတွေဘာတွေ ရှိတယ်လို့ ငါကြား ဖူးတယ်"

"မင်းက ပေါလား၊ သိပ္ပံကျောင်းသား မဟုတ်တဲ့အတိုင်းပဲ၊ စုန်းတို့ ဘာတို့ မင်းက ယုံလို့လား"

ဆလိုင်းက ဝိုင်းသော်ကို ဟောက်လိုက်သည်။

"ငါလဲ ယုံတော့မယုံပါဘူး၊ ဒါပေမယ့် ဟိုတစ်နှစ်က ဒီကိုလာသွားတဲ့ ကောင်တွေက ဒီအရပ်မှာ စုန်းတောက်တာ တွေ့လိုက်ရတယ် ဆိုလို့"

"ဟာ...စုန်းတောက်တယ်ဆိုတာ ဖော့စ်ဖရပ်စ်တွေ လေထုထဲမှာ အစု အဝေးဖြစ်ရာကနေ မီးထတောက်တာပါကွ"

"ဘာပဲဖြစ်ဖြစ်လေ၊ တိတိကျကျ သက်သေပြနိုင်သေးတာမှ မဟုတ် ဘဲ"

တောင်ကုန်းထိပ်က အိမ်ကလေးဆီသို့ ရောက်လာခဲ့သည်။ အိမ် ကလေးသည် တိတ်ဆိတ်နေလေသည်။ လူမှရှိပါလေစ။

"အိမ်ရှင်တို့...အိမ်ရှင်တို့"

အော်ခေါ်ကြည့်သည်။ ထူးသံမကြားရချေ။ အိမ်နောက်ဘက်မှာများ ရှိမလား မသိ။ နောက်ဘက်သို့ လှည့်သွားကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှင်တို့...အိမ်ရှင်တို့"

"ဟင်..."

သူတို့ လန့်သွားကြသည်။ အိမ်နောက်ဘက်က မီးဖိုချောင်ထဲမှာ။ အိမ်ကလေးသည် ခပ်ကုတ်ကုတ် ခပ်မှောင်မှောင်။ အလင်းရောင်ခပ်မှိန်မှိန်မှာ မိန်းမကြီးနှစ်ယောက်။ ဆံပင်ဖားလျားချထားကြသည်။ထဘီ ရင်ရှားတွေနှင့် ဆောင့်ဆောင့်ကြီးတွေထိုင်လို့။ ရှေ့ကတစ်ယောက်ကို နောက်က တစ်ယောက်က သန်းရှာပေးနေသည်။

မယုံဘူးဆိုသော ဝိုင်းသော်သည် နောက်ပြန်လှည့်ရန် ပြင်လိုက်သည်။ ဆလိုင်းက ဝိုင်းသော်၏လက်ကို ဖမ်းဆွဲထားလိုက်သည်။

"ကျွန်...ကျွန်တော်တို့...ဟို...ဟို"

မိန်းမကြီးနှစ်ယောက် သူတို့ကို ပြူးကြောင်ကြောင်ကြည့်နေကြလေသည်။ ဆလိုင်းက စိတ်ကို တင်းလိုက်သည်။

"ကျွန်တော်တို့ ကျောင်းသားတွေပါ၊ ရန်ကုန်ကပါ၊ ဟိုဥစ္စာ အာလူးဝယ်ချင်လို့"

"အဟမ်း..."

မိန်းမကြီးတစ်ယောက်က ချောင်းဟန့်လိုက်သည်။ ဆလိုင်း တွန့်ခနဲဖြစ်သွားသည်။

"ရှိတယ်..."

မိန်းမကြီးက ခပ်ပြတ်ပြတ် ဖြေရင်း ထလာသည်။ ဆလိုင်းနှင့် ဝိုင်းသော်တို့၏ မျက်လုံးများသည် ကလယ်ကလယ် ဖြစ်နေကြလေသည်။ မိန်းမကြီးက ရိုင်ပတ်ကြီးတစ်ခုကို ဆွဲဖယ်ရင်း...။

"ဘယ်လောက်ယူမလဲ"

"ငါး...ငါးပိဿာလောက်"

မိန်းမကြီးသည် ဘာမှမပြောဘဲ အာလူးတွေကို ချိန်တွယ်နေသည်။ ပြီးတော့ သူတို့၏ ဂုန်နီအိတ်ထဲ ထည့်ပေးသည်။ ဆလိုင်းသည် ဈေးပင် မမေးတော့ဘဲ အစိတ်တန်တစ်ရွက်ထုတ်ပေးသည်၊ မိန်းမကြီးက ငွေအချို



ပြန်အမ်းသည်။ ဆလိုင်းနှင့်ဝိုင်းသော် ဘာမှထပ်မပြောတော့ဘဲ တချိုးတည်း လှည့်ပြန်ရန်ပြင်သည်။

"နေဦး"

မိန်းမကြီးတစ်ယောက်၏ အသံသြသြကြီး။ ဆလိုင်းနှင့် ဝိုင်းသော်သည် သခင့်အမိန့်ကို နာခံသော အမဲလိုက်ခွေးများလို တန့်ခနဲ ရပ်သွားကြသည်။ သူတို့ လှည့်ကြည့်လိုက်သောအခါ။

မိန်းမကြီးတစ်ယောက်၏လက်ထဲမှာ ကြက်ဥသုံးလုံး။

"ရန်ကုန်က ကျောင်းသားကလေးတွေ ဒါတွေ ယူသွားပါ၊ တို့ အလကား ပေးတာနော်"

ကြက်ဥသုံးလုံးကို လှမ်းပေးသည်။ သူတို့ တုန်တုန်ယင်ယင် လှမ်းယူလိုက်သောအခါ မိန်းမကြီးက ပြုံးပြသည်။ ကွမ်းစားတတ်သောကြောင့်ားမသိ သွားတွေက မည်းနက်နေသည်။ ထိုသွားအမည်းကြီးများသည် ပူစင်သော စိတ်ထားများကို မြင်သာစေလေသည်။

အပြန်လမ်းတွင် ဆလိုင်းနှင့် ဝိုင်းသော်သည် စကားမပြောနိုင်ကြမ်းနည်းနေကြသည်။ အထင်နှင့်အမြင်သည် ပါစင်အောင်လွဲပြီကော။

ထမင်းစားသောက်ပြီးကြတော့ ကိုယ့်တဲရှိရာသို့ ပြန်လာခဲ့ကြသည်။ စ်တိုင်းထောင်အဖွဲ့သည် သူတို့ဂေဟာဖြစ်သော မီးဖိုချောင်ကလေးထဲသို့ င်လာခဲ့ကြ၏။

"ဟေ့ ဆလိုင်းဘယ်ရောက်နေလဲ"

"အေးကွ"

"ညနေက အဘွားကြီးတွေကိုများ သွားတောင်းပန်နေသလား မသိဘူး"

"မဖြစ်နိုင်ပါဘူးကွာ"

"ဘာမှလဲ ပြောမသွားဘူး၊ ထမင်းစားနေရင်းက ပျောက်သွားတယ်"

"အိမ်သာသွားရင်းနဲ့ ကျားဆွဲသွားပြီလား မသိဘူး"

"ဒီကောင်သေရင်တော့ ငါတို့ ဖဲဝိုင်းထောင်ရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မအေပေးတွေ၊ ငါလာပြီကွ"

ဆလိုင်းသည် ပြောပြောဆိုဆို ရောက်လာသည်။

သူတို့သည် မိဝေး၊ ဖဝေး၊ သူငယ်ချင်းဝေး၊ ရည်းစားဝေး ဖြစ်နေရ ကြသူတွေ။ လွမ်းကြပေလိမ့်မည်။ ဆွေးကြပေလိမ့်မည်။ အဆိုးဆုံး နေရာ။ ကျောင်းသားကလေးများသည် ရန်ကုန်မှာတုန်းက ကျောင်းတ ချင်လျှင် တက်လိုက်၊ မတက်ချင်လျှင်လည်း လစ်လိုက်။ ရုပ်ရှင်ကြ လိုက်၊ သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်လိုက်၊ ဟားတိုက်ရ မောလိုက်။ ရည်းစားမကလေးတွေနှင့် အင်းလျားကန်ဘောင်ပေါ် လ လျှောက်လိုက်၊ အခန်းလွတ်များမှာ ဝင်ထိုင်လိုက်၏၊ အအေးဆိုင်မှ အအေးသောက်လိုက်၊ ပျော်စရာအချိန်များကို သက်သာစွာ ရရှိကြ သည်။ ပင်ပင်ပန်းပန်း လုပ်ရတာဆိုလို့ ဘတ်စကားတိုးစီးရတာလောက် ရှိမည်။ ခု… ဒီကွင်းဆင်းနယ်မြေမှာ ဒီလိုမဟုတ်။

တောင်တွေပေါ် မတက်ချင်ပါဘူးဆိုလို့လည်း မရ။ ကျောက်တုံးတ မထုချင်ပါဘူးဆိုလို့လည်း မရ။ နံနက်ခြောက်နာရီခွဲလောက် ထွက်၊ တ နေ့လုံး အလုပ်လုပ်။ ညနေစောင်းမှ ပြန်။ ရုပ်ရှင်လည်း မရှိ၊ စာဖတ် ပင် အချိန်မရ။ ရည်းစားမကလေးတွေဆီ စာရေးဖို့ပင် အချိန်လုနေကြ သည်။ နေရတာကိုလည်း ကြည့်။ အမိုးအကာ မလုံသောအိမ်။ ဒီကြား ရှမ်းပြည်နယ်၏ ဆောင်းတွင်းက ဝင်ရောက်နှိပ်စက်လိုက်သေးသည်။ စား တော့လည်း ကြည့်။ ဆန်မကောင်း၊ ဟင်းညံ့သည်၊ များသောအားဖြ ရန်ကုန်က ယူလာသည့် လွယ်လွယ်ကူကူရသော ငါးခြောက်ဟင်း။

သူတို့သည် ပင်ပန်းမှုများကို ခါးမှာ လွယ်လျက် ဒုက္ခများကို ကျော အိတ်နဲ့ သယ်လျက် နေကြရရှာသည်။

သူတို့အတွက် အလွမ်းပြေ၊ အချမ်းပြေ၊ အပန်းပြေ ထွက်ပေါ ကလေးတော့ပေးမှ။ စိတ်ပျော်စရာလေး တစ်ခုတလေတော့ ရှိမှ။ နို့မို့ဖြ ဘူမိဗေဒကို စိတ်နာသွားမှဖြင့်။

လူငယ်များ ဖြစ်ကြသည်။ ဒုက္ခဆင်းရဲပင်ပန်းမှုများကို ထီမထင်လို



သူများ။ ဒါက ယေဘုယျသဘောပါ။

လူသားများဖြစ်ကြသည်။ လူပီပီ ဒုက္ခအပေါင်းမှ ကင်းလွတ်လိုကြ သည်။ လုံးဝမဟုတ်တောင် တစ်ခဏလေးလောက် ပျော်ချင်ကြသည်။ စိတ်ကူးယဉ်မှုများ၊ အိပ်မက်များသည် ဒုက္ခအပေါင်းမှ အားလပ်ချိန် ခေတ္တ ပေးခြင်း မဟုတ်လား။

သူတို့သည် ကလေးများမဟုတ်ကြတော့ပြီ။ ထို့အတူ လူကြီးများ လည်း မဟုတ်ကြသေး။

တက္ကသိုလ်ကျောင်းသားများကို ထိန်းကျောင်းကွပ်ကဲရန် မလွယ် ပါ။ သူတို့မှာ ကိုယ်ပိုင် ဆုံးဖြတ်နိုင်ခွင့် ရှိသည်။ ကိုယ့်ကိုယ်ကို ထိန်း ကျောင်းရမည်။ ဆရာဆိုသည်မှာ လမ်းညွှန်ရုံ။

သို့ရာတွင် သူတို့သည် လူကြီးများ မဟုတ်ကြပြန်။ ထို့ကြောင့် သူတို့၏ ဆုံးဖြတ်ချက်သည် အရှည်သဖြင့် မှန်ချင်မှ မှန်မည်။ ကိုယ့်ကိုယ် ကို ထိန်းကျောင်းရာတွင် အကြွင်းမဲ့ တည့်မတ်ချင်မှ တည့်မတ်မည်။

လူကြီးတွေလို သဘောထားရမည်ဆိုပြီး နေရာတကာ လွတ်လပ်ခွင့် ပေးထားလို့လည်းမရ။ ကလေးတွေပဲဆိုပြီး ဟိန်းလားဟောက်လား တင်း ကျပ်လား၊ ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရဆိုလို့လည်း မဖြစ်။

တစ်ခါတစ်ရံ ချော့ရမည်။

တစ်ခါတစ်ရံ ရှင်းပြရမည်။

တစ်ခါတစ်ရံ ဆုံးမကြိမ်းမောင်းရမည်။

တစ်ခါတစ်ရံ မသိလိုက်မသိဟန်ဆောင်နေရမည်။

အမှန်အားဖြင့်မူ…

တက္ကသိုလ်ကျောင်းသားဆိုသည်မှာ တစ်ခါတစ်ရံ လူကြီးများလို သဘောထားပြီး၊ တစ်ခါတစ်ရံ ကလေးများလို သဘောထားအပ်သော လူငယ်များသာ ဖြစ်ကြပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆

နံနက်စောစော။

နေမင်းကြီးသည် အိပ်ရာထနောက်ကျ၏။

တစ်ညလုံး အလည်လွန်နေသော နှင်းပွင့်ကလေးများပင် အိပ်ရာ မဝင်ကြသေး။

ကိုအောင်သည် လိပ်ပြာကလေးများနှင့်အတူ လမ်းလျှောက်ထွက် လာခဲ့သည်။ ဒီနေ့ သူ စခန်းစောင့် တာဝန်ကျသောနေ့။ တခြားကျောင်းသား တွေ ထွက်ခွာသွားပြီးနောက် သူ စခန်းကို ထမင်းချက်ကြီးနှင့် အပ်ထား ခဲ့ပြီး ထွက်လာခဲ့သည်။

နေရောင်သည် နှင်းတို့ကို မနိုင်သေး။ ပတ်ဝန်းကျင်မြင်ကွင်းတစ်ခုလုံး မှုန်ပျပျဖြစ်နေသည်။ ဆောင်းလေတစ်ချက်အတိုက်တွင် စိမ့်ခနဲဖြစ်သွား သည်။ သူ၏ဖီးလ်ကုတ်ကို ဆွဲစေ့လိုက်ပြီး လက်ပိုက်ထားလိုက်သည်။

ဟိုး...အဝေးက တောင်တန်းများသည် မှိုင်းမှိုင်းပြာပြာ၊ မြေသင်း ဟု ထင်ရသော အနံ့တစ်ခုသည် သူ့နှာခေါင်းထဲ ဝင်ရောက်လာ၏။ ကို အောင်၏ ရင်ထဲသို့ အလွမ်းစိတ်ကလေးသည် ရုတ်ခနဲ ရောက်ရှိလာသည်။



ဘာကို လွမ်းမှန်းလည်း သူမသိ။

ဒီအရပ်က ဆောင်းသည် အေးလွန်းစွ။ နှင်းမှုန်များသည် သူ့ခေါင်း ပေါ်သို့ တဖွဲဖွဲကျနေ၏။ အချမ်းသက်သာအောင် ခြေလှမ်းကို သွက်သွက် လျှောက်သည်။ နွေးထွေး၍ကား မလာခဲ့။

သို့ရာတွင် ဒီနေ့သည် ဆောင်းနှင်းပွင့်တို့အကြားမှာပင် သူ၏ နှလုံး သားကို နွေးစိုစေမည့်နေ့ ဖြစ်သည်ဟု ကိုအောင် မသိလေတကား။

ပျဉ်ဦးလွင်ရွာသည် ရှမ်းပြည်နယ်က အခြားမြို့ရွာများနည်းတူ လွင်ပြင် နေရာကလေးများတွင် တည်ထားသည်။ ရွာကလေးသည် ကျွဲတပ်ဆုံ ထက်ပို၍ သပ်ရပ်သည်ဟု ဆိုရမည်။ အိမ်ကလေးများသည် စနစ်တကျ နေရာယူထားကြသည်။ တစ်အိမ်နှင့်တစ်အိမ် သင့်တင့်သောအကွာအဝေးမှာ ရှိနေသည်။ ခေါက်ဆွဲသုပ်ဆိုင်၊ သဘော်သီးသုပ်ဆိုင် ကလေးများ ရှိသည်။ လက်ဖက်ရည်ဆိုင်ကိုလည်း တွေ့ရသည်။ လက်ဖက်ရည် မသောက်ရတာ ကြာပြီမို့ ပင်သောက်မည် စိတ်ကူးမိသေးသည်။ အပြန်ကျမှပဲ သောက်ပါ တော့မည်ဟု ဆက်လျှောက်ခဲ့သည်။ ရွာအလယ်တွင် တစ်ထပ်တိုက်ကလေး တစ်လုံးကို တွေ့ရသေးသည်။

ရွာ၏ဟိုဘက်ထိပ်ရောက်တော့ ချောင်းကလေးတစ်ခု တွေ့ရသည်။ သာလွန်ချောင်းခေါ် မြစ်သာချောင်းတဲ့။ ကျွဲတပ်ဆုံက မေတ္တာချောင်းကို သတိရမိသည်။ ဒီချောင်းကလေးလည်း မေတ္တာချောင်းပေါ့ပဲ။ မေတ္တာစာတို လမ်းကလေးတစ်ပုဒ်ကို ဒီချောင်းနားမှာပင် စတင်တော့မည် မဟုတ်လား။ ဒါတွေကို သိပါစ မောင်ကိုအောင်။

ချောင်းကလေးအတိုင်း လက်ဝဲဘက်ကို ကြည့်လိုက်ချင် ချောင်း ကမ်းပါးမှ စေတီလေးတစ်ဆူကို တွေ့ရသည်။ ထုံးဖြူဖြူသုတ်ထား၏။ စေတီကလေးဘေးမှာ ဝါးဇရပ်ကလေး။

စေတီကလေး၏နောက်ဘက်မှာ စိမ်းညိုနေသော တောင်ကမ်းပါး ကြီး။ ကြည်လင်သော ချောင်းရေသည် ညိုပြာရောင် ကျောက်တုံးကြီး များကို ကျော်ပတ်၍ စီးဆင်းနေလေသည်။ ကိုအောင်သည် ဘူမိဗေဒသမားပီပီ

www.burmeseclassic.com

www.burmeseclassic.com



ညိုပြာရောင် ကျောက်တုံးကြီးများသည် ထုံးကျောက်ဖြစ်ရမည်ဟု ခန့်မှန်းလိုက်သေးသည်။

ချောင်းရေထဲမှာ ပန်းပွင့်ကလေးတွေ မျောပါလာသည်။ ကိုအောင် ပြုံးမိလေသည်။ ဆန်နီ ဆိုသည့် ငကြောင်သည် ချစ်မျက်မှန်ဆီသို့ စာရေးသောအခါ "ချောင်းကလေးတွေ တွေ့တဲ့အခါ ပန်းပွင့်ကလေးတွေကို ချောင်းကလေးအတိုင်း သက်ဆီ မျှောလိုက်တယ်"တဲ့။ ဟင်း... အဓိပ္ပါယ်မရှိတဲ့ အလုပ်တွေ။ တော်တော် "ထူ"ဆန်နီ။

ချောင်းကလေးကို ဖြတ်ထိုးထားသော တံတားပေါ်သို့ ဖြတ်လျှောက်လာခဲ့သည်။ တံတားကလေး၏ ဟိုဘက်ထိပ်မှာ တဲကလေးတစ်လုံး။ မီးခိုးတလူလူ၊ အကြော်တဲကလေး ဖြစ်လေသည်။ အဘွားကြီးတစ်ယောက် ကြော်နေသည်။

"အမေ...ဘာကြော်တွေ ရှိလဲ"

"ဘူးသီးကြော်၊ ဘယာကြော်၊ အာလူးကြော်၊ ဂျုံးကြော်၊ စားချင်ရင်တော့ ခဏစောင့်"

ကိုအောင်သည် တဲထဲဝင်ထိုင်လိုက်သည်။ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့၍ သောက်သည်။ တဟူးဟူး မှုတ်သောက်လိုက်မှ နည်းနည်း နွေးလာသည်။ ရှမ်းပြည်နယ်၏ ထုံးစံအတိုင်း လက်ဖက်ခြောက်ကတော့ တော်တော်ကောင်းသည်။ ရေနွေးကြမ်းနှစ်ခွက်လောက် ဆက်သောက်မိသည်။

"အကြီးသန်း...ဘူးသီးကြော် ရပြီလားဟင်"

မိန်းကလေးများစွာတို့ အသံကို ကိုအောင် ကြားဖူးပါသည်။ ထိုအသံတို့ကို ကြားရသောအခါ သူ့ရင်သည် တစ်ခါမျှ "လှိုက်ခနဲ" ဖြစ်မသွားဖူးပါ။ ခုတစ်ခါ ကြားရသောအသံမှ သူ့ရင်ကို "လှိုက်ခနဲ" ဖြစ်သွားစေသည်။ သူတစ်ခါမှ မခံစားရဖူးသော ခံစားမှုမျိုး။

သူ့နောက်ကျောဘက်မှ ဖြတ်၍ ကွေ့လျှောက်သွားသည်။ တို့နောက် ရပ်သည်။

ခြေထောက်ကို စ၍ မြင်ရလေသည်။ သားရေဖိနပ်ပါးပါးကလေး၊



ခြေထောက်ဖြူဖြူကလေး၊ ထဘီအနီကလေး။ သူ့မျက်လုံးကို ထိုထက်ပို၍ အထက်သို့ မမြင့်ရဲ။ သို့ရာတွင်‚ အဆင်သင့်သည်ဟု ဆိုရမည်။ မိန်းကလေးသည် ထိုင်ချလိုက်သည်။ ကိုအောင့် မျက်လုံးများသည် မြေကြီးဆီသို့ ဆတ်ခနဲ စိုက်ကျသွားလေသည်။ မိန်းကလေးများနှင့်တွေ့လျှင် မြေကြီးကိုသာ စိုက်ကြည့်နေရမည်ဟု ဘယ်သူက သင်ထားပါသလဲ မောင်ကိုအောင်။

အားတင်းလိုက်သည်။ ယောကျ်ားကွ။ မျက်လုံးကို အထက်သို့ ဖြည်းဖြည်းချင်း မြှင့်၍ ကြည့်သည်။

ခြေထောက်ဖြူဖြူကလေး။

ထဘီနီနီကလေး။

ထိုနေရာတွင် ရပ်သွားပြန်လေသည်။

သို့ရာတွင် အဆင်သင့်သွားပြန်၏။

ထဘီနီနီပေါ်သို့ ကျလာသော လက်ချောင်းကလေးများကို တွေ့ရသည်။ လက်သည်းရှည်မထားသော်လည်း လက်ချောင်းများ သွယ်လျသည်။ လက်သည်းနီ မဆိုးထားသော်လည်း ပန်းနုရောင် ပြေးနေသည်။

မျက်လုံးကို နည်းနည်း မြှင့်လိုက်ပါဦး ကိုအောင်ရယ်၊ ယောကျ်ားလေးပဲ မိန်းကလေးကိုကြည့်တာ မဆန်းပါဘူးကွာ။

မျက်လုံးကို နည်းနည်းကလေး မြှင့်ကြည့်သည်။

အင်္ကျီအဖြူရောင်လက်တို၊ သူ့အင်္ကျီသည် လက်ဖောင်း၊ ဆင်နားရွက်၏ လက်ဖျားကျယ်၊ လက်ဖောင်းတွန့်၊ လက်ဖောင်းကျပ် စသည်တို့ မဟုတ်သော်လည်း သန့်ရှင်း သပ်ရပ်သည်ဟု ဆိုနိုင်သည်။

အင်္ကျီလက်၏ အဖျားမှာ မြင်နေရသော လက်မောင်းသားသည် တင်းတင်းကလေး၊ သေချာစွာကြည့်လျှင် ရွှေရောင်မွေးညင်းကလေးများကို မြင်ရလိမ့်မည်။ ထိုလက်မောင်းသားကို လက်ညှိုးဖျားကလေးဖြင့် အသာကလေး တို့ကြည့်မည်ဆိုလျှင်...

"ဘာကြော်စားမလဲ လူလေး"

www.burmeseclassic.com

www.burmeseclassic.com



"လက်မောင်း၊ အဲ ...ဂျုံးကြော်ပဲပေးပါ"

တက္ကသိုလ်ကျောင်းသူများဆိုလျှင်ဖြင့် သူ့စကားအမှားကြောင့် ပါးစပ်ကို လက်ကိုက်ပဝါဖြင့် အုပ်၍ ကိုယ်ကလေးကို သိမ့်သိမ့်ခါစေလျက် အသံမထွက်အောင် ရယ်ပေလိမ့်မည်။ သူကလေးကဖြင့် ဒီလို မဟုတ်ပါ။ ကိုအောင့်စကားအမှားကို ဘာမျှမသိလိုက်သလို ဣန္ဒြေပင် မပျက်။

"အမေက ဘူးသီးကြော် ယူခိုင်းလိုက်လို့"

ကိုအောင်သည် ရှက်သွားသောကြောင့် ရေနွေးကြမ်းအိုးကို ယောင်၍ ကိုင်လိုက်သည်။ ပန်းကန်ထဲသို့ လောင်းထည့်မည်ပြုသည်။ ပန်းကန်ထဲမှာ ရေနွေးအပြည့် ရှိနေပြီးသောကြောင့် အိုးကိုပြန်ချလိုက်သည်။ ဆန်ကာထဲက ဘူးသီးကြော်တွေကို အဓိပ္ပါယ်မရှိ ကိုင်ကြည့်သည်။ နောက်ဆုံးတော့ ဘာလုပ်ရမှန်းမသိဖြစ်နေသော လက်နှစ်ဖက်ကို ဖီးလ်ကုတ်အိတ်ထဲသို့ ထည့်ထားလိုက်လေသည်။

ဒီနေရာမှာ ဟိုကောင်တွေဆိုလျှင်တော့ ကောင်မလေးဘက်သို့ လှည့်၍ ဟဲဟဲဆိုပြီး မျက်နှာချို သွေးပေလိမ့်မည်။ ပြီးတော့ "ညီမက ဒီရွာကလား။ အစ်ကိုတို့က ...တက္ကသိုလ်ကျောင်းသားတွေပါ၊ ခု...ကွင်းဆင်းဖို့လာကြတာ အကူအညီလိုရင်ပြောပေါ့"ဟု မိတ်ဆက်ကြပေလိမ့်မည်။ သို့ရာတွင် ကိုအောင်ကား လူရိုးကြီးပါ။ အင်းလေ... ထားလိုက်ပါတော့။ မိန်းကလေးသည် သူ့လက်မောင်းက ဘွဲ့မိဒေ တံဆိပ်ကို မြင်သွားလျှင် တက္ကသိုလ်ကျောင်းသားမှန်း သိသွားလိမ့်မည်ဟု တွေးမိသည်။ ထို့ကြောင့် လက်မောင်းက တံဆိပ်ကို လက်ဖြင့် အုပ်ထားမိသည်။ အော်... ခုအချိန်မှာ ဒီတံဆိပ်ဟာ ကြွားလို့ကောင်းတဲ့ အရာတစ်ခုဆိုတာ မသိလေသလား မောင်ကိုအောင်ရဲ့။

အကြော်သည်ကြီးက ဂျုံးကြော်ပန်းကန်ကို သူ့ရှေ့ချပေးရင်းက မေးလိုက်သည်။

"မင်းက ကျောင်းသားလား"

"ဟုတ်...ဟုတ်ကဲ့ခင်ဗျ"



အဒေါ်ကြီးသည် ကိုအောင့်လက်မောင်းကို ကြည့်သည်။ ကိုအောင်သည် တံဆိပ်ကိုအုပ်ထားသောလက်ကို ယောင်၍ ဖယ်ပြလိုက်မိ၏။

"မင်းတို့ကျောင်းသားတွေ တော်တော်ဆိုးတာပဲ။

"ခင်ဗျာ"

"ကျောင်းသားတွေ တော်တော်ဆိုးတယ်"

"အဲ...ကျွန်တော်တို့က တစ်နေ့ကမှ ရောက်တာပါ၊ စခန်းချင်းလဲလို့"

"အေးလေ၊ မင်းတို့တော့ မသိဘူး၊ အရင်ကျောင်းသားတွေကတော့ ဆိုးတယ်၊ ကျောင်းသားတစ်ယောက်က အကြော်အကြွေးစားပြီး ပေးမသွားဘူး"

"ဗျာ...ဟုတ်လား၊ ဘယ်သူလဲ"

"နာမည်တော့မသိဘူး၊ မင်းလို အင်္ကျီမျိုးနဲ့ပဲ"

"ဟာ... ကျွန်တော် မဟုတ်ပါဘူး"

"အေးပါ၊ လူကလေးကို ပြောတာ မဟုတ်ပါဘူး"

"ဘယ်လောက်ဖိုး စားသွားတာလဲ ဒေါ်ဒေါ်"

"သုံးကျပ်ဖိုး"

"အဲဒီ သုံးကျပ်ကို ကျွန်တော် စိုက်ပေးပါ့မယ်"

"မဟုတ်တာကွယ်၊ နေပါစေ၊ စကားအဖြစ်ပြောတာပါ"

"ဟာ၊ ဘယ်ဖြစ်မလဲ၊ ကျွန်တော်တို့လို ကျောင်းသားတစ်ယောက်က ယူသွားတဲ့ အကြွေးဆိုတော့၊ ကျွန်တော့်မှာလဲ တာဝန်ရှိပါတယ်၊ ယူထားလိုက်ပါ ဒေါ်ဒေါ်ရယ်၊ ဟိုကောင်က မေ့ပြီး ပေးမသွားတာ ဖြစ်ပါလိမ့်မယ်"

ကိုအောင်က ငါးကျပ်တန် တစ်ရွက်ထုတ်ပေးလိုက်သည်။

မိန်းကလေးသည် သူ့ကို ဖျတ်ခနဲ ကြည့်လိုက်ကြောင်း သိလိုက်ရ၏။ မိန်းကလေးကို မကြည့်သော်လည်း မျက်လုံးလက်သွားသောအရိပ်ကို သိလိုက်ရသောကြောင့် ဖြစ်သည်။ သူက ကိုအောင့်ကို လေးစားသွားတာလား။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သွားမယ်နော်"

ထိုအသံသည် ကိုအောင့်ကို လှိုက်ခနဲ ဖြစ်သွားစေပြန်ပြီ။ ဘယ်လို မှန်းလဲမသိ။ ကိုအောင် သူ့မျက်နှာကို သိပ်ကြည့်ချင်လာသည်။ အားတင်း လိုက်၏။ ယောက်ျား...။

မျက်လုံးကို တစ်ချက်လှန်၍ ကြည့်သည်။

မျက်လွှာကို လျှင်မြန်စွာ ပြန်ချသည်။

တစ်စက္ကန့်၏ သုံးပုံတစ်ပုံသာ ကြာမည်။

သို့ရာတွင် မြင်လိုက်ရသော မျက်နှာကလေးသည် တစ်သက်စာ စွဲမက်၍ သွားလေပြီ။

အလွန်လှပါသည်ဟု မပြောလိုပါ။ သို့ရာတွင် လှသည်ဟူ၍တော့ ပြောလိုသည်။

မိန်းကလေးသည် ဘူးသီးကြော်ယူပြီး ထွက်သွား၏။ ကိုအောင်သည် နောက်သို့ လှည့်ကြည့်မည်ကြံပြီးမှ အကြော်သည်ကြီးကို ရှက်သော ကြောင့် မကြည့်ဖြစ်။

"မင်းကတော့ ကောင်းပုံရပါတယ်"

"ဗျာ...ဟုတ်...ဟုတ်ကဲ့"

အကြော်သည်ကြီးသည် ရှင်းရှင်းဘွင်းဘွင်း ပြောတတ်ပုံရသည်။ ပြီးတော့ သူများတွေအကြောင်းကိုလည်း ပြောပြရန် ဝါသနာ ရှိပုံရသည်။ ထို့ကြောင့်ပင် ကိုအောင်သည် စောစောက ကောင်မလေးအကြောင်းကို စတင် သိခွင့်ရခဲ့သည်မဟုတ်လား။

"ခုန ထွက်သွားတဲ့ ကောင်မလေး သိတယ် မဟုတ်လား၊ အဲဒီ..."

"ကျွန်တော် မသိဘူးခင်ဗျ"

အော်... ထုံ လိုက်တဲ့ ကိုအောင်၊ သိတယ်မဟုတ်လားဆိုတာ စကား အဖြစ် ပြောတာဟ။ တက္ကသိုလ်ကျောင်းသားမဟုတ်တဲ့အတိုင်းပဲ။

"အေးပါ၊ မင်းမသိပါဘူး၊ အဲဒါပြောပြမလို့"

"အော်...ဟုတ်ကဲ့"



"အဲဒီကောင်မလေးက ဒီရွာကပေါ့"

"အော်"

"ဒါပေမယ့်၊ ဒီမှာ အမြဲနေတာ မဟုတ်ဘူး၊ ကျောင်းပိတ်ရက်မို့ ခဏ ပြန်လာတာ"

တောင်ကြီးကောလိပ်ကများ ဖြစ်နေမလားဟု တွေးမိသည်။ ဖြစ်တော့ ဖြစ်နိုင်သည်။ သူ့ပုံက ဒီရွာက တခြားမိန်းကလေးတွေနဲ့မတူ။

"သူ့မိဘများကတော့ ဆင်းရဲရှာပါတယ်၊အဲ...သူ့အဒေါ်က သာစည်မှာ ချောင်ချောင်လည်လည်ဆိုတော့ သူ့ကို သာစည်ကိုခေါ်ပြီး ကျောင်း ထားပေးတာ"

"အော"

ဒါကြောင့် သူက့လေးရဲ့စကားသံက ဗမာလို ပီပီသသထွက်တာကိုး။ ဒီရွာက လူများသည် ဗမာပင်ဖြစ်လင့်ကစား စကားဝဲကြသည်ချည်း ဖြစ်၏။

"ကလေးမလေးက တော်ပါတယ်၊ ခု ဆယ်တန်းအောင်ခဲ့ပြီတဲ့"

"သူက ဗမာလား"

မေးပြီးမှ သူ့ဟာသူ ရှက်သွား၏။ ခုမှတွေ့တဲ့မိန်းကလေးတစ် ယောက် အကြောင်းကို စပ်စု မေးမြန်းဖို့မသင့်ဟု သူထင်သည်။ သို့ရာတွင် အကြော် သည်ကြီးကား ဘယ်လိုမှ မထင်ရှာ။

"အေးကွယ်... သူတို့ကဗမာပဲ။ ဒါပေမယ့် သူ့အဖေကတော့ ပအိုဝ် သွေးစပ်တယ်"

အော...ဒါကြောင့် အသားဖြူပေတာကိုး။ အမှန်အားဖြင့် ဒီအရပ် တွင် ရှမ်းအစစ်များပင် အသားဖြူသူမရှိ။ အလုပ်ကြမ်း လုပ်ရသောကြောင့် နေလောင်ပြီး အသားညိုကြ၏။ သူကလေးကတော့ သာစည်မှာ အေးအေး နေရလို့ အသားဖြူတာ ဖြစ်နိုင်သည်။

နာမည်ကို မေးမည်ဟု စိတ်ကူးမိသည်။ သို့ရာတွင် သူစိတ်ဝင်စားမှန်း တာ သိသွားမည်ကို ရှက်သောကြောင့် မမေးဖြစ်။ ဟော သူက ဘာကြောင့်မသိပဲ စိတ်ဝင်စားနေပြီလား။

www.burmeseclassic.com

www.burmeseclassic.com



စခန်းသို့ ပြန်လာခဲ့သည်။ ချောင်းကူးတံတားလေးကို ဖြတ်ကူးသောအခါတွင် ချောင်းကလေးထဲမှာ ပန်းပွင့်ကလေးတစ်ပွင့် မျောပါလာသည်။ စောစောက ကောင်မလေးများ ကျကျန်ခဲ့တာလား မသိ။ သူကိုယ်သူ ရှက်ပြီး ပြုံးမိသည်။

အပြန်လမ်းတွင် ခြေလှမ်းမသွက်တော့ချေ။ အတွေးလွန်နေသူတို့သည် ခြေလှမ်းနှေးတတ်ပါသည် မဟုတ်လား။

နေရောင်သည် ပွင့်စပြုပေပြီ။ နှင်းပွင့်တို့သည်လည်း တစ်နေရာရာမှာ သွားပုန်းနေကြပြီ။ အချမ်းလည်း သက်သာလာပြီ။ သူ့နဖူးမှာ ချွေးစို့လာပြီ။

အမှန်အားဖြင့်မူ...

သူ့နှလုံးသားသည် ချွေးစို့စပြုလာလေပြီတကား။

* * *

စောင့်ရသောကိစ္စသည် အလွန်ပင်ပန်း၏။ သာမန် အချိန်များတွင် အချိန်သည် ကုန်မှန်းမသိ ကုန်သွားတတ်သော်လည်း တစ်ခုခုကို စောင့်နေရပြီဆိုသောအခါ အချိန်သည် ကုန်ခဲလှတော့သည်။ တစ်ခုခုကို အရေးတကြီး ပြောပြချင်နေပြီဆိုလျှင် အချိန်တို့သည် စောင့်ရတာ တာအရှည်ဆုံး။ ကိုအောင်သည် သူငယ်ချင်းတွေပြန်အလာကို ပင်ပန်းကြီးစွာ စောင့်နေရလေသည်။ စောင့်နေရသူတို့၏ ထုံးစံအတိုင်း စိတ်က ဂဏာမငြိမ်။ ချစ်သူအလာကို စောင့်ဖူးသူတို့ ထိုအရသာကို သိလိမ့်မည်။ ကိုအောင်ကတော့ ချစ်သူ မရှိခဲ့ဖူးသဖြင့် သူပြောနေကျစကားလို 'ဘယ်လိုကြီးမှန်းလဲမသိ' ဖြစ်နေရသည်။ ရေထသောက်လိုက်၊ စာအုပ်တွေ လှန်ကြည့်လိုက်၊ ဖီးလ်ကုတ်ကို ချွတ်လိုက်၊ ပြန်ဝတ်လိုက်၊ လှဲအိပ်လိုက်၊ ပြန်ထလိုက်၊ လမ်းလျှောက်လိုက်၊ ထိုင်လိုက်။

နောက်ဆုံး အောင့်မနေနိုင်ဘဲ ပြောပြချင်လွန်းအားကြီးသဖြင့် ထမင်းချက်ကြီးကိုပင် ပြောပြတော့မည်ဟု ထွက်လာခဲ့သည်။ တက္ကသိုလ်ရောက်ခါစ ကျောင်းသားအသစ်ကလေးတို့သည် မိမိတို့ဘာသာရပ် တံဆိပ်ပါသော



နှပ်ကျယ်အင်္ကျီကို ဝတ်၍ အရပ်ထဲမှာ လမ်းသလားပြချင်သည့် ပုံစံမျိုး။ ထမင်းချက်ကြီးသည် ညနေစာအတွက် အလုပ်များစပြုနေပြီ။

"ဦးလေး"

"ဟော...လကွာ"

ပြောမည်ပြုပြီးမှ သူ့ကို ပြောပြလို့ အဓိပ္ပါယ်မရှိမှန်းသိပြီး ရှက်သွားသည်။

"ဘာလဲကွ"

"ဘာမှမဟုတ်ပါဘူးဗျာ"

"တော်တော်နောက်တဲ့ကောင်"

ရေထသောက်လိုက်၊ စာအုပ်တွေ လှန်ကြည့်လိုက်၊ ဖီးလ်ကုတ်ကို ချွတ်လိုက်၊ ပြန်ဝတ်လိုက်၊ လှဲအိပ်လိုက်၊ ပြန်ထလိုက်၊ လမ်းလျှောက်လိုက်၊ ထိုင်လိုက်။

နေရထိုင်ရတာ တော်တော်ခက်သည်။ တစ်မျိုးကြီးပဲ။ ဘယ်လိုကြီးမှန်းလည်း မသိပါဘူးဗျာ။ မှေးခနဲ အိပ်ပျော်သွားသည်။ အိပ်မက်မက်မည်ပြုနေတုန်းမှာ ဆူဆူညံညံအသံများကြောင့် လန့်နိုးလာသည်။

ဟော...သူတို့ပြန်လာကြပြီ။

ခပ်လှမ်းလှမ်းကပင် သူတို့သီချင်းသံကို ကြားနေရပါသည် မဟုတ်လား။

"အို...ဆရာသင်းရယ်၊ Camp ပြန်ရောက်တိုင်းလဲ နေရာတကာက အများကြီးနာပါတယ်...၊ အို...ဆရာသင်းရယ်၊ ညာတာပါဦးကွယ်... ဒီ ကျောက်တုံးကြီးတွေ လေးလှပါပြီကွယ်"

ကိုအောင်သည် တဲအပြင်သို့ ပြေးထွက်လာခဲ့သည်။ သူ့ ချစ်သူငယ်ချင်းများသည် ချွေးသံတွေနှင့် လျှောက်လာနေကြ၏။

"မင်းတို့ကို စောင့်နေတာကွ"

"ဘာလုပ်ဖို့လဲ၊ နှင်းပေးနိုင်ပေးမလို့လား၊ ကျေးဇူးပဲ"

"မဟုတ်ဘူး၊ ပြောစရာရှိလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နောက်မှပြော၊ ရော့ ... ဒီကျောပိုးအိတ်ယူသွား"

မျိုးမြင့်လွင်က သူ့ကျောပိုးအိတ်ကို ထိုးပေးလိုက်သည်။ ကျန်တဲ့

ကောင်တွေကပါ အားကျမခံ ဝိုင်းပေးကြသည်။ ကိုအောင်သည် သူပြော

ချင်သောစကားကို မပြောရသေးဘဲ ကျောပိုးအိတ်တွေကို သယ်ရင်းလိုက်

ခဲ့ရလေသည်။

ဟိုကိုရောက်တော့လည်း ထမင်းဆာလှပြီဆိုပြီး ထွက်သွားကြသော

ကြောင့် မပြောလိုက်ရ။ ကိုအောင်ကား ခွေခွေခုန်၍သာ နေလိုက်ရ

သည်။ ထမင်းစားပြီးတော့ ရေချိုးဦးမည်ဆိုပြီး ထွက်သွားကြပြန်၏

ကိုအောင်သည် ပြောပြချင်လွန်းလွန်းသောကြောင့် ရေချိုးရာသို့လိုက်သွား

လေသည်။

"ဟေ့ကောင်တွေ"

"ဘာလဲဟ"

"ငါ ဒီနေ့မနက်က အကြော်သွားစားတယ်"

"တစ်ယောက်ထဲ သွားစားတယ်ပေါ့လေ"

"နေပါဦးကွ၊ အဲဒါက အရေးမကြီးပါဘူး၊ ငါပြောမှာက..."

သူ့စကားကို မဆက်ဘဲ ရပ်လိုက်သည်။ ပြောရမှာတော့ ခပ်ရှ

ရှက်ပဲ။ တတ်နိုင်ပါဘူးလေ။ သူငယ်ချင်းတွေကို ပြောပြမှ သင့်တော့မည်

"ငါ...ငါ ကောင်မလေးတစ်ယောက် တွေ့တယ်"

"အဲဒါဘာဖြစ်လဲ"

"အဲ..."

ကိုအောင် ဘာဆက်ပြောရမှန်းမသိတော့၊ ဟုတ်တော့ဟုတ်သား

တွေ့တာ ဘာဖြစ်သလဲ။

"မဟုတ်ဘူးကွ၊ တော်တော်လှတယ်"

"ဟ...ဟ၊ ဘိုးသူတော်ပါးစပ်က လမ်းသရဲစကားတွေ ထွက်တယ်

"တကယ်ပြောတာပါကွ"

"မသောက်ဖူးတော့ ဘီယာကို အရက်ထင်ဆိုဘာလို ဒီကော



တောသူမကြီးတွေ့ပြီး လှတယ်လို့ လာပြောတာ ဖြစ်ရမယ်"

"မပြောပြတော့ဘူးကွာ"

"အေးကွာ၊ ကျေးဇူးတင်တယ်၊ မပြောနဲ့တော့"

မပြောတော့ဘူး ဆိုသော်လည်း ပြောချင်နေပြန်သည်။ ဒီကောင်တွေ

အားလုံးရှေ့မှာပြောလျှင်တော့ ခုလိုပဲ အပြောခံရလိမ့်မည်။ တစ်ယောက်ကို

ခေါ်ပြီး ပြောပြမှပဲ။ ဘယ်သူ့ကို ပြောရပါ၊ ဟုတ်ပြီ၊ မျိုးမြင့်လွင်ကို

ပြောပြရမည်။ ဒီကောင်က နည်းနည်းစိတ်ကောင်းရှိပုံရသည်။

စခန်းသို့ ပြန်ရောက်သောအခါ မျိုးမြင့်လွင်ကို လက်ကုတ်၍ ခေါ်

ထုတ်လာခဲ့သည်။

"မျိုးမြင့်"

"ဘာလဲကွ"

"ငါ ...မနက်က အကြော်သွားစားတယ်"

"လာပြန်ပလား အကြော်စားတာ"

"မဟုတ်ဘူး၊ ငါ တကယ် အကောင်းပြောမလို့"

"ပြောကွာ"

"မင်း... ဒါဒါကြီးကို စတွေ့တော့ ဘယ်လိုနေသလဲ"

"ချီးပါချင်သလိုလို သေးပေါက်ချင်သလိုလို ဖြစ်သွားတာပဲ"

"ဟေ့ကောင် မနောက်ပါနဲ့ကွာ၊ ငါတကယ် အတည်မေးနေတာပါ"

"မင်းကလဲ အရေးတကြီးဆိုပြီး ခေါ်လာပြီးတော့ ဘာတွေ လျှောက်

မေးနေတာလဲ"

"ကိစ္စရှိလို့ပေါ့ကွ၊ ဒီမှာ မင်းဒါဒါကြီးကို စတွေ့တော့ ရင်တွေ မခုန်

ဘူးလား"

"အေး...ခုန်တယ်"

"လှပ်ခနဲ လှပ်ခနဲကော မဖြစ်ဘူးလား"

"ဖြစ်တယ်"

"ခြေဖျား လက်ဖျားတွေကော အေးမလာဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"အေးတယ်ကွာ... အေးတယ်ကွာ...အဲဒါ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ အဲဒါ သိချင်လို့"

"ငကြောင်"

"နေပါဦး၊ နားထောင်စမ်းပါဦး၊ ငါကောင်မလေးတစ်ယောက်ကို တွေ့ခဲ့တယ်"

"တောသူမကြီးလား..."

"ဟာ...မဟုတ်ဘူး၊ တကယ်လှတာ"

ကိုအောင်က သူတွေ့ခဲ့သမျှကို ပြောပြ၏။

"အဲဒါကွာ သူ့ကိုလဲတွေ့ရော၊ ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ ဘယ်လိုကြီးမှန်းလဲ မသိပါဘူးကွာ"

"ထွန်းမင်းကျော်တို့ ကျွဲတပ်ဆုံမှာ တွေ့တဲ့ဟာကြီးလားမှ မသိတာ"

"ဟေ့ကောင် ...မင်း ရိုင်းလှချည်လား"

ကိုအောင်က ဒေါသသံဖြင့် ပြောလိုက်သည်။ မျိုးမြင့်လွင် အံ့ဩသွားလေသည်။ ဒီကောင် မလွယ်ဘူးထင်တယ်။ တကယ်များလား မသိ။ သို့ရာတွင် ဒီကောင် ဒီလောက်တော့ အဖြစ်ရှိမည် မထင်။

ကိုအောင်သည် သူ ဒေါသထွက်မိသည့်အတွက် သူ့ကိုယ်သူ အံ့ဩနေသည်။ အို ဘယ်လိုကြီးမှန်းလည်း မသိပါဘူးဗျာ။

* * *

ည မှောင်စပြုချိန်တွင် ယင်းမာပင်မှ လူကြုံရောက်လာ၏။ ထိုသူနှင့် စာများပါလာသည်။ သူတို့သည် သူတို့အိမ်များဆီမှ စာထည့်လိုလျှင် ယင်းမာပင်ရှိ ချော်လဲ ထမင်းဆိုင်သို့ ပို့ထားပါဟု မှာကြားကြသည်။ ထို့ကြောင့် ယင်းမာပင်မှလာသော လူကြုံသည် ထမင်းဆိုင်မှာ ရောက်နေသော စာများကို စု၍ ယူလာခြင်း ဖြစ်လေသည်။

မိဘဆီကစာ၊ သူငယ်ချင်းဆီကစာ၊ ရည်းစားမကလေးတွေဆီက စာ



ကို ရရှိကြသူတို့မှာ ပျော်၍မဆုံး။ ခုအချိန်မှာ ကွင်းနယ်မြေ၏ အပမှာတို့မှ အဆက်အသွယ်သည် ဒီစာကလေးများသာ ရှိပါသည် မဟုတ်ား။

လူ့စိတ်သည် ဘယ်လိုမှန်းလည်းမသိ။ ရန်ကုန်မှာတုန်းက မိဘစကားမထောင်သူတွေ၊ အိမ်ကိုမကပ်ဘဲ လျှောက်လည်နေတတ်သူတွေမှာ နာ:...နေကောင်းရဲ့လား'ဆိုသော စာကလေး တစ်ကြောင်းသည် ပီတိကို ဝေဖြာစေလေသည်။ ရည်းစားမကလေးတွေဆီက စာဆိုလျှင်ကားဖြာဖို့ပင်မလို။ စာကလေးတွေ တကိုင်ကိုင် ဟိုပြေး ဒီပြေး ဖြစ်နေကြသည်။

ကိုယ့်စာ ပါမလာသူတွေကတော့။ မျက်နှာငယ်ကလေးတွေနှင့်။ သူး ပျော်တာကိုပဲ ဘေးကကြည့်၍ ရောယောင်ပျော်နေရလေသည်။ ဆန်သည် ချစ်မျက်မှန်ဆီက စာကိုကိုင်၍ အခန်းထဲမှာ လျှောက်ခုန်နေသည်။

"ငါကွ...ငါကွ...မျိုးမြင့်လွင် မင်းဆီကို ဒါဒါက စာရေးသလား၊ ငါ့ဆီကို ချစ်မျက်မှန်က စာရေးတယ်ကွ၊ ဒီမှာ တွေ့လား"

"ဟ ဒါဒါက ငါ့ကို စိတ်ချလို့ ဘာစာမှ မရေးတာ၊ ချစ်မျက်မှန်ကသာ မင်းကို စိတ်မချလို့ ကြိမ်းမောင်းလိုက်တဲ့ စာ ရေးလိုက်တာ မဟုတ်လား"

"ထွတ်...ဘာမှ မဆိုင်ဘူး၊ ငါ့ကို ဘယ်လောက် လွမ်းတယ်ဆိုတဲ့ အကြောင်း ရေးထားတာ"

"မယုံဘူး ကြည့်မယ်"

"ဘယ်ပြလို့ ဖြစ်မလဲ"

"ဒါ ဆို မင်းပြောတာ မယုံဘူး၊ မင်းကို ကြိမ်းတာပါလို့ မပြရဲတာဖြစ်မယ်"

"မပါဘူးကွ ဒီမှာကြည့်"

ဆန်နီက စာကိုပြသည်။ ပထမဆုံးစာရွက်ကိုသာ ပြသော်လည်း မျိုးလွင်က နောက်ဆုံးစာရွက်ကို လုယူ၍ ကြည့်လိုက်သည်။ စာ၏အောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးစာကြောင်းမှာ...

"ဒါပဲနော်၊ ဟိုမှာ ရှုပ်ရှုပ်ရှက်ရှက် သတင်းကြားရင် ပြန်လာရင်တော့လား ဗိုက်ပေါက်အောင်ကို ဆွဲလိမ်လိုက်မယ်"

မျိုးမြင့်လွင်က ကျယ်လောင်စွာ ဖတ်ပြပြီး ဟားလိုက်လေသည်။

"ဝါးဟားဟား... မကြိမ်းပါဘူးတဲ့ ဟားဟား...မကြိမ်းပါဘူးတဲ့"

"ဟ ...ဟ ဘာဖြစ်တာလဲဟ"

"ဘာမှ ဖြစ်တာမဟုတ်ဘူး၊ မီးလောင်တာ"

မြင့်သောင်းကား သူရထားသောစာကို အပြီးသတ်အောင်ဖတ်ပြီး ထလာသည်။

"ဆန်နီရာ မင်းဘာဝက ဆိုးလှချည်လား၊ ချစ်မျက်မှန်က ဒီထိအောင်လိုက်ပြီး ကြိမ်းမောင်းနေတုန်းပဲလားဟ၊ တော်သေးတာပေါ့ကွာ၊ ချစ်မျက်မှန်က သူ့လက်ကို ဖြတ်၊ ပါဆယ်ထုပ်နဲ့ ထည့်ပို့လိုက်ပြီး မင်း အထုပ်ကို ဖွင့်ကြည့်မှ ပါးကို ထမရိုက်တာ ကံကောင်းတယ်၊ ငါ့ကိုဆိုရင် အေးက စာရေးလိုက်တာ နည်းနည်း ရင့်တဲ့ စကားလုံးလေးတောင် မပါဘူး၊ သူ ဘယ်လောက် ချစ်ကြောင်း အဟိ..."

မြင့်သောင်းက ပြောပြီး လှည့်ထွက်သွားသည်။

"ဒီလို ဘယ်ရမလဲ၊ မင်းစာပြ"

"မပြဘူးကွ"

မြင့်သောင်း၏စာကို လိုက်လုကြသည်။ မြင့်သောင်းက ထွက်ပြေးသည်။ သူ့ကို လိုက်ဖမ်းကြသည်။ မြင့်သောင်းက ရုန်းသည်။ စာကို လက်တွင်ဆုပ်၍ ကိုယ်နောက်မှာ အတင်းဝှက်သည်။ တစ်ယောက်နှင့် အများမို့ မြင့်သောင်း မတတ်နိုင်။ သူ့လက်ကို အတင်းဖြေ၍ စာကို လုယူသွားကြသည်။ ဆလိုင်းသည် စာကိုဖွင့်၍ ကျယ်လောင်စွာ ဖတ်ပြသည်။

"သား မောင်မြင့်သောင်း"

ဖေဖေနှင့်မေမေ စာရေးလိုက်သည်"

"ဟားဟား ငပေါတွေ၊ ငပေါတွေ၊ ငါဖိန့်တာ ခံလိုက်ရပြီဟေ့..."



မြင့်သောင်းကား သူ့လှည့်ကွက်ထဲ ဝင်သွားသောကြောင့် အလွန်ဝမ်းသာ၍နေလေသည်။

ကိုအောင်သည် ငြိမ်လွန်းလှသည်။ သူငယ်ချင်းတွေကား ကိုအောင်သူ့မိဘဆီက စာမလာသောကြောင့် ဆွေးနေသည်ဟုသာ ထင်သည်။ ခါတိုင်းလည်း သူသည် ဒီလိုပဲ တစ်ခါတစ်ခါ ငေးငိုင်နေတတ်သည် မဟုတ်လား။

ကိုအောင်သည် ဖေဖေ့ကိုလည်း ချစ်ပါသည်။ မေမေ့ကိုလည်း ချစ်ပါသည်။ သို့ရာတွင် ခုအချိန်မှာ ဖေဖေနှင့်မေမေတို့ကို သူ မလွမ်းမိချေ။ ဒါဖြင့် ရန်ကုန်မှာ ကျန်ခဲ့တဲ့ သူငယ်ချင်းတွေ၊ လေ့ကားတို့၊ ကင်းကောင်တို့ကို လွမ်းတာလား ဆိုတော့လည်း မဟုတ်ပြန်ပါ။ လွမ်းတော့ လွမ်းတာပဲ။ ဘာကိုလွမ်းမှန်းမသိ။

သူ့မျက်စိထဲတွင် မျက်နှာကလေးတစ်ခု ဖျတ်ခနဲ ပေါ်လာသည်။

အို...မနက်တုန်းဆီက မျက်နှာကလေးပါ မဟုတ်လား။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (…

"တောင်ပေါ်မှာ ပဝါပျောက် ကောက်ရရင်တဲ့ ပေးကြပါ၊ ကောက်…
ရင်တဲ့ ပေးကြပါ"

"တောင်ပေါ်မှာ ပွင့်တဲ့ပန်း ဘာပန်းရယ်လို့ ခေါ်ပါတယ်၊ ဘာပန်းရ…
လို့ ခေါ်ပါတယ်ဗျ"

"ရွှေပန်းရယ်လို့ ခေါ်ပါတယ်၊ ငွေပန်းရယ်လို့ ခေါ်ပါတယ်ဗျ"

အင်ဒီဗီဂျူအယ်လ်ထရဗတ်စ်ခေါ် ကိုယ့်အုပ်စုနှင့်ကိုယ် ထွက်ကြ… ဆိုလျှင် ဒီလိုပဲ ပေါက်တတ်ကရ အော်ဟစ်တတ်ကြသည်။ ဆယ်ယော… တစ်ဖွဲ့လောက် ခွဲ၍ ထွက်ကြရခြင်း ဖြစ်စသည်။ ကိုယ့်အုပ်စုထဲက… ခေါင်းဆောင်ရွေး၊ ဘွတ်ကင်မင်းရွေးပြီး သွားကြရခြင်းဖြစ်သည်။ ထိုအ… မျိုးတွင် ဆရာလိုက်ပါလာခြင်း မရှိချေ။

ဆရာ မပါလို့ဆိုပြီး ခိုကပ်မနေရကြ၊ သတ်မှတ်ထားသော နယ်မြေ… ပြည့်စုံအောင်မလေ့လာဘဲ မနေရကြ၊ သူတို့လုပ်ထားသမျှ ဘွတ်ကင်စာအ… တွင်လိုက်မှတ်ထားရသည်၊ ပြီးတော့ ဖီးလ်ရပို့တ် (ကွင်းဆင်းအစီရင်ခံစာ… ရေးကြရသည်။ အဲဒီထဲမှာ မပြည့်စုံလျှင် မလွယ်။ နောက်ပြီး ဆရာသ…



သည်နယ်မြေတွေကို နောကျေနေပြီ။ ခိုင်းတဲ့နေရာကို သူတို့ ရောက်အောင် သွားရဲ့လား၊ မသွားဘူးလား၊ သူတို့လုပ်တာကိုင်တာ ပြည့်စုံရဲ့လား၊ ခိုကပ်နေခဲ့သလားဆိုသည်ကို ဆရာသည် မလိုက်ဘဲ သိနေတတ်သည်။ ဘွတ်ကင်စာအုပ်ကို ယူကြည့်လိုက်ယုံဖြင့် အလိမ်တွေ အကုန်ပေါ်တာပဲ။

ပစ်တိုင်းထောင်အဖွဲ့၏ခေါင်းဆောင်မှာ မျိုးမြင့်လွင် ဖြစ်သည်။ သူက မနှစ်ကလည်း တစ်နှစ်ကျဖူးသည်၊ ခေါင်းဆောင်နိုင်သော အရည်အချင်းလည်း ရှိသည်။ ရွှေဆောင်နွားလားဥသဘ ဖပေါ့။ သို့ရာတွင် အလုပ်နှင့် ပတ်သက်သော ကိစ္စမှလွဲ၍ သူ့ကို ဘယ်သူကမှ မလေးစားကြချေ။ သူသည် အလုပ်လုပ်နေရင်းက "ငါနဲ့ဒါဒါကြီးနဲ့ တစ်ခါတုန်းကပေါ့ကွာ" ဆိုပြီး သူ့ရည်းစားအကြောင်းတွေ ခဏခဏပြောတတ်သောကြောင့် ဖြစ်လေသည်။

"ဟေ့ကောင်တွေ ကြာပုံး ကြာပွဲး"

မျိုးမြင့်လွင်က "ထမင်းစားကြမယ်" ဟု တရုတ်လိုပြောလိုက်၏။ ဝိုင်းသော်က မျိုးမြင့်လွင်ကို ဟောက်လိုက်သည်။

"ဟေ့ကောင်...တောထဲမှာ နတ်ကြိုက်သလားမသိ ဘာမသိဘဲ တရုတ်လိုတွေ ဘာတွေ မပြောရဘူးကွ"

"နတ်တွေ ဘာတွေ လုပ်မနေနဲ့ ငါ မယုံဘူး"

"တကယ်ပြောတာ၊ မင်းကို ငါကြားဖူးတာ တစ်ခုပြောပြမယ်၊ ငါတို့ ရွာမှာ ဖြစ်ခဲ့တာ"

ဝိုင်းသော်သည် အဖြစ်အပျက်တစ်ခုကို ပြောပြသည်။

"ငါတို့ရွာနားမှာ တောတစ်ခုရှိတယ်။ အဲဒီတောက နတ်က သိပ်ကြမ်းတာ၊ ကုလားလိုပြောရင် မကြိုက်ဘူး ကျားနဲ့ တိုက်တတ်တယ်"

"အင်္ဂလိပ်လိုပြောရင်ကော"

"ငြိမ်ငြိမ်နားထောင်စမ်းပါကွာ၊ အဲဒါ တစ်ခါက သားအဖနှစ်ယောက် အဲဒီတောထဲမှာ ထင်းခွေသွားကြရောတဲ့၊ မွန်းတည့်ချိန်လောက်ကျတော့ သားက ထမင်းဆာလာတာနဲ့ အဖေ့ကို 'အဖေ ...နာခါလီးယား' လို့ပြောတယ်တဲ့၊ အဲဒီတော့ အဖေက ... ဒီ တောစောင့်နတ်က

www.burmeseclassic.com

www.burmeseclassic.com



ကုလားလိုပြောတာ မကြိုက်ဘူးဆိုတာ နင်မသိဘူးလား၊ တော်ကြ
ကျားထွက်ဆွဲနေလို့ မာလကရျောင်းနေမယ်" လို့ပြောလိုက်တယ်
အဲဒီမှာတင် ကျားထွက်လာပြီး သားအဖနှစ်ယောက်စလုံးကို ကိုက်
သတ်သွားရောတဲ့"

"ဟားဟား...ရယ်ရသားပဲ"

"အဲဒီအဖြစ်ဟာ တကယ်ဖြစ်တာလို့ ထင်လား၊ ငါလုပ်ကြံပြီး ရေး
တာလို့ ထင်လား"

"ငါတို့တော့ မင်းလုပ်ကြံတာလို့ ထင်တာပဲ"

"အေး...မှန်တယ်"

ထမင်းစားသောက်ပြီးကြတော့ ခဏတစ်ဖြုတ်နားကြသည်။ သစ်
ရိပ်မှာ လှဲအိပ်ပြီးနားနေတာ ဖိမ်ရှိလိုက်လှသည်။ မျက်စိကို ခဏလေးမှိတ်
လိုက်ပြီဆိုလျှင် အကြောင်းအရာအမျိုးမျိုးတို့သည် သူတို့အတွေးထဲရောက်
လာကြသည်။ ချစ်ဖွယ်ကောင်းသော မျက်နှာကလေးများသည် သူ
မြင်လွှာပေါ်သို့ ဖျတ်ခနဲ ဖျတ်ခနဲ ရောက်ရှိ၍ လာကြသည်။ ပင်ပန်း
များကို ခဏမေ့လိုက်ကြသည့် အချိန်ကလေးပင် ဖြစ်ပါသည်။ အိပ်
သွားဖို့၊ အိပ်မက်ထဲသွားလည်ဖို့တော့ အချိန်မရချေ။ အလုပ်ရှိသေးသည်

"ကိုင်း...အပေါင်းအသင်းတို့ရေ...အချိန်ရှိခိုက် ဆက်လက်လို့
လိုက်ကြဦးစို့"

မျိုးမြင့်လွင်က တပ်လှန့်လိုက်သည်။ အားလုံး မထချင်ထချင် ထ
ကြရသည်။

ပျဉ်ညောင်နယ်မြေသည် ကျွဲတပ်ဆုံနယ်မြေထက် ပို၍မြင့်သ
တောင်ကုန်းတွေလည်း ပိုများသည်။ တောလည်း ပိုနက်သည်။ ထို့ကြ
ပို၍ပင်ပန်းသည်။

"ဒီတောင်ကုန်းကို တက်ရမယ်၊ ဒီထိပ်နားမှာ (fault) တစ်ခု ရှိတ
လို့ ပြောတယ်"

မျိုးမြင့်လွင်က တောင်ပေါ်သို့ ဦးဆောင်၍တက်သွား၏။ သူတို့



တောင်ထိပ်က ပြတ်ရွေ့တစ်ခုကို ကွန်ပတ်စ်သုံး၍ တိုင်းတာကြရသည်။ သူတို့သုံးသော ကွန်ပတ်စ်သည် အရပ်မျက်နှာကိုသာမက ရွေ့စောင်းသော ဒီဂရီကိုပါ တိုင်း၍ရသည်။

ရေပြင်ညီဘေးတိုက် စောင်းခြင်းသည်(Strike) အထက်အောက်စောင်းခြင်းသည် (Dip)။ ကျောက်လွှာပြတ်ရွေ့တစ်ခု၊ အက်ကြောင်းတစ်ခုသည် ဘေးတိုက်အားဖြင့် ဘယ်နှစ်ဒီဂရီစောင်း၍ ဘယ်အရပ်သို့ ဦးတည်နေသလဲ။ အထက်အောက်အားဖြင့် ဘယ်နှစ်ဒီဂရီစောင်း၍ ဘယ်အရပ်သို့ ဦးတည်နေသလဲ။ ထိုကျောက်သည် ဘာအမျိုးအစားလဲ။ သက်နုလား၊ သက်ရင့်လား။ ကျောက်တုံးနမူနာတို့ကို ထုခွဲကြည့်၍လည်း ခွဲခြားရသည်။ ကွန်ပတ်စ် အကူအညီဖြင့်လည်း တိုင်းတာရသည်။

ထိုနေ့က အလုပ် တော်တော်ပြီးခဲ့သည်။ တော်တော်လည်း ပင်ပန်းခဲ့ကြသည်။

ဒီလောက် ပင်ပန်းလာတာတောင် စခန်းပြန်ရောက်ပြီးတော့ ဘောလုံးကန်ကြသေးသည်။ တတ်လည်း တတ်နိုင်တဲ့ကောင်တွေ။ ထုံးစံအတိုင်းပဲ ရည်းစားရှိအသင်းနှင့် ရည်းစားမရှိအသင်း။

"ကဲ ...ရည်းစားမရှိ ငုံးတိတိကောင်တွေ ဟိုဘက်သွား"

မြင့်သောင်းက အော်သည်။ ကိုအောင်ကား အလယ်ကောင်မှာ ထုံပေပေ ရပ်နေ၏။

"ဟေ့ကောင် မျောက်သင်းကွဲ ကိုအောင် ဟိုဘက်သွားလေကွာ၊ ရည်းစားမဲ့အသင်းကို"

"ငါ မကစားချင်ဘူး"

"ဘာဖြစ်လို့လဲကွ"

"ဘာမှမဖြစ်ဘူး၊ ငါ ဒိုင်လူကြီးလုပ်မယ်"

မျိုးမြင့်လွင်သည် ကိုအောင့်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့စောစော ပြန်ရောက်သည်။ စခန်းသို့ရောက်ရောက်ချင်းပင် အပ္ပရုပ်မှာကိုပင် ဂရုမစိုက်နိုင်ဘဲ ရေအမြန်ချိုးသည်။ ထမင်းသုတ်သုတ်စား သည်။ ဘယ်သူ့မှမခေါ်ဘဲ တစ်ယောက်ထဲ ထွက်လာခဲ့သည်။ ကိုအောင်မေ့

သူသည် မြစ်သာချောင်းကလေးနားက အကြော်ဆိုင်သို့ ဘာကြော ထွက်လာခဲ့သည်ကို အမှန်အတိုင်း သိချင်သိနေမည်။ သို့ရာတွင် အကြော် စားချင်လို့လာတာဟု သူ့ကိုယ်သူ လိမ်ညာလိုက်သည်။ ကိုယ့်ကိုယ်ကို တောင် ပြန်ပြီး ရှက်နေတတ်တဲ့ အကောင်ပါပဲလား။

ဘူမိဗေဒသမားပီပီ မြေကြီးကိုသာ ငုံ့ကြည့်၍ လျှောက်လာမိသော ကြောင့် တံတားကလေးပေါ်သို့ တက်မိမှပင် တစ်ဘက်မှလူကို မြင်မိသည် တံတား၏ ဟိုဘက်ထိပ်မှာ သူပါ။ သူကလည်း တံတားပေါ် တက်စပြု ပြီ။ တံတားကလေးသည် လူနှစ်ယောက်ရှောင်သာရန် မဖြစ်နိုင်။

ကိုအောင် ရင်ခုန်လာသည်။ လမ်းလျှောက်လိုက်လျှင် ဒူးတွေတုန်ပြ ရေထဲပြုတ်ကျသွားမည် စိုးသောကြောင့်လား မသိ၊ ပေ၍ ရပ်နေမိသည် သူကလေးသည် တံတားပေါ်မှ ကုန်းပေါ်သို့ ပြန်ဆင်း၍ ကိုအောင့်ကို လမ်းဖယ်ပေးလိုက်သည်။ ကိုအောင် အားနာသွားလေသည်။ သူက ယောကျ်ားဖြစ်ပါလျက် မဟုတ်လား။

"ခင်ဗျား အရင်သွားပါ"

ကိုအောင်ကတံတားပေါ်မှ နောက်ပြန်ဆုတ်၍ လမ်းဖယ်ပေးလိုက် သည်။ သူကလေးသည် တံတားကိုဖြတ်ကျော်၍ ကိုအောင့်ဘေးမှ ရှိ ကလေးထွက်သွားလေသည်။ ကိုအောင့်ကို လေဟပ်မိသွားသည်။ လိုက်ခ ဖြစ်သွား၏။ နှလုံးလေရိုက်သည်ဆိုသည်မှာ ဒီလိုပါလားမသိ။

ထိုအချိန်မှာပင် အကြော်သည်ကြီး၏ လှမ်းအော်လိုက်သံကို ကြား ရသည်။

"မစိန်တင်ရေ…မြန်မြန် ပြန်လာခဲ့နော်"

ဟော…သူကလေးနာမည်ကို သိလိုက်ရပြီ။ မစိန်တင်တဲ့၊ မြန်မြန်ပြ လာခဲ့နော်တဲ့၊ ဒါဆို သူပြန်လာဦးမှာပဲ။



ကိုအောင်သည် အကြော်စားရင်း ရေနွေးကြမ်းသောက်ရင်း စကား ပြောရင်း အချိန်ဆွဲနေမိသည်။ အကြော်သည်ကြီး ဒေါ်သန်းနှင့်သူသည် လေပေးဖြောင့်နေကြပြီ။

"အမေ့မလဲ မစိန်တင်ကို ညညဒီမှာ ခေါ်သိပ်ရတယ်၊ အမေ့ ယောကျ်ားက မိုးသွေးဖုတ်သွားနေလို့"

"သူတို့အဖေနဲ့ ငါနဲ့မောင်နှမတော်တယ်၊ တူမပေါ့ကွယ်"

"ဟုတ်ကဲ့ခင်ဗျ"

ဒေါ်သန်းက အကုန်ဖွင့်ပြောလို့သာ သူသိရသည်။ သူ့အစွမ်းအစနှင့် သာဆိုလျှင် ဘာမျှသိရမည်မဟုတ်။ ခုတော့ တော်တော်လေးသိလိုက်ရ သည်။ သူကလေးက ဒီမှာ အိပ်တာတဲ့၊ ညနေဆိုရင် သူဒီမှာ အမြဲရှိမှာပေါ့။

မစိန်တင်ပြန်လာသည်။ ဆလတ်ရွက်တွေကို ဗန်းထဲသို့ ထည့်လိုက် သည်နှင့်တပြိုင်နက် ကိုအောင့်မျက်လုံးများသည်လည်း ရေပြင်ညီမျဉ်းမှ သွေဖည်၍ အောက်သို့ ပြုတ်ခနဲကျသွားလေသည်။

ခိုး၍ကြည့်သည်။

ခြေထောက်ကို။

မိန်းကလေးတွေကို ဒူးအထက်မကြည့်ကောင်းဘူးလို့ ဘယ်သူကများ သင်ထားသလဲ မောင်ကိုအောင်။

"ဟဲ့…မစိန်တင် သူက ကျောင်းသားတဲ့၊ အဲ့ မင်းနာမည်က ဘယ် သူကွယ်"

"ဟိုဒင်း…ကို…ကိုအောင်ပါခင်ဗျ"

စကားထစ်သွားသောကြောင့် ကိုကိုအောင် ဖြစ်သွားသည်။

"ကိုကိုအောင် ဟုတ်လား"

"မဟုတ်ပါဘူးခင်ဗျာ၊ ကိုအောင်ပါ"

"အေး…ကိုအောင်တဲ့"

"ဟုတ်ကဲ့ရှင့်"

တခြားကောင်တွေဆိုလျှင် "တွေ့ရတာ ဝမ်းသာပါတယ်…ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရင်လဲ ဝင်ပါနော်" ဘာညာကွိကွ လုပ်ပေလိမ့်မည်။

"ကျွန်တော်ပြန်တော့မယ် ခင်ဗျာ"

ပိုက်ဆံပေးသည်။

ဖျတ်ခနဲ ခိုးကြည့်သည်။

တစ်စက္ကန့်၏ သုံးပုံတစ်ပုံ အကြာတွင် မျက်လွှာကို ပြန်ချသည်။

တစ်ချိုးထဲ လှည့်ထွက်လာခဲ့သည်။

ဒီလောက်အဆင့်ကိုပဲ သူ့ကိုယ်သူ တော်တော်ဟုတ်လှပြီ ထင်နေ
သည်။ စခန်းကို မပြေးရုံတစ်မည် ပြန်လာခဲ့သည်။ သူတို့တဲကို လှမ်း
နေရသောအခါတွင် သူ ပြေးလေသည်။ မျိုးမြင့်လွင် မရှိချေ။ လက်ဖက်ရည်
သွားသောက်သည်ဟု ဆိုသည်။ လက်ဖက်ရည်ဆိုင်ကို လိုက်ရပြန်သည်
ဒီရွာမှာက လက်ဖက်ရည်ဆိုင်ရှိသည်။ တစ်ခွက်တစ်ကျပ်ခွဲ။ မ
ပါ။ မျိုးမြင့်လွင်သည် လက်ဖက်ရည်ဆိုင်မှာ အကျထိုင်နေသည်ကို ေ
ရ၏။

"ဟေ့ကောင်...ဟေ့ကောင်"

သူက အမောတကော ဝင်ထိုင်လိုက်သည်။

"ဘာဖြစ်တာလဲဟ၊ ကျားလိုက်ဆွဲလို့လား"

"မဟုတ်ပါဘူးကွ၊ ငါနာမည်သိခဲ့ရပြီ...ပြီးတော့"

"ဟ...ဘာတွေ လာပြောနေတာလဲ၊ ဘာနာမည်သိတာလဲ"

"ဟို...ငါပြောတဲ့ ကောင်မလေးလေ"

"ဟင်း... နာမည်သိတာလေးနဲ့များ ဖီးလ်မဆင်းဘဲ ဂရိတ်ဖိုက်ရ
မျက်နှာမျိုးနဲ့"

မျိုးမြင့်လွင်သည် စိတ်မဝင်စားဟန်ဆောင်လိုက်သည်။ ကိုအော
မျက်နှာလေးငယ်သွားလေသည်။

"သွားမယ်ကွာ"

မျိုးမြင့်လွင်က ထလိုက်သည်။

"ဟေ့ကောင် နေပါဦးကွ"



"မင်းကို ငါ လက်ဖက်ရည် မတိုက်နိုင်ဘူး"

"ထိုင်ပါဦးကွာ၊ မင်းအတွက်ပါ ငါရှင်းလိုက်ပါမယ်"

မျိုးမြင့်လွင်က ပြန်ထိုင်သည်။

"ကဲ...ပြောပါဦး"

"သူ့နာမည်က မစိန်တင်တဲ့ကွ"

"ဘာ...မစိန်ခင် ဟုတ်လား၊ ဦးကြယ်နီကော မတွေ့ခဲ့ဘူးလား"

"ဟာ...မစိန်တင်ပါကွ"

"ဟင် ...တောနာမည်ကြီး မစိန်တင်တဲ့"

ကိုအောင် နည်းနည်း အောင့်သွားသည်။ မျိုးမြင့်လွင်က ဆက်ပြော
နေသည်။

"ဒါဒါဆိုရင်ကြည့် ဘယ်လောက်မိုက်တဲ့ နာမည်လဲ"

"ဘယ်မှာ မိုက်လို့လဲ၊ ဒါဒါ ဆိုတာ ကုလားလို အဘိုးလို့ပြောတာ"

"...ဘယ်ကလာ ... ဒါဒါဆိုတာ ပါဠိလို ပေးလှူခြင်းလို့ အဓိပ္ပါယ်ရ
တယ်၊ တကယ်မွန်မြတ်တဲ့ နာမည်ကွ၊ ဒါပေမယ့် ဒါဒါဆိုတဲ့ နာမည်
ဖြစ်လာပုံက ဒီလိုကွ၊ ငါက သူ့ကို ဒါလင် ဒါလင်လို့ခေါ်နေရင်းကနေ
နောက်တော့ ချစ်စနိုးနဲ့ ဒါဒါဖြစ်သွားတာကွ"

မျိုးမြင့်လွင်က ထုံးစံအတိုင်း ဒါဒါဒိုင်ကာ ဖွင့်နေပြန်သည်။ ကိုအောင်
တ်မရှည်တော့။ ဆက်နားထောင်လျှင် ဒါဒါကြီးနဲ့ ငါနဲ့ကွာ...တစ်ခါတုန်း
...ဆိုတာ လာတော့မည်။

"ကဲ...ဒါတွေ ထားစမ်းပါဦး၊ သူက အကြော်သည်ကြီးရဲ့ တူမကွ၊
ညဆိုရင် အဲဒီမှာ လာအိပ်တယ်တဲ့"

"ဟင်...မင်းက ခင်ဗျား ဘယ်မှာအိပ်သလဲလို့ သွားမေးတာလား"

"ဟာ...မဟုတ်ပါဘူးကွာ၊ အဒေါ်ကြီးက ပြောပြလို့သိတာ၊ ပြီးတော့
ငါနဲ့သူနဲ့ကို မိတ်ဆက်ပေးသေးတယ်"

"ဟ...တယ်ဆော်ပါလား၊ အဲ...ဆက်ပြောပါဦး၊ မင်းကို ဘာတွေ
ပြောကြသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပြောဘူး၊ ငါလဲ ရှက်တာနဲ့ ထပြန်လာခဲ့တယ်"

"သေလိုက်ပါတော့ ဟ"

"အဲဒါ ငါ ဘာဆက်လုပ်ရမလဲ"

"ဘာမှ မလုပ်နဲ့၊ မင်းနေမ ငါ့ကို ပေးလိုက်"

"အေးလေ...မင်းစိတ်က ဘယ်လိုရှိမှန်းမှမသိဘဲ ငါ ဘယ်လိုလုပ်ပြောမလဲ"

"ဒီလိုကွာ...ငါကွာ... ဘယ်လိုလဲ မသိဘူး"

"ရှင်းပါ့ကွာ"

"မဟုတ်ဘူးကွာ၊ ဒီလို ငါ သူ့ကို မကြည့်ရဲဘူး၊ ဒါပေမယ့် သိပ်ကြည့်ချင်တာပဲ၊ ပြီးတော့ သူ့ရှေ့ရောက်ရင် ငါ ဘယ်လိုဖြစ်မှန်း မသိဘူး၊ ရင်တွေ သိပ်ခုန်တာပဲ၊ တစ်မျိုးကြီးပဲကွာ၊ အဲဒါ ငါ သူ့ကို ချစ်နေတာလားကွ ဟေ..."

"အေးကွ...ဖြစ်နိုင်တယ်"

"ငါလဲ ဒီလိုပဲ ထင်တာပဲ၊ အဲဒါ ငါ ဘာဆက်လုပ်ရမလဲ"

"သူနဲ့ ရင်းနှီးအောင် အရင်ကြိုးစား"

"ဘယ်လို ကြိုးစားရမှာလဲ"

"နေဦး... ငါမေးမယ်၊ သူ့အဒေါ်အဘွားကြီးရဲ့ အခြေအနေကကော"

"သဘောကောင်းတယ်ကွ၊ ပြီးတော့ ...ရှင်းရှင်းဘွင်းဘွင်းကြီး၊ ငါ့ကိုလဲ ကြည့်တယ်"

ကိုအောင်က ပြီးခဲ့သောအုပ်စုမှ ကျောင်းသားတစ်ယောက် အကြော်အကြွေးစားသွားပုံ၊ သူတကာ ငွေစိုက်ပေးလိုက်ပုံ၊ အကြော်သည်ကြီးနှင့် သူ ခင်မင်သွားပုံ၊ မစိန်တင်နဲ့ မိတ်ဆက်ပေးပုံတို့ကို ပြောပြသည်။

"ဒီအတိုင်းဆိုရင် မဆိုးပါဘူး၊ ဒီတော့ ...ဟေ့ကောင် နောက်တစ်ခါ တွေ့ရင် အသေကောင်ကြီးလိုမနေနဲ့၊ စကားလေးဘာလေးပြော၊ ဘယ်နှစ်တန်းရောက်ပြီလဲ၊ အဖေ အမေက ဘာလုပ်သလဲ လျှောက်မေးပေါ့ကွာ"



"ဟာ...အဲဒါတွေက ငါ သိပြီးသားတွေပဲ"

"ထူပါ့ကွာ၊ သိပြီးသားကော ဘာဖြစ်သလဲ၊ မင်းသိတာကို သူမှ မသိသေးတာပဲ၊ ဒီလိုပဲ ကြံဖန်မေးရမှာပေါ့"

"အေးကွာ...မင်းပြောသလို လုပ်မယ်"

* * *

"ဘယ်နှစ်တန်းရောက်ပြီလဲ"

"ကျွန်မ ဆယ်တန်းရောက်ပါပြီရှင့်"

သုံးမိနစ်ခန့်ကြာသွားသည်။ ဘာမှ ဆက်မပြောဖြစ်။ ကိုအောင် ...တွေးကို မျိုချလိုက်သည်။ 'ဂလု' ဟု မြည်သွား၏။ ကြားများ ကြားသွား ...လားဟု သူ ရှက်သွားသည်။

"ဟို...မိဘများကကော ဘာအလုပ်အကိုင် လုပ်ပါသလဲ"

"အဖေကတော့ ကိုင်းလုပ်ပါတယ်၊ အမေကတော့ တစ်ခါတစ်ခါ မြို့ဈေးမှာ ဈေးရောင်းပါတယ်"

သူတို့ပုံစံမှာ မြန်မာ့အသံ တွေ့ဆုံခန်းလို ဖြစ်နေသည်။

"ဟုတ်ကဲ့ခင်ဗျာ၊ အခုလို မြန်မာ့အသံကို လာရောက်ကူညီတဲ့အတွက် ...စိန်တင်ကို ကျေးဇူးတင်ပါတယ်"ဟု ပြောဖို့သာ ကျန်တော့သည်။

ကိုအောင့်အဖို့ စကားကုန်သလောက် ရှိသွားလေပြီ။ မျိုးမြင့်လွင်သင် ...းလိုက်တာကလည်း ဒါပဲ မဟုတ်လား။

တိတ်ဆိတ်မှုသည် ကြီးစိုး၍နေပြန်၏။ ကိုအောင်သည် လည်ချောင်း 'အဟမ်း' လုပ်၍ ရှင်းလိုက်သည်။

"အမေသန်းက ဘယ်သွားတာလဲ"

"ဒီနေ့ ဈေးနေ့မို့လို့ မြို့ဈေးကိုသွားတာ၊ မှောင်လောက်မှ ပြန်ရောက်မှာရှင့်"

အော်...ဒါကြောင့် သူကလေးက အကြော်ဆိုင်ကို ထွက်ရောင်းပေး

www.burmeseclassic.com

www.burmeseclassic.com



နေတာကို၊ ဒါကြောင့် တစ်ယောက်ထဲ ရှိနေတာကို။

"အစ်ကိုက တက္ကသိုလ်ကျောင်းသားလား"

"ဟုတ်ကဲ့"

အလို့…သူကလည်း အတော် လာပါလား။ သိရဲ့သားနဲ့ တက္ကသိုလ်ကျောင်းသားလားလို့ မေးသည်။ မျိုးမြင့်လွင် ပြောသော သိပြီးသားပေမယ့် ဘာဖြစ်လဲ၊ စကားရှာပြီး မေးပေါ့ကွာဆိုသော စကားကို သတိရနေမိသည်။ သူက ဒီလိုလား။

ခုအချိန်မှာ ယောက်ျားဖြစ်သော ကိုအောင်က ရှက်ကြောက်နေပြီး မိန်းမဖြစ်သော သူကလေးက မရှက်မကြောက်ချေ။

အမှန်က ဒီလိုကိစ္စမျိုးတွင် မရိုးသားသူတို့သည် ရှက်ကြောက်နေတတ်၍ ရိုးသားသူတို့သည် မရှက်မကြောက်တတ်ကြကြောင်းကို ကိုအောင် မတွေးမိလေတကား။

"ရန်ကုန်ကပေါ့နော်"

"ဟုတ်ကဲ့"

"ရန်ကုန်ကဆိုရင် မြို့ကြီးသား လူလည်ဖြစ်မှာပဲ"

ကိုအောင်သည် အံ့သြသွား၏။ ဒီလောက်အထိ စကားကို သူပြောရဲသလား၊ သူ့ကို လမ်းကြောင်းပေးတာလား။

ရိုးသားပွင့်လင်းခြင်းကို မြို့သားတို့ နားမလည်ချေ။

ကိုအောင့်မှာ သတ္တိ နည်းနည်းဝင်လာ၏။

သူ့ကို ဖျတ်ခနဲ ကြည့်လိုက်သည်။

ဒီတစ်ခါတော့ သုံးစက္ကန့်လောက် ကြာသည်။

သူကလေး၏ မျက်နှာတစ်ခုလုံးသည် အတုမရှိ။ ပြင်ဆင်ဖန်တီး ဖြည့်စွက်ထားသော အတုအပများမရှိကြောင်းကို ဆိုလိုပါသည်။

မျက်တောင်အတု တပ်မထားချေ။

သို့ရာတွင် မျက်တောင်ကော့ရှည်သည်။

မျက်ခွံတို ဆေးမဆိုးထား။ မျက်လုံးမှာ အမည်းရောင်မခြယ်။



သို့ရာတွင် မျက်လုံးကြည်လင်သည်။

နှုတ်ခမ်းမှာ ငွေပြာရောင် ဆိုးမထား။

သို့ရာတွင် နှုတ်ခမ်းနီထွေးသည်။

မျက်နှာမှာ မိတ်ကပ်မရှိ။

သို့ရာတွင် သနပ်ခါးကြောင့် မှုန်၍ လှသည်။

ဆံပင်နက်၏။ နောက်မှာစု၍ ချည်ထားသည်။

အော်… သာစည်မှာ အေးအေးလူလူ သွားနေရသောကြောင့် နေမလောင်၊ အအေးဓာတ်ဖိစီးခြင်းကို မခံရသဖြင့် သန့်သန့်ကလေးလှနေခြင်း ဖြစ်ပါမည်။ ရေရေလည်လည်လှသည်ဟု မဆိုနိုင်ပါ။ လှတယ်ဟု ပြော၍ ရရုံသာ။ တခြားကျောင်းသားတွေအဖို့တော့ ဖွံ့မကဲစရာ ကောင်းချင်မှ ကောင်းမည်။

"ကျွန်တော် ပြန်ပါဦးမယ်"

"ဟုတ်ကဲ့ရှင်"

မျက်လုံးချင်း တစ်ခဏမျှဆုံ၏။

တက္ကသိုလ်ကျောင်းသူတို့၏…

အမည်းရောင်အကြည့်၊

ငွေပြာရောင်အပြုံး၊

ပန်းနုရောင်အသံတို့သည်

ကိုအောင်၏ ခြေဖျားလက်ဖျားတို့ကိုပင် အအေးမမိစေခဲ့။

သို့ရာတွင် အခုသူကလေး၏…

အဖြူရောင်သက်သက် အကြည့်၊ အပြုံး၊ အသံတို့သည် ကိုအောင်၏ ခြေဖျားလက်ဖျားတို့ကို အအေးမိစေရုံမျှမက သူ၏နှလုံးသားကိုပင် ချွေးစို့စေခဲ့ပြီတကား။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ဂ)

"မင်းဟာက ကျေနပ်ဖွယ်အဆင့် မဟုတ်သေးဘူး"

မျိုးမြင့်လွင်က သပ်ချောင်းကို မြေမှာရိုက်ရင်း ပြောလိုက်သည်။

"ဘာလိုနေလို့လဲကွ"

"မင်းပြောသလောက်ဆိုရင် မင်းက ဘာမှ မယ်မယ်ရရ မပြောခဲ့[illegible] သေးဘူး"

"ဟာ...ချက်ချင်းကြီးပြောလို့တော့ ဘယ်ဖြစ်မလဲကွ"

"အေးပါ...ဟုတ်ပါတယ်၊ ဒါပေမယ့် မင်းရဲ့ တိုးတက်မှုက နှေးကွေ[illegible] တယ်၊ အချိန်ကွာ သိပ်ရတော့တာမဟုတ်ဘူး၊ တစ်ပတ်ကျော်ကျော်[illegible] ပဲ ကျန်တော့တာ"

ကိုအောင်စိုးရိမ်သွားလေသည်။ တစ်ပတ်ဆိုသော အချိန်သည် ဘာမ[illegible] ကြာလိမ့်မည်မဟုတ်။ ခုဟာက ပျော်ပွဲစားလာတာလည်း မဟုတ်။ ကိုယ[illegible] သွားချင်တိုင်း သွားလို့မရ။ အလုပ်အားချိန်ကျမှ။

"သူက ငါ့ကို ရင်းရင်းနှီးနှီး စကားပြောတာကျတော့ကော"

"ဟကောင်ရ၊ မိန်းမသားတွေရဲ့သဘောဟာ ရှုံးကစားတာလိုပဲဟ[illegible]



မှောက်ထားတဲ့ဖဲကို တွက်ရခက်သလိုပဲ ရန်နှင်အပ်အင်ဒေါင်းပြထား ပေမယ့် မှောက်ဖဲက ရှစ်ကြီးဖြစ်ချင်ဖြစ်နေတာ၊ ခွဆင်ကြီးဆိုပေမယ့် ရှုံးဖဲနှင်းပြီး ရန်းချင်ရှန်းနေတာ၊ ခုလဲ မင်းကို ရင်းရင်းနှီးနှီး ဆက်ဆံ တယ်ဆိုတာကလဲ ရိုးရိုးခင်လို့လဲ ဖြစ်ချင်ဖြစ်မယ်၊ အဲ...မင်းကို စိတ် ဝင်စားနေတာလဲ ဖြစ်ကောင်းဖြစ်မယ်"

"အဲဒါ ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲကွာ"

"ဒါနဲ့ ငါမေးပါရစေဦး၊ မင်းက ကောင်မလေးကို တကယ်ချစ်နေ တာလား"

"ဟာကွာ ...မင်းမေးပုံကြီးက"

"မဟုတ်ဘူးလေကွာ၊ မင်းက တက္ကသိုလ်ကျောင်းသားမဟုတ်လား"

"အဲဒါနဲ့ ဘာဆိုင်လဲ"

"ဟိုက တောသူလေ"

"ဘာဖြစ်လဲ တောသူ၊ တက္ကသိုလ်ကျောင်းသားနဲ့တောသူ မကြိုက် ရဘူးလား"

"ပုံစံချင်းက မတူဘူးလေ"

"မဆိုင်ပါဘူးကွာ"

"ကဲကွာ... မင်းက တကယ် ကြိုက်နေပြီဆိုပါတော့"

"အေး...အေးကွာ"

"ဒါဆိုရင် ငါလိုက်ပြောပေးမယ်"

"ဟာ...မင်းက လိုက်ပြောရအောင် ငါ့အဖေမှ မဟုတ်တာ၊ ပြီးတော့ မင်းနဲ့လဲ မသိဘဲနဲ့"

"ငါပြောတာက တစ်မျိုးပါကွ၊ မင်းပုံစံနဲ့ဆိုရင် ငါတို့ပြန်တဲ့အချိန်ကျ ရင်တောင် နေကောင်းလားဆိုတဲ့အဆင့်က တက်မှာမဟုတ်ဘူး၊ အဲဒီ တော့ နောက်တစ်ခါသွားရင် ငါပါလိုက်မှာ၊ ငါက စကားလမ်း ကြောင်းပေးမယ်၊ မင်းက ငါ့စကားကို နင်းပြီးလိုက်၊ ချက်ချင်းကြီး ချစ်တယ်ပြောဖို့တော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမယ့် တိုးဟက်မှု

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကို အချိန်တိုတိုအတွင်းမှာ မြှင့်တင်ပေးရမယ်"

"အေးကွာ...မင်းသဘောပဲ"

"ဒါနဲ့ မင်းကောင်မလေးက တကယ်လှရဲ့လားကွ"

"မင်း မျက်စိထဲမှာတော့ ဒါဒါလို ဆံပင်ဖားလျား မဟုတ်တော့ လှတယ်လို့ ပြောချင်မှ ပြောမယ်၊ အေးလေ...မင်းလိုက်ကြည့်တော့ ...တွေ့မှာပေါ့"

"ဟော့ကောင်တွေ သပ်နုတ်ပြီး လိုက်ခဲ့တော့ကွ၊ ဘာတွေကျိတ်ပြ... နေကြသလဲ မသိဘူး"

"ညနေကျရင် ရွာထဲကဆိုင်မှာ သွားသောက်မလို့ ထင်တယ်"

"ငါတို့ကို မခေါ်ရင်တော့ အသိပဲ"

မြင့်သောင်းတို့ ဆန်နီတို့က လှမ်းအော်ကြသောကြောင့် သူတို့သပ်နုတ်ပြီး လိုက်သွားရသည်။

သူတို့လုပ်ရသည်မှာ သပ်ရိုက်ပြီးလျှင် တိပ်ကြိုးကို ဆွဲရသည်။ ... အပ်သော အကွာအဝေးတွင် သပ်တစ်ခုထပ်ရိုက်။ တိပ်ကြိုးဆိုသည်... အမှန်အားဖြင့် အကွာအဝေး အတိအကျရှိသော အဆစ်အပိုင်းတို့ပါ... သည့် သံကြိုးဖြစ်ရမည်။ ခုတော့ ဒီလိုမဟုတ်။ သံကြိုးမရှိ၊ မသုံးနိုင်။ ဂုံ... ကြိုး သို့မဟုတ် ရေရာကြိုး တစ်မျိုးမျိုးကိုပင် သုံးရသည်။ ကြိုး၏ အရှည်... အတိုင်းအတာကိုပင် မှတ်၍ သုံးရသည်။ ပေငါးဆယ်ကို တစ်ပြန်၊ ဆယ်... စီခြား၍ အမှတ်အသားလုပ်ထားရသည်။

သူတို့အတွက် သတ်မှတ်ထားသော ဧရိယာသည် တစ်မိုင်ပတ်လည်... ထိုနယ်မြေအတွင်းရှိ ကျောက်များ၏ အခြေအနေကို လေ့လာရမည်... တစ်မိုင်ပတ်လည်ကို စေ့စေ့စပ်စပ်ဖြစ်အောင် စနစ်တကျ ဆောင်ရွက်ရသည်...

ဧရိယာ၏ အနောက်အစွန်းမှ စမည်ဆိုလျှင် ထိုနေရာမှစ၍ အရှေ့... စူးစူးသို့ ပေငါးဆယ်တပြန်စီ သပ်ရိုက်၊ တိပ်ကြိုးဆွဲပြီး ကျောက်တွေကြည့်... တိုင်းစရာတိုင်း မှတ်စရာမှတ်၊ တစ်မိုင်ပြည့်လျှင် မြောက်စူးစူးသို့ ပေ... ဆယ် တပြန်တက်၊ ထိုနောက် အနောက်စူးစူးသို့တစ်မိုင်။ ထိုမှ မြောက်...



...စူးသို့ ပေငါးဆယ်၊ တဖန် အရှေ့စူးစူးသို့ တစ်မိုင်။ မြေပုံပေါ်ရှိ ကိုယ်ကျ... ...ဂရစ်လိုင်းအတွင်း ကွန်ပတ်အကူအညီဖြင့် လုပ်ကြရသည်။

"မင်းတို့ခုန ဘာတိုင်ပင်နေတာလဲ"

ဝိုင်းသော်က စပ်စုလိုက်သည်။ ကိုအောင် မျက်နှာပျက်သွားသည်။ ...ကောင်တွေ သိလို့မဖြစ်။ သိလျှင် လောင်လို့ဆုံးမည် မဟုတ်။

"ဘာမှ မဟုတ်ပါဘူးကွ"

"အေးပါ မပြောရင်နေပေါ့၊ ဒါပေမယ့် ငါတို့ ပစ်တိုင်းထောင် အဖွဲ့အ ကြောင်း သိတယ် မဟုတ်လား၊ ဘာပဲလုပ်လုပ် အားလုံးကို တိုင်ပင်ပြီးမှ လုပ်ရတယ်၊ လျှို့ပြီးလုပ်လို့ မရဘူး၊ နောက်မှ ငါတို့ကို အဆိုး မဆိုနဲ့"

ကိုအောင် လန့်သွားသည်။ ဒီကောင်တွေကို ဖွင့်ပြောလိုက်ရင် ကောင်း ...လားဟု စဉ်းစားမိသည်။ တော်ကြာ သူတို့ကို မပြောရကောင်းလားဆို ...မဟုတ်ကဟုတ်က လျှောက်လုပ်မှာ စိုးရသည်။ သို့ရာတွင် လူအားလုံး ...မှာ သူ ဖွင့်ပြောရမှာ ရှက်နေသည်။ တော်တော်ခရီးရောက်မှပဲ ပြော ...တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

"ကဲ...အပေါင်းအသင်းတို့ ကားလမ်းဘက် တက်မယ်"

"ရေပူစမ်းကို သွားကြရအောင်၊ အဲဒီမှာ ထမင်းစားမယ်"

"ရေပူစမ်း ဟုတ်လား မင်း သိလို့လား"

"သိတာပေါ့ကွ၊ အဲဒီမှာ သိပ်သာယာတယ်"

ဆလိုင်းက ဦးဆောင်၍ ထွက်လာခဲ့ကြသည်။ ကားလမ်းပေါ်ရောက် ...ဂိုက်တစ်ရာခန့် လျှောက်မိချိန်မှာပင် နောက်မှ စစ်ကားတစ်စီး မောင်း ...လာသည်ကို တွေ့ရသည်။ သူတို့က လက်ပြ၍ တားလိုက်သည်။ ကားသည် ...တို့ ဝတ်စုံများကိုမြင်သည်နှင့် ကျောင်းသားတွေမှန်းသိသောကြောင့် ...ပ်ပေးလိုက်သည်။ သူတို့သည် ရေပူစမ်းဆီသို့ ထိုကားကြုံဖြင့် လိုက်ခဲ့ ...ကြလေသည်။

ရေပူစမ်းသည် တောင်ကမ်းပါးယံမှ စိမ့်ထွက်နေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်မှာ ရိုးရိုးချောင်းရှိသည်။ ရေပူစမ်းမှ ရေပူများသည် ရိုးရိုးချောင်းအတွင်းသို့ စီးဝင်နေသည်။ ရေပူစမ်းမှ စိမ့်ထွက်ရေများကို အုတ်ကန်ကလေးလုပ်၍ လှောင်ထားပေးသည်။

"ရေပူစမ်း ဖြစ်လာပုံကို သိကြရဲ့လား၊ မြေအောက်ရေတွေဟာကွာ ပူတဲ့ တွန့်ခေါက်မြေလွှာအတွင်း ရောက်သွားတော့ ပူလာတာပေါ့။ ပြီးတော့ ချော်ရည်ပူတွေ ခဲသွားတဲ့အခါမှာလည်း အဲဒီချော်မှာ ပါဝင်တဲ့ ရေပူတွေဟာ သိပ်ပူလာတဲ့အခါ ရေငွေ့ငွေ့သဘောမျိုးဖြစ်ပြီး ဆူကြွလာတယ်၊ ပူရင်ကျယ်ပြန့်တဲ့သဘောအတိုင်း ရေပူတွေဟာ ပြန့်ကားလာတာပေါ့ကွာ၊ အဲဒီရေတွေဟာ အက်ကြောင်းတွေကတစ်ဆင့် စိမ့်ထွက်လာတော့ ရေပူစမ်းဖြစ်လာတာပေါ့ကွ"

ဆလိုင်းက လူတတ်ကြီးလုပ်၍ ရှင်းပြသည်။

"တော်ပါပေ့ကွာ၊ ငါတို့ပထမနှစ်တုန်းက အဲဒါတွေ မသင်ခဲ့ရဘူးထင်တယ်"

မျိုးမြင့်လွင်က ငေါ့လိုက်၏။

"အေးပါကွ၊ မင်းတို့မေ့သွားပြီမှတ်လို့ ပြန်ပြောပြတာပါ"

ကိုအောင်သည် ရေပူကန်အတွင်းသို့ လက်နှိုက်ကြည့်သည်။

"အမလေး ...တော်တော်ပူပါလားဟ"

"ပူတာပေါ့ကွ၊ နောရစ်ချိုင့်ဝှမ်းမှာဆိုရင် ၂၆၅ ပေ အနက်ကို တူးကြည့်တာ အပူချိန် ၄၀၁ ဒီဂရီဖာရင်ဟိုက် ရှိတယ်တဲ့ကွ"

"ဟာ ဆလိုင်းတော်တော် တော်တာပဲကွ၊ အတိအကျမှတ်မိတယ်"

"မှတ်မိတာပေါ့ကွ၊ ဒီကောင်က တစ်တန်းတစ်တန်းကို နှစ်နှစ်လောက်နေခဲ့တာပဲ"

"အေးကွာ၊ ထူးဆန်းလိုက်တာ၊ ဒီရေပူစမ်းက ရေပူကျတော့ ပူလိုက်တာ၊ ဟိုဘက်ကချောင်းရေကျတော့ အေးလိုက်တာ ရေခဲရေကျနေတာပဲ"

"အပူနဲ့အအေးဟာ တစ်နေရာထဲမှာ လာရှိနေတယ်"



"ဒါ ဝိရောဓိတရားပေါ့ကွ"

"ဟာ...ဘယ်ဆော်ပါလား၊ ဆက်ပြောပါဦးဆရာဆလိုင်းရဲ့"

"ထမင်းစားရင်းနဲ့ ပြောတာပေါ့ကွာ"

ထမင်းစားဖို့ဝိုင်းထိုင်လိုက်ကြသည်၊ ဟင်းကောတွေကို ဖွင့်လိုက်သည်။ ဘဲဥဟင်း၊ အိမ်က ယူလာခဲ့သော ငါးပိကြော်တွေ၊ အမဲသားကြော်တွေကား မရှိတော့ပြီ။ စရောက်လို့ တစ်ပတ်ခန့်အကြာမှာပင် ကုန်သွားခဲ့သည်။ မြင့်သောင်းဆီမှာ သံပုရာသီးသနပ် နည်းနည်းကျန်သည်။ တစ်ယောက် တစ်ဇွတ်စီလောက် မျှ၍ စားရသည်။ ခုလိုပင်ပင်ပန်းပန်းဖြစ်နေချိန်မှာ သံပုရာသီးသနပ် ချဉ်ချဉ်ကလေးသည် သူတို့ကို အမောပြေသွားစေ၏။

"ငါး မစားရတာများ တော်တော်ကြာပြီကွာ"

ဆန်နီသည် ချစ်မျက်မှန်ထမင်းဘူးထဲမှတွေ့ရတတ်သော ငါးကြော်များကို သတိရစွာ ပြောလိုက်သည်။ ခုအချိန်မှာသာ ချစ်မျက်မှန်သည် ထမင်းဘူးလေးကိုင်၍ ပြေးလာလျှင် ဘယ်လောက်များ ကောင်းလိုက်လေမည်နည်း။ အင်းလျားဆောင်မုန့်ဈေးတန်းမှ အစုံသုပ်ဝယ်၊ ထမင်းတစ်လုတ်၊ အစုံသုပ်တစ်လုတ်၊ ငါးကြော်တစ်ဖဲ့၊ သို့ရာတွင် ဘဲဥကား ငါးကြော် မဟုတ်ချေ။

ကိုအောင်ကမူ ငါးကြော်ကိုလည်း သတိမရ၊ ဘဲကင်ကိုလည်း သတိမရ။ သူ့မျက်စိထဲတွင် ဂျူးကြော်များသာ မြင်နေလေသည်။

"ဆလိုင်း...ဆက်ပြောပါဦးကွ၊ ဝိရောဓိအကြောင်း"

"ဝိရောဓိဆိုတာက...ဒီလိုလေကွာ၊ သဘောသဘာဝချင်း မတူတဲ့အရာတွေဟာ အချင်းချင်းဆက်နွယ်နေပြီး တစ်ပြိုင်တည်းမှာပဲ အချင်းချင်း ဆန့်ကျင်နေတာကိုပြောတာ"

"ဆက်နွယ်ပြီး ဆန့်ကျင်နေတာ ဟုတ်လား"

"အေးပေါ့ကွ၊ ဆန့်ကျင်ဘက်တွေဟာ အမြဲတမ်းဒွန်တွဲပြီး ဖြစ်ပေါ်နေတယ်၊ ခွဲခြားထားလို့ မရဘူး။ ဥပမာ အပူနဲ့အအေးကွာ၊ သူတို့ဟာ သဘောသဘာဝအားဖြင့် ဆန့်ကျင်နေတယ်၊ ဒါပေမယ့် ခွဲခြားထားလို့ မရဘူး၊ ကြည့်လေ...အပူဆိုတာ မရှိဘဲနဲ့ အအေးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်ပါ့မလား၊ ပူတယ်ဆိုတာကိုသိတဲ့အခါကျမှ အဲဒီအပူနဲ့ နှိုင်းယှဉ်ပြီး သူနဲ့ ဆန့်ကျင်နေတဲ့အရာကို အအေးလို့ခေါ်နိုင်တာပေါ့၊ ဒီလိုပဲ အလင်းနဲ့အမှောင်၊ အဖြူနဲ့အမည်း၊ အဆိုးနဲ့အကောင်း... တကယ်တော့ ဝိရောဓိတရားဆိုတာ မတည့်အတူနေ ဆိုတဲ့သဘောပဲကွ"

"လူကြီးတွေ နဲ့ လူငယ်တွေလိုပေါ့"

မြင့်သောင်းက စကားစတစ်ခုကို လမ်းကြောင်းပေးလိုက်သည်။

"မင်းပြောတာ ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် လူကြီးတွေနဲ့ လူငယ်တွေဟာ ဝိရောဓိဖြစ်နေတယ်လို့တော့ ပြောလို့မရဘူး၊ လူကြီးတချို့နဲ့ လူငယ်တွေဟာ တချို့နေရာတွေမှာ ဝိရောဓိဖြစ်နေတယ်လို့တော့ ပြောလို့ရတယ်"

"ဟုတ်တယ်...ဟုတ်တယ်၊ တချို့ လူကြီးတွေကျတော့ တို့နဲ့ အမြင်ချင်းတူတဲ့နေရာတွေ အများကြီးရှိတာပဲ၊ ဒါပေမယ့် တချို့လူကြီးတွေကျတော့..."

"တချို့လူကြီးတွေကျတော့ တဖက်သတ်ကျလွန်းအားကြီးတယ်၊ လူငယ်တွေရဲ့သဘောကို နားမလည်ဘူး၊ ဆံပင်ရှည်ရှည်ပြန်ပြီ၊ အကျီကျပ်ရင် ကျပ်ပြန်ပြီ၊ ဘောင်းဘီဝတ်ရင် ဝတ်ပြန်ပြီ၊ ဂီတရီယိုသီချင်းဆိုရင် ဆိုပြန်ပြီ"

"အေးကွာ၊ သူတို့က အပေါ်စီးကချည်း ကြည့်ချင်နေကြတာ"

"အေး...ဟုတ်တယ်၊ တောင်ထိပ်ပေါ်ကကြည့်ရင် တောင်အောက်က လူကို သေးသေးကလေးပဲ မြင်ရသလို တောင်အောက်ကကြည့်ရင်လဲ တောင်ပေါ်ကလူကို သေးသေးကလေးပဲ မြင်ရမှာပဲ"

"တောင်ပေါ်ကချည်းကြည့်လို့ ဘယ်ဖြစ်မလဲ၊ တောင်အောက်ကိုလဲ ဆင်းကြည့်သင့်တာပေါ့"

"ငါတို့လိုလူငယ်တွေကျတော့ တောင်ပေါ်ကို တက်ကြည့်ခွင့် မရှိဘူးကွ၊ ဘာလို့ဆို ငါတို့ဟာ လူကြီးမှ မဖြစ်သေးတာ"

"ဒီလိုကွ၊ လူကြီးတွေနဲ့လူငယ်တွေ မတူတဲ့အချက်က လူငယ်တွေ



က နှလုံးသားကို အားကိုးတယ်၊ လူကြီးတွေက ဦးနှောက်ကို အားကိုးတယ်၊ နှလုံးသားက ပြတ်သားတယ်၊ ဒါပေမယ့် ဆင်ခြင်မှုမရှိဘူး၊ ဦးနှောက်ကတော့ ဆင်ခြင်တတ်တယ်၊ နှလုံးသားရဲ့ ပြတ်သားမှုကို ဦးနှောက်က ဆင်ခြင်စစ်ဆေးပေးရတယ်၊ အဲ...ဒါပေမယ့် ဆင်ခြင်လွန်းအားကြီးရင် တွေဝေလာတတ်တယ်၊ အစိုးရိမ်ကြီးလာတတ်တယ်"

"လူကြီးတွေဟာ မစွန့်စားနိုင်ကြတော့ဘူး၊ ဒီတော့ ဖြစ်သင့်တာက လူငယ်တွေရဲ့ စွန့်စားမှုကို ခွင့်ပြုရမယ်၊ အဲဒီစွန့်စားမှုတွေကို လမ်းမှားမရောက်အောင် စစ်ဆေးထိန်းကျောင်းပေးရုံပဲ ရှိတယ်"

"အမှန်ကတော့ လူငယ်တွေနဲ့လူကြီးတချို့နဲ့ မပြေမလည်ဖြစ်နေကြရတာဟာ လူငယ်တွေရဲ့စွန့်စားလိုစိတ်နဲ့ လူကြီးတွေရဲ့ အစိုးရိမ်ကြီးတဲ့စိတ်တို့ဟာ သဟဇာတမဖြစ်ဘဲ သဘောထားကွဲလွဲနေကြလို့ပဲကွ"

ကိုအောင်၏ခေါင်းထဲသို့ စိုးရိမ်စိတ်ကလေးသည် ဖျတ်ခနဲဝင်ရောက်လာ၏။ သူ့ကိစ္စကိုသာ ဆရာ သိသွားလျှင်...

ဆရာသည် လူကြီးဖြစ်ပါသည် မဟုတ်လား။

* * *

"ဒါက ကျွန်တော့်သူငယ်ချင်း မျိုးမြင့်လွင်တဲ့၊ ကျွန်တော်တို့အုပ်စုခေါင်းဆောင်ပေါ့"

"ဟုတ်ကဲ့...ခုလိုသိရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ရှင့်"

မျိုးမြင့်လွင်က မစိန်တင်ကို အကဲခတ်၍ ကြည့်သည်။ သူ့ကြည့်ပုံက ရူးရဲလွန်းလှသည်။ အခန်း AE-3 က ကောင်မလေးတွေကို အတန်းအပြင်က နေကြည့်ပုံမျိုး။ ကိုအောင်က အားနာနေသည်။ မျိုးမြင့်လွင်၏ခြေထောက်ကို သူ့ခြေထောက်ဖြင့် ခတ်၍ သိပ်အကြည့်မရဲရန် သတိပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးမြင့်လွင်က ကိုအောင့်ကို ဂရုမစိုက်ချေ။

"ကိုအောင်က ပြောလွန်းလို့ လိုက်လာတာပါ"

မျိုးမြင့်လွင်၏စကားကို ကိုအောင် လန့်သွားသည်။ ခြေထောက်ကို ဖိနင်း၍ ထားလိုက်၏။

"အား ... အဲ...ဒီဆိုင်က အကြော်သိပ်ကောင်းတာပဲလို့ ပြောလွန်းလို့ လာ စားကြည့်တာပါ၊ ဟုတ်ပါတယ်၊ တော်တော်ကောင်းတာပဲ၊ ရန်ကုန်မှာ ဒီလို ကောင်းတာမျိုး မရှိဘူး"

"သိပ်အကောင်းကြီးလဲ မဟုတ်ပါဘူးရှင်၊ ရန်ကုန်ကိုတော့ ဘယ်မှီပါ့မလဲ"

"ဟာ...ဘယ်ဟုတ်မလဲ၊ ဒီက ပိုကောင်းတယ်၊ ဒီလိုအကြော်မျိုး တစ်ခါမှ မစားဘူးသေးဘူး၊ ကြည့်ပါဦး၊ ဘူးသီးကြော်လေးတွေက သိပ်လှတာပဲ၊ မိန်းကလေးတစ်ယောက်ရဲ့ လက်ချောင်းလေးတွေ ကျနေတာပဲ"

မျိုးမြင့်လွင်၏ စကားများကား ရဲတင်း၍ လာနေပြီ။ ကိုအောင်သည် တားလို့လည်း မရ။ ဘာလုပ်ရမှန်းလည်း မသိ။ ဘာပြောရမှန်းလည်း မသိ။ ခေါင်းကိုသာ ငုံ့ထား၏။

"ဘူးသီးကပဲ ကောင်းလို့လား၊ ကြော်တဲ့လူကပဲ တော်လို့လားတော့ မသိဘူး"

"ကြော်တဲ့ လူတော်တာ ဖြစ်မှာပါရှင်"

"အဲ...ဟုတ်မယ် ဟုတ်မယ်"

"ဒါ ကျွန်မကြီးကြီး ကြော်တာလေ"

ကိုအောင်သည် ခေါင်းကို တစ်ဖက်သို့လှည့်၍ ရယ်၏။ မျိုးမြင့်လွင်ကတော့ ကြင်ရွှေပြင် မပျက်ချေ။

"ဟော့ကောင်...မင်းက ငါ့ကို ခေါ်လာပြီးတော့ ဘာမှလဲ မပြောဘူး ငါချည်း ပြောနေရတာပဲ"

မျိုးမြင့်လွင်က အစထောင်လိုက်သည်။ ကိုအောင်က ဘာပြောရမှန်း



မသိ။ မျိုးမြင့်လွင်ကို ကြည့်၍ သွားဖြဲပြသည်။

"ဟော့ကောင်...ဘာရယ်တာလဲ"

"ဟို...ကြော်တဲ့လူက လှတာ၊ အဲ...မဟုတ်ဘူး၊ ကြော်တဲ့လူက တော်တာ"

ကိုအောင့်စကားများသည် အယောင်ယောင် အမှားမှား ထွက်ကုန်၏။ မျိုးမြင့်လွင်က ရယ်သည်။ မစိန်တင်ကလည်း ရယ်သည်။ ကိုအောင်ကား ရှက်လွန်းလှသဖြင့် ခုပင် ထပြေးလိုက်ချင်သည်။ ဘူးသီးကြော် တစ်ခုကို ယူ၍ အရှက်ပြေ ကိုက်စားနေသည်။ သူသည် မစိန်တင်ကို မကြည့်ရဲတော့ချေ။

"အဲဒါသာ ကြည့်ပါတော့ဗျာ၊ ကျွန်တော့်သူငယ်ချင်းက သိပ်ရိုးတာဗျ၊ အဲဒါကြောင့်လဲ ခုထိ တစ်ကိုယ်တည်း လူပျိုကြီးဖြစ်နေတာပေါ့"

"သြော်...ကိုမျိုးမြင့်လွင်ကတော့ အိမ်ထောင်နဲ့လား"

"အဲ...မဟုတ်ပါဘူး...ဒါပေမယ့်လဲ...အဟဲ"

မျိုးမြင့်လွင်တို့ကတော့ သွက်ပါပေ့။ အသွက်လွန်လွန်းလို့တောင်မှ ခက်နေသေးသည်။

"ကိုအောင်ကတော့လေ...ကျွန်တော်တို့အထဲမှာ ရိုးလဲ အရိုးဆုံး၊ စာလဲ အတော်ဆုံး..."

"ဟာ...မတော်ပါဘူး...မတော်ပါဘူး"

"မင်းကလဲကွာ၊ တော်လို့တော်တယ် ပြောတာ ရှက်စရာမှ မဟုတ်ဘဲ၊ မဟုတ်ဘူးလားဗျာ"

"ဟုတ်ပါတယ် ရှင့်"

"အဲ...ပြီးတော့ ကျွန်တော်တို့အထဲမှာ ဒီကောင် အချောဆုံး"

"ကျွန်တော်တို့ ပြန်တော့မယ်"

ကိုအောင်က အတင်း နှုတ်ဆက်ပြီး ထသည်။ မျိုးမြင့်လွင်လည်း မနေသာသဖြင့် ထလိုက်ခဲ့ရသည်။ ကိုအောင်ကား ချောင်းကလေးကိုလွန်သည်အထိ သုတ်ခြေတင်၍ လျှောက်လာသည်။ မျိုးမြင့်လွင် အမှီလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"မအေပေး...ဘာတွေ လျှောက်ပြောမှန်း မသိဘူး"

"ဘာဖြစ်လို့လဲကွ"

"မင်း ပြောပုံတွေက ပေါ်တင်ကြီးတွေ၊ ငါနဲ့သူနဲ့ကို ထောင်ပေးနေမှန်း သိပ်သိသာလွန်းတယ်"

"ဟ... သိအောင် လုပ်ပါတယ်ဆိုနေမှ ... မင်းကလဲ"

"ဒါပေမယ့်...မင်းဟာက ခုပဲတွေ့တယ်၊ ခုပဲ ထောင်လာတယ်ဆိုတော့ သူ့ကို မလေးစားရာလဲ ရောက်လာတယ်၊ ငါလဲ သိက္ခာကျတယ်"

"ဟေ့ကောင်...ဒါကုန်ပစ္စည်း သိုလှောင်တာ မဟုတ်ဘူးကွ၊ ကြိုက်ဈေးရအောင် စောင့်နေလို့ ရတာ မဟုတ်ဘူး၊ အချိန်မရှိဘူးဟ၊ ခုဆိုကြည့်... ဘာပဲဖြစ်ဖြစ် သူက မင်းအကြောင်းကို နည်းနည်းပါးပါးတော့ ရိပ်မိသွားမှာပဲ၊ နောက်တစ်ဆင့်တက်ဖို့ပဲ ကျန်တော့တယ်"

"ဟာကွာ...ငါတော့ နောက်တစ်ခါ ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့ဘူး"

"ခွေးကောင်...မင်းခုထိ ထူတုန်းပဲလား၊ အဲဒါနဲ့ပဲ မပြောလိုက်ရနေဘဲ နေလိမ့်မယ်၊ အချစ်ဆိုတာ လက်ဖက်လိုပဲ၊ လက်ဖက်ဆိုတာ အထုပ်ကို ဖြေပြီးရင် ချက်ချင်း သုပ်စားရတယ်၊ ကြာရင် မှိုတက်သွားရော၊ အချစ်လဲ ဒီလိုပဲ ချစ်လာပြီဆိုရင် ချက်ချင်း ဖွင့်ပြောရတယ်၊ ကြာရင် မှိုတက်သွားတတ်တယ်"

"ဟာကွာ...အချစ်က မှိုတက်ရတယ်လို့"

"ဟ... တက်တာပေါ့ကွ၊ ခုလဲ မင်းရဲ့အချစ်ဟာ မသုံးဘဲထားတဲ့ ဓားအသစ်လိုပဲ၊ ပြီးတော့ မင်းရဲ့ နှလုံးသားဟာ လူတွေ ရှာဖွေမတွေ့သေးတဲ့ မြေကြီးထဲမှာ မြုပ်နေတဲ့ သတ္တုသိုက်တစ်ခုလိုပဲ"

"ဒါပေမယ့် ငါ့ရဲ့အချစ်ဟာ သက်နုကျောက်လိုပဲ၊ သက်နုအချစ်မျိုးပါကွာ"



မျိုးမြင့်လွင်သည် ကိုအောင့်ကို တအံ့တသြကြည့်လိုက်သည်။ သူ့စကားက တောက်ပြောင်လိုက်လှပါကလား။ ကဗျာကလေး တစ်ပုဒ်လိုပါကလား။ အချစ်သည် လူတို့ကို ကဗျာဆရာဖြစ်စေနိုင်သလား မသိ။

"ဟ...တယ်ဆော်ပါလား ကိုအောင်ရ၊ မင်းစကားလေးက ကဗျာလေး တစ်ပုဒ်လိုပါလား၊ ဒါပေမယ့် ငါပြောမယ်သူငယ်ချင်း၊ မင်းရဲ့အချစ်ကို သက်နုအချစ်က အသွင်ပြောင်းသွားတဲ့ သက်ရင့်အချစ်အဖြစ်ပဲ မြင်ချင်တယ်၊ မီးသင့်အချစ်မျိုး မဖြစ်စေချင်ဘူး၊ တို့ပြန်သွားတဲ့အထိ မင်းရဲ့အချစ်ကို ဖွင့်မပြောလိုက်ရရင်တော့ နာမယ်သူငယ်ချင်း၊ ရေရေလည်လည်နာမယ်"

ကိုအောင် စိုးရိမ်သွားပြန်၏။ အမြန်ဆုံး ဖွင့်ပြောသင့်သည်ဟု ထင်မိပြန်သည်။ တပြိုင်နက်ထဲမှာပင် ကြောက်စိတ်က ဝင်ရောက်လာပြန်သည်။

"ကိုအောင်နော် အချိန် သိပ်မရှိတော့ဘူး၊ မင်း မကြားဖူးဘူးလား Slow and steady waits for no man ဆိုတာ"

"ဟာကွာ Slow and steady wins the race ပါကွ"

"မဟုတ်ဘူး၊ အဲဒါတွေက အောက်သွားပြီ ဖြည်းဖြည်းမှန်မှန် လုပ်နေလို့ ဘယ်လိုလုပ်နိုင်မှာလဲ၊ ခု မာရသွန်ခေတ် မဟုတ်ဘူး၊ မီတာတစ်ရာဒုန်းပြေးတဲ့ခေတ်ကွ"

ဖြစ်နိုင်သည်။ ခုခေတ်သည် အလွန်လျင်မြန်သောခေတ်။ အေးအေးဆေးဆေး ဖြည်းဖြည်းပေါ့ဆိုလို့မရ။ မရှိလို့လုပ်စားတာ မြန်မြန်လုပ်မှဖြစ်မည်။ 'ဝမ်းတူးသစီးဒိုင်း' ဆိုပြီး လုပ်မှ တော်တော့မည်။

ကိုအောင်သည် သူအသိချင်နေဆုံး စကားတစ်ခွန်းကို မေးရန်ကြံသည်။ သို့ရာတွင် နှုတ်မှ ချက်ချင်းထွက်မလာ။ မေးလိုက်လို့ 'ဟင့်အင်း' ဆိုလျှင် ခက်မည်။ အင်းလေ သိပ်သိချင်နေတော့လည်း မေးရတော့မှာပေါ့။ မျိုးမြင့်လွင်ကို မရဲတရဲ မေးသည်။

"ကောင်မလေးက လှရဲ့လားကွ"

"အင်း...မဆိုးပါဘူး လှပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင့်ခြေထောက်သည် လေထဲသို့ မြောက်ကြွသွားသလို ဖြစ်သွား၏။ သူ ဝမ်းသာသွားသည်။

"မျိုးမြင့်လွင် လက်ဖက်ရည် ဝင်သောက်ရအောင်"

"ငါ့မှာ..."

"ငါ တိုက်ပါ့မယ်ကွ"

* * *

ရွာမှာ ဝက်သားပေါ်သောကြောင့် ဒီနေ့ ဝက်သားဟင်းစားရသည်။ ဝက်သားမစားရတာ ကြာပြီဖြစ်ပါ၍ အလွန်ဝမ်းသာကြသည်။ ဟင်းရည်ကား ခုတော်တော်ချို၏။ ချိုလွန်းမက ထူးကဲစွာ ချို၏။

"ဟ...ဟင်းရည်က ချိုလှချည်လား၊ ... တစ်ထုပ်လုံးများ ထည့်ထားသလား မသိဘူး"

အသားတုံးကို အားရပါးရဲ ကိုက်ဖွဲ့၏။ ဝါးကြည့်သည်။ မျက်နှာတို့သည် တည်ငြိမ်၍ သွားကြသည်။ ရှုံ့စမ်းသည့် မျက်နှာများ။

"ဟော့ကောင်တွေ အသားတုံးက ရေနံဆီစော်နံ့သလား မသိဘူး"

"ဖအေးကွ၊ ငါတို့လဲ အဲဒါပြောမလို့"

တဖြည်းဖြည်း ဟိုကတစ်ပေါက် ဒီကတစ်ပေါက်နဲ့ အသံထွက်လာသည်။ ဆူညံစ ပြုလာသည်။

ဆရာရောက်လာ၏။

"ဆရာ ဝက်သားတုံးတွေက ရေနံဆီစော်နံ့တယ်"

"ဟုတ်တယ်ဆရာ"

"မှအေးကွ၊ ငါလဲ အဲဒါမေးမလို့လာတာ၊ ခေါ်စမ်းပါဦးကွ"

ထမင်းချက်ကြီးကို ခေါ်သည်။ ထမင်းချက်ကြီးကား မျက်စိမျက်နှာပျက်နေ၏။

"ဘယ်လိုဖြစ်တာလဲဗျာ"



ဆရာကမေးသည်၊ ထမင်းချက်ကြီး၏ မျက်နှာမှာ တစ်ခုခုကို ဖုံးကွယ်ထားရကြောင်း သိသာလှသည်။

"ဘာဖြစ်လို့လဲ ဆရာ"

"ဝက်သားတွေက ရေနံဆီစော်နံ့တယ်ဗျာ"

ထမင်းချက်ကြီးက အမှန်ကို ဝန်ခံ၏။ ဝက်သားတွေကိုနယ်ဖို့ ဆီလောင်းထည့်လိုက်ရာတွင် ဆီပုံးနှင့် ရေနံဆီပုံးမှားသွားသောကြောင့် ရေနံဆီတွေ ဝင်ကုန်ကြောင်း၊ အနံ့ပျောက်အောင် မဆလာများများထည့်ထားကြောင်း။

ကျောင်းသားများသည် ဝက်သားတုံးများကို နှမြောတသစွာ ကြည့်နေကြလေသည်။ တစ်ခါတလေလေး စားရတာ ခုတော့ ပစ်ရမှာကလည်း အဆီနဲ့ဝင်းဝင်း စားရမှာကလည်း ရေနံဆီစော်နံ့နံ့။ တတ်နိုင်ပါဘူးလေ၊ ကျိတ်မှိတ်ပြီး တွယ်ရတော့မှာပဲ။

ကိုအောင်ကတော့ သိပ်ဂရုမစိုက်ချေ။ ဝက်သားတုံးတွေကို လွှတ်ပစ်လိုက်သည်။ ဘာရမလဲကွာ။ အကြော်သွားစားမှာပေါ့။

အကြော်ဆိုင်မှာ အမေသန်းလည်း ရှိသည်။ လူသုံးလေးယောက် အကြော်စားနေကြသည်။ ခပ်လှမ်းလှမ်းကတည်းက ဝတ်စုံတွေကို မြင်ရသောကြောင့် ဘူမိဗေဒကျောင်းသားတွေမှန်း သိလိုက်၏။ မစီနီတင်သည် ကျောင်းသားများနှင့် ရွှင်ပြစွာ စကားဆိုနေသည်။ သူ မကြိုက်။

အနားရောက်မှ ထိုကျောင်းသားများသည် ထွန်းမင်းကျော်တို့အုပ်စု ဖြစ်မှန်း သိရသည်။ သူ ခြေလှမ်းတုံ့သွား၏။ ထွန်းမင်းကျော်၏ အသံကို ကြားရသည်။

"ဒီဆိုင်က အကြော် ဒီလောက်ကောင်းမှန်းမသိဘူး၊ ကျွန်တော်တို့ နေ့တိုင်းလာစားမှာဗျနော"

ကိုအောင်သည် လှည့်ပြန်ရန် ဟန်ပြင်လိုက်သည်။ သို့ရာတွင် မစီနီတင်က သူ့ကို မြင်သွား၏။

"ဟော...လာလေ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



မတတ်သာသောကြောင့် ဝင်ထိုင်လိုက်ရသည်။

"ဘယ်တုန်းက ရောက်နေတာလဲ"

ထွန်းမင်းကျော်ကို သူနှုတ်ဆက်ရင်း ပြုံးပြလိုက်ရသည်။ မချိပြုံး

"ခုနပဲ"

ထွန်းမင်းကျော်က ပြန်၍ ပြုံးပြသည်။ မဲ့ပြုံး။

ထွန်းမင်းကျော်၏အကြည့်ကို သူ သိသည်။ ဘာလာရှုပ်ပြန်ပြီလဲ

ဆိုသော အကြည့်။

အမှန်တော့ မင်းတို့သာ ရှုပ်တာ။

မင်းတို့သာ ခလုတ်။

မင်းတို့သာ အပ်ချည်။

မင်းတို့သာ အမှိုက်။

မစိန်တင်က ကိုအောင့်ရှေ့မှာ ဂျုံးကြော်ပန်းကန်ကို လာချပေးသည်

"ဟော... ခုနကတော့ ဂျုံးကြော်ကုန်ပြီဆိုဗျ"

ထွန်းမင်းကျော်၏အသံကို ကြားရသည်။

"သြော်...ဟို ...ဒီအစ်ကိုက မနက်ကထဲက မှာထားလို့ ချန်ထား

ရတာပါရှင်"

မစိန်တင်က အားနာစွာ ရှင်းပြသည်။ ကိုအောင်က ထွန်းမင်းကျော်

တစ်ချက် စိုက်ကြည့်၏။ ထွန်းမင်းကျော်က မထီတရီပြုံးသည်။

"ဘူးသီးကြော်တွေက အေးစက်နေတာပဲ"

ထွန်းမင်းကျော်က ရယ်လိုက်သည်။ ကိုအောင်သည် သူ့လက်များ

အင်္ကျီအိတ်ထဲ ထိုးထည့်ထားလိုက်ရသည်။ သို့မဟုတ်လျှင် သူဆွဲထိုးမိ

လိမ့်မည်။

"ခုနကမှ ဆယ်တာပါရှင်"

"ဒါပေမယ့် မကောင်းဘူး၊ မစားတော့ဘူး၊ သွားတော့မယ်"

ထွန်းမင်းကျော်တို့အုပ်စု ထွက်သွား၏။ ကိုအောင် အံကြိတ်

ကျန်ခဲ့သည်။ သူတို့အဖြစ်ကို မစိန်တင်က ရိပ်မိဟန်တူသည်။ မျက်



မကောင်းလှ။ အကြီးသန်းသည် တဲအတွင်းသို့ ဝင်သွားသည်။

မစိန်တင်သည် ဒယ်အိုးထဲက အကြော်များကို အထက်အောက်လှန်

နေသည်။ ကိုအောင်သည် မစိန်တင်လုပ်သမျှကို စိုက်ကြည့်သည်။ စကား

တစ်ခွန်းမှ မပြောချေ။ သူ့မျက်နှာက မှုန်ကုပ်ကုပ်ရှိသည်။ အလိုမကျ။

"အစ်ကိုက ဘာဖြစ်နေတာလဲ"

ကိုအောင်က ဘာမှပြန်မပြောချေ။

"ဟင်လို့"

ကိုအောင် ခေါင်းခါသည်။

"ဘာစိတ်ဆိုးစရာ တွေလို့လဲ"

"ဘာမှ မတွေ့ပါဘူး"

"ကျွန်မကို စိတ်ဆိုးတာလားဟင်"

မစိန်တင်အသံသည် ဝမ်းနည်းသံပါသည်ထင်၏။ ကိုအောင်မနေနိုင်

တော့ချေ။ ပြုံးပြလိုက်ရသည်။ ချက်ချင်း ပြန်တည်လိုက်သည်။

"ခုနကောင်တွေက ဘာပြောသွားတာလဲ"

"ဘာမှ မဟုတ်ပါဘူး၊ ရန်ကုန်ရောက်ရင် ဝင်ပါလို့ပြောသွားတာပါ"

"ဒီကောင်တွေနဲ့ အရောမဝင်နဲ့၊ သူတို့ကလူရှုပ်တွေ"

ပြောပြီးမှ မှားများ မှားသွားသလားဟု စိုးရိမ်မိသည်။ ကျောင်းသား

အချင်းချင်း သိက္ခာချသလိုများ ဖြစ်သွားမလားဟု တွေးမိသည်။ သို့ရာတွင်

မစိန်တင်က သူ့ကို ထောက်ခံသည်။

"ဟုတ်တယ်၊ သူတို့မျက်နှာတွေက အပိုးမသေဘူး၊ စပ်ဖြဲဖြဲနဲ့"

အစ်ကို့လို တည်တည်ငြိမ်ငြိမ် မဟုတ်ဘူးဟု သူပြောချင်နေသလား

မသိ။ မည်သို့ပင်ဖြစ်ပါစေ ကိုအောင်ပျော်သွားပြန်လေသည်။ သူ့မျက်နှာ

ရွှင်ပျလာသည်။

"အစ်ကို ခုနက ဘာဖြစ်တာလဲဟင်"

"ဘာဖြစ်လို့လဲ"

"မျက်နှာက မှုန်ကုပ်ကုပ်နဲ့ တစ်ခုခုကို စိတ်ဆိုးသလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ ကျွန်မက သူတို့ကို အရောဝင်တယ် ထင်လို့လား"

"ကျွန်တော်က စိုးရိမ်လို့ပါ"

"ရှင်"

"မဟုတ်ဘူးလေ၊ ဟိုဥစ္စာ ကျွန်တော်က ဟိုဒင်းဖြစ်မှာ စိုးလို့ ဟို… ဟာလေ"

"ဟ...ဟ ဘာဖြစ်တာလဲဟ"

"ဘာမှဖြစ်တာ မဟုတ်ဘူး၊ မီးလောင်တာ"

ဟော...ကြေးစည်သံ။ ကြေးစည်သံ။ ကိုအောင့်နောက်ဘက်မှပေါ် လာသော ကြေးစည်သံ၊ နောက်ကို လှည့်မကြည့်သော်လည်း သူချစ်သူငယ် ချင်းတွေ ရောက်လာပြီ ဖြစ်ကြောင်းကို ကိုအောင် သိလိုက်သည်။

"ဟားဟား...ဒီကောင်က ဒီမှာလာပြီး မီးလောင်နေတာကိုးကွ"

သူတို့ရောက်လာကြသည်။ ဝင်ထိုင်သည်။ မျိုးမြင့်လွင် ခေါင်းဆောင် ပြီး ခေါ်လာတာဖြစ်ရမည်။ ဒီကောင် သစ္စာဖောက်။ မြင့်သောင်းက ဆေးပေါ့ လိပ်တစ်လိပ်ကိုထုတ်၍ ကိုအောင့်အနားတိုးလာသည်။

"ကိုအောင် ... မီးတတို့လောက်"

"မီးညှိချင်ရင် ဒီမှာ မီးခြစ်ရှိပါတယ်ရှင့်"

မစိန်တင်သည် သူတို့အထာကို နားမလည်သောကြောင့် မီးခြစ်ကို ထုတ်ပေးသည်။ ကိုအောင်ကတော့ မျက်စိမျက်နှာပျက်နေပြီ။ ဒီကောင်တွေ ဘယ်လောက်ထိ ဆက်လောင်နေမလဲမသိ။ သို့ရာတွင် မျိုးမြင့်လွင်က မျက်ရိပ်ပြ၍ တားလိုက်သောကြောင့် ဆက်မလောင်တော့ချေ။

"ကိုအောင် ငါတို့ကို အကြော်ကျွေးမလား"

ဒါ ခြိမ်းခြောက်တာ။ မကျွေးရင် လောင်လိုက်ရမလားလို့ ပြောတာ။

"ကျွေးပါ့မယ်ကွာ"

ကိုအောင်က မျက်နှာငယ်လေးနှင့် ပြော၏။

"အိုကေ...ဘူးသီးကြော်ပေးပါ"



"ငှက်ပျော်ကြော်"

"ကျွန်တော့်ကို အာလူး"

ကိုအောင် တစ်ဆယ်နီးပါးထွက်သွားသည်။

စခန်းကိုပြန်ရောက်တော့ စစ်ကြောရေး စလုပ်ကြလေသည်။ ဆလိုင်း… စတင်မေးမြန်းသည်။

"ကဲ...မောင်ကိုအောင် မင်းရဲ့ဆန္ဒအလျောက် ဖြောင့်ချက်ပေးမလား၊ ငါတို့မေးရမလား"

"ငါက ဘာကို ပြောရမှာလဲ"

"ဩော်...ဒီလိုလား၊ ဒါဖြင့် ငါတို့ကပဲ မေးရတာပေါ့၊ မင်း ဟို ကောင်မလေးကို သွားဖန်နေတာ မဟုတ်လား"

"မဟုတ်ပါဘူးကွာ"

"မညာနဲ့နော်၊ ငါတို့မှာ သက်သေ အလုံအလောက်ရှိတယ်"

ကိုအောင်က မျိုးမြင့်လွင်ကို လှမ်းကြည့်လိုက်သည်။ မျိုးမြင့်လွင်က …ားဖြပြ၏။

"တစ်ခုခု ထိန်ချန်ထားမယ်မကြံနဲ့၊ ပြန်ခေါ်သက်သေတွေပါ ခေါ် လိုက်မယ်"

"မျိုးမြင့် မင်းလျှောက်ပြောတာ မဟုတ်လား"

ကိုအောင်က ရှက်ရမ်းရမ်းရင်း ပြောလိုက်သည်။ မျိုးမြင့်လွင်၏ ကုပ် …ကို ဆွဲကိုင်ထားသည်။

"ပြောလေကွာ မျိုးမြင့် မင်းပြောတာမဟုတ်လား"

"အေး...ဟုတ်တယ်ကွ၊ ဒီကောင်တွေက မင်း ... မင်းအကြောင်းကို ပြောမပြရင် ငါဒီမှာ ကောင်မလေးတွေနဲ့ ရှုပ်တယ်ဆိုပြီး ဒါဒါကြီးကို ပြန်ပြောမယ်ဆိုလို့"

ကိုအောင်က မျိုးမြင့်လွင်၏ ဆံပင်များကို ဆွဲဆောင့်နေသည်။ မြင့် …သောင်းက ဝင်တားလိုက်သည်။

"တော်တော့ ဟေ့ကောင်၊ တကယ်တော့ ဒီကိစ္စမှာ ကိုအောင်က

www.burmeseclassic.com

www.burmeseclassic.com



သစ္စာဖောက်တာ၊ ငါတို့အဖွဲ့က ဘာပဲလုပ်လုပ် အားလုံးကို အသိပေး ရတယ်ဆိုတာ မင်းသိသားနဲ့"

"ဟုတ်တယ်၊ ဒါ စည်းကမ်းဖောက်တာ"

"ဒီကောင်ကို အဖွဲ့က ထုတ်ပစ်ရမယ်"

တစ်ယောက်တစ်ပေါက် ဝိုင်းဆူကြသည်။ ကိုအောင်က မျက်နှာငယ် ကလေးနှင့် မျက်လုံးကလေး ကလယ်ကလယ်လုပ်နေသည်။ မျိုးမြင့်လွင်က ဒီကိစ္စကို သူ ဖြေရှင်းမှတော်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"နေကြပါဦးလေ၊ ကိုအောင့်အကြောင်းလဲ သိရဲ့သားနဲ့၊ ဒီကောင့်မှာ က ကမ္ဘာပျက်ခါနီးမှ လူဖြစ်လာသလို ယောင်တီယောင်အဖြစ်နေ တာ၊ အဲ ပြီးတော့လဲ မမြင်ဖူး မူးမြစ်ထင်၊ မသောက်ဖူးတော့ ဘီယာ ကို အရက်ထင်ဆိုတာလို ဖြစ်နေတာ"

ဆလိုင်းက နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်သည်။ မျိုးမြင့်လွင်ထံ လက်ကာပြလိုက်သည်။

"နေဦး၊ နေဦး၊ ငါပြောတာ နားထောင်ဦး။ ဒီကောင်က အခုကိစ္စမှာ ပထမဆုံးဆိုတော့ သိပ်ရှက်ပြီး မင်းတို့ကို ဖွင့်မပြောတာ၊ အဲဒီတော့ မင်းတို့ အခုထိုက်သင့်တဲ့ အပြစ်ဒဏ်တစ်ခုခုပေးလိုက်ပေါ့ကွာ"

မျိုးမြင့်လွင်က လမ်းကြောင်းပေးလိုက်သည်။ သူတို့အခေါ်အရတော့ နပ်ကြောင်းပေးကာ၊ 'ခီးတာ'ပေါ့လေ၊ မြင့်သောင်းမျက်လုံးများတောက် ပြောင်လာသည်။ ချောင်းတစ်ချက်ဟန့်သည်

"အဟမ်း၊ ကဲ...ကဲ... အမိန့်ချမယ်၊ မောင်ကိုအောင်သည် ကျွန်ုပ် တို့အဖွဲ့၏စည်းကမ်းကို ဖောက်ဖျက်ကြောင်းမှာ ထင်ရှားလှပေသည် သို့ရာတွင် မသိနားမလည်သူဖြစ်၍ လည်းကောင်း၊ ယခင်က ပြစ်မှု ကျူးလွန်ခဲ့ခြင်း မရှိ၍ လည်းကောင်း၊ သက်ညှာစွာ အပြစ်ပေးရမည် ဖြစ် ထို့ကြောင့် "ကျွန်ုပ်တို့အဖွဲ့အား ယနေ့ည ကျွေးမွေးပြုစုရန် အမိန့်ချ မှတ်လိုက်သည်"

"ဘရာဗို...ဘရာဗို"



"အားလုံးသဘောတူကြရဲ့လား"

"တူတယ်...တူတယ်"

"ဟာကွာ၊ မင်းတို့ကလဲ ညနေကလဲ အကြော်ကျွေးပြီးပြီ"

ကိုအောင်က ညည်းညည်းညူညူပြောလိုက်သည်။

"ဘာလဲ မင်းက မတိုက်ချင်ဘူးလား"

"ပိုက်ဆံသိပ်မရှိ"

"အောင်မာ မင်းမှာ ဘာများ ထွေထွေထူးထူးကုန်စရာရှိလို့လဲ၊ ရန် ကုန်ပြန်ရင် ကောင်မလေးကို ပေးဖို့ တောင်ကြီးတက်ပြီးတော့ ပိတ်စ ဝယ်စရာလဲ မလိုဘူး၊ ယောက္ခမလောင်းကို ဖားဖို့ လိမ္မော်သီးဝယ် စရာလဲ မလိုဘူး"

"ကဲပါ တိုက်မလား မတိုက်ဘူးလားပြော"

"ငါမေးတာကို မှန်မှန်ဖြေရင် တိုက်မယ်"

"မေးကွ"

"ငါ့ကောင်မလေးက လှရဲ့လား"

"ဟား...လှတယ် လှတယ်"

"ရေရေလည်လည် သားနားတယ်"

"အပြတ်မိတယ်"

"မျက်မှန်မပါတာကလွဲရင် ပြောစရာမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

လက်တွေ့ဖြစ်တန်ရာ အခြေအနေများနှင့် အလွန်အမင်းကင်းကွာခြ
မရှိသော စိတ်ကူးယဉ်မှုများ၊ အိပ်မက်များသည် လူတို့အတွက် လိုအပ်
ဟု စိတ်ပညာရှင်တို့က ဆို၏။ စိတ်ကူးယဉ်ခြင်းသည် တကယ်ဖြစ်မလာ
သေးသောကိစ္စများကို ဖြစ်နေသယောင်ယောင် ခံစားကြည့်နိုင်သည်
ထိုအခါ လက်တွေ့ရင်ဆိုင်နေရသော အလိုမပြည့်မှုများ၊ အားငယ
များကို ခေတ္တ မေ့ပျောက်စေသည်၊ ပြီးတော့လည်း စိတ်ကူးယဉ်ကြည့်ခြ
သည် ကြိုတင်လေ့ကျင့်ခြင်း တစ်မျိုးပါမဟုတ်လား။

ထို့ကြောင့် ကိုအောင် စိတ်ကူးယဉ်ကြည့်၏။

စိတ်ကူးဆိုသည်မှာ အဆက်အစပ် ရှေ့နောက်ညီညွတ်ရန် ယုတ္တိရှိရ
မလိုအပ်သောကြောင့် ကိုအောင်သည် မစိန်တင်နှင့် ချောင်းကမ်းပါးမှာ
တွေ့ပစ်လိုက်၏။ အကြော်တဲနားတွင် မတွေ့ချင်သောကြောင့် တော
ကလေးသို့ ရွှေ့ပစ်လိုက်၏။ အချိန်ကို နံနက်စောစောဟု သတ်မှတ်လို
သည်။ စိတ်ကူးထဲ၌မူ ထိုနံနက်သည် မချမ်းချေ။ နွေးနွေးကလေး။



နေရောင်သည် နှင်းပွင့်များကို ဖြတ်ထိုးထားသဖြင့် ငွေရောင်လက်နေ၏။

ငွေရောင်နှင်းမှုန်ကလေးများသည် မြေပြင်ပေါ်သို့ ခုန်ဆင်းနေကြသည်။

သူတို့၌ လေထီးမပါသော်လည်း မြေပြင်ပေါ်သို့ ညင်သာစွာ ကျသည်။ ထို့နောက် သူတို့သည် မြက်ပင်တို့၏ အဖျား၌ ဒန်းစီးနေပြန်၏။

ပန်းပွင့်ကလေးများသည် နှင်းရည်တို့ဖြင့် မျက်နှာသစ်ပြီးစ အချိန်မှာပင် မနေ့က ချိန်းထားသော ကိုရွှေလိပ်ပြာ ရောက်ရှိလာလေသည်။ ရွှေလိပ်ပြာသည် ပန်းပွင့်ကလေးကို တီးတိုးစကားဖြင့် ကျီစယ်၏။ ပန်းပွင့်ကလေး မျက်လွှာချထားလေသည်။

"ညီမကို အစ်ကိုချစ်တယ်"

ပန်းပွင့်ကလေး၏မျက်နှာသည် ပန်းနုရောင်သမ်းသွားသည်၊ ရှက်သွေး။ လိပ်ပြာကလေးသည် တောင်ပံကို တဖျတ်ဖျတ် ခတ်နေ၏။

"ပြောပါဦး အချစ်ရယ်"

မြောက်ပြန်လေသည် ပန်းပွင့်ကလေးကို ဝင်တိုက်မိ၏။ ပန်းပွင့်ကလေး ကြွေကျသွားသည်။

"အစ်ကို့ကို ပြန်ချစ်ပါနော်"

ဇာမဏီငှက်မောင်နှံသည် သူတို့၏သက်တန့်ရောင် အမြီးရှည်ကြီးများကို လှုပ်ရမ်းရင်း လက်တွဲလျက် လမ်းလျှောက်ထွက်သွားကြသည်။

"အစ်ကို့ကို ချစ်ပါတယ် အစ်ကိုရယ်"

စမ်းရေအေးသည် ပန်းပွင့်ကလေးကို ကျောပေါ်မှာ တင်လျက် ခရီးရှည်သွားနေသည်။

ထိုနံနက်သည် ကြည်နူးဆွတ်ပျံ့ဖွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



“အစ်ကိုရယ်…ရန်ကုန်သား ကိုလူလည်”

“မြန်မာပြည်မှာ လူလည်တွေ သန်းနဲ့ချီပြီး ရှိပါ့မလားကွယ်”

“ဘာကို ပြောတာလဲ”

“ရန်ကုန်မြို့မှာ လူဦးရေသန်းနဲ့ချီပြီး နေကြတာမဟုတ်လား”

“လူတစ်သန်းမှာ ဟောဒီတစ်ယောက်က ကိုလူလည်”

“ဘာကိုကြည့်ပြီး ပြောနိုင်တာလဲ”

“အစ်ကိုက ချောလို့”

“ဒါဆို ညီမက ကမ္ဘာပေါ်မှာ အလည်ဆုံး”

“အစ်ကိုက ကမ္ဘာပေါ်မှာ အညာဆုံး”

“မညာပါဘူး”

“ညာပါတယ်၊ တောသူမလေးကို ညာတယ်၊ ရန်ကုန်မှာ ရည်းစားတွေ ရှိရဲ့သားနဲ့၊ အစ်ကို လူညာကြီး”

“ညီမတစ်ယောက်ထဲ ရှိပါတယ်၊ ယုံပါကွယ်”

“ယုံပါဘူးတော်”

“ချစ်ရဲ့လားဟင်”

“ချစ်ဖူး”

“တကယ်ပြောတာလား”

“တကယ်”

“………”

“………”

“အစ်ကို့မျက်နှာကြီးက ဘာဖြစ်နေတာလဲ”

“မချစ်ဘူးဆိုလို့ ဆွေးနေတာ”

“ဘယ်သူက မချစ်ဘူးလို့ပြောလို့လဲ”

“ခုန သူပြောတယ်”

“အဲဒါ မချစ်ဘူးလို့ပြောတာမှ မဟုတ်ဘဲ၊ အချစ်ရဲ့ အဖူးကလေးမို့ ချစ်ဖူးလို့ ပြောတာလေ၊ အစ်ကိုကကော ညီမကို ချစ်ရဲ့လားဟင်”



“မုန်းတယ်”

“တကယ် ပြောတာလား”

“တကယ်”

“… ……”

“… ……”

“ညီမမျက်နှာက ဘာဖြစ်နေရတာလဲ”

“အစ်ကိုက မုန်းတယ်ဆိုလို့ ဆွေးနေတာ”

“ဘယ်သူက မချစ်ဘူးပြောလို့လဲ”

“ခုန သူပြောတယ်”

“အဲဒါ မချစ်ဘူး မုန်းတယ်လို့ပြောတာ မဟုတ်ဘူး၊ အမုန်းရဲ့ တယ်ကလေးမို့ မုန်းတယ်လို့ပြောတာ”

“ဟင်း…အစ်ကို့စကားကလဲ အဓိပ္ပါယ်လဲ မရှိဘူး”

“မသိဘူးလေ၊ ညီမပြောသလို လိုက်ပြောကြည့်တာ”

“အစ်ကိုက ရှုံးလိုက်တာ”

“ဟုတ်တယ်…ဟုတ်တယ်၊ အစ်ကိုက အချစ်ရှုံး”

“ညီမကကော”

“ညီမက အချစ်ဖူး”

* * *

လေပြည်ကလေးသည် ဆောက်တည်ရာမရဘဲ ဟိုပြေးဒီပြေးဖြစ်နေသည်။ နေမင်းကြီး၏မျက်နှာသည် မသာမယာရှိ၏။

“အစ်ကို ရန်ကုန်ကိုပြန်ရတော့မယ်နော်”

ပန်းပွင့်ကလေး၏ မျက်လုံးစွန်းမှာ မျက်ရည်စများ ခိုတွယ်နေကြသည်။ လိပ်ပြာကလေးသည် သံယောဇဉ် မဖြတ်နိုင်သောကြောင့် ပန်းပွင့်ကလေးကို ခွာတုံ့ကပ်တုံ့ပြု၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို မပြန်ချင်ဘူးကွယ်"

အဖော်ကွဲသော ဓာမဏီငှက်ကလေးသည် လွမ်းတေးကိုဆိုနေလေသည်။

"အစ်ကိုရယ်...ဟိုရောက်ရင် မေ့သွားမှာ မဟုတ်လား"

စမ်းရေအေး၏ကျောပေါ်မှ ပန်းပွင့်ကလေးသည် အလွမ်းသောင်နှင့် ညိတွယ်၍ ကျန်ရစ်ခဲ့ရှာသည်။

"တစ်နေ့နေ့ကျရင် အစ်ကိုပြန်လာမယ်"

ပန်းပွင့်ကလေး ငိုနေပြီ...၊ လိပ်ပြာကလေးက လက်ပြ နှုတ်ဆက်သည်။ လက်ပြနှုတ်ဆက်ခြင်းသည် ခွဲခွာခြင်း၏ အထိမ်းအမှတ်။

..................

..................

အို...ခွဲခွာရခြင်း ဟူသည် စိတ်ကူးထဲ၌ပင် ပြင်းထန်စွာ ခံစားရပါတကား။

ကိုအောင်၏ စိတ်တွင် စိုးရိမ်မှုများ ဝင်ရောက်လာသည်။

စိတ်ကူးထဲမှ ကြည်နူးဆွတ်ပျံ့ဖွယ်များသည် တကယ်ဖြစ်လာမည် မဖြစ်လာမည်ကို မပြောနိုင်သော်လည်း ခွဲခွာရခြင်းဟူသည်ကား အမှန်ပင် ရောက်ရှိလာပေတော့မည်။

အချိန်သည် များစွာ မကျန်ရှိတော့ပြီ။ ခွဲခွာခြင်းသည် နယ်စပ်မျဉ်းကြောင်းကိုပင် ဖြတ်ကျော်၍ လာနေလောက်ပြီ။

အချိန်နှင့် ပန်းပွင့်ကလေးများသည် လူကိုမစောင့်တတ်ချေ။

ကိုအောင်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေသည်။

# အခန်း ( ၁၀ )

နှုတ်ခမ်းရူထားသည်ဟု ထင်ရသည်။ စိတ်ကောက်နေသယောင်ရှိ၏။

အကြော်ဆိုင်ထဲသို့ ဝင်မိလျှင်ပင် ကိုအောင် ပြုံးပြနှုတ်ဆက်သည်။ သူကမူ ပြုံးပြတာလား မဲ့ပြတာလား မသိ။ မဲ့ပြုံးလည်း ဖြစ်နိုင်သည်။

"ဂျူးကြော်ရှိလား"

"ကုန်ပြီ"

"ခါတိုင်းတုန်းက ချန်ထားနေကျ မဟုတ်လား"

"ခု ချန်မထားတော့ဘူး"

"ဘယ်သူ့ကို ကျွေးလိုက်တာလဲ"

"လူတစ်ယောက်ကို"

ရိတာလား၊ ငေါ့တာလား၊ တကယ်ပြောတာလား။ သူက စိတ်ဆိုးနေတာလား။ ကိုအောင် စိုးရိမ်သွားလေ၏။ မနေ့ညက သူ့ စိတ်ကူးနဲ့တာတွေများ သိသွားလို့လားဟု မဆီမဆိုင် တွေးမိသေးသည်။

"ကျွန်တော့်ကို စိတ်ဆိုးနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"ကျွန်တော် ဘာလုပ်လို့လဲ"

ဘာမှ ပြန်မပြော။ ဒီလို ဖြစ်နိုင်သည်။ မနေ့ညက စိတ်ကူးများသည် သူ့မျက်နှာပေါ်တွင် အရိပ်ထင်နေတုန်း ဖြစ်ရမည်။ ထို့ကြောင့် သူ့မျက်နှာသည် မရိုးသားဟန် ပေါ်နေလိမ့်မည်။ ဒါကို အကဲဖမ်းမိသွား၍ စိတ်ဆိုးသွားတာလား။ ကိုအောင်သည် သူ့မျက်နှာကို ရိုးသားအောင် ဘယ်လိုလုပ်ရမှန်းမသိ။ မျက်နှာထားကို ပြင်လိုက်ရာ ပြုံးဖြဲဖြဲဖြစ်သွားသည်။ ပြန်၍ တည်လိုက်သောအခါ မဲ့သလို ဖြစ်သွားပြန်သည်။

"ပြောပါဦးဗျာ၊ ကျွန်တော် ဘာလုပ်မိလို့လဲ"

မစိန်တင်မျက်နှာကို ဟိုဘက်သို့ လှည့်လိုက်သည်။ ကျက်ပြီးသား အကြော်များကို ဆီထဲမှ ဆယ်၍ ဆန်ကာထဲသို့ ဆောင့်ချလိုက်သည်။

"ဂျုံးကြော်မရှိတော့ရင်လဲ ဘူးသီးကြော်ပဲ ပေးပါ"

မကြားချင်ယောင် ဆောင်နေသည်။ မုန့်နှစ်လူးထားသော ဘူးသီးများကို ဆီပူထဲသို့ ဆောင့်အောင့်ပစ်ချသည်။ ဆီပူတစ်စက်သည် စင်ထွက်ပြီး ကိုအောင့်လက်ပေါ်သို့ ကျသည်။

"အမလေးဗျ"

"ဟင်...ဟင်...ဘာဖြစ်တာလဲ"

မစိန်တင် ပျာပျာသလဲ မေးသည်။ စိုးရိမ်သံ။

ကိုအောင်က လက်ကို ပွတ်ရင်း ဖြေသည်။

"ဆီပူစင်တာ"

"ဟယ်...ရေစိမ်လိုက်...ရေစိမ်လိုက်"

ရေခွက်ယူလာပေးသည်။ ကိုအောင်သည် လက်ကို ရေခွက်ထဲ စိမ်ထားလိုက်သည်။

"ကျွန်တော့်ကို ဘာဖြစ်လို့ စကားမပြောတာလဲ"

အပူကိုပင် ဂရုမစိုက်မိဘဲ မေးသည်။ မစိန်တင်က သနားသွားဟန်တူ၏။ အနည်းငယ် ပြုံးသည်။ အားမရှိလှ။



"အစ်ကိုက ညာတတ်တယ်နော်"

"ခင်ဗျာ"

"ဩော်...ညာတတ်တယ်လို့"

"ကျွန်တော် ဘယ်မှာ ညာလို့လဲ"

"ဟန်ဆောင်လဲ ကောင်းတယ်"

"ဘာကို ဟန်ဆောင်လို့လဲဗျာ"

"မြို့သားလဲ ပီသတယ်"

ပြုံးလိုက်သည်။ မဲ့ပြုံး။

"ပြီးတော့...တက္ကသိုလ်ကျောင်းသားလဲ ပီသတယ်"

"ဒုက္ခပါပဲ"

"ဟက်ခနဲ" ရယ်သည်။ လှောင်သလိုပဲ။

"ကျွန်မကတော့ တောသူ မဟုတ်လား၊ ရှင်းရှင်းပဲ ပြောတတ်တယ်၊ ညာတာလဲ မကြိုက်ဘူး"

"အဲ...ခက်နေပြီ၊ ဘာမှန်းလဲ မသိပါလား"

မစိန်တင်၏ မျက်နှာသည် တည်ငြိမ်၍နေသည်။ အဆွေးရိပ်ကလေးလည်း သမ်းနေသလိုလို။ ကိုအောင်ကမူ ထိုမျက်နှာကို အဓိပ္ပါယ် မကောက်တတ်။ ဘာကိုမှ နားမလည်သလို ပြူးပြူးပျာပျာ ဖြစ်နေသည်။

"ရန်ကုန်တက္ကသိုလ် ကျောင်းသားတွေဟာ ရည်းစားများတယ်၊ တချို့ဆို ငါးယောက်တောင် ရှိတယ်တဲ့"

မစိန်တင်က ကိုအောင့်ကို စိုက်ကြည့်ရင်း ပြောသည်။ ကိုအောင်ကား ဘာမှမသိ။ မျက်လုံးကလေး ကြောင်တောင်တောင်။

"တချို့ပါဗျာ၊ ကျောင်းသားတိုင်း မဟုတ်ပါဘူး"

"တချို့ထဲမှာ အစ်ကို ပါတယ်မဟုတ်လား"

"ဟာ...မပါပါဘူး၊ ကျွန်တော့်မှာ တစ်ယောက်မှမရှိပါဘူး"

"ဒါကြောင့် ညာတတ်တယ်လို့ ပြောတာ"

"မညာပါဘူး ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ကား အကြီးအကျယ် လန့်နေလေသည်။ သူ့မျက်နှာသည် ဆန်ကာထဲက ဖုံးသီးကြော်ကလေးတွေလောက် ငယ်နေသည်။

"ပြောတဲ့လူက ပြောသွားပြီးပြီ၊ ညာလို့ ဘယ်ရမလဲ"

"ဟင်...ဘယ်သူက ပြောတာလဲ"

"ဟို...ဒူလာဆိုလား၊ အဲဒီအစ်ကိုက ပြောတာ"

"ဘယ်က ဒူလာလဲ"

"ဆံပင်ကောက်ကောက်၊ လမ်းလျှောက်ရင် လက်ကိုကားပြီး လျှောက်တဲ့ အစ်ကိုက ပြောတာ"

တောက်...အတုလ၊ အတုလ၊ ခွေးကောင် မြင့်သောင်း။ ဒီကောင် လာထောင်သွားတာ။

"အဲ...အတုလပါ၊ သူက ဘာပြောလို့လဲ"

"အစ်ကိုက သိပ်ရှုပ်တာတဲ့...သိပ်ပွေတာတဲ့၊ ရန်ကုန်တက္ကသိုလ်မှာ ရည်းစားငါးယောက်တောင် ရှိတယ်တဲ့"

"အမလေးဗျာ...မဟုတ်ရပါဘူး၊ ဒီကောင် သက်သက် ချောက်တွန်းတာပါ"

"မဟုတ်ဘဲနဲ့ ပြောပါ့မလား"

"ဘုရားစူးရစေရဲ့၊ သွားလေရာ အဲ ...မြွေကိုက်ရပါစေရဲ့ဗျာ"

ကိုအောင်ပုံမှာ တော်တော် အထိတ်တလန့် စိုးရိမ်တကြီးဖြစ်နေသည်။ အသံတွေလည်း တုန်နေသည်။ သူ့မျက်နှာသည် တကယ်ရိုးသားကြောင်း ပေါ်လွင်နေသည်။ မစိန်တင် နည်းနည်းကျေနပ်သွားသည်။

"မဟုတ်ဘူးလားလို့"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အကြောင်းလဲ မစိန်တင် သိပါတယ်"

သိပါသည်၊ သိပါသည်။ ကိုအောင့်အကြောင်းကို သိပါသည်။ ကိုအောင့်မျက်လုံးများကို သိပါသည်။ ကိုအောင့် အမူအရာများကို သိပါသည်။ ကိုအောင့် နှလုံးသားကို သိပါသည်။ သို့ရာတွင် ဒီက မိန်းကလေးပါ အစ်ကိုရယ်။



"တက္ကသိုလ်ကျောင်းသူတွေက လှတာပဲ၊ ဟုတ်ချင်ဟုတ်မှာပေါ့"

"မဟုတ်ဘူး...မဟုတ်ဘူး"

ပျာပျာသလဲ ငြင်းသည်။

"တက္ကသိုလ်ကျောင်းသူတွေရဲ့ အလှဟာ ပင်ကိုယ်အလှ မဟုတ်ဘူး၊ အတုအပတွေနဲ့ ပြင်ဆင်မွမ်းမံထားတဲ့ အလှဗျ။ သူတို့ဟာ မပွင့်လင်းဘူး၊ ဟန်ဆောင်တတ်တယ်၊ လျှို့ဝှက်တတ်တယ်၊ သူတို့ဟာ မရိုးသားဘူး၊ အဲဒါတွေကို ကျွန်တော် သဘောမကျဘူး၊ ပွင့်လင်းရိုးသားတာပဲ ကျွန်တော်ကြိုက်တယ်၊ နဂိုအလှ၊ အရိုးခံအလှကိုပဲ ကျွန်တော် ကြိုက်တယ်"

ဖျတ်ခနဲ ကြည့်လိုက်သည်။ မျက်လုံးချင်း တစ်ခဏဆုံ၏။ အဓိပ္ပာယ်ကို သိလိုက်ပြီ။ နှစ်ယောက်စလုံးသည် သူတို့၏ အကြည့်များကို တစ်ပြိုင်နက်တည်း လွှဲဖယ်ပစ်လိုက်သည်။ ကိုအောင်က မြေကြီးကို စိုက်ကြည့်သည်။ မစိန်တင်က ဒယ်အိုးထဲသို့ စိုက်ကြည့်နေသည်။ ဆီပူတို့သည် ပွက်ပွက်ဆူ နေပြီ။

ရေခဲငှုပ်များသည် ကျောက်ရည်များကို အထက်သို့ တွန်းပင့်လိုက်ခြင်းကြောင်း လည်းကောင်း၊ ကမ္ဘာမြေ ရွေ့လျားခြင်းကြောင့် ဖိအားလျော့နည်းသွားခြင်းကြောင့် လည်းကောင်း၊ မီးတောင်ပေါက်ကွဲမှုများကို ဖြစ်ပေါ်စေသည်။

ရင်ထဲ၌ မီးတောင်ရှိသည်။ အချစ်သည် ခံစားမှုများကို အထက်သို့ တွန်းတင်ခြင်းဖြင့် လည်းကောင်း၊ သွေးကြောများထဲ၌ ဖိအားနည်းလာခြင်းကြောင့် လည်းကောင်း...။

ကိုအောင့်ရင်ထဲက မီးတောင်သည် ပေါက်ကွဲအံ့ဆဲဆဲရှိသော မီးတောင်ရှင်သာ ဖြစ်ပါစေ။ အခိုးအငွေ့မျှလာက်သာ တစ်ကြိမ်ထုတ်လွှတ်ပြီး ငြိမ်သက်သွားသည့် မီးတောင်မျိုး မဖြစ်ပါစေနှင့်။

"အစ်ကို့ကို ကျွန်မ ယုံပါတယ်"

ဝှက်ထားသော ဂျုံးကြော်ပန်းကန်ကို ထုတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုနကုန်ပြီလို့ပြောတာ စိတ်ဆိုးလို့ ပြောတာမဟုတ်လား"

ဘာမှ မဖြေ။

"အခု စိတ်ဆိုးပြေသွားပြီလား"

ပြုံးသည်။ ချစ်သူတို့သည် ပြုံးသောအခါ ပို၍ လှတတ်ကြပါသည်။

"ကျွန်မ စိတ်မှမဆိုးခဲ့ဘဲ"

ကျွန်တော် စကားတစ်ခုပြောရင် စိတ်ဆိုးမှာလား၊ မဆိုးပါဘူးရှင်၊ ကျွန်တော် မစိန်တင်ကို ချစ်တယ်။ ထိုစကားများသည် စိတ်ကူးထဲမှာဆိုလျှင် လျှောခနဲ ထွက်လာပေလိမ့်မည်။ ခုတော့ဖြင့် ဒီလို မဟုတ်ခဲ့ပါ။ ထိုစကားများသည် နှလုံးသားမှ ထုတ်လွှတ်လိုက်၍ အစာရေမျိုကို ဖြတ်လျက် လည်ချောင်းဝသို့ ရောက်လာသော်လည်း နှုတ်ဖျားမှ စကားအဖြစ် ထွက်မလာဘဲ မျက်လုံးများမှ အကြည့်အဖြစ်သာ ထွက်လာခဲ့တော့သည်။

မျက်လုံးများသည် အချစ်၏တံခါးပေါက် ဖြစ်ချင်ဖြစ်မည်။ နှလုံးသားချင်း ဆက်သွယ်မိကြသော အချစ်သည် စာချုပ်စာတမ်းများထက် ပို၍ ခိုင်မာကောင်း ခိုင်မာမည်။ သို့ရာတွင် နှုတ်မှဖွင့်ပြောသကဲ့သို့မူ တရားဝင် မဟုတ်နိုင်ပါ။

"ကျွန်တော် ဝမ်းသာပါတယ်"

တိတ်ဆိတ် ငြိမ်သက်သွားကြပြန်သည်။ စကားမပြောနိုင်ကြ။ ထင်းရှူးတို့ကို မီးလောင်သောအသံ တဖျောက်ဖျောက် ကြားရသည်။ ဒယ်အိုးထဲ ဆီပွက်ပွက်သံ တဖျစ်ဖျစ်သာ ကြားရသည်။ အမှန်အားဖြင့်မူ ဦးနှောက်ဆူပွက်သံ၊ နှလုံးသွေးတို့ တုံ့ပြန်လူးလာ စီးဆင်းသံတို့ကို သူတို့ကြားသင့်ကြသည် တကား။

"ကျွန်မ သန်ဘက်ခါကျရင် သာစည်ကို ပြန်တော့မယ်"

အို...ခွဲခွာခြင်းဆိုသောအရာသည် သန်ဘက်ခါကျလျှင် အမှန်တကယ် ရောက်ရှိလာပေတော့မည်။ သူ၏ ကိုယ်ခန္ဓာ အနှံ့အပြား၌ မသိမသာ တွယ်ကပ်နေကြသော စိုးရိမ်မှုများသည် နှလုံးသားဆီသို့ အချိန်မီ အပြေးအလွှား စုပြုံရောက်ရှိလာကြသည်။ နှလုံးသား၏စိုးရိမ်မှုသည် ဦးနှောက်



၏ စိုးရိမ်မှုနှင့်မတူ။ ဦးနှောက်၏ စိုးရိမ်မှုသည် တွေဝေမှုကို ဖြစ်ပေါ်စေ၏။ နှလုံးသား၏ စိုးရိမ်မှုသည် စွန့်စားမှုကို ဖြစ်ပေါ်စေ၏။

ဦးနှောက်တို့ ဆူဝေလာလေပြီ။

ဆင်ခြင်မှုတို့သည် အငွေ့ပျံကုန်ကြပြီ။

ခြေဖျားလက်ဖျားတို့ အအေးမိကုန်ကြပြီ။

နှလုံးသားသည် ချွေးစို့၍လာပြီ။

သွေးကြောများ၌ ဖိအားနည်းလေပြီ။

"မစိန်တင်ကို ကျွန်တော် ချစ်တယ်"

ထိုစကားသည် သူ့နှုတ်မှ တကယ်ပင် ထွက်လာခဲ့လေသည်။ ထိုအသံသည်သည် သူ့အသံမဟုတ်ဘူးဟု ကိုအောင် ထင်သည်။ သူကိုယ်တိုင်ပြောတာမဟုတ်ဘူးဟု သံသယဖြစ်သည်။ သူ့နှုတ်ကို တစ်စုံတစ်ယောက်က စီး၍ ပြောသည်ဟု ထင်သည်။

မစိန်တင်၏နှုတ်မှ 'ရှင်'ဟူသော အသံထွက်သွားသည်ဟုထင်မိသည်။ ဟုတ်ချင်လည်း ဟုတ်မည်။ ဟုတ်ခဲ့လျှင်လည်း ထိုအံ့ဩဟန်သည် တမင်တကာ ဟန်ဆောင်မှုသာ ဖြစ်ရမည်။ ကျွန်ုပ်၏မျက်လုံးများကို ဟိုယခင်အခါဆီကပင် သင်အဓိပ္ပါယ်ကောက်နိုင်ခဲ့လိမ့်မည်ဟု ထင်ပါသည် မစိန်တင်။

"ကျွန်တော့်ကို ပြန်မချစ်နိုင်ဘူးလားဟင်"

ကိုယ့်ကိုယ်ကိုပင် ရဲရင့်လှချေသလားဟု အံ့ဩမိသည်။ အမှန်အားဖြင့် သူ့နှုတ်ကို သူ့နှလုံးသားက စီး၍ပြောနေခြင်းဖြစ်သည်။ သူ့နှလုံးသားကိုမူ 'အချစ်နတ်'သည် ဓာတ်စီး၍ ပြောနေလေပြီတကား။

"ပြောပါဦးဗျာ"

မျက်လုံးကို တစ်ချက်ပင့်ကြည့်သည်။ ထိုအကြည့်၌ အဖြေပါပြီးသားဖြစ်ကောင်း ဖြစ်မည်။ ခေါင်းကို ငုံ့၍ ထားသည်။ မိန်းကလေးတို့သည် ရှက်သောအခါ လက်ကိုင်ပဝါကလေးကို လက်ညှိုး၌ ရစ်ပတ်၍နေတတ်

www.burmeseclassic.com

www.burmeseclassic.com



ဒါ။ ညှိနေရာ၌ လက်ကိုင်ပေါ ့ မရှိချေ။ ထို့ကြောင့် လက်နှိုးစုတ်ကလေး ဆုပ်ခြေနေမိသည်။

မြောက်လေတစ်ချက် ဝှေ့လိုက်သည်။

ဆံပင်ကလေး လှုပ်သွား၏။

"ကျွန်မတို့အတွက် အချိန်မရှိတော့ပါဘူး အစ်ကို"

အချိန်။ ဘာအချိန်လဲ။

ဘာမရှိတာလဲ။

စဉ်းစားဖို့ အချိန်မရှိတော့တာလား။

တွေ့ဖို့တွေ အချိန် မရှိတော့တာလား။

ချစ်ဖို့အချိန် မရှိတော့တာလား။

"ကျွန်တော်တို့ နောက် အနှစ်လေးငါးဆယ်လောက်နေရဦးမှာပါ"

"ဒါပေမယ့် အစ်ကိုက ရန်ကုန်ကို ပြန်ရမှာ မဟုတ်လား... ကျွန်မ လည်း သာစည်ကို ပြန်ရမှာ မဟုတ်လား"

"ဒါပေမယ့် ကျွန်တော်တို့ အမြဲတမ်း ခွဲနေရမှာမှ မဟုတ်တာ"

"ဒါပေမယ့် အစ်ကိုက တက္ကသိုလ်ကျောင်းသားပါ"

"အဲဒါ ဘာဖြစ်သလဲ"

"ကျွန်မနဲ့ အစ်ကိုနဲ့ မတန်ပါဘူးရှင်"

"ဟိုး ရှေးတုန်းက စကားတွေ ပြန်မပြောပါနဲ့ဗျာ"

"ကျွန်မတို့တောသူတွေက စိတ်ကူးမယဉ်တတ်ပါဘူး၊ မဖြစ်နိုင်တာ ကိုလဲ မစဉ်းစားတတ်ဘူး"

ဪ... စိတ်ကူးယဉ်တာတဲ့။ ညက စိတ်ကူးယဉ်တာကို သူသိ လား။ စိတ်ကူးတို့သည် တကယ့်အဖြစ်အပျက်များ ဖြစ်လာနိုင်သည် သူ မသိဘူးလား။ ကျွန်ုပ်၏စိတ်ကူးများသည် လက်တွေ့ဘဝနှင့် များ ကွာဟမှုမရှိဟု ထင်ပါသည် မစိန်တင်။

"ကျွန်တော်ကတော့ စိတ်ကူးယဉ်တယ်လို့ ပြောချင်တာလား"

"ကျွန်မ မသိဘူး၊ ကျွန်မသိတာ ကျွန်မ စိတ်ကူးမယဉ်တတ်တာ



သိတယ်၊ အစ်ကိုနဲ့ကျွန်မ မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ကျွန်တော် ဘွဲ့ရပြီးရင် ဒီကို ပြန်လာမယ်၊ မစိန်တင်ကို လာခေါ်မယ်၊ ပြီးတော့ ကျွန်တော်တို့ လက်ထပ်ကြမယ်"

ထိုစကားသည် တက္ကသိုလ်ကျောင်းသူတစ်ယောက်ကို ကြက်သီးထ သွားကောင်း ထသွားစေလိမ့်မည်။ မစိန်တင်ကိုမူ ခေါင်းကိုဖြည်းလေးစွာ ယမ်းခါစေသည်။

"ဘယ်လိုလဲဗျာ၊ ကျွန်တော့်ကို မချစ်နိုင်ဘူးလားဟင်"

"မဖြစ်နိုင်တဲ့ကိစ္စကို အစကထဲက မစဉ်းစားတာပဲ ကောင်းပါတယ် ရှင်"

"အို ဖြစ်နိုင်တယ် ဖြစ်နိုင်တယ်၊ ကျွန်တော့်ကို မယုံလို့လားဟင်"

"အစ်ကို့ကို ယုံပါတယ်၊ ဒါပေမယ့်..."

"ဟာ...ဒါပေမယ့်တွေ ဘာတွေ မလိုချင်ဘူးဗျာ၊ နက်ဖြန်ညနေကျရင် ကျွန်တော် လာခဲ့မယ်၊ အဲဒီအခါကျရင် အဖြေပေးရမယ်"

ခေါင်းငုံ့လိုက်တာလား ခေါင်းညိတ်လိုက်တာလား မသိ။ မစိန်တင် ၏ ခေါင်းသည် ဆတ်ခနဲ ဖြစ်သွား၏။ ကိုအောင်ကမူ ခေါင်းညိတ်လိုက် ဘာဟု ယူဆလိုက်သည်။

"နက်ဖြန်ညနေနော်၊ ကျွန်တော့်ကို ချစ်ရင် ပန်းအဖြူပန်ထားပါ၊ မချစ် ဘူးဆိုရင် ပန်းအနီ ပန်ထားပါနော်"

စကားမပြန်နိုင်မီမှာပင် ကိုအောင် မြန်မြန်ထ၍ ထွက်လာခဲ့သည်။

"အစ်ကို... အစ်ကို"ဟု လှမ်းခေါ်လိုက်သလား မသိ။ သို့ရာတွင် သူ လှည့်မကြည့်တော့။

နက်ဖြန်ညနေ လာခဲ့ပါမည်ချစ်သောချစ်သူ။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"ဆရာခေါ်တယ်ဆိုလို့"

ကိုအောင်က ဆရာ့ရှေ့မှာ မတ်တပ်ရပ်ရင်း ပြောလိုက်သည်။ ဆရာသည် မျက်လုံးကို တစ်ချက်လှန်ကြည့်သည်။

"ထိုင်ကွ"

ဆရာသည် တစ်စုံတစ်ခုကို ရေးမှတ်နေသည်။ ဆရာ့ကို ကိုအောင်ကြည့်လိုက်သည်။ ဆရာ့မျက်နှာသည် တည်ငြိမ်လေးနက်နေသည်။ ဆရာခေါ်သည်ဆို၍ သူ့တဲက ထွက်လာစဉ်ကမူ ဆရာသည် ကွင်းဆင်းသည့်ကိစ္စတစ်ခုအတွက် ပြောလိမ့်မည်ဟု ထင်ခဲ့မိသည်။ ခု ဆရာ့မျက်နှာကို ကြည့်ရသည်မှာ ဒီလိုမဟုတ်။ ကွင်းဆင်းခြင်းနှင့် မဆိုင်သော တခြားတစ်ခုခုပြောမည်ဖြစ်ကြောင်း သိလိုက်ရသည်။ မစိန်တင်နှင့် ကိစ္စကိုများ ပြောမလားဟု သူ စိုးရိမ်မိလိုက်ပြန်၏။

"ထိုင်လေကွာ ကိုအောင်"

ထိုင်ခိုင်းနေပြီဆိုကတည်းက ဆရာသည် စကားအကြာကြီးပြောတော့မည်ဟု သိလိုက်ပြီ။ ဆရာသည် ဖောင်တိန်ကို စားပွဲပေါ်ချလိုက်သည်။

"ထမင်းစားပြီးပြီလား"



"ဟုတ်ကဲ့ဆရာ"

"မင်း တော်တော် ပိန်သွားတယ်ကွာ၊ ရန်ကုန်ပြန်ရောက်ရင် ဆေးလေးဘာလေး ထိုးလိုက်ဦး"

"ဟုတ်ကဲ့ ဆရာ"

မဆိုင်တာတွေ လျှောက်ပြောနေကတည်းက ဆိုင်တာတစ်ခုခုပြောတော့မည်မှန်း သိလိုက်သည်။

"နက်ဖြန်ကျရင် လုပ်စရာရှိတာကို အပြတ်လုပ်ခဲ့ကွာ၊ တခြားအုပ်စုတွေ ဒီနေ့အလုပ်ပြတ်ကုန်ပြီ၊ မင်းတို့အုပ်စုပဲ ကျန်တော့တယ်"

"ဒီလိုပါဆရာ ကျွန်တော်တို့အုပ်စုကျတဲ့ ဧရိယာက အစွန်ဆုံးကျနေလို့ အသွားအပြန်ခရီးနဲ့တင် အချိန်တော်တော်ကုန်ပါတယ်၊ ပြီးတော့လဲ ကျွန်တော်တို့ဧရိယာက တောင်ကုန်းတွေလဲ သိပ်များတယ်၊ တောလဲ ပိုပြီးထူပါတယ်"

"ဆရာ သိပါတယ်ကွာ ဆရာက အပြစ်ပြောတာ မဟုတ်ပါဘူး၊ ပြီးတော့လဲ မင်းတို့အုပ်စုရဲ့ လုပ်ရည်ကိုင်ရည်ကို သိလို့ အခက်ဆုံးဧရိယာကို မင်းတို့အတွက် ချပေးလိုက်တာပါ"

အမှန်အားဖြင့် အလုပ်အကြောင်းပြောမည်ဆိုလျှင် ကိုအောင့်ကို ခေါ်စရာမလို။ အုပ်စုခေါင်းဆောင် ရိုးမြင့်လွင်ကို ခေါ်ပြောရမည်ဖြစ်သည်။

"နက်ဖြန်ကိစ္စပြီးအောင် လုပ်ကွာ၊ သန်ဘက်ခါ နားမယ်၊ နောက်တစ်နေ့ကျရင် ငါတို့ပြန်ကြဖို့ အစီအစဉ်ရှိတယ်"

ဆရာသည် ဖောင်တိန်ကို ဖွင့်၍ တစ်စုံတစ်ခုကို ရေးခြစ်နေပြန်သည်။ ကိုအောင်က ရင်တွေခုန်နေသည်။ ဆရာ့ကို သူ ချစ်ကြောက်ရိုသေသည်မှာ မှန်ပါသည်။ သို့ရာတွင် ဆရာ့ရှေ့မှာ သူတစ်ခါမျှ ရင်မခုန်ဖူးခဲ့။ ဆရာသည် ကျောင်းသားများကို ရင်ခုန်ထိတ်လန့်စေသူ မဟုတ်နိုင်။ မည်သို့ပင် ဖြစ်ပါစေ ဆရာစကား တစ်ခုခုပြောမည်ကို သူ စိုးရိမ်နေမိ၏။

"ဒီလိုကွာ"

ဆရာသည် စက္ကန့်ပိုင်းမျှ နားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဆရာ"

"ဆရာ မင်းကို ပြောစရာနည်းနည်းရှိလို့"

"ဟုတ်ကဲ့ဆရာ"

"ဒီလိုကွာ၊ ဆရာ့အနေနဲ့ မပြောသင့်ဘူးလို့ဆိုရင်လဲ ရတယ်၊ ဒါပေမယ့်..."

ဆရာသည် စကားကို မဆက်ဘဲ ကိုအောင့်ကို တစ်ချက်စိုက်ကြည့်သည်။ ကိုအောင်က မျက်လွှာချလိုက်သည်။

"အရင်ကတည်းက မင်းကို ပြောမလို့ပါပဲ၊ ဒါပေမယ့် သေသေချာချာ မသိသေးတာက တစ်ကြောင်း၊ ပြီးတော့ တခြားလူ မဟုတ်ဘဲ မောင်ကိုအောင်ဖြစ်နေလို့၊ ဒီဘက်မှာ မင်းက သိပ်ကင်းတယ် မဟုတ်လား"

ဆရာ ဘာကို ဆက်မပြောမည်မှန်း သူတွေးကြည့်လို့ရပြီ။ သို့ရာတွင် သူ မသိသေးဟန်ဆောင်လိုက်သည်။

"ဆရာ ဘာကို ဆိုလိုတာလဲ ခင်ဗျာ"

"အော်...ဟုတ်သားပဲ၊ ဆရာက တိတိကျကျမှ မပြောရသေးဘဲ၊ အေးလေ တကယ်တော့ ဆရာ ဘာကိုဆိုလိုတယ်ဆိုတာ မင်းသိပြီးပြီ ထင်ပါတယ်"

ဆရာ သူ့ကို အကဲခတ်သည်။ ကိုအောင်သည် ဆရာနှင့် မျက်လုံးချင်းဆိုင်၍ မကြည့်ရဲတော့ပြီ။ သူ့ကိုယ်သူ အားပြန်တင်းလိုက်သည်။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တော့မည်။ ဆရာကို သူ ပြန်ကြည့်လိုက်၏။

"ဆရာ ဘာကိုဆိုလိုတယ်ဆိုတာ မင်းသိပြီ မဟုတ်လား"

"သိပါတယ်ဆရာ"

"အချစ်ကိစ္စဆိုတော့လဲ အခက်သားကလားကွာ"

ဆရာသည် ဖောင်တိန်အဖုံးကို ချွတ်လိုက်၊ တပ်လိုက်လုပ်နေပြန်သည်။

"တကယ်တော့ ဒီကိစ္စဟာ လူ့အခွင့်အရေးကိစ္စရပ်ပဲ ဆရာ့အနေ



နဲ့ မပိတ်ပင်မတားမြစ်သင့်ဘူး၊ ဒါပေမယ့်"

"ကျွန်တော်ဟာ လူငယ်တစ်ယောက်ပါဆရာ၊ ပြီးတော့ တက္ကသိုလ်ကျောင်းသားတစ်ယောက်ပါ"

ကိုအောင်သည် ပညာရေးကိစ္စများနှင့် ပတ်သက်၍ ဆရာ့ကို တစ်ခါမျှ စောဒက မတက်ခဲ့ဖူးပါ။ သို့ရာတွင် ခုကိစ္စသည် ကျောင်းစာနှင့် ဘာမှမဆိုင်။

"ဟုတ်ပါတယ်၊ မင်းဟာ တက္ကသိုလ်ကျောင်းသား လူငယ်တစ်ယောက်ပါ၊ မင်းမှာကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့် ရှိပါတယ်၊ ဆရာတို့က လမ်းညွှန်ရုံပါ။ ခုကိစ္စကိုလဲ ဆရာက မင်းအတွက် ပင်ပြီး အဆုံးအဖြတ်ပေးတယ်လို့ မထင်ပါနဲ့၊ အကြံဉာဏ်ပေးတယ်လို့ပဲ ယူဆပါ"

ကိုအောင် ဘာမျှပြန်မပြော။

"ဒီနေရာဟာ တက္ကသိုလ်နယ်မြေ မဟုတ်ဘူး မောင်ကိုအောင်၊ တက္ကသိုလ်မှာဆိုရင်တော့ ဆရာ့အနေနဲ့ ဘာမှဝင်ပြီး စွက်ဖက်စရာ မရှိပါဘူး"

"ဒါပေမယ့် ကျွန်တော် တက္ကသိုလ်ကျောင်းသားပါဆရာ၊ တက္ကသိုလ်ကျောင်းသားဆိုတဲ့ သတ်မှတ်ချက်ကတော့ တက္ကသိုလ်နယ်မြေမှာပဲဖြစ်ဖြစ်၊ တခြား ဘယ်နေရာမှာပဲဖြစ်ဖြစ် မပြောင်းလဲဘဲ ရှိနေမှာပဲလို့ ကျွန်တော် ထင်တယ်"

"ဆရာ လက်ခံပါတယ်၊ ဒါပေမယ့် ဟိုလူငယ်မက တက္ကသိုလ်ကျောင်းသူ မဟုတ်ဘူးခနော်"

ကိုအောင်တုန်လှုပ်သွားသည်။ ဆရာသည် ခိုင်မာသော ယေဘုယျ သဘောတစ်ခုကို ဆွဲယူရန်အတွက် အချက်အလက်တစ်ခုကို အစပျိုးနေလေပြီ။

"ဆရာ့အမြင်ကို ပြောတာပါ၊ မောင်ကိုအောင်အနေနဲ့လဲ ဆရာ့ကို လူငယ်ချင်းလို သဘောထားပြီး တိုင်ပင်ဆွေးနွေးနိုင်ပါတယ်"

ကျွန်တော် ပြောချင်တာကတော့ ဘာမှ ဆက်မပြောဖို့ ဆရာ့ကို

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ချင်တာပါပဲဟု သူပြောချင်သည်။ သို့ရာတွင် သူ မပြော။ ဆရာက စကားကိုပင် ဆက်နေပြီ။

"ဒီလိုရှိတယ်ကွာ၊တက္ကသိုလ်ကျောင်းသား တစ်ယောက်နဲ့ တက္ကသိုလ်ကျောင်းသူတစ်ယောက်၊ ဒါမှမဟုတ် မြို့သားတစ်ယောက် နဲ့ မြို့သူတစ်ယောက်ဆိုရင် ဘာမှ မပြောစရာ မလိုပါဘူး၊ ခုဟာက..."

"ဘဝချင်းမတူဘူးလို့ ဆရာဆိုလိုချင်တာလား ခင်ဗျား"

"ဘဝချင်းလို့ ဆိုတာထက် အခြေအနေချင်း မတူဘူးလို့ဆိုရင် ပိုမှန်လိမ့်မယ်ထင်တယ်၊ တက္ကသိုလ်က ပတ်ဝန်းကျင် အကျင့်အကြံ အတွေးအခေါ်နဲ့ ဒီအရပ်က..."

"ဆရာ ပြောမယ့်ဟာတွေ ကျွန်တော် သိပြီးသားပါ ဆရာ"

အတန်းထဲမှာ ...သို့မဟုတ် ကွင်းဆင်းနေစဉ်မှာ ဆရာ ရှင်းပြနေခဲ့စဉ်ကဆိုလျှင် ကိုအောင်သည် ခေါင်းကို ညိတ်၍ညိတ်၍ နေပေလိမ့်မည်။ သိပြီးသား အကြောင်းအရာကိုပင် ပြောနေသည်ဖြစ်စေ၊ ငြိမ်ငြိမ်ကလေး နားထောင်နေပေလိမ့်မည်။ ယခုမူ အချစ်ဆိုသော အရာသည် သူ့ကို ဆရာ့အပေါ် ပထမဦးဆုံးအကြိမ် ခေါင်းခါတတ်စေခဲ့ပြီ။

"ဆရာ ဟိုအရင်က စကားမျိုးတွေပြောတော့ ကျွန်တော်ကလဲ အရင်က စကားနဲ့ပဲ ပြောပါ့မယ် ဆရာ၊ အချစ်မှာ ဘဝချင်း ခြားနားတာတို့၊ အခြေအနေချင်းမတူတာတို့ မရှိပါဘူး၊ အချစ်ဟာ အရိပ်လိုပါပဲ၊ အရာဝတ္ထုတွေဟာ ဘာအရောင်အသွေးပဲ ရှိကြရှိကြ သူတို့ရဲ့ အရိပ်တွေကတော့ အမည်းရောင်တွေချည်းပါပဲ"

ဆရာက ပြုံးပြလိုက်သည်။

"မှန်ထဲက အရိပ်ကကောကွာ"

"မှန်ထဲက အရိပ်ဟာ ပုံရိပ်စစ်မဟုတ်ပါဘူးခင်ဗျာ၊ ပုံရိပ်ယောင်ပါ၊ ဖက်ချင်း ပြောင်းပြန်ပေါ်တယ် မဟုတ်လား၊ အရာဝတ္ထုရဲ့ ညာဘက်ဟာ မှန်ထဲက ပုံရိပ်မှာ ဘယ်ဘက်ဖြစ်နေတယ် မဟုတ်လား"

ဆရာ အံ့ဩသွားလေသည်။ ကိုအောင်သည် လူရိုးလူအကလေး



သူ့ပါးစပ်က ဒီလိုစကားတွေ ထွက်လာလိမ့်မည်ဟု ဆရာ မထင်ခဲ့။ အချစ်သည် လူတို့ကို စကားအရာ၌ ကြွယ်ဝစေကြောင်းကို ဆရာ မသိလေသလား ဆရာခင်ဗျာ။

"ကဲပါလေ...ဆရာတို့ စကားရည်လုပွဲ ကျင်းပနေတာမှ မဟုတ်ဘဲ ရိုးရိုးပဲ ပြောရအောင်ပါ"

"ဟုတ်ကဲ့ဆရာ"

"အချစ်မှာ အခြေအနေချင်း မတူဘူးဆိုတာ မရှိဘူးတဲ့၊ မင်းပြောတယ်နော်၊ ဆရာလဲ မင်းအရွယ်တုန်းက ဒီလိုပဲ ပြောခဲ့တာပါပဲ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်ဟာ ခု ကျွန်တော့်အရွယ်ပါပဲ၊ ဆရာ့အရွယ်မရောက်သေးပါဘူး၊ ကျွန်တော့်အရွယ်မှာ ရှိနေတဲ့ ကျွန်တော်ဟာ ကျွန်တော့်အရွယ်အတိုင်း စဉ်းစားတွေးခေါ်မှာပါပဲ"

"ဟုတ်ပါတယ် ဟုတ်ပါတယ်၊ မင်းတို့လူငယ်တွေ ပြောနေကျစကားနဲ့ပြောရရင် ဆရာ့အနေနဲ့ကတော့ မင်းတို့အရွယ်ကို ဖြတ်သန်းလာခဲ့ဖူးတဲ့အတွက် မင်းတို့အရွယ်ကို ကိုယ်ချင်းစာကြည့်နိုင်ပါတယ်လေ၊ မင်းတို့အရွယ်တုန်းက ဆရာတို့ မှားခဲ့ဖူးတာကို အခု ပြန်မြင်လို့ရပါတယ်"

"ဟိုအချိန်တုန်းကတော့ ဆရာ့အတွက် မှန်ခဲ့တယ် မဟုတ်လား ဆရာ"

"အင်း...ဆိုပါတော့ကွာ"

"ခုချိန်မှာတော့ ခုကိစ္စဟာ ကျွန်တော့်အတွက် မှန်နေတာပဲ ဆရာ၊ ကျွန်တော် ဆရာ့အရွယ် ရောက်လာမှ မှားတယ်လို့ မြင်ချင်ရင် မြင်လာမှာပေါ့လေ၊ ခုတော့ ကျွန်တော့်အရွယ်နဲ့ ကျွန်တော် မှန်နေပါရစေ ခင်ဗျာ"

"ဒါပေမယ့်ကွာ၊ ဆရာခုပြောနေတာက... အေးလေ... ဆရာက မင်းခုကိစ္စဟာ မှားနေတယ်လို့ မဆိုလိုသေးပါဘူး၊ မှားသွားနိုင်တယ်လို့ ဆိုလိုတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ...ဆရာ အစိုးရိမ်ကြီးတာပါ"

"ဆရာ မင်းစကားကို နားလည်ပါတယ်၊ မင်း တကယ်ပြောချင်တာက အစိုးရိမ်ကြီးတာ မဟုတ်ဘူး၊ တွေဝေတာလို့ ပြောချင်တာ မဟုတ်လား"

ကိုအောင် ဘာမျှ ပြန်မပြောချေ။

"မင်းတို့လူငယ်တွေ ပြောနေကျစကားပဲလေ၊ လူငယ်တွေက စွန့်စားတယ်၊ ပြတ်သားတယ်၊ လူကြီးတွေက တွေဝေတယ်လို့...အဲ တွေဝေတာနဲ့ ဆင်ခြင် ပိုင်းခြားတတ်တာနဲ့ တခြားစီပါကွာ၊ စွန့်စားတယ်ဆိုတာ ကောင်းပါတယ်၊ ဒါပေမယ့် ဆင်ခြင်မှုမပါတဲ့ စွန့်စားခြင်းဟာ အလကားပဲ၊ ဆင်ကန်းတောတိုး သဘောမျိုး ဖြစ်သွားတတ်တယ်၊ လူငယ်ဆိုပေမယ့် နှလုံးသားကိုချည်းပဲ အားကိုးလို့ မဖြစ်ဘူးလေ၊ ဦးနှောက်ကိုလည်း အားကိုးသင့်တယ် ထင်တယ်"

"ဒါပေမယ့် အချစ်ကိစ္စမှာ နှလုံးသားကသာ ဦးဆောင်တာပါ၊ ဦးနှောက်က နောက်လိုက်ပါ ဆရာ"

"ဒီလိုရှိတယ်ကွ၊ တချို့နေရာတွေမှာ ဦးနှောက်နဲ့ နှလုံးသားဟာ သဘောထားကွဲလွဲမှုရှိနေပြီး တချို့နေရာတွေမှာ သဟဇာတ ဖြစ်နေကြတယ်၊ တကယ်တော့ ဘယ်နေရာမှာမဆို ဦးနှောက်နဲ့နှလုံးသားဟာ အပြန်အလှန် သဘောတူညီမှု ရယူသင့်တယ်လို့ ဆရာ ထင်တယ်"

"ဒါပေမယ့် အချစ်ကိစ္စမှာတော့ နှလုံးသားရဲ့ ဆုံးဖြတ်ချက်ကို ဦးနှောက်က ပိတ်ပင်တားဆီးပိုင်ခွင့် မရှိပါဘူး ခင်ဗျာ"

"အေးကွာ...တို့စကားတွေက ပြောရင်းနဲ့ ဒဿနိကဗေဒဆန်လာပြန်ပြီ၊ ကဲ...ရှင်းရှင်းပဲ ပြောကြစို့ကွာ၊ ဆရာတို့ ပညာတတ်စကားတွေ မပြောဘဲ ရိုးရိုးပြောကြရအောင်"

"ဟုတ်ကဲ့ဆရာ"

"တကယ်လို့ကွာ၊ မင်းနဲ့ ဒီကလေးမနဲ့ ချစ်သွားကြပြီးမှ မင်း ရန်ကုန်ကို ပြန်ရောက်လို့ သူ့ကို မေ့သွားခဲ့ရင် တက္ကသိုလ်ကျောင်းသားဆိုတာ



ဒီလိုပါလားလို့ ထင်သွားကြလိမ့်မယ်၊ ကျောင်းသားတွေအပေါ်မှာ ဒီအရပ်က လူတွေက အထင်သေးသွားကြလိမ့်မယ်"

"လောလောဆယ်မှာတော့ ဆရာက ကျွန်တော့်ကို အထင်သေးနေတာပါ၊ ကျွန်တော်ဟာ ခုကိစ္စကို ပေါ့ပေါ့ဆဆကလေး လုပ်နေတာ မဟုတ်ပါဘူး၊ သူ...သူ... ကျွန်တော့်ရဲ့ အချစ်ဦးပါ ဆရာရယ်"

ကိုအောင် ဝမ်းနည်းသွားလေသည်။ ဆရာမင် စိတ်မကောင်းဖြစ်သွားသည်။

"ခက်တယ် ငါ့ညီရယ်... မင်းဟာ အချစ်နဲ့ပတ်သက်ရင် သိပ်နုပါသေးတယ်ကွာ"

"ရည်းစားတွေ အများကြီးထားဖူးမှ အတွေ့အကြုံတွေ အများကြီးရင့်နေမှ အချစ်အကြောင်းကို ရေရေလည်လည် နားလည်လိမ့်မယ်လို့ ကျွန်တော် မယုံကြည်ဘူး ဆရာ၊ မျက်လုံးချင်းတစ်ကြိမ်လောက်ဆုံမိရုံနဲ့ အချစ်အကြောင်းကို ဆုံးခန်းတိုင် နားလည်သွားနိုင်ပါတယ်"

ဆရာသည် ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။ သူ့တပည့်အဖို့ အဆိပ်တက်နေသော အချိန် ဘာကိုမျှ ပြောလို့ နားဝင်မည် မဟုတ်။ ကိုအောင်သည် ရန်ကုန်ကို ပြန်ရောက်လို့ မိန်းကလေးတို့၏ အမည်းရောင်အကြည့်များ၊ ငွေပြာရောင် အပြုံးများ၊ ပန်းနုရောင် အသံများ၏အကြားတွင် ဤအရပ်မှ မိန်းကလေးကို မေ့ပျောက် သွားလိမ့်မည်ဟု ဆရာ ယုံကြည်နေသည်။

ဤအရပ်မှ ရိုးသားသော အဖြူသက်သက် မိန်းမငယ်တို့ကို တန်ဖိုးမထားတတ်သော တက္ကသိုလ်ကျောင်းသားဆိုသည့် လူငယ်များတွင် ကိုအောင်လည်း ပါဝင်နေလိမ့်မည်ဟု သူ ထင်နေသည်။

ခုအချိန်မှာတော့ မချစ်ဖူးသူမို့ ပြင်းထန်နေလိမ့်မည်။ နောင် အနည်ထိုင်သွားသောအခါ...ဆရာသည် တစ်စုံတစ်ခုကို ပြောရန် ဟန်ပြင်သည်။ ထိုအခါတွင် ကိုအောင်က ဦးအောင် ပြောလိုက်လေသည်။

"ဆရာ ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒီနေ့

www.burmeseclassic.com

www.burmeseclassic.com



ညနေကပဲ ကျွန်တော် သူ့ကို ဖွင့်ပြောခဲ့ပါပြီ ဆရာ”

ကိုအောင်သည် အခန်းထဲမှ လှည့်ထွက်ခဲ့သည်။ ဆရာသည် သူ့ကျောပြင်ကို အံ့ဩစွာ ငေးမောကြည့်ရင်း ကျန်ခဲ့ပါမည်လားမသိ။

*　　*　　*

ဒီကိစ္စကို ဆရာ့ထံသို့ရောက်အောင် ဘယ်သူတင်ပြခဲ့သနည်း။ မျိုးမြင့်လွင် လုံးဝမဖြစ်နိုင်။ မြင့်သောင်း၊ ဆလိုင်း၊ ဆန်နီ၊ ဝိုင်းသော်၊ ဘယ်သူမှ မဖြစ်နိုင်။ သူ့သူငယ်ချင်းများသည် နှုတ်လုံသည့်နေရာတွင် ထိပ်တန်း။ ဘယ်သူ ဖြစ်မည်နည်း၊ သိပ်စဉ်းစားနေစရာမလို။

ကိုအောင် တဲထဲဝင်စကတည်းက သူငယ်ချင်းတွေက ဆီး၍မေးကြသည်။

“ဆရာက ဘာခေါ်ပြောတာလဲကွ ဟေ”

ကိုအောင်က ဘာမျှပြန်မပြော၊ သူ့အိပ်ရာဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။ ကွင်းဆင်းရာမှာ ပတ်သော ခါးပတ်ကိုယူလိုက်သည်။ ခါးပတ်ကို ပတ်သည်။ ဘာမျှမပြောဘဲ ပြန်လှည့်ထွက်သွားသည်။ သူ့ခါးမှ ဓားအိမ်သည် လှုပ်ယမ်းရင်း ပါသွား၏။

“ဘယ်လိုဖြစ်တာလဲ”

သူငယ်ချင်းတွေ စိုးရိမ်သွားကြသည်။ ကိုအောင့်နောက်သို့ လိုက်သည်။ ကိုအောင်သည် ရှေ့မှခြေလှမ်းကျဲဖြင့် သွားနေသည်။

“တစ်ခုခုတော့ ဖြစ်ပြီထင်တယ်”

“အမှီလိုက်မှ ဖြစ်မယ်”

သူတို့ ကိုအောင့်နောက်သို့ မပြေးရုံတမယ် လိုက်ကြသည်။ သို့ရာတွင် မမှီတော့ပြီ။

“ကိုအောင် နေပါဦးကွ၊ ဘာဖြစ်တာလဲဆိုတာ ငါတို့ကို ပြောပါဦး”

သူတို့လှမ်းအော်လိုက်သောအချိန်မှာပင် ကိုအောင်သည် တဲတစ်ခုထဲသို့ လှမ်းဝင်သွားသည်။



ထွန်းမင်းကျော်တို့တဲ။

သူတို့ စိုးရိမ်သွားသည်။ တဲအတွင်းသို့ အပြေးကလေးလိုက်ဝင်သွားကြသည်။

ကိုအောင် အပေါက်ဝတွင် ဘွားခနဲပေါ်လာသောအခါ ထွန်းမင်းကျော်က ပြုံးပြမည်ပြုသည်။ ကိုအောင့်မျက်နှာထားကို မြင်တော့မှ မျက်နှာပျက်သွားသည်။ သူတစ်ယောက်တည်း။

“ထွန်းမင်းကျော် ...မင်း ငါ့အကြောင်း ဘာတွေ သွားပြောလဲ”

“ဘာပြောလို့လဲကွ”

မျိုးမြင့်လွင်တို့ ကိုအောင့်ဘေးသို့ ရောက်လာသည်။

“မင်း ငါ့ကိုပြန်မေးစရာမလိုဘူး၊ မင်း ဆရာ့ကို ဘာတွေ သွားပြောသလဲ ငါ သိချင်တယ် ဒါပဲ”

“ဘာမှမပြောဘူး”

“မင်း မလိမ်နဲ့”

ကိုအောင့်လက်က ဓားရိုးပေါ် ရောက်သွားသည်။ မျိုးမြင့်လွင်က ကိုအောင့်လက်မောင်းကို ညှစ်လိုက်သည်။

“ဘာဖြစ်တာလဲကွာ”

“ မျိုးမြင့်တို့ ဘာမှဝင်မပြောနဲ့၊ ငါ့ပြဿနာ မင်းတို့နဲ့ မဆိုင်ဘူး”

ပြဿနာကို မျိုးမြင့်လွင် ရိပ်မိလိုက်ပြီ။ ကိုအောင့်ကို အတတ်နိုင်ဆုံး ထိန်းကြရမည်။

“ပြောလေကွာ၊ မင်း ဘာသွားပြောတာလဲ”

“ငါ ဘာမှမပြောဘူး”

“မလိမ်နဲ့ကွ”

“ဟော့ကောင်...မင်းငါ့ကို ဘာတွေ လာစွပ်စွဲနေတာလဲ၊ ငါ ဘာမှမသိဘူး”

“မင်း ပြောမလား၊ မပြောဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



"ငါ မသိဘူး"

ထွန်းမင်းကျော်က သူ့ဘေးမှာလဲကျနေသော ပုလင်းလွတ်တစ်လုံးဆီသို့ မျက်လုံးဝေ့ကြည့်လိုက်သည်။

သို့ရာတွင် ကိုအောင်က ဓားကို ဆွဲထုတ်ပြီးနေပြီ။

"ကိုအောင်"

မြင့်သောင်းက ဝင်ဟန့်လိုက်သည်။ ဆလိုင်းက ကိုအောင့် ပေါက်ကောက်ဝတ်ကို ဖမ်းကိုင်သည်။ ကိုအောင်က ဆလိုင်း၏ လက်ကိုခါထုတ်လိုက်သည်။ ပြီးတော့ ဓားကို သူနှင့် ထွန်းမင်းကျော်တို့၏ အလယ်ရှိမြေပေါ်မှာ ပစ်စိုက်လိုက်သည်။

"ထွန်းမင်းကျော်၊ မင်း ဆရာ့ကို တကယ်ဘာမှမပြောခဲ့ဘူးဆိုရင် အဲဒီဓားကိုဆွဲနုတ်လိုက်"

ထွန်းမင်းကျော် မလှုပ်မယှက်။ ကိုအောင့်ကို ပေကြည့်နေသည်။

"နုတ်လေကွာ၊ မင်းမပြောဘူးဆိုရင် ဆွဲနုတ်လိုက်ပါကွ"

ထွန်းမင်းကျော် ငြိမ်နေသည်။ ကိုအောင် သူ့ကို စိုက်ကြည့်သည်။ သူ့မျက်နှာလွှဲသွားသည်။

"မနုတ်ဘူးလား၊ ကောင်းပြီသူငယ်ချင်း၊ မင်း ယောကျာ်း မဟုတ်ဘူးလား"

ကိုအောင်က မြေမှာစိုက်နေသော ဓားကို ဆွဲနုတ်သည်။ ဓားအိမ်ထဲ ပြန်ထည့်သည်။ ထွန်းမင်းကျော်ကို တစ်ချက်စိုက်ကြည့်သည်။ ချာခနဲလှည့်ထွက်သွားသည်။

မျိုးမြင့်လွင်တို့လည်း သူ့နောက်က ကပ်လိုက်သွားသည်။ ဆန်နီက ကိုအောင့် ပခုံးကိုဖက်လိုက်သည်။

"သူငယ်ချင်း မင်း သိပ် Hot ဖြစ်နေပြီကွာ"

# အခန်း (၁၂)

ကွင်းဆင်း အဝတ်အစားတွေ ဝတ်ကြသည်။ ဒီနေ့ ကွင်းဆင်းနောက်ဆုံးနေ့။ ကိုအောင့်အတွက် အဆုံးအဖြတ်ပေးမယ့်နေ့။

ကွင်းဧရိယာဆီကို သွားဖို့ သူ စိတ်မပါ။ ညနေဟုဆိုသောကာလ ရောက်ချင်လှပြီ။ နေဆိုသည်မှာ ကြည့်ရင်း ကြည့်ရင်းမှာပင် သိသိသာသာ တရွေ့ရွေ့မျောနေသော မီးပုံးပျံကြီးဆိုလျှင် ဘယ်လောက်ကောင်းလှပါမည်နည်း။ သို့မဟုတ် နေကို ပတ်သော ကမ္ဘာ၏လမ်းကြောင်း အဝန်းသည် ရုတ်ခြည်းကျဉ်းသွားလျှင်...။ အို...ဒီလိုဆိုလျှင် ချစ်သူနှင့်ခွဲရမည့်အချိန်သည်လည်း လျင်မြန်စွာ ရောက်ရှိလာပေလိမ့်မည်။ ခွဲခွာခြင်းဟုဆိုသော်လည်း ထာဝရခွဲခွာခြင်းမဟုတ်မှုဘဲ ချစ်လျက်နှင့် ခဏတာ ခွဲခွာရခြင်းသာ ဖြစ်စေချင်ပါသည်။

ညတုန်းက အိပ်မက်များသည် ပရမ်းပတာ နိုင်လှ၏။ ယုတ္တိလည်း မရှိ။

မစိန်တင့်ကို လှမ်းကြည့်လိုက်သောအခါ ပန်းပွင့်အဖြူအကြီးကြီးကို ပန်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီသို့ ကိုအောင်ပြေးသွားသောအခါ ပန်းပွင့်ကို ဖြုတ်၍ မြေမှာ ချသည်။

ခြေဖြင့် နင်းခြေ၏။

ဟက်ဟက်ပက်ပက် ရယ်မောသည်။

တံတားကလေးကိုဖြတ်၍ ချောင်းတစ်ဖက်ကမ်းသို့ ပြေးသွားသည်။

ထိုစဉ်မှာပင် တံတားကွယ်လေ၏။

ကိုအောင် ချောင်းရေထဲသို့ ပြေးဆင်းသွားသည်။

အလိုလေး...ချောင်းရေသည် ပူလောင်လှချည့်။

ရေပူစမ်းချောင်း။

ထိုအိပ်မက်သည် ဆောင်းတွင်းအိပ်မက် ကယောက်ကယက်သာ ဖြစ်ပါစေ။

"ကဲ သူငယ်ချင်းတို့ရေ၊ သွက်သွက်ကလေး ချီတက်ကြစို့၊ နောက် ဆုံးနေ့ဆိုတော့ ဧရိယာအစွန်ဆုံးရောက်အောင် သွားကြရမှာ"

မျိုးမြင့်လွင်က ရှေ့ဆုံးမှ ဦးဆောင်၍ သွားသည်။ ကိုအောင်ကား နောက်ဆုံးမှ စိတ်မပါတပါ လှမ်းနေကြောင်းကို ပြောဖို့ပင် မလို။ သူတို့ အားလုံးသည် ညက ထွန်းမင်းကျော်တို့နှင့် ဖြစ်ပျက်ခဲ့သောကိစ္စကို ပြန် အစဖော်ရန် မသင့်ဟု အလိုလို စဉ်းစားမိနေကြသည်။

ဆလိုင်းကား ကိုအောင် စိတ်ရွှင်လန်းလာအောင် ဘယ်လိုလောင်ရ ပါမည်နည်းဟု စဉ်းစား၍ နေလေသည်။ သူ အကြံတစ်ခုရလာသည်။

"ဟား... ငါ ညက အိပ်မက်မက်တယ်"

"ဟုတ်လား ထူးဆန်းတယ်ဟေ့...ခွေးအိပ်မက်မက်တယ်လို့ ဒီတစ်ခါ ပဲ ကြားဖူးတယ်"

"နေစမ်းပါဦးဟ... ငါ့အိပ်မက်က တကယ်စင်းတာ"

ဆလိုင်းက မျက်စိတစ်ဖက် မှိတ်ပြသည်။

"အဲ...ပြောပါဦးကွ၊ ဘယ်လိုမက်တာလဲ"

"ဒီလိုကွာ...အိပ်မက်ထဲမှာ ငါက ဘွဲ့ရပြီးတော့..."



"ဟင်း အဲဒီထဲက ယုတ္တိမရှိတော့ဘူး၊ မင်းက ဘွဲ့ရမှာမှမဟုတ်ဘဲ သရီးအက်ဖ်ထိပြီး ထွက်ရမယ့်ကောင်"

"အမယ်...ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ၊ ငြိမ်ငြိမ်နားထောင်စမ်းပါကွာ"

"အေး...ဆက်ပြော..."

"အိပ်မက်ထဲမှာ ငါက ဘွဲ့ရပြီးတော့ အလုပ်လိုက်ရှာတာပေါ့ကွာ"

"မရဘူး မဟုတ်လား"

"အေး...မရဘူးကွ၊ ဟိုရုံးက အဆင်မပြေ၊ ဒီဌာနက အဆင်မပြေနဲ့ အဲဒါ စိတ်ထွေထွေနဲ့ လျှောက်သွားနေတုန်း ငါ့ဘေးကို ကားကြီး တစ်စီး ကျွီခနဲ ဆိုက်လာပါရော..."

"အင်း"

"ကြည့်လဲကြည့်လိုက်ရော လားလား၊ ကားထဲမှာထိုင်နေတာ မျိုး မြင့်လွင်ကိုးကွ၊ ဒီကောင်က မိုလ်မှူးကြီးအဆင့်ရှိတဲ့ ဝတ်စုံနဲ့ကွ"

မျိုးမြင့်လွင်က ဆလိုင်းကိုကြည့်ပြီး ပြုံးပြလိုက်သည်။ ဆလိုင်းက ဆက်ပြောပြန်သည်။

"ငါ့ကို ဒီကောင်က ဟေ့ကောင် ဆလိုင်းဆိုပြီး နှုတ်ဆက်တော့ ငါကလဲ မငုံ့မရဲနဲ့ပေါ့ကွာ၊ ဒီကောင်က ငါ့ကို ကားပေါ်အတင်းတက် ခိုင်းတာနဲ့ ငါလဲ တက်လိုက်သွားရတယ်၊ ငါ့ကို သူ့အိမ်ခေါ်သွားတာ ကွ၊ သူ့အိမ်က ခြံဝင်းကြီးတစ်ခုထဲက တိုက်ကြီးကွ၊ ဟိန်းနေတာပဲ"

"ဟ...ဒီကောင်က ကြီးပွားလှချည့်လား"

"အဲဒါ ဒီကောင်က ငါ့ကို သူ့တိုက်ထဲခေါ်သွားပြီးတော့ မေးပါရော၊ ငါကလဲ အလုပ်လိုက်ရှာနေတဲ့ အကြောင်းပြောတော့ သူက ကြည့် လုပ်ပေးမယ် ပြောပြီး ငါ့ကို ထမင်းကျွေးတယ်ကွ၊ ဟင်းတွေကလဲ ကောင်းလိုက်တာ အများကြီးပဲ၊ ဘဲကင်တွေ...ဝက်သားပေါင်းတွေ၊ ကြက်သားရိုစ်တွေ အစုံပဲ"

"ငါလဲ စားချင်တယ်ကွာ"

"နေပါဦးကွ ဆက်ပြောရဦးမယ်၊ စားလဲပြီးရော ဒီကောင်က သူ့အိပ်

www.burmeseclassic.com

www.burmeseclassic.com



ခန်းကို လိုက်ကြည့်ပါဦးဆိုပြီး ခေါ်သွားတယ်၊ အိပ်ခန်းကလဲကွာ အပြတ်သားနားတာပဲ၊ ငါလဲ ဟိုကြည့်ဒီကြည့်နေတုန်း ဟော့ကောင် လို့ ခေါ်တာနဲ့လှည့်ကြည့်လိုက်တော့ မျိုးမြင့်က ငါ့ကို ပစ္စတိုသေနတ်နဲ့ ချိန်ထားတာ တွေ့ရပါရော"

"ဟင်..."

"ငါကလဲ သူငယ်ချင်းဒီလိုတော့ မကြည်စားပါနဲ့ပြောတော့ ဒီကောင်က ကြည်စားတာ မဟုတ်ဘူးကွာလို့ အသံမာမာနဲ့ ပြောတယ် ငါကလဲ သူငယ်ချင်း အချင်းချင်း ရက်စက်ဟော့မှာလားကွာလို့ ဆိုတော့၊ သူက မင်း ငါခိုင်းတာ တစ်ခု လုပ်ရမယ်၊ မလုပ်ရင်တော့ အသေပစ်သတ်မှာပဲလို့ ပြောသကွာ၊ ငါလဲ ကြောက်တာနဲ့ ပြောပါ ကွာ ဘာလုပ်ရမှာလဲ၊ မင်းခိုင်းတာ ငါလုပ်ပါ့မယ်လို့ပြောတော့ မျိုးမြင့်က ဘာပြောတယ် မှတ်သလဲ"

"ဘာပြောလဲကွ"

"မင်း ငါ့နှမကို ယူရမယ်တဲ့"

မျိုးမြင့်လွင်က ဆဲသည်။

"ဟားဟား...ပိုင်တယ်ဟေ့၊ ဆလိုင်းတို့ကတော့ လုပ်လိုက်ပြန်ပြီဗျို့"

ဒီနေ့အဖို့တော့ လုပ်စရာ အများကြီးမရှိ။ သူတို့ဧရိယာ၏ နောက်ဆုံး အကွက်ကို လေ့လာကြဖို့သာ ဖြစ်သည်။ လုပ်စရာက သိပ်မများသော်လည်း သွားရမည့်နေရာက အစွန်ဆုံးမို့ ဝေးသည်။ ကျောက်တောင်တွေ တော တော်များများကို ကျော်တက်ရသည်။ တချို့နေရာတွေများ ကုပ်ကပ်တက် ရသည်။ တောအုပ်ကလေးတွေကို ဖြတ်သွားရသည်။ အလုပ်လုပ်ရမည့် နေရာရောက်ဟော့ မနက်ဆယ်နာရီပင် ထိုးလုနေပြီ။

ဒီနေ့အပြီးသပ်လုပ်ပြီးလျှင် မြေပုံဖော်ဖို့သာ ရှိတော့သည်။ ကွင်းဆင်း အစီရင်ခံစာတင်ဖို့သာ ရှိတော့သည်။

"ငါတို့ကွာ၊ စလုပ်ကထဲက စခန်းနဲ့ အဝေးဆုံးနေရာက စလိုက်ရင် ရော၊ ဒါမှနောက်ဆုံးနေ့ကျတော့ စခန်းနဲ့အနီးဆုံးနေရာ ရောက်မှာ



ကိုအောင်ကား ဘွတ်ကင်စာအုပ်မှတ်ရသူ ဖြစ်သည်။ သို့ရာတွင် အလုပ်မှာ သူ သိပ်စိတ်မဝင်စားချေ။ သစ်ခွပန်းခူးဖို့ကိုသာ စိတ်ဝင်စားနေ၏။

စထွက်ခါစက အနည်းငယ် လေးလံ ထိုင်းမှိုင်းနေပုံရသော်လည်း ကျောက်ကမ်းပါးတစ်ခုမှာ သစ်ခွပန်းတွေကို တွေ့သောအခါ သူ့မျက်နှာဝင်းပ သွားလေသည်။

"ဟာ...ဟိုမှာ...ဟိုမှာ"

"ဘာလဲ ဘာလဲ၊ ကျားတွေ့လို့လား"

"မဟုတ်ပါဘူး၊ ပန်းပန်း သစ်ခွပန်း"

ကိုအောင် ပြေးလေသည်။ ကျောက်ကမ်းပါးကို ကုတ်ကတ်၍ တက်သွားသည်။ သစ်ခွပန်းတွေကို ခူးယူသည်။ ဘယ်သူ့ကို ပေးဖို့ဆိုတာ စဉ်းစားဖို့မလို။ ရန်ကုန်က သူ့နှမလေးများအတွက် မဟုတ်ကြောင်းကား သေချာသည်။ သစ်ခွပန်းအဖြူများကိုသာ ရွေး၍ ခူးသည်။ တခြားအရောင် သူ မခူးဖ်ချေ။ အနီရောင်များဆိုလျှင် လက်ဖျားနှင့်ပင် မတို့။

မျိုးမြင့်လွင်သည် ကိုအောင်၏ စွန့်စားခန်းများကို ကြည့်၍ ခေါင်းခါ လိုက်သည်။

"ရူးပြီ၊ ကိုအောင်တော့ ရူးသွားရှာပြီ"

ကိုအောင်သည် သစ်ခွပန်းကလေးများကို ကျောပိုးအိတ်ထဲသို့ တယုတယ ထည့်နေသည်။ ဒီနေ့အဖို့တော့ ကျောက်တုံးကလေးများ ထိုအိတ်ထဲမှာ ခိုဝင်ဖို့ အခွင့်မသာနိုင်တော့ပြီ။

"ကိုအောင်တို့ကတော့ ညနေကျရင် အပိုင်ပဲကွ"

"ဘာကိုလဲ"

"ညနေ အဖြေရမယ်လေကွာ"

"အဖြေမရရင် ဘယ့်နှယ်လုပ်မလဲ"

"လောဂရစ်သမ်ကြည့်ပြီး တွက်တာပဲ၊ အဖြေမရဘဲ ဘယ်နေလိမ့်မလဲ၊ ပြီးတော့ ကိုအောင်လိုကောင်ကိုမှ မကြိုက်ရင် ဘယ်ခွေးသူတောင်းစားကို သွားကြိုက်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတို့၏ ဝေဖန်မှုများ။

ကိုအောင်ကား ပြုံးပြုံးကြီး။

အားလုံးလုပ်ကိုင်လို့ ပြီးသောအချိန်မှာ နေ့လယ် နှစ်နာရီ၊ စမ်းချောင်းကလေး တစ်ခုဘေးမှာ ခဏ အမောဖြေကြသည်။ တခြားကောင်တွေကတော့ ထုံးစံအတိုင်း တော်ရိရော်ရီ စကားများ။ ကိုအောင်တစ်ယောက်ကမူ ငြိမ်ချက်သားကောင်းလှသည်။ စမ်းရေကလေးတွေ စီးနေတာကို ငေးကြည့်နေသည်။ ဒီစမ်းချောင်းကလေးကို မြင်တော့ ရွာနားက ချောင်းကလေးကို သတိရသည်။ ညနေကျလျှင် ထိုကဲ့သို့သော စမ်းချောင်းကလေးနံဘေးမှာ ချစ်သူနှင့် တွေ့ရပေတော့မည်။

အချစ်အထိမ်းအမှတ် ပန်းဖြူဖြူကလေး။

ရှက်လို့ ခေါင်းငုံ့နေသော မိန်းကလေး။

တစ်စုံတစ်ခုကို တိုးတိုးကလေးပြောပြီး ကလေးငယ်တစ်ယောက်လို ထွက်ပြေးသွားသော ချစ်သူ။

ဒီလိုမဟုတ်ပါဘဲ ရက်စက်သောအနီရောင်ကို ပန်ဆင်ထားခဲ့ပါလျှင်...

အို...စိတ်ကူးထဲ၌ပင် အနီရောင်သည် အကြည့်ရဆိုးလှပါတကား။ အနီရောင် အလိုမရှိ။

သင့်မှာ ပန်စရာ အဖြူရောင်ပန်းတစ်ပွင့် မရှိဘူးလား။

ဤစမ်းချောင်းကလေးမှတစ်ဆင့် ပန်းအဖြူတစ်ပွင့်ကို မျှောလိုက်မည် ချစ်သောချစ်သူ။

အသင့်ဆယ်ယူ၍ ပန်ပါလော့။

အို...ချောင်းကလေး...သင်၏ကျောကုန်းပေါ်သို့ တင်လွှတ်လိုက်သော ဤပန်းပွင့်ကလေးကို ချစ်သူထံအရောက် အလျင်အမြန် သယ်ဆောင်သွားပါလော့။



"သွားကြမယ်ဟေ့ ပြန်ကြရအောင်၊ သွက်သွက်ကလေးလျှောက်မှ စခန်းကို နေမဝင်ခင် ရောက်မှာ"

"ဟုတ်တယ် မြန်မြန်လျှောက်ရမယ်၊ ဒါမှ ကိုအောင့်အတွက် အချိန်ရမှာ..."

"ကိုအောင် မင်းရှေ့က ပြေးပါလားကွ"

ပြေးချင်တယ်၊ ပြေးချင်တယ်၊ ခုအချိန်မှာ ပြေးတယ်ဆိုတာထက် ပိုပြီးမြန်တဲ့ နည်းလမ်းနဲ့ သွားလို့ရရင် သွားလိုက်ချင်တယ်။

ကိုအောင်ကား ရှေ့ဆုံးမှ ချီတက်လေသည်။ သူ့သူငယ်ချင်းများသည် သူ့ခြေကို မှီအောင်လိုက်နေရသည်။ သို့ရာတွင် ကိုအောင်ကို သူတို့မငြူစူကြ။ သူတို့လမ်းလျှောက်ပုံကို ကြည့်ရသည်မှာ လမ်းလျှောက်ပြိုင်ပွဲဝင်နေသူများနှင့် တူလေသည်။

ဆယ့်ငါးမိနစ်လောက် အတွင်းမှာပင် တော်တော်ခရီးပေါက်ခဲ့ကြသည်။ တောအုပ်ကလေးအတွင်းသို့ ရောက်လာကြသည်။ သစ်ပင်ရိပ်ရှိသောကြောင့် နေပူဒဏ် သက်သာသည်။ ပို၍ပင် ခရီးတွင်သေးသည်။

သို့ရာတွင်

"ဖြောင်း"

"အား..."

ကိုအောင်သည် လမ်းလျှောက်နေရင်းက ခွေလဲကျသွား၏။

"ဟာ"

"ဘာဖြစ်တာလဲ"

မြင့်သောင်းက ကိုအောင့်ကို ပွေ့လိုက်သည်။ ကိုအောင်၏ ပေါင်မှာ သွေးချင်းချင်းနီလျက် ဝါးချွန်တစ်ချောင်းက ထိုးစိုက်နေသည်။ ဂျီထောင်ထားသော ထောင့်ချောက်ကို ကိုအောင် ဝင်တိုက်မိခြင်း ဖြစ်သည်။

ထောင်ချောက်သည် ထောင်ထားတာ ကြာပြီဖြစ်သောကြောင့် မောင်းအားပျော့နေခြင်း၊ ဝါးချွန်မှာ ဆွေးမြည့်နေခြင်းကြောင့် ပေါင်ကို ဆုတ်ချင်းခတ်မသွားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်နီက ဝါးချွန်ကို ဆွဲနုတ်လိုက်သည်။

"ကိုအောင် ...ကိုအောင်"

ကိုအောင်က အံကြိတ်ထားရင်းက ပြောလိုက်သည်။

"ဘာမှမဖြစ်ဘူး ရတယ်"

ကိုအောင် ထရပ်လိုက်သည်။

"မဖြစ်ဘူးထင်တယ်"

"ဖြစ်တယ်"

လမ်းလျှောက်ကြည့်သည်။ နှစ်လှမ်းလောက်လှမ်းပြီး ယိုင်သွားသည်။ မျိုးမြင့်လွင်က ဝင်ထိန်းလိုက်ရသည်။

"ဘယ်လို လုပ်မလဲ"

ဆလိုင်းက မေးသည်။

"ဆက်သွားမယ်"

ကိုအောင်က ဖြေသည်။ သို့ရာတွင် သူ့ခြေထောက်က တဆတ်ဆတ် တုန်နေပြီ။

"ခဏထိုင်ဦး"

မျိုးမြင့်လွင်က ကိုအောင်ကို ထိုင်ခိုင်းလိုက်သည်။

မြင့်သောင်းက သူ့ကျောပိုးအိတ်ထဲမှ မျက်နှာသုတ်ပဝါငယ်ကို ထုတ်၍ ကိုအောင့်ဒဏ်ရာ‌ပေါ် စည်းပေးလိုက်သည်။ ဝိုင်းသော်က ထိပ်ကြိုးကိုဖြတ်၍ အပေါ်မှ ချည်နှောင်လိုက်သည်။

"အချိန်မရှိဘူး သွားမယ်"

ကိုအောင်က ထရပ်လိုက်သည်။ တစ်ယောက်ထဲ လျှောက်ဖို့ကား မဖြစ်နိုင်တော့။ မျိုးမြင့်လွင်နှင့် မြင့်သောင်းက ဘေးမှဝင်တွဲပြီး လျှောက်ရသည်။ ခရီးကား မတွင်နိုင်တော့ပြီ။

ကိုအောင်သည် လျှောက်ရင်းလျှောက်ရင်းက ခြေလှမ်းတွေ နှေးလာသည်။ မျက်လုံးတွေ ပြာဝေလာသည်။ အမြင်တို့သည် မှုန်ဝါး၍ နေလေသည်။ သူ့ခြေလှမ်းတန့်သွား၏။



"ကိုအောင် ...သူငယ်ချင်း"

ကိုအောင့်ဒဏ်ရာပေါ်မှာ စည်းထားသောမျက်နှာသုတ်ပဝါသည် သွေးတို့ဖြင့် စိုရွှဲ၍လာသည်။ သူ့ခြေထောက်သည် ညွတ်၍ ခွေကျသွားသည်။ လမ်းလျှောက်ရန် မဖြစ်နိုင်တော့ပါပြီ။

"ကိုအောင်...သိပ်နာနေလား"

မျက်လုံးမှိတ်ထားရက်က ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းသည်။ သို့ရာတွင် သူတော်တော်နာနေကြောင်း အားလုံးသိလိုက်သည်။ ကိုအောင့်ခြေထောက်သည် ဟာဆတ်ဆတ်တုန်နေ၏။

"ဘယ်လိုလုပ်ကြမလဲ"

မျိုးမြင့်လွင်က ကိုအောင့်ကို ပွေ့ထားရင်းက မေးသည်။

"ထမ်းစင်လုပ်မလား"

"အချိန်မရှိဘူးကွ၊ ဒီနားမှာ ဝါးရှာဖို့လည်း မလွယ်ဘူး စခန်းကို အမြန်ဆုံး ပြန်ရောက်မှဖြစ်မယ်"

အားလုံးနားလည်သောစကားကို မြင့်သောင်းပြောလိုက်သည်။ ဒီနေ့ ညနေ စခန်းကို ပြန်ရောက်မှဖြစ်မည်။

"ထမ်းမယ်ကွာ"

"ကောင်းတယ်၊ တစ်ယောက်တစ်လှည့်စီ ထမ်းသွားမယ်"

ဆန်နီက ကိုအောင့်ကို သူ့ပခုံးပေါ်သို့ ထမ်းလိုက်သည်။ ကိုအောင်ကား ဘာမျှမပြောနိုင်တော့။ သူ သိပ်မောနေပြီ။

လူတစ်ယောက်ကို ထမ်းရပြီဆိုကတည်းက ခရီးမတွင်တော့ကြောင်းကို ပြောဖို့ပင်မလို။ ဒီကြားထဲက တောင်အတက်အဆင်းဆိုလျှင် ဒုက္ခတွေရ သေးသည်။ အပြေပြစ်ဆုံးလမ်းကို ရှာရသဖြင့် ခရီးရှည်သွားရပြန်သည်။

ရှေ့နားဆီမှ တောင်ကုန်းပေါ်တွင် နေမင်းကြီးသည် မေးတင်လျက် နေလေပြီ။

"မောရင် နားကြပါဦးကွာ"

ကိုအောင်က အားနာစွာ ပြောလိုက်သည်။ သို့ရာတွင် သူသည်

www.burmeseclassic.com

www.burmeseclassic.com



စခန်းကို အမြန်ဆုံး ပြန်ရောက်ချင်နေကြောင်း အားလုံးသိသည်။

"ရပါတယ်ကွာ၊ တစ်ယောက်တစ်လှည့် ထမ်းတာပဲ"

"ဒီမှာ...ဒီလိုလုပ်ရင် ကောင်းမယ်၊ တို့အထဲက နှစ်ယောက်လောက်ခွဲပြီး စခန်းကို အမြန်ပြန်ကွာ၊ ဟိုရောက်ရင် ဆရာ့ကိုပြော၊ နွားလှည်းငှားပြီး လိုက်လာခဲ့"

"ကောင်းတယ်"

"ဘယ်သူသွားမလဲ"

ဘယ်သူမှ မသွားချင်ကြ၊ သူတို့အားလုံးသည် ကိုအောင်အနားမှာပင် နေချင်ကြသည်။ သူတို့ထွက်သွားတုန်း ကိုအောင် တစ်ခုခုဖြစ်သွားမှာ စိုးရိမ်နေကြသည်။

"ကဲ...ဆလိုင်းနဲ့ ဝိုင်းသော် သွားကွာ"

မျိုးမြင့်လွင်က ဆုံးဖြတ်ပေးလိုက်သည်။

"ဟာကွာ...ငါ"

"ဟော့ကောင်တွေ အချိန်မရှိဘူး၊ သွားဆိုသွားကွာ"

မျိုးမြင့်လွင်က ဟောက်လိုက်မှ သူတို့နှစ်ယောက် ထထွက်သွားသည်။ ဖြောင့်ဖြောင့် မသွားနိုင်၊ နောက်ကို လှည့်ကြည့် လှည့်ကြည့် လုပ်နေကြသေးသည်။ ခပ်လှမ်းလှမ်းရောက်တော့ သူတို့နှစ်ယောက် ပြန်လှည့်လာကြသည်။

"တောက်...သွားပါဆို '...'မို့လို့ ပြန်လာတာလား"

မျိုးမြင့်လွင်က စိတ်ဆိုးစွာ အော်လိုက်သည်။

"မဟုတ်ပါဘူးကွာ၊ ငါတို့ရေဘူးတွေ ပေးခဲ့မလို့ ပြန်လာတာပါ"

"မင်းတို့ကကော"

"ငါတို့ စခန်းကိုရောက်မှာပဲ၊ ပြီးတော့ လမ်းမှာလဲ စမ်းချောင်းတွေ တွေ့ရင် သောက်လို့ရတာပဲ"

ဆလိုင်းနှင့်ဝိုင်းသော်က သူတို့ရေဘူးတွေကို ဖြုတ်ပေးလိုက်သည်။ သူတို့နှစ်ယောက် လှည့်ထွက်သွားသောအခါ ကိုအောင်သည် သူငယ်ချင်းနှစ်



ယောက်၏ ကျောပြင်ကို ငေးကြည့်ရင်း ကျန်နေခဲ့လေသည်။

"ကဲ...ငါတို့ ဒီလိုနေလို့ မဖြစ်ဘူး၊ ရောက်နိုင်သလောက်တော့ ဆက်ပြီးလျှောက်မှဖြစ်မယ်"

မြင့်သောင်းက ပြောပြောဆိုဆိုပင် ကိုအောင့်ကို ထမ်းလိုက်သည်။ သို့ရာတွင် သူတို့ဆက်လျှောက်သွားကြ၍ ဆယ်မိနစ်ခန့်အကြာမှာပင် နေဝင်သွားခဲ့လေသည်။

မှောင်နေပြီ။

မြေပုံသည် ခရီးလမ်းကို ညွှန်ပြရန် အသုံးမဝင်တော့ချေ။ သူတို့ရောက်နေသော နေရာကိုပင် ခန့်မှန်းရန် ခက်သည်။ စမ်းတဝါးဝါးလျှောက်နေရသည်။ နေအပူဒဏ် မခံရတော့သောကြောင့် ခရီးတွင်သယောင်ရှိသည်။ တောင်ကုန်းကလေးတစ်ခု၏ ထိပ်အရောက်တွင် မျိုးမြင့်လွင်က ရပ်နားနိုင်းလိုက်သည်။

"ဒီအတိုင်း ဆက်လျှောက်သွားနေလို့တော့ မဖြစ်ဘူး၊ ကွန်ပတ်စ်ကို ကြည့်လို့ရပေမယ့် မြေပုံက သုံးလို့မရတော့ဘူး"

"ဟုတ်တယ်ကွ၊ လမ်းမှားသွားမှာ စိုးရတယ်"

အမှန်ကား သူတို့သည် တကယ်ပင် လမ်းမှားနေကြပြီဖြစ်ပါသည်။ စခန်းကို ပြန်နိုင်သည့် လမ်းကြောင်းမှသွေဖယ်၍ အတော်ပင် ခရီးကျွံ၍နေလေပြီ။ ခုအတိုင်းဆိုလျှင် ဆရာတို့လှည်းငှား၍ လိုက်လာသည့်တိုင်အောင်ပင် သူတို့နှင့် တွေ့ရန် မလွယ်ကူတော့ပြီ။

"ငါတို့တကယ်ပဲ လမ်းမှားနေပြီကွာ"

"ဟုတ်တယ်၊ အလာလမ်းတုန်းက ဒီတောင်ကုန်းကို မတွေ့ခဲ့ရဘူး"

သူတို့အားလုံး စိုးရိမ်သွားကြလေသည်။

"ဘယ်လိုလုပ်ကြမလဲ"

"ငါတို့ကို မမေးနဲ့၊ ကိုအောင့်ကိုမေး၊ ဒီကောင်က ဆက်သွားချင်တယ်ဆိုရင် ဘာပဲဖြစ်ဖြစ် ဆက်သွားမယ်၊ ကိုအောင့်ကို ထမ်းသွားရလို့ သေချင်သေသွားပစေ"

www.burmeseclassic.com

www.burmeseclassic.com



မြင့်သောင်း၏စကားသည် လောကွတ်ပျူငှာဖြစ်အောင် ဟန်လုပ်၍ ပြောနေခြင်းမဟုတ်၊ မြင့်သောင်းတစ်ယောက်တည်းသာ ထိုသဘောမျိုးရှိနေခြင်းလည်းမဟုတ်။ သူတို့အားလုံးပင် မြင့်သောင်းနှင့် တစ်စိတ်တည်း တစ်သဘောတည်း ရှိကြလေသည်။

ကိုအောင်သည် မြင့်သောင်းကို စိုက်ကြည့်နေသည်။ သူ့မျက်ရည်ဝဲလာသည်။ သူ့ချစ်သူငယ်ချင်းကောင်းများသည် သူ့ကို ထမ်းလာရသည့်အတွက် အဘယ်မျှ ပင်ပန်းနေကြမည်ကို သူနားလည်သည်။ သို့ရာတွင် သူတို့ မပင်ပန်းချင်ယောင် ဆောင်နေကြသည်ကိုလည်း သူ သိလိုက်သည်။

"မင်းတို့ကောင်းသလိုသာ စီစဉ်ကြပါကွာ"

ကိုအောင် စိတ်ဓာတ်ကျသွားပြီ။

"အားမငယ်ပါနဲ့ကွာ၊ မင်းသွားချင်တယ်ဆိုရင် အခုညကွင်းချင်း မဖြစ်ဖြစ်အောင် လိုက်ပို့မယ်"

မျိုးမြင့်လွင်ကား တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေသည်။ ဒီအုပ်စုမှာ သူခေါင်းဆောင် အစစအရာရာအတွက် သူ့မှာ တာဝန်ရှိသည်။ အခြေအနေကို သုံးသပ်ကြည့်သည်။ လမ်းများနေတာ သေချာပြီ။ လမ်းမှန်ကို ပြန်ရှာဖို့ မလွယ်ကြောင်းလည်း သိသည်။ သည်အတိုင်း စမ်းတဝါးဝါး ဆက်သွားနေ၍လည်း မဖြစ်နိုင်၊ ပို၍ဆိုးသော အခြေအနေနှင့်သာ ရင်ဆိုင်ရနိုင်သည်။ သူ ဆုံးဖြတ်လိုက်သည်။ မတတ်နိုင်ဘူး သူငယ်ချင်း။

"အားလုံးနားထောင်ကွာ၊ ဒီအတိုင်းဆက်သွားနေရင် လမ်းများသထက်များဖို့ပဲ ရှိတယ်။ ဒီတော့..."

မျိုးမြင့်လွင်က ကိုအောင်ကို တစ်ချက်ကြည့်လိုက်သည်။ ကိုအောင်ကား ဖြစ်လိုရာဖြစ်စေတော့ဟူ၍ စိတ်နှလုံး ဒုံးဒုံးချလိုက်ဟန်တူသည်။ အံကို ကြိတ်၍ တစ်နေရာသို့ ငေးကြည့်နေသည်။ မျိုးမြင့်လွင် စိတ်မကောင်းဖြစ်သွားသည်။ သို့ရာတွင် မတတ်သာတော့ပါပြီ။

"ဒီတော့...ဒီည တို့ ဒီနေရာမှာပဲ အိပ်ကြရလိမ့်မယ်၊ မနက်အလင်းရောင်ရတာနဲ့တစ်ပြိုင်နက် လမ်းမှန်ရှာမယ်၊ အလင်းရောင်ရတာနဲ့ ကွန်ပတ်စ်နဲ့ မြေပုံကို ပြန်သုံးလို့ ရလာမှာပဲ၊ အေးလေ...ဒီကြားထဲမှာလည်း ဆရာတို့နဲ့ တွေ့ချင်တွေ့ဦးမှာပါ"



ကိုအောင် စိတ်လျှော့လိုက်လေသည်။ ဆန်နီကိုယ်ပေါ်တွင် မှီထားရင်းက သက်ပြင်းကို လေးကန်စွာ ချလိုက်သည်။

မနက်ဆိုလျှင် မစိန်တင်သည် သာစည်သို့ ပြန်တော့မည်။ အို... ညနေတုန်းကဆိုလျှင် မစိန်တင်သည် ပန်းအဖြူကလေးကို ပန်ထားပါမည်လား။

ချောင်းကူးတံတားလေးဆီသို့ မကြာခဏလှမ်းမျှော်ကြည့်လိမ့်မည်။ စိတ်ယောက်ယက်ခတ်၍ အိမ်ထဲသို့ ပင်ချည် ဆိုင်မဲ့ရှိသို့ထွက်ချည် ပြုလိမ့်မည်။

တစ်စုံတစ်ခုလုပ်လိုက်လျှင် အမှားမှား အယွင်းယွင်း ဖြစ်လိမ့်မည်၊ အချိန်လင့်လာသည်နှင့် ဟန်မဆောင်နိုင်တော့ဘဲ ချောင်းကူးတံတားကလေးထိပ်အထိ သွား၍ မျှော်နေလိမ့်မည်၊ အချိန်ကုန်သွားသောအခါ ခေါင်းအုံးကလေးကို ဖက်၍ အစ်ကို လှည့်စားတယ် ဟူ၍ အထပ်ထပ်အခါခါ ငိုယိုရှုတ်ဆိုလိမ့်မည်။

မနက်ကျလို့ သာစည်သို့ပြန်ရန် ရွာမှမထွက်ခင် အချိန်မီ အရောက်မသွားနိုင်ခဲ့ပါလျှင်...။

သက်ပြင်းချသံသည် တိတ်ဆိတ်သောညဲ့ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"စိတ်မပူပါနဲ့ မနက်ကျလို့ မတွေ့ရင်လဲ ငါတို့အပြန်ကျရင် သာစည်အထိ လိုက်သွားမယ်ကွာ၊ မတွေ့တွေ့အောင် ရှာမယ်"

ကိုအောင်က ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

"မှလောက်ဆိုရင်ပဲ ငါ့ကို မုန်းသွားလောက်ပါပြီကွာ"

"မင်းကလဲကွာ သိပ်စိတ်ပျော့တာပဲ"

ဆန်နီက ကိုအောင့်ကို ဝေဖန်သည်။

"ဟေ့ကောင်၊ တော်စမ်း ဒီအချိန်ဟာ တစ်ယောက်ကိုတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်ရေးလုပ်နေရမယ့် အချိန်မဟုတ်ဘူး"

မျိုးမြင့်လွင်က ဝင်ဟန့်တားလိုက်သည်။

"ကဲ...ဆန်နီနဲ့မြင့်သောင်း ထင်းသွားရှာ၊ မီးဖိုရမယ် မကြာစေနဲ့၊ အဝေးကြီးမသွားနဲ့၊ ဓားကို အဆင်သင့်ထုတ်ပြီး ကိုင်ထား"

မီးဖိုတစ်ခုကို အမြန်ဆုံး ဖိုလိုက်ကြသည်။ မီးဖိုရှိနေလျှင် အနွေးဓာတ်ရမည်။ အလင်းရောင်ရမည်၊ ပြီးတော့ တောကောင်၏အန္တရာယ်ကို ကာကွယ်နိုင်မည်။

ကိုအောင်သည် သူငယ်ချင်းတို့၏ ရင်ခွင်ထဲမှာ မှီနေရသည်ကို အားနာလာသည်။ သို့ရာတွင် သူ လှုပ်လို့မရ၊ လှုပ်လိုက်လျှင် နာသည်။

ညဦးနက်လာသောအခါ အအေးဒဏ်က ပို၍လာသည်။ မီးဖိုထားသော်လည်း မြောက်ပြန်လေသည် အရဲစွန့်၍ တိုးတိုးဝင်လာလေ၏။ ကိုအောင်ဒဏ်ရာက တစစ်စစ် ကိုက်လာလေသည်။

ကိုအောင့်ညည်းသံ တစ်ချက်ထွက်လာသည်။

"ကိုအောင် ဘာဖြစ်လို့လဲ"

"တော်တော်နာနေလား"

ကိုအောင်က ခေါင်းကိုညိတ်ပြသည်။

"သိပ်ကိုက်တယ်ကွာ"

"အေးလို့ကွာ"

မြင့်သောင်းသည် ကိုအောင့်လက်ကို ကိုင်ကြည့်သည်။ လက်ဖျားတွေ အေးစက်နေ၏။ သူသည် သူ့ဖီးလ်ကုတ်မှ ကြယ်သီးတွေကို ဖြုတ်လိုက်သည်။

"မျိုးမြင့်နဲ့ဆန်နီ မင်းတို့ ဖီးလ်ကုတ်တွေ ချွတ်စမ်း"

ဖီးလ်ကုတ်အင်္ကျီသုံးထည်၊ တစ်ထည်ကို ကိုအောင့်ကျောအောက်မှာ ခင်းသည်။ တစ်ထည်ကို အပေါ်က ထပ်ဝတ်ပေးသည်။ တစ်ထည်ကို ကိုယ်ပေါ်မှာ လွှမ်းခြုံပေးလိုက်သည်။

ကိုအောင် မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်ကြည့်သည်။



အို...ချစ်သူငယ်ချင်းများသည် အားကစားစပို့ရှပ်ကလေးတွေနှင့် 'ဒီလောက် ချမ်းလိုက်လှသည့်အချိန်မှာ ဘယ်လိုများနေရှာကြမလဲ'

"မင်းတို့အင်္ကျီတွေ ပြန်ဝတ်ထားပါကွာ"

"ဟာ...ရပါတယ်ကွ၊ မချမ်းပါဘူး၊ မြင့်သောင်းဆိုရင် မနက်အစောကြီး နှင်းတွေကြားထဲမှာ စပို့ရှပ်ပါးပါးကလေးဝတ်ပြီး အေးတို့အိမ်ရှေ့မှာ ဖြတ်လျှောက်ရင်း စိတ်ထုတ်ထုတ်ပြနေကျပဲဟာ၊ အဟဲ"

ဆန်နီက စိတ်ညစ်စရာတွေ ပျောက်လိုပျောက်ငြား ရယ်စရာပြော၏။ ဘယ်သူမှ မရယ်ကြချေ။

ဇောကြာမှ မျိုးမြင့်လွင် သတိရသွားပြီး သွားကိုဖြဲ၍ ရယ်နိုင်ရန် ကြိုးစားသည်။ အေးလွန်း၍ ပါးကြောတွေ တင်းနေသောကြောင့် ရယ်သည်နှင့် မတူ။

"ငါ ကျောပိုးအိတ်တစ်ခုခုကို ခေါင်းအုံးမယ်ကွာ၊ မင်းတို့ပေါင်ပေါ်မှာ နေရတာ မင်းတို့ ညောင်းနေလိမ့်မယ်"

"ကိစ္စမရှိပါဘူးကွာ၊ ကျောပိုးအိတ်ထဲမှာက ကျောက်ခဲတွေနဲ့ကွ၊ မင်းခေါင်းနာလိမ့်မယ်၊ ပြီးတော့ မင်းရဲ့ကျောပိုးအိတ်ထဲမှာလဲ သစ်ခွပန်းတွေနဲ့ ကြေကုန်လိမ့်မယ်"

ဟော...သစ်ခွပန်းတဲ့။

သူ့စိတ်သည် ချောင်းကလေးဆီသို့ ဒုန်းစိုင်းပြေးသွားပြန်၏။

စောင့်ပါဦးချစ်သူ။

မပြန်ပါနဲ့ဦးနော်။

သစ်ခွပန်းကလေးတွေ ပန်သူမဲ့နေပါဦးမယ်။

ပန်းကလေးတွေကို သနားပါ။

ကိုအောင် အိပ်ပျော်သွားလေသည်။ အိပ်ချင်၍ အိပ်ပျော်သွားခြင်းကားမဟုတ်နိုင်။ ပင်ပန်းလွန်း၍၊ ဒဏ်ရာက နာကျင်လွန်း၍၊ မိန်းမောသွားခြင်းသာ ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်ပါစေ၊ သူ အိပ်မက်ကောင်းများ မက်လိမ့်မည် အမှန်။

www.burmeseclassic.com

www.burmeseclassic.com



ညသည် တိတ်ဆိတ်နေ၏။

တိတ်ဆိတ်ခြင်းသည် ဆူညံခြင်းကို ဖြစ်ပေါ်ပြန်စေသည်။

သစ်ရွက်တစ်ရွက်ကြွေသံသည် ဝေါခနဲ မြည်သွားတတ်သည်။ ကျောစိမ့်သွားစေ၏။ ကြက်သီးထသွားစေ၏။

သူတို့သုံးယောက်သည် ဓားများကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက်၊ အသင့်စောင့်နေကြသည်။ အန္တရာယ်သည် ဘယ်ကလာမည်နည်း။

"ကျား...ကျား"

ကိုအောင် ထအော်သည်။ အနာရှိန်ကြောင့် ကယောင်ကတမ်း ထအော်ခြင်း ဖြစ်ပါသည်။

"ကိုအောင်...ကိုအောင်"

"ကျား ... ကျား ...လိုက်ဆွဲနေပြီ၊ ငါ့ခြေထောက်ကို ကျားဆွဲနေပြီ၊ အား..."

"ဟေ့ကောင်...သူငယ်ချင်းကိုအောင်၊ ဘာမှမဖြစ်ဘူး၊ မင်းကို ငါဖွေထားတယ်"

ကိုအောင်ကား အတင်းရုန်းကန်နေသည်။

"ကျားဆွဲပြီ အမလေး"

"ဟေ့...ဟေ့... ငါ ကျားကို ဓားနဲ့ထိုးသတ်လိုက်ပြီ၊ သေသွားပြီကွ"

ဆန်နီက ကြံရာမရဘဲ ပြောမိပြောရာ ပြောလိုက်သည်။ ကိုအောင်ငြိမ်ကျသွားလေသည်။ သူ မောနေပြီ။ သူ့ရင်သည် နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ ချွေးတွေက တစ်ကိုယ်လုံးရွှဲလျက် သူ မျက်စိမဖွင့်နိုင်။ သူ့ပါးစပ်ထဲသို့ ရေအနည်းငယ် လောင်းထည့်ပေးလိုက်သည်။ ကိုအောင်ပြန်၍ မိန်းမောသွားပြန်၏။ မျိုးမြင့်လွင်၏ပေါင်ပေါ်မှာ ခေါင်းမှီလျက်။

"မျိုးမြင့်...မင်း ညောင်းနေလိမ့်မယ်၊ ငါတို့ပေါင်ပေါ်မှာ တစ်လှည့်အိပ်ပါစေဦး"

"မဖြစ်ဘူးကွ၊ လှုပ်လိုက်ရင် နိုးသွားလိမ့်မယ်၊ ခုလိုငြိမ်နေမှ၊ ငြိမ်တွေ့အိပ်နေတာ ကောင်းတယ်၊ ဒါမှ အားရှိသွားမယ်"



မြင့်သောင်းနှင့်ဆန်နီသည် မီးဖိုမှာမီးမပြတ်ရအောင် ထင်းလိုက်ရှာကြရသည်။ ကျန်အချိန်များတွင် ဓားကိုကိုင်၍ ကင်းစောင့်ကြရသည်။ ဒီညတော့ သူတို့သုံးယောက် အိပ်ရတော့မည်မဟုတ်။

မျိုးမြင့်လွင်သည် အညောင်းဒဏ်ကို ကြိတ်မှိတ်ခံနေရသည်။ လှုပ်လိုက်လျှင် ကိုအောင်နိုးသွားမှာ စိုးလို့။

ရာမဇာတ်တော်ထဲတွင် ညီတော်လက္ခဏာသည် သူ့ပေါင်ပေါ်မှာအိပ်နေသော နောင်တော်ရာမမင်းသား နိုးသွားမည်စိုး၍ တောမုက်ရိုင်းကြီးက သူ့ကိုလာကိုက်နေသည်ကိုပင် မလှုပ်မယှက် ခံနေသည်ဟု ဆိုသည်။

ခုအချိန်မှာသာ သုကျိတ် မျောက်မင်းသည် မျိုးမြင့်လွင်နှင့်ကိုအောင်တို့ကို မြင်ရလျှင် မျက်ရည်ကျမိလိမ့်မည် အမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ရောင်နီပျို့လာပြီ။

အအေးဒဏ်သည် မကြာမီမှာပင် ကစဉ့်ကလျား ဆုတ်ခွာရပေတော့မည်။

ခနမင်းကြီးက ဝါးခနဲ သမ်းဝေလိုက်သောအခါ နှင်းပွင့်တို့သည် ပုန်းခိုရမည့်နေရာကို အပူတပြင်းရှာရတော့သည်။

ပန်းပွင့်ကလေးများ မျက်နှာသစ်နေကြပြီ။

သူတို့သူငယ်ချင်း လေးယောက်ကား ငှက်ကလေးများထက်ပင်စော၍ အိပ်ရာမှထကြသည်။ ကိုအောင်မှလွဲ၍ ကျန်သုံးယောက် အဖို့မူ အိပ်ရာမှထသည်ဟုပင် ပြောလို့မရပါ။ သူတို့ တစ်ညလုံးမှ မအိပ်ရဘဲလေ။

"ကိုအောင် ဘယ်လိုနေသေးလဲ"

"သက်သာပါတယ်ကွာ"

ကိုအောင်သည် ညက အိပ်လိုက်ရသောကြောင့် သူ့မျက်နှာအနည်းငယ် သန်းဆန်းနေသည်။ မြင့်သောင်းက ရေဘူးကိုဖွင့်၍ ကိုအောင်ကို သောက်ခိုင်းလိုက်သည်။



အို…ခုမှပင် သတိရသည်။

ချစ်သူငယ်ချင်းတို့သည် ရေပြတ်သွားမည်စိုး၍ ရေကို လုံးဝမသောက်ဘဲ နေခဲ့ကြလေသည်တကား။

ကိုအောင် ဝမ်းနည်းသွားသည်။

"မင်းတို့လဲ သောက်ပါကွာ"

"ရပါတယ်ကွ၊ ငါတို့မဆာပါဘူး"

"ညက မင်းတို့ရေမသောက်ဘူး မဟုတ်လား"

"သောက်ပါတယ်ကွ"

"မညာနဲ့ကွာ၊ ခုသောက်လိုက်"

"ရပါတယ်"

"သောက်ပါကွာ၊ ငါ စိတ်မကောင်းအောင်တော့ မလုပ်ပါနဲ့"

သူတို့က ရေဘူးကိုယူ၍ တစ်ငုံစီမျှလောက် သောက်ကြသည်။

"ကဲ…သွားကြစို့"

"ငါ စမ်းလျှောက်ကြည့်မယ်"

"မဖြစ်ပါဘူး"

"ကြိုးစားကြည့်"

"ကိုအောင် စကားမရှည်နဲ့ ငြိမ်ငြိမ်လိုက်ခဲ့စမ်း"

ဆန်နီက ကိုအောင်ကို ထမ်းလိုက်သည်။

မျိုးမြင့်လွင်က မြေပုံကို ကြည့်သည်၊ ကွန်ပတ်စ်ကို ကြည့်သည်။

"ငါတို့ရောက်နေတဲ့နေရာက လမ်းမှားနေတာတော့ သေချာတယ်၊ ဒါပေမယ့် ပြန်ကွေ့ဖို့ မလိုဘူး၊ ဒီအတိုင်း နေဝင်အိစ်ကိုသွားရင် ချောင်းကမ်းပါးကို ရောက်မယ်၊ ချောင်းအတိုင်းစုန်သွားရင် ရွာကို ပြန်ရောက်မှာပဲကွ"

"ဒါဆိုလစ်ကြစို့"

အမှောင်ထုကတော့ တော်တော်ပါးနေပြီ။ နေကောင်းစွာ မထွက်သေးသော်လည်း ပတ်ဝန်းကျင်ကို ကောင်းစွာ ခန့်မှန်းလို့ရပြီ။ ရှေ့မှာ တောင်

www.burmeseclassic.com

www.burmeseclassic.com



ကုန်းကလေး တစ်ခုရှိသည်။ သို့ရာတွင် သူတို့ကကောင်းသည်။ တောင်ကြားလမ်းကလေး ရှိနေ၏။

ကိုအောင့်ကိုပခုံးပြောင်းလိုက်သည်။ မှတစ်ခါ မြင့်ဆောင်းထမ်းအလှည့်။

နေထွက်လာပြီ။

ချွေးစို့လာကြပြီ။

သို့ရာတွင် သူတို့ မနားကြ၊ တစ်ယောက်မောလျှင် တစ်ယောက်ထမ်းသည်။ အမှန်တော့ အားလုံးမောနေကြပါပြီ။ ကိုအောင်လည်း မောတာပါပဲ။ သူက စိတ်မောတာ။

"မင်းတို့ကို ငါ သိပ်အားနာလှပြီကွာ"

"ဘာဖြစ်လို့ အားနာရမှာလဲကွ၊ ကိုယ့်သူငယ်ချင်းကိုယ်ထမ်းတာပဲ"

"ငါတို့ထဲက တစ်ယောက်ယောက် ခုလိုဖြစ်ရင်လဲ မင်းထမ်းမှာပဲ မဟုတ်လား"

"ဒါပေမယ့်ကွာ...နော်..."

"တိတ်ကြ၊ သေသေချာချာ နားထောင်စမ်း"

မျိုးမြင့်လွင်က နားစွင့်ရင်း ပြောသည်။

အလို ... ဘာသံလဲ။

စမ်းရေစီးသံလေ။

"ဟော့...ရေစီးသံ မဟုတ်လား"

"ဟုတ်ပ...ဟုတ်ပ"

တောင်ကြားလမ်းကလေးကို ကျော်သောအခါ ဟိုဘက်မှာ ချောင်းကလေးကို ဘွားခနဲ တွေ့ရသည်။ ညိုပြာရောင်ကျောက်တုံးကြီးများကို ကွေ့ပတ်စီးနေသည့် မေတ္တာချောင်းကလေး။

"ဟေး..."

သူတို့ပြေးသွားကြလေသည်။ ချောင်းရေဖြင့် မျက်နှာသစ်သည်၊ ရေသောက်သည်။ ဒီချောင်းကမ်းပါးအတိုင်း စုန်ဆင်း၍ သွားခဲ့ပါလျှင်...



"သွားကြစို့ဟေး..."

ချောင်းကမ်းပါးအတိုင်း လျှောက်ကြသည်။ တောင်ကုန်းတွေ မတက်ရတော့။ ခရီးတွင်လှသည်။ ခြေလှမ်းတို့သည် အရှိန်းသွက်နေကြလေသည်။

နေရောင်သည် ကောင်းစွာ ပွင့်လန်းနေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးကို ထင်ရှားစွာ မြင်နေရလေပြီ။

အားလုံးလန်းဆန်းနေကြသည်။ မောရပန်းရမှန်းပင် မသိ၊ မျက်နှာအားလုံး ကြည်ကြည်လင်လင်။ ကိုအောင်ကား ပြုံးလို့ပင် နေလိုက်သေးတော့၊ ဟိုနေရာကလေးကို မှန်းကြည့်လို့ပင် ရနိုင်ပါပြီ။

"ကိုအောင်...ဟိုမှာ ကြည့်စမ်း"

ဟယ်...ဟိုးက မီးခိုးတလူလူထွက်နေတဲ့ တဲကလေးဟာ အကြော်တဲကလေး မဟုတ်ပါလား။

ပြီးတော့ကျတော့...။

ဟိုတံတားကလေးကကော။

တို့ရဲ့တံတားကလေးမဟုတ်လို့ ဘာများဖြစ်ဦးမှာလဲ။

"သွားမယ်"

ကိုအောင်က ဆန်နီ့ပခုံးပေါ်မှ လျှောဆင်းလိုက်သည်။

"ဟော့ကောင် မဖြစ်ပါဘူးကွာ၊ ငါတို့ ထမ်းပို့ပါ့မယ်"

"နေပေ့စေ ရတယ်"

ကိုအောင် ထော့နဲ့ထော့နဲ့ ပြေးလာသည်။

ဆင်နဲ့တွေ့တုန်းက အောင်ဘုန်းဝင်း ထမ်းစင်ပေါ်က ဆင်းပြေးတာဘာဟုတ်သေးသလဲ။

ကိုအောင်တဲ့ကွနော်...။

လေပြည်ကလေးက ကိုအောင့်ကျောပြင်ကို နောက်မှ ပိုင်းကူတွန်းပေးသည်။

ပန်းပွင့်ကလေးများ လက်ခုပ်သြဘာပေးကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စမ်းရေစီးသည် ကိုအောင့်ကို ပြိုင်၍ မနိုင်မှန်းသိသဖြင့် ရေစီးရှိန်ကို လျှော့ချလိုက်ရသည်။

ညောင်ပင်ကြီးသည် ပန်းဝင် အချက်ပြအလံကို ချိုးရန် လက်ကိုပင် မြှောက်လိုက်လေပြီ။

BURMESE CLASSIC .com

## အခန်း (၁၄)

"အမေသန်း...မစိန်တင်ကော"

ပထဦးဆုံး စကား ဖြစ်သည်။

အမေသန်းက အံ့သြစွာ ကြည့်နေ၏။

"မောင်ကိုအောင်...ဘယ်လိုဖြစ်..."

"မစိန်တင် ကော..."

ဒီစကားကလွဲ၍ ပြောစရာ မရှိပါပြီ။ ကိုအောင်က တဲအတွင်း ကျိုးကန်းတောင်မှောက် ရှာပြန်သည်။ အမေသန်းက ခေါင်းကို ဖြည်းလေးစွာ ခါရမ်းသည်။

"မနက်အံ့ဓာကြီးကပဲ သာစည်ကိုပြန်သွားပြီ"

"ခင်ဗျာ"

မျက်လုံးတွေ ပြာသွားသည်။

ခြေထောက်များ ညွတ်ခွေကျသွားသည်။

မျိုးမြင့်လွင်က ဝင်ထိန်းလိုက်ရသည်။

ကိုအောင်သည် မျိုးမြင့်လွင်၏ ပခုံးပေါ်မှာ မှီရင်း မေ့ဟိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှာသွားသေးလဲ ဒေါ်ဒေါ်"

မြင့်သောင်းက ဝင်မေးသည်။

"ဘာမှ မမှာဘူးကွယ့်"

ဖြေသည်။

ကိုအောင် အံကိုကြိတ်လိုက်သည်။

ခွဲခွာခြင်းဟူသောအရာသည် သူ့နှလုံးသားကို အကြွမ်းဖက် အပိုင်စီးလိုက်ပြီတကား။

"သွားမယ်"

ကိုအောင် လှည့်ထွက်၏။ ယိုင်သွားသည်။ မြင့်သောင်းက ဝင်တွဲသည်။ တဲကလေးဆီသို့ တစ်ချက်လှည့်ကြည့်သည်။ ရွာခနဲ လှည့်လိုက်သည်။ ဆန်နီက ဆရာတို့ကို ခေါ်ရန် ပြေးထွက်သွားသည်။

ချောင်းကလေး ကမ်းပါးမှာ သူ ထိုင်ချလိုက်သည်။

ကျောပိုးအိတ်ကို ဖွင့်သည်။

သစ်ခွပန်းကလေးများ။

ချောင်းရေထဲသို့ မျှောလိုက်သည်။

အလွမ်းသောင်နှင့် မငြိကြပါစေနှင့်။

"ဟေး…ကိုအောင်…ကိုအောင်…ငါလာပြီဟေ့"

ဆလိုင်းအသံကို အဝေးမှ ကြားရသည်။ လှမ်းမျှော်ကြည့်သောအခါ ဆလိုင်းသည် လက်ကို မြှောက်ယမ်းရင်း ပြေးလာနေသည်။ ကိုအောင်သည် ဆလိုင်းကို ငေးမောကြည့်နေဆဲမှာပင်။

ဆလိုင်းသည် လက်ကို မြှောက်ယမ်းပြနေခြင်း မဟုတ်ပါ။ လက်ထဲက တစ်စုံတစ်ခုကို ဝှေ့ရမ်းပြရင်း ပြေးလာနေခြင်း ဖြစ်ပါသည်။

"ဟော့…ကြည့်စမ်း ကြည့်စမ်း…ဆလိုင်း လက်ထဲကဟာ ပန်းပွင့်ကလေး မဟုတ်လား"



"ဟုတ်တယ်…ဟုတ်တယ်"

သို့ရာတွင် အရောင်ကို မသဲကွဲ။

အနီလား…

အဖြူလား…

သူတို့ ရင်တမမ စောင့်နေကြသည်။

နီးလာပြီ။

မြင်ကွင်းသည် ပြတ်သားသွားပြီ။

"ဟေး…အဖြူကွ…အဖြူကွ"

သူတို့သည် ဦးထုပ်များကို လေထဲသို့ လွှင့်မြှောက်လိုက်ကြလေသည်။

ကိုအောင်သည် ဆလိုင်းအနားရောက်သည်အထိ ဘာမျှမပြောနိုင်။ ငေးငေးကြီးသာ စိုက်ကြည့်နေသည်။ ဆလိုင်းကား တံတားရှိရာသို့ပင် မသွားတော့ဘဲ ရေထဲမှပင် အမောတကော ဖြတ်ကူးလာသည်။ ရေစက်ရေမှုန်ကို တလွင့်လွင့် စဉ်ထနေ၏။

နေရောင်တွင် တလက်လက် တောက်ပနေသော ရေမှုန်တို့အကြားမှာ ပန်းပွင့်ဖြူဖြူကလေး နှင်းဆီပန်းဖြူဖြူကလေးပါ။

"ရော့…မစိန်တင်က မင်းကို ပေးလိုက်တာ"

"သူ…သူ…ကကော"

"သူတော့ ပြန်သွားပြီ၊ ညက မင်းတို့ ပြန်လာမလားလို့ ငါတို့ တစ်ညလုံး စောင့်သေးတယ်၊ မနက်လေးနာရီလောက်ကျတော့ မင်းတို့ ရောက်မလာတာနဲ့၊ ငါ မစိန်တင်ဆီသွားပြီး မင်းအကြောင်း ပြောပြတယ်ကွ"

ထိုညက မစိန်တင်သည်လည်း မအိပ်နိုင်ခဲ့ပါ။ နှင်းဆီပွင့်အဖြူကလေးကို ခေါင်းမှာ ပန်၍ တစ်ညလုံး စောင့်နေသည်။ အိပ်လိုက်လျှင် ပန်းကလေး ကြေသွားမည် မဟုတ်လား။ ဆလိုင်းလာပြော၍ ကိုအောင့်အကြောင်း သိသွားသောအခါ သူ့ခေါင်းက ပန်းပွင့်လေးကို ဖြုတ်ပေးလိုက်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ချစ်သောကိုအောင်အား ပေးလိုက်ပါလေ။

ကိုအောင်ကား ပြုံးနေလေသည်။

ပန်းပွင့်ကလေးကို စိုက်ကြည့်သည်။

နမ်းလိုက်သည်။

ချစ်နှင်းဆီ၏ မွှေးရနံ့သည် သူ့နှလုံးသားပေါ်၌ အောင်လံလွှင့်ထူလိုက်လေသည်။

ဆရာ ရောက်လာသည်။

"ကိုအောင် ဘယ်လိုနေသေးလဲ"

ဆရာက သူ့ကို ဝင်ပွေ့လိုက်သည်။

ဆရာ့ကို သူမော့ကြည့်သည်။ ဆရာက ကြင်နာစွာ ပြုံးပြသည်။

"ကျွန်တော့်ကို သာစည်ဆေးရုံ ပို့ပေးပါ ဆရာ"

ဆရာက ကိုအောင့်လက်ကို ဖျစ်ညှစ်လိုက်သည်။

"ဆရာ နားလည်ပါတယ် ငါ့ညီရယ်"

ကိုအောင့်ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားသည်။

ဆရာ့ရင်ခွင်မှာ မျက်နှာအပ်လိုက်သည်။

သူ ငိုနေသလား မသိပါ။

သို့ရာတွင် တစ်ခုတော့ သေချာသည်။

ဆရာ့နှလုံးခုန်သံကို ကြားရခြင်းအားဖြင့်...

ဆရာ့မှာလည်း ချွေးစို့နေသော နှလုံးသားတစ်ခုရှိကြောင်း သိလိုက်ရသည်။

နေမင်းကြီးသည် သူတို့ကို ပြုံးပြုံးကြီး ကြည့်နေလေ၏။

**မင်းလူ**

**(၂၇-၂-၇၈)**

www.burmeseclassic.com